www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


၈၉၅.၈၃

မြပုလဲခင်
နှယ်ရှူးရှုစ်/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၇၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

**ပုံနှိပ်မှတ်တမ်း**

ခြုံနှိပ်ရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၃၊ တန်ဖိုး(၁၅၀၀)။







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁ )

အလေ့အကျင့်လိုဖြစ်နေသော အာရုံသည် မိမိအား လှုပ်နှိုးလိုက်သကဲ့သို့ဖြစ်ကာ နွယ်လေးနိုးလာခဲ့သည်။

ခြင်ထောင်ကို အသာလှပ်ကာ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ ငါးနာရီထိုးရန် ခုနစ်မိနစ်သာ လိုတော့သည်ဖြစ်ရာ သတ်မှတ်ထားသော အိပ်ရာထချိန် ငါးနာရီပြည့်ရန် အနည်းငယ်သာ လိုခြင်းအတွက် နွယ်လေး ကျေနပ်သွားသည်။

တစ်ဖက်မှလည်း ချွတ်. . ချွတ်ဟူသော လှုပ်ရှားသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသဖြင့် မေမေလည်း အိပ်ရာမှနိုးလေပြီဟု နွယ်လေး သိရှိလိုက်ကာ ခြင်ထောင်ကို သေသပ်စွာ တင်းတင်းကလေးဖြစ်နေစေရန် ဆွဲတင်လိုက်သည်။

ထို့နောက် စောင်ခေါက်၊ အနည်းငယ် တွန့်ကြေသွားသယောင်ရှိသော အိပ်ရာခင်းကို ဆွဲဆန့်ကာ သေသပ်သွားစေရန် ပြုပြင်လိုက်သည်။

လူ့လောက သဲသရာစက်ဝန်းအတွက် တစ်နေ့တာ လုပ်ငန်းစတင်ရန် တာစူလေပြီ။ ဆံပင်ကို အရင်ဖြီးသင်ပြီးမှ ရေချိုးခန်းနှင့် အိမ်သာတွဲလျက်ရှိနေသော အခန်းတွင်းသို့ဝင်ကိုယ်လက်သန့်စင်ခြင်းနှင့် မျက်နှာသစ်ခြင်းကို လျင်မြန်စွာ လုပ်လိုက်သည်။

နွယ်လေးအတွက် အချိန်သည် စက္ကန့်နှင့်အမျှ အဖိုးတန်လှသည်။

ပြီးသည်နှင့် ဘုရားခန်းသို့ ဝင်ခဲ့သည်။ ဘုရားသောက်တော်ရေလဲရန် ဘုရားခန်းတွင်းရှိ ပြတင်းပေါက်ကိုဖွင့်ကာ ချိတ်ချိတ်လိုက်သည်။ နောက် သောက်တော်ရေဗန်းကို ယူကာ. . . သောက်တော်ရေခွက်များမှ ရေကိုအောက်သို့သွန်စဉ် နွယ်လေး၏မျက်ဝန်းသည် တစ်နေရာသို့ ရောက်ရှိသွားကာ အံ့အားသင့်သွားသည်။

တစ်ဖက်ခြံဝင်း၌ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော တိုက်သစ်လေးသို့ လူများရောက်ရှိလာပြီပဲ။ ပို၍သေချာသည်က မိမိနှင့် ရွယ်တူဟန်ရှိသော လူငယ်တစ်ယောက်ကို အရုဏ်ဦး၏ သမ်းစပြုလာသော မှုန်ပျပျ အလင်းရောင်အောက်တွင် လှမ်း၍





တွေ့ရှိလိုက်ရသောကြောင့်ဖြစ်သည်။

သူသည် ပေါက်တူးတစ်လက်နှင့် အလုပ်ရှုပ်နေသည်။

"နွယ်လေး. . . ဆွမ်းတော်ရပြီ"

နွယ်လေးသည် ပြတင်းပေါက်မှ ခွာကာ ဆွမ်းတော်ဗန်းလာပို့သော မညိုဘက်သို့ လှည့်လိုက်ပြီး. . .

"မညို. . . ဟိုခေါင်းရင်းခြံကို လူသစ်တွေ ဘယ်တုန်းက ပြောင်းလာတာလဲ"

"မနေ့ကပဲ၊ နွယ်လေး ကျောင်းသွားတုန်းကထင်တယ်"

မညိုကပြောပြီး ဘုရားခန်းအတွင်းမှ ထွက်သွားလေရာ. . .

"ဟင်. . မညိုကလဲ လုပ်ပြန်ပြီ၊ ဘုရားဆွမ်းတော် ကပ်သွားဦးလေ"

နွယ်လေးက ချစ်စဖွယ် ပြုံးစူအပြစ်တင်သလို နှုတ်ခမ်းစုဝိုင်းဝိုင်းကလေး ပြုမူပြီး မညိုအား လှမ်းပြောလိုက်သည်။

မညိုက ခြေလှမ်းတုံ့ခနဲရပ်ပြီးမှ ချာခနဲလှည့်ကာ. . .

"မေ့လို့ပါ ဘုရားတကာမလေးရယ်"

ဟူသော စိတ်မဆိုးသည့် အငေါ်တူးတူးလေးဖြင့် ပြောလိုက်ပြီး ဘုရားကို ဦးသုံးကြိမ်ချလိုက်ပြီးမှ ပါးစပ်မှ တတွတ်တွတ်ရွတ်ပြီးလျှင် ဦးတစ်ကြိမ်ချပြီး ထ,လစ်သွားလေတော့သည်။

နွယ်လေးက မညိုကိုပြုံးကြည့်ပြီးမှ သောက်တော်ရေဖန်ခွက်များကို သောက်တော်ရေ ဖြည့်လိုက်သည်။ ထို့နောက် ဖယောင်းတိုင် ငါးတိုင်ကို မီးထွန်းညှိလိုက်သည်။ နောက် အမွှေးတိုင်ငါးတိုင်. . .။



www.burmeseclassic.com


www.burmeseclassic.com



သူမ လုပ်ဆောင်စရာရှိသည်တို့ ပြီးဆုံးသွားမှ ယောဂီ တဘက်ကလေးကို ပခုံးပေါ် တင်ကာ ဘုရားစင်ရှေ့တွင် ကျုံ့ကျုံ့ ကလေးထိုင်ပြီး ဘုရားဝတ်ပြုခြင်း အလုပ်ကို စတင်လိုက်သည်။







# အခန်း ( ၂ )

"ဒူ. . ဝေ. . ဝေ. . ဝေ"
"ဒူ. . ဝေ. . ဝေ. . ဝေ"
"ဒူ. . ဝေ. . ဝေ. . ဝေ"

ကြေးစည်ထုသံလေး ကြားရသဖြင့် 'ဘဝ'သည် ခေါက်တုံးပေါက်နေရာမှ ခေတ္တရပ်နားကာ ခါးဆန့်လိုက်ပြီး နှုတ်ခမ်းကလေး လှုပ်ရုံ တစ်ကိုယ်တည်းကြားရုံ သာဓုသုံးကြိမ် ခေါ်လိုက်လေသည်။ ထို့နောက် ဖြာတက်လာသော အရုဏ်ဦးရောင်မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သွေးပူလေ့ကျင့်ခန်းအစား လောလောဆယ် အိမ်ခြံအတွင်း ရှင်းလင်းစရာတွေ ရှိနေသဖြင့် ရှင်းလင်းခြင်းကို အစားထိုးခြင်းဖြစ်သည်၊

သွားစရာရှိသေးသဖြင့် ပေါက်တူးကို သိမ်းဆည်းပြီး အိမ်ထဲသို့ ဝင်ခဲ့လိုက်သည်။

"လူလေး. . . ထမင်းကြော်ရပြီ"

"ဟုတ်ကဲ့ မေမေ၊ သားလဲပြီးပါပြီ၊ ရေချိုးလိုက်ဦးမယ်၊ ပြီးမှပဲ စားတော့မယ်"

"ဪ. . . မမကြီးကပြောတယ်၊ လူလေးခြံထဲမှာ ကြိုက်သလို ပြုပြင်ပြီး စိုက်ပျိုးပါတဲ့၊ ငွေလဲ လိုအပ်သလောက်ယူထားပါတဲ့"

ဘဝက ခွေးသုတ်ရင်းဖြင့်. . .

"ဟုတ်ကဲ့ အမေ၊ ကျွန်တော် ခြံအရင်ရှင်းပြီးမှ ပင်ပေါက်ကလေးတွေ ဝယ်ယူပြီး စိုက်ပျိုးမလို့ပါပဲ၊ ဒီနေ့ အလုပ်ကိစ္စလေး လိုက်စုံစမ်းမလားလို့ပါ"

"အေးလေ. . . ညနေဘက် ကိုကိုကြီးပြန်လာပြီး ကားအားရင် လူလေးအဖေကိုပဲ လိုအပ်တာလေးတွေ သွားဝယ်ခိုင်းထားနှင့်တာပေါ့"

"အမေပဲ ကောင်းသလို ကြည့်စီစဉ်ထားလိုက်ပါ"

ဘဝက ပြောပြောဆိုဆို ရေချိုးခန်းသို့ ဝင်ခဲ့လေသည်။ ဘဝက ထုံးစံအတိုင်း သူနှစ်ခြိုက်စွာ သီဆိုနေကျဖြစ်သော သီချင်းကို သီဆိုလိုက်သည်။ သီချင်းတစ်ပုဒ် ပြီးဆုံးသည်နှင့် သူ၏ရေချိုးခြင်းကိစ္စ ပြီးဆုံးသွားလေပြီ။





ဘဝအတွက် လောကကြီးသည် လှုပ်ရှားရုန်းကန်ခြင်းသည် အဓိပ္ပာယ်ရှိသော လုပ်ငန်းတစ်ခုဟု ယူဆထားသဖြင့် လောကကို အမြဲတမ်း ကျေနပ်နေတတ်သူဖြစ်သည်။

ဘဝ၏မိခင် ဒေါ်နှင်းဥက သား၏သီချင်းသံလေးကို ကြားကာ ပြုံးမိသည်။ ဆယ်တန်းထိသာ ပညာသင်ခဲ့သော မိခင် မိမိနှင့် ခုနစ်တန်းမျှအောင်ရုံသာ ပညာအရည်အချင်းရှိသော သား၏ ဖခင်တို့၏သား။ တစ်နည်းအားဖြင့် အိမ်၏ဘဏ္ဍာစိုးဟု ညာညာတာတာ အမည်ပေးထားသော်လည်း အိမ်ဖော်ဖြစ်သော မိခင် မိမိနှင့် ဒရိုင်ဘာဖြစ်သူတို့၏ ရင်နှစ်သည်းချာ သားလှရတနာသည် ဒရိုင်ဘာဘဝသို့သာ ရောက်ရှိရမည်သာ။

ဒေါ်နှင်းဥ ခေါင်းကို ခါယမ်းလိုက်သည်။ မဖြစ်စေရ။ မိမိတို့၏သားသည် ဘယ်နည်းနှင့်မျှ ဒရိုင်ဘာ၊ မာလီအဖြစ်ကို မရောက်စေရဟု သူတို့ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ခဲ့သည့်နှင့်အညီ သားကလည်း အင်မတန်တော်သည်။ ဆယ်တန်းကို နှစ်ချင်းပေါက် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ယခုသားက ရန်ကုန်ရောက်ပြီး အလုပ်ကိစ္စအတွက် စုံစမ်းမည်ဆိုတော့. . .။

သား အလုပ်လုပ်တော့မည်လား. . .။ သည်လိုဆို. . .

"တီ. . . တီ. . . တီ. . . တီ"

ဒေါ်နှင်းဥအတွေးမဆုံးမီ အိမ်ကြီး၏ပေါ်တီကိုအောက်မှ ခင်ပွန်းဖြစ်သူ ဒရိုင်ဘာဦးလူဝ၏ အချက်ပေးသံ ထွက်ပေါ်လာလေသည်။

ဪ. . . စျေးသွားကာ သုံးလေးရက်စာအတွက် အ



www.burmeseclassic.com


www.burmeseclassic.com



ဝယ်တော် ထောက်ရပေဦးမည်။ သုံးခြင်းထပ်ထားသော ခြင်းတောင်းအထပ်ကိုယူကာ ကားဂိုဒေါင်ပေါ်၌ တည်ဆောက်ထားသော ဒရိုင်ဘာမိသားစု ဂေဟာလေးပေါ်မှ ပြေးဆင်းခဲ့လေသည်။







# အခန်း ( ၃ )

"အား. . ဟာ. . ဆယ့်တစ်နာရီတောင် ထိုးတော့မှာပါလား"

မေဒေးက အိမ်ရာမှ ကမန်းကတန်း လူးလဲထားလိုက်သည်။

"မာမီရေ. . . မာမီ၊ ဘဝကို ခေါ်ပေးပါဦး"

မေဒေးက ညအိပ်အကျႌကိုချွတ်ကာ ရေချိုးခန်းသို့မဝင်မီ လှမ်းအော်ပြောလိုက်သည်။ အပေါ်ထပ်၌ မိခင်ရှိနေသလား၊



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလား သူစဉ်းစားမနေဘဲ သူ၏ဆန္ဒကို သူအကောင်အထည် ဖော်ရန်သာ သူကြိုးပမ်းလိုက်သည်။

သား မနိုးသေးသဖြင့် အပေါ်ထပ်သို့တက်လာသော ဒေါ်သရဖီက မေဒေး၏အသံကို ကြားလိုက်ရသဖြင့် သက်ပြင်းချလိုက်သည်။

တစ်ဦးတည်းသောသားဖြစ်၍ ငုံထားမတတ်ချစ်သည်။ မိမိတို့၏အချစ်ကပဲ မှားယွင်းခဲ့သည်လား မသိနိုင်။ သားဖြစ်သူ မေဒေးသည် ဘဝထက် တစ်နှစ်ကြီးကာ ကျောင်းကိုတစ်နှစ်စောနေခဲ့သော်လည်း မေဒေးဆယ်တန်းနှစ်ခါကျ ဂုဏ်ပုဒ်ကိုပိုင်ဆိုင်သွားချိန်၌ ဘဝသည် ဆယ်တန်းကို နှစ်ချင်းပေါက်၍ သုံးဘာသာဂုဏ်ထူးဖြင့် အောင်သွားခဲ့လေသည်။

ဒေါ်သရဖီ သက်ပြင်းချလိုက်ပြီး ရှုပ်ပွတွန့်ကြေနေသော မေဒေး၏အိပ်ရာကို သေသပ်သွားစေရန် ပြုပြင်လိုက်လေ၏။

မေဒေးသည် ရေချိုးခန်းထဲမှ မျက်နှာသုတ်ပဝါ ခါးမှာပတ်ပြီး ထွက်လာသည်။ တစ်ကိုယ်လုံးလည်း ရေစက်လက်၊ ခေါင်းကဆံပင်ကလည်း ရေအရွှဲသားနှင့်ဖြစ်လျက် မြင်ကွင်းကို ဒေါ်သရဖီက လှမ်းမြင်လိုက်ပြီး မျက်နှာသုတ်ပဝါတစ်ထည်ကို ဆွဲယူကာ မေဒေးရှိရာကို လျှောက်လာခဲ့သည်။

"မာမီ. . . ဘဝကို ပြောပြီးပြီလား"

"မပြောရသေးဘူးသား၊ အဲ. . . ပြောလို့လဲမရတော့ဘူးလေ၊ ဘဝက မနက်အစောကြီး အပြင်ထွက်သွားပြီ"

"ဟာဗျာ. . . သားက ဒီနေ့ရှောပင်ထွက်မလို့ဟာ"

ဒေါ်သရဖီက မေဒေး၏ခေါင်းနှင့် ကိုယ်မှ ရေစက်များ





ကို သုတ်ပေးရင်း. . .

"သားက ကြိုတင်မှ မပြောဘဲ"

"မေ့သွားတာကို မာမီရာ၊ ဒါဖြင့် ဒယ်ဒီကောသွားပြီလား"

"သွားပြီပေါ့၊ ဘယ်အချိန်ရှိပြီလဲဆိုတာ နာရီလေးဘာလေး ကြည့်ပြီးပြီလား"

"ကြည့်ပြီးပါပြီ၊ ညက အိပ်ရာအပြောင်းအလဲနဲ့ဆိုတော့ ဘယ်အိပ်ပျော်ပါ့မလဲ မေမေရာ၊ ဟိုဘက်အိမ်က အဘွားကြီး ဘုရားရှိခိုးသံကြားမှ အိပ်ပျော်သွားတာ"

"ဩော်. . . ဟိုဘက်အိမ်ဆိုမှ အိမ်နီးချင်းတွေဆီကို မန္တလေးက လက်ဆောင်ကလေးတွေ သွားပို့ရင်းနဲ့ မိတ်ဖွဲ့ဦးမှ၊ သားလိုက်မလား"

"မလိုက်တော့ပါဘူး"

"သားအတွက် ကျူရှင်ကိစ္စလဲ နည်းနည်းပါးပါး စုံစမ်းရင်းပေါ့၊ ဒီအနီးအနားမှာ ဆယ်တန်းဝိုင်းတစ်ဝိုင်းတော့ရှိမှာပဲ"

"ဟာဗျာ. . . မာမီကလဲ၊ ဒေးစပါယ်ရှယ်ပဲ တက်ပါမယ်ဆိုမှ"

"မရဘူး သား၊ ဒါက ဒယ်ဒီ့အမိန့်ပဲ၊ သားကို ဒီနှစ်မှကြပ်ကြပ်မတ်မတ် မကိုင်ရင် မဖြစ်တော့ဘူး၊ ဘဝကိုကြည့်စမ်း ဘယ်လောက်တော်သလဲလို့၊ သားမရှက်ဘူးလား"

"ဘာဖြစ်လို့ရှက်ရမှာလဲ၊ သူ ဉာဏ်လဲကောင်းတယ်၊ ကြိုးလဲကြိုးစားတာကိုး အောင်သွားပါစေ၊ သူတို့အတွက်က ဆယ်နှစ်ဆို ဆိုသလောက်အရေးကြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . မေဒေးကတော့လေ"

ဒေါ်သရဖီ သက်ပြင်းချကာ သားအား အလျှော့ပေးလိုက်သည်။ မေဒေးက အဝတ်အစားလဲပြီး. . .

"ဒယ်ဒီ ဘာကားယူသွားသလဲ"

"လင်ခရူစာ"

"ဒါဖြင့် သား မာစီဒီးယူသွားမယ်နော်"

"ဟင်အင်း. . . သား ဒယ်ဒီက ဂိုဒေါင်သော့ပိတ်သွားတယ်၊ သားကို ဦးညိုမောင်မပါသေးဘဲ ကားမောင်းခွင့် မပေးသေးဘူးတဲ့"

"ဟာဗျာ. . . ဒါ ဒယ်ဒီ သက်သက်ညစ်တာပဲ"

မေဒေး စိတ်ပျက်သွားသည်။ ရန်ကုန်ကိုပြောင်းတော့မည်ဆိုကတည်းက အပျော်ကြီးပျော်ကာ ရန်ကုန်မြို့ရှုခင်းပါသမျှ ဗီဒီယိုကားများကိုကြည့်ပြီး စိတ်ကူးယဉ်ခဲ့သမျှတို့ကို အကောင်အထည် ချက်ချင်းမဖော်နိုင်သေးခြင်းအတွက် မကျေနပ်နိုင်အောင် ဖြစ်သွားရသည်။

"အိမ်မှာ ပစ္စည်းလေးတွေ နေသားတကျချထားပြင်ဆင်ဖို့လဲ ဒယ်ဒီက မှာသွားသေးတယ်သား"

"ဟာဗျာ. . . ဒေါ်နှင်းဥတို့ရှိသားပဲ၊ တော်ပြီ မသွားရရင်လဲ ထမင်းပဲ စားတော့မယ်. . ကျက်ပြီလား"

"အဆင်သင့်ပဲ သား"

"မာမီကော. . . စားပြီးပြီလား"

"မစားရသေးဘူး. . သားကိုစောင့်နေတာ"

သားအမိနှစ်ယောက် အောက်ထပ်သို့ဆင်းခဲ့လေသည်။





"ဒယ်ဒီက စိတ်ကူးကောင်းတယ်နော် မာမီ၊ အိမ်ကြီးက အပြတ်မိုက်တယ်၊ မန္တလေးက အိမ်ကြီးနဲ့ တခြားစီပဲ"

"ဒါ ဒယ်ဒီ့ လက်ရာလေ၊ သူကိုယ်တိုင် စိတ်တိုင်းကျရေးဆွဲပြီး စိတ်တိုင်းကျ ဆောက်ထားတာ"

ဦးမင်းဇော်သည် 'မေဒေး ဆောက်လုပ်ရေး'ကိုတည်ထောင်ထားသော လုပ်ငန်းရှင် ဗိသုကာတစ်ဦးဖြစ်သည်။ တစ်ဦးတည်းသောသား မေဒေးကို အလွန်ချစ်ကာ ထူးချွန်စေချင်သည်။ သို့သော် သားဖြစ်သူအတွက် အချိန်မပေးနိုင်အောင်သူ၌ အလုပ်တွေများလွန်းလှသည်။ နောက်ဆုံးသူ၏ လုပ်ငန်းကို မန္တလေးမှ ရန်ကုန်သို့တိုင်အောင် တိုးချဲ့လုပ်ကိုင်ပြီး ဝင်ဒါမီယာ၌ မြေကွက်ဝယ်ယူပြီး ကိုယ်တိုင်စိတ်တိုင်းကျ ဆောက်လုပ်ခဲ့ပြီး မိသားစုကိုပါ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဟင်းအမယ်မျိုး စုံလင်သော ထမင်းစားဝိုင်း၌ သားအမိနှစ်ယောက် ဝင်ထိုင်လိုက်စဉ် ဒေါ်နှင်းဥက ထမင်းခူးခပ်ထည့်ပေးသည်။

"ဒေါ်လေးဥ. . . ဘဝ ဘယ်သွားတာလဲ"

"အလုပ်ကိစ္စလေးဘာလေး စုံစမ်းမယ်ဆိုပြီး ထွက်သွားတာပဲ သား"

"ဟင်. . . ဘာအလုပ်လဲ၊ သူက အလုပ်လုပ်တော့မလို့လား"

"အေးလေ. . . ပြောမရဘူး၊ သူအလုပ်လုပ်ချင်တယ်ပြောတာပဲ"

"မလုပ်ခိုင်းပါနဲ့ ဒေါ်လေးရာ၊ ကျောင်းပဲဆက်တက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူ့အမှတ်တာ စက်မှုမီမှာ၊ ဒေါ်လေးဥတို့ လစာကဘာသုံးစရာရှိလို့လဲ။ သူ့အတွက် လုံလောက်ပါတယ်"

ဒေါ်သရဖီက တစ်ခွန်းမှဝင်မပြောဘဲ သားဖြစ်သူ၏ စကားတိုသာ နားထောင်ရင်း ရင်ထဲ၌ သားအား သနားသွားသေသည်။ စိတ်ရင်းကောင်းလွန်းသောသားသည် မိမိထက် ပညာရေးဘက်၌ သာလွန်သွားသော ဘဝအတွက် မနာလိုမဖြစ်သည့်အပြင် ဘဝအတွက် သူ့ခေါင်းထဲ၌ ထည့်၍စဉ်းစားပေးနေသေးသည်။ သူ သားကို အောင်စေချင်လှပြီ။ မအောင်သဖြင့် သားကိုပင် အသနားပိုသွားရသည်။

ဒေါ်နှင်းဥက ဘာမှမပြောဘဲ ယပ်ခတ်ပေးရင်း. . .

"သားက လူလေးကို ဘာမှာချင်လို့လဲ"

"သား. . . မြို့ထဲ လျှောက်လည်မလို့ အဲဒါဘဝကို ခေါ်သွားချင်တာ၊ ဒီနေ့တော့ နောက်ကျသွားပြီ၊ မနက်ဖြန်ဘယ်မှ မသွားနဲ့လို့ ပြောပေးနော် ဒေါ်လေးဥ"

"အင်း. . . အင်း. . . စိတ်ချ၊ ဒေါ်လေးဥ ပြောပေးမယ်"

"ဩော်. . . မဥရေ၊ ထမင်းတစ်ခါတည်း ဝင်စားပါလား၊ ပြီးရင် ကျွန်မနဲ့ အဖော်လိုက်ခဲ့ပါ၊ ခြေရင်းအိမ်နဲ့ ခေါင်းရင်းအိမ်သွားပြီး လက်ဆောင်ပစ္စည်းလေးတွေ ပေးပြီး. . မိတ်ဖွဲ့ရအောင်လို့လေ"

"ကောင်းသားပဲ ဖီဖီ၊ ကျွန်မ နောက်ဖေးမှာပဲ စားလိုက်ပါ့မယ်"

"မဟုတ်တာ မဥရာ"





"ဟာ. . . ဒေါ်လေးဥကလဲ ဒီမှာပဲ စားစမ်းပါဗျာ"

သားအမိ နှစ်ယောက်စလုံး၏ လေသံက တစ်ပြိုင်နက်ထွက်ပေါ်ခဲ့အပြင် မေဒေးက ပန်းကန်တစ်ချပ်ကို လှမ်းကာ သူကိုယ်တိုင် ခူးခပ်ပေးလေရာ ဒေါ်နှင်းဥ မငြင်းရက်တော့။


သည်လိုနှင့်ပဲ ဒေါ်နှင်းဥသည် မေဒေးအိမ်ကြီး၌ ကျွန်သက်ရှည်ရပေဦးတော့မည်ဟု ကြည်နူးမှုဖြင့် ဒေါ်နှင်းဥ တွေးလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၄ )

တိုက်တိုက်ဆိုင်ဆိုင်ပင် ဒေါ်သရဖီတို့ ခြေရင်းအိမ် အဝင်၌ ကျူရှင်ဝိုင်းတစ်ခုအဆင်းနှင့် တိုးလေသည်။

“ကျွန်မတို့ ဟိုဘက်ခြံကပါ”

ဒေါ်နှင်းဥက နှုတ်သွက်လျှာသွက်ဖြင့် ပြောလိုက်ရာ တံခါးဝ၌ ရပ်နေသော အမျိုးသမီးက မလှမ်းမကမ်း သူငယ်ချင်းများနှင့်အတူ ထွက်လာသော ဖြူဖြူနွဲ့နွဲ့နှင့် ချောမောလှပသော မိန်းကလေးအား. . .





“နွယ်လေးရေ. . . ဟိုဘက်ခြံက လူသစ်တွေတဲ့”

“အို. . . ကြွပါ၊ အန်တီတို့. . . ကြွပါရှင်”

နွယ်လေးက ခပ်သွက်သွက်ကလေး လှမ်းလာပြီး ဖော်ရွေသောအပြုံးဖြင့်ပြုံးကာဖိတ်ခေါ်လိုက်သည်။ နွယ်လေး အပြုံး၌ပါးချိုင့်ကလေးများ ခွက်ဝင်ပြီး သွားတက်ကလေးများ ပေါ်လွင်သွားပုံမှာ ကျက်သရေရှိလွန်းလှသည်ဟု ဒေါ်သရဖီရော ဒေါ်နှင်းဥပါ ငေးမောကာ မှတ်ချက်ချလိုက်မိသည်။ သမီး ငတ်သော မိခင်နှစ်ဦးအတွက် သမီးလေးလိုပင် ချစ်ခင်သဘောကျသွားသည်။

“အန်တီတို့က မနေ့က ပြောင်းလာတာထင်တယ်. . ၊ ပြောင်းလာတုန်းက ကျွန်မ,မရှိလို့ ဘာအကူအညီမှတောင် မပေးလိုက်မိဘူး. . အားနာလိုက်တာ၊ ထိုင်ပါအန်တီ”

နွယ်လေးက ဧည့်ခန်းအတွင်းရှိ ဆက်တီ၌ နေရာပေးလိုက်သည်။

“အန်တီတို့က မန္တလေးက ပြောင်းလာတာဆိုတော့ မန္တလေးလက်ဆောင် သနပ်ခါးတုံးနဲ့ထိုးမုန့်၊ အရိုးတောင်းကို လက်ဆောင်ပေးရင်း မိတ်လာဖွဲ့တာဆိုပါတော့”

“ဟုတ်ကဲ့ပါ အန်တီ၊ မညို. . . ဘွားဘွားကို သွားခေါ်လိုက်ပါဦး”

“အိပ်နေတယ် နွယ်လေး၊ စောစောကတင် ထမင်းစားမယ် ဂျီတွန်လို့၊ ကျွေးပြီးတာနဲ့ အိပ်ပျော်သွားတယ်”

“ဪ. . . ဟုတ်လား၊ ဒါဖြင့် နေပါစေတော့”

နွယ်လေးဆိုသော မိန်းကလေး၏ မျက်နှာပျက်သွား

www.burmeseclassic.com



သည်ကို ဒေါ်သရဖီတို့ ရိပ်မိလိုက်သည်။

"အားနာလိုက်တာ အန်တီတို့ရယ်၊ ဒီအိမ်မှာက ဘွားဘွားက အသက်ရှစ်ဆယ်၊ လေဖြတ်ပြီး ငိုငိုရယ်ရယ်နဲ့ ကလေးလိုပဲ၊ သူလုပ်ချင်ရာ လုပ်တတ်တယ်၊ ခုလို ဧည့်သည်လာရင် သူ သိပ်ပျော်တာ၊ စကားပြောဖော်ရပြီဆိုပြီး ဝမ်းသာနေရော"

နွယ်လေးက အပြုံးလေးဖြင့် စကားကို ရောချလိုက်ကာ စောစောက သူမပျက်သွားသော မျက်နှာအတွက် ဖာထေးမှု စတင်လိုက်သည်။

ဒေါ်နှင်းဥက နွယ်လေးကို သနားသွားသည်။ အရွယ်နှင့် မလိုက်အောင် သောကဝေဒနာရပ်၏ နှိပ်စက်မှုကိုခံနေရသော မိန်းကလေးဟု ချက်ချင်းသဘောပေါက်လိုက်သည်။

"မညို့. . . အန်တီတို့အတွက် တစ်ခုခု စီစဉ်ပေးပါဦး"

"နေပါစေသမီး၊ အန်တီတို့ အခုပဲ ထမင်းစားပြီးထွက်လာတာပါ"

"ဟုတ်ကဲ့ပါ အန်တီ၊ အချိုပွဲလေးပေါ့"

ထိုအချိန်တွင် ဦးတုတ် ရောက်လာသည်။

"နွယ်လေး. . . ဆိုင်သွားရတော့မလား"

"သွားလိုက်ပါ ဦးလေး၊ ဒီနေ့ဝယ်ရမယ့် စာရင်းဇယားကို မသက်ဆီက ယူခဲ့ပါ၊ ညနေမှ နွယ်လေးလာခဲ့မယ် ပြောလိုက်ပါ"

"ကောင်းပြီ နွယ်လေး"

"ဩော်. . . ဦးလေး၊ မေမေ့အတွက် ဆေးကုန်နေပြီ ဒီဆေးတွေ ဝယ်ခဲ့ပါဦး"

"အေး. . . အေး"





နွယ်လေးက ပြောပြောဆိုဆိုနှင့် ဆေးစာရွက်နှင့် ပိုက်ဆံ ထုတ်ပေးလိုက်သည်။

နွယ်လေးသည် ဦးခေါင်းတစ်လုံးနှင့် မမျှအောင် အလုပ်တာဝန် ရေအိုးများကို မနိုင်မနင်း ရွက်ထားပုံ ရလေသည်။

နွယ်လေးက ဦးတုတ်ထွက်သွားသည်နှင့်. . .

"ကျွန်မနာမည် နွယ်လေးပါအန်တီ၊ ဖေဖေကတော့ ဂျပန်မှာ အလုပ်သွားလုပ်နေပါတယ်၊ မေမေက ကိုမာရောဂါနဲ့ အိပ်ရာထဲမှာ လဲနေပါတယ်"

"အို. . . ကျွတ်. . . ကျွတ်. . . ဖြစ်ရလေ သမီးရယ်"

ဒေါ်သရဖီရင်ထဲ အမှန်တကယ် ဝမ်းနည်းကြေကွဲသွားလေသည်။ ဒေါ်နှင်းဥမှ အသံပင်မထွက်တော့ဘဲ နွယ်လေးကို တရုဏာသက်စွာ ငေးကြည့်နေမိသည်။

"နှစ်ရဲ့ ပြုစုမှုနဲ့ပဲ အိပ်ရာထဲမှာ နေနေရပါတယ်"

"အန်တီတို့လဲ စိတ်မကောင်းပါဘူး သမီးရယ်၊ ဖြစ်တာကြာပြီလား"

"သုံးနှစ်ရှိသွားပါပြီ အန်တီ"

"နိုင်ငံခြားမှာ သွားမကုဘူးလား"

"ကုဖို့ ကြိုးစားနေပါတယ်"

နွယ်လေးမျက်နှာ၌ ဖုံးကွယ်မှုတစ်ခုခု ရှိနေသည်။

တစ်စုံတစ်ခုကို ရင်နှင့်မဆံ့အောင် လျှို့ဝှက်ထားရပုံရလေသည်။ ဒေါ်နှင်းဥက လောက၏ ဒုက္ခပေါင်းစုံကို ကူးခပ်အောင်လည်ခဲ့ရသူပီပီ နွယ်လေး၏ ရင်တွင်းဝေဒနာရပ်ကို ဖွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . စကားကောင်းနေတာနဲ့ အန်တီတို့ ကိုယ့်ကိုယ်ကိုယ်တောင် မိတ်ဆက်ပေးဖို့ မေ့နေတယ်၊ အန်တီ့နာမည် ဒေါ်သရဖီတဲ့၊ အန်တီ့ခင်ပွန်းက ဦးမင်းဇော်၊ မေဒေးဆောက်လုပ်ရေးလုပ်ငန်း လုပ်တယ်၊ သူက အန်တီ့ညီမဝမ်းကွဲ ဒေါ်နှင်းဥတဲ့"

"ဟုတ်ကဲ့ပါ အန်တီ"

"နောက်နေ့များ အန်တီတို့ လာလည်ပါဦးမယ်၊ အဲဒီအခါ သမီးမေမေကိုလဲ ကြည့်မယ်၊ သမီးဘွားဘွားနဲ့လည်း စကားပြောမယ်"

နွယ်လေး၏ မျက်ဝန်း၌ မျက်ရည်များ ရစ်ဝဲသွားလေသည်။ သက်ပြင်းတစ်ချက်ဖြင့် ဆို့နစ်နေသော သောကကို ရှင်းထုတ်လိုက်ပြီး. . .

"မေမေက သမီးအရင်းဖြစ်တဲ့ ကျွန်မကိုတောင် မမှတ်မိတော့ပါဘူး"

"သြော်. . . သမီးလေးရယ်"

ဒေါ်သရဖီ၏ရင်ထဲ ထိရှသွားလေသည်။

ဒေါ်နှင်းဥက အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး. .

"စောစောက ကျူရှင်ဆင်းသွားတယ် ထင်တယ်"

"ဟုတ်ပါတယ် အန်တီ၊ နွယ်လေးက ရှစ်တန်းကတည်းက ကျောင်းထွက်ပြီး ပြင်ပပဲ ဖြေဆိုရတာဆိုတော့ အိုးမကွာ အိမ်မကွာ အိမ်မှာပဲ ဝိုင်းတစ်ဝိုင်း ယူထားရတယ်၊ သြော်. . . အန်တီ၊ အအေးလေးနဲ့ ပန်းသီးလေး သုံးဆောင်လိုက်ပါဦး"

ဒေါ်သရဖီက နွယ်လေးကိုကြည့်ပြီး မေဒေးကို မြင်





ယောင်နေမိသည်။ မေဒေးကတော့ တကယ်ကို ပီတိကလေး တစ်ဦးကဲ့သို့ပင် အရာရာကို အလေးအနက်မရှိ၊ ခပ်ပေါ့ပေါ့နေ၊ ခပ်ပေါ့ပေါ့စားပင် ရှိနေသေးသည်။

"သမီး အခု ဘယ်နှတန်းလဲ"

"ဆယ်တန်းပဲ အန်တီ"

"အတော်ပဲ သမီးရေ၊ အန်တီ့မှာ သားတစ်ယောက်ရှိတယ်၊ သူလဲဆယ်တန်းပဲ၊ ကျူရှင်ဆရာကောင်းကောင်းနဲ့ ဝိုင်းကောင်းကောင်းမှာ ထားချင်နေတာ၊ သမီးတို့ဝိုင်းမှာများ သားကို ထည့်ပေးလို့ရမလား"

"ရပါတယ် အန်တီ၊ သမီးတို့ဝိုင်းမှာ ယောကျ်ားလေးဆိုလို့ အနိုင်တစ်ယောက်တည်းရှိတာ၊ သူ့ကိုဝိုင်းစနေကြလို့ မတက်ချင်တော့ဘူး လုပ်နေတာ၊ ခုလိုယောကျ်ားလေးအဖော်ရတော့ သူ့အတွက်ကောင်းတာပေါ့"

"ဒီလိုဆို ဝမ်းသားစရာပဲ၊ ဘယ်နေ့လွှတ်လိုက်ရမလဲ"

"နေ့တိုင်းရှိပါတယ်၊ ဒါပေမယ့် အချိန်တော့မတူဘူး အန်တီ၊ ခဏနော်. . . ကျွန်မ အချိန်ဇယား ရေးပေးလိုက်ပါ့မယ်"

လက်ရော ပါးစပ်ပါ မအားရရှာသော နွယ်လေးကို ကြည့်ပြီး ဒေါ်နှင်းဥမှာ အသနားပိုနေလေသည်။

ချက်ချင်းပင် စာရွက်လွတ်ကလေးဖြင့် အချိန်စာရင်းလေးကို ရေးပေးလေသည်။ ဝိုင်းစက်လှပ ညီညာသေသပ်သော လက်ရေးကလေးက လူနှင့် လိုက်ဖက်ညီလေသည်။

"ကိုင်း. . . သမီး၊ အန်တီတို့ပြန်လိုက်ဦးမယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များနေတယ်၊ မနက်ဖြန် သားကိုလိုက်ပို့ပေးမယ်၊ အန်တီ တစ်ခေါက်လာခဲ့ဦးမယ်”

“ဟုတ်ကဲ့ပါအန်တီ၊ လိုအပ်တဲ့ အကူအညီရှိရင် အားမနာတမ်းပြောပါ အန်တီ၊ သမီးက ရွာခံဖြစ်နေတော့ ရပ်ကွက်ကိစ္စတွေဘာတွေကို အကူအညီပေးနိုင်ပါတယ်”

“အတော်ပဲ သမီးရေ၊ အိမ်တက် ဆွမ်းကျွေးလုပ်ရင် ရပ်ကွက်ကို ဖိတ်ကြားဖို့ သမီးတို့ အိမ်သားတွေကိုပဲ အားကိုးရမှာပဲ”

“ဟုတ်ကဲ့. . . စိတ်ချပါ အန်တီ”

နွယ်လေးက ခြံအထိ လိုက်ပို့ပေးလေသည်။

“ခြံချင်းကပ်ပြီး တစ်ကွေ့တစ်ပတ်ကြီး ထွက်နေရတာ ဝေးပါတယ်၊ ခြံချင်းကူးရလွယ်အောင် မလွယ်ပေါက်တစ်ပေါက်တော့ ဖောက်ထားမှ ထင်တယ်နော် ဖိဖိ”

“နွယ်လေး ခွင့်ပြုရင်တော့ ကောင်းတာပေါ့”

“အို. . . သိပ်ကောင်းတဲ့အကြံပါ၊ ကျွန်မလဲ စိတ်ကူးရှိပါတယ်၊ ဒါပေမယ့် အရင်အိမ်ရှင်က ဘာသိဘာသာပဲ နေတတ်လို့ ကျွန်မလဲ ဖွင့်မပြောရဲခဲ့ဘူး၊ ကျွန်မအတွက်က နာမကျန်းဖြစ်နေတဲ့ မိခင်နဲ့ အဘွားအတွက် အိမ်နီးနားချင်းကောင်းတွေရဲ့ အကူအညီကို အမြဲမျှော်လင့်နေရတဲ့သူပါ အန်တီ”

“စိတ်ချပါနွယ်လေး၊ သမီးအတွက် အန်တီတို့အိမ်သားတွေအားလုံးဟာ အိမ်နီးနားချင်းကောင်း ဖြစ်စေရမှာပါ”

“ကျွန်မ သိပ်ကိုဝမ်းသာပြီး ကျေးဇူးတင်သွားပါပြီ အန်တီတို့ရယ်”





နွယ်လေးအတွက် အမှန်တကယ်ပင် အိမ်နီးနားချင်းကောင်းလိုအပ်နေချိန် ဖြစ်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိလေသည်။

ဒေါ်သရဖီနှင့် ဒေါ်နှင်းဥကို ခြံတံခါးဝအထိ လိုက်ပို့ပေးပြီး လှည့်ပြန်ခဲ့သည်။

ထိုတဒင်္ဂ၌ နွယ်လေး၌ တစ်ခုတည်းသောဆန္ဒ ဖြစ်ပေါ်မိလေသည်။

မိမိ၏ မိခင်သည်လည်း ထိုအမျိုးသမီးများကဲ့သို့ ကျန်းမာသန်စွမ်းပါလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်းဟု. . . ။

ယခုတော့. . .

နွယ်လေးသည် ရစ်ဝဲလာသော မျက်ရည်စများကို ခေါင်းမော့ကာ မျက်တော်ခတ်၍ သိမ်းဆည်းပစ်လိုက်သည်။ နွယ်လေး၌ မျက်ရည်ကို ဇိမ်ခံကျ၍ ဖြုန်းတီးပစ်နေရန် အချိန်မရှိပါချေ။ မိသားစုကြီးတစ်ခုလုံး၏တာဝန်သည် နွယ်လေး၏ ခေါင်းပေါ်၌ ရှိနေသည်။


နွယ်လေးသည် အိမ်ကြီးဆီသို့ သွက်လက်စွာ လျှောက်လှမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၅ )

မေဒေး၏ မျက်ဝန်းထဲသို့ နွယ်လေး၏ လှုပ်ရှားမှုအလုံးစုံတို့ ဝင်ရောက်လာသည်။

လှပသော မိန်းမချော၊ မိန်းမလှ နုနုငယ်ငယ်လေး၏ မျက်နှာပြင်ပေါ်မှ ပုံရိပ်တို့ကို သူ မဖတ်တတ်။

သို့သော် မိန်းကလေး လှသည်ဟုတော့ သူသတိပြုမိသည်။ လှသည်မှ အတော့်ကိုလှသည်။ သူသည် မိန်းမလှလေးများကို စိတ်ဝင်စားတတ်သော ဝါသနာရှိသည့်အလျောက် မိန်းမ





လှလေးများနှင့်လည်း တရင်းတနှီး ရှိတတ်သည်။

ထို့ကြောင့် မြင်ဖူးသမျှ မိန်းမလှလေးများထက် ယခုမြင်ရသော မိန်းမလှလေးက ပိုလှသည်။ သို့သော် သူမ၏ မျက်နှာပေါ်မှ အလှတရားသည် သူကြုံဖူးသမျှ မိန်းမလှလေးများ၏ အလှတရားနှင့် လုံးဝမတူဘဲ တစ်မူထူးခြား နေသည်ကိုတော့ သူ သတိပြုမိသည်။

တစ်ဖက်ခြံမှ မိန်းမလှလေးသည် သူမ၏အိမ်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားချိန်တွင် သူ၏ ခြံဝင်းအတွင်းသို့ မိခင်နှင့် ဒေါ်နှင်းဥ ဝင်လာသည်ကို သူလှမ်းတွေ့လိုက်ရသဖြင့် အောက်ထပ်သို့ ပြေးဆင်းခဲ့လေသည်။

"မာမီ. . . မာမီ"

"ဟဲ့. . . သား၊ ပျာယီးပျာယာနဲ့ ဘာဖြစ်လာတာလဲ"

ဒေါ်သရဖီက မေဒေး၏ အမောတကော အမူအရာကို ကြည့်ကာ မေးလိုက်သည်။

မေဒေးက စပ်ဖြဲဖြဲမျက်နှာဖြင့်. . .

"မာမီတို့ ဘယ်ကပြန်လာတာလဲ"

"ခေါင်းရင်းခြံနဲ့ ခြေရင်းခြံရယ် သွားမိတ်ဖွဲ့ပြီး ပြန်လာတာလေ"

ဒေါ်နှင်းဥက သူနှင့်မဆိုင်တော့ဘူးဟု ယူဆကာ သူတို့၏သားအမိကိုချန်လှပ်ခဲ့ပြီး အိမ်ဆီသို့ သွက်လက်စွာလျှောက်သွားလေသည်။

"ဒါကို သားသိတာပေါ့၊ အဲ. . . သား မေးချင်တာက ခြေရင်းအိမ်က ကောင်မလေးအကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဥက နောက်ပါးမှကပ်ပြီး ပါလာသော မေဒေး အသံကြောင့် ပြုံးမိလေသည်။ မေဒေး၏ ဝါသနာကတော့ တားမြစ်၍မရသော ဝါသနာပါလားဟု။

ဒေါ်သရဖီက သားဖြစ်သူ၏ခေါင်းကို ပုတ်လိုက်ပြီး. .

"လုပ်ပြန်ပြီလားသား၊ သားကို ကောင်မလေး ချောချော တွေနဲ့ ရင်းနှီးမှုက စာမေးပွဲအောင်အောင် မလုပ်ပေးနိုင်ဘူး၊ ဒါပေမယ့် နွယ်လေးကတော့ အကူအညီပေးနိုင်လိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဝိုင်းမှာ သားတက်ရလိမ့်မယ်"

"နွယ်လေး. . . ဟုတ်လား မေမေ၊ သူ့နာမည်ကကော"

"နွယ်လေးလေ"

"မဟုတ်ပါဘူး၊ သားမေးတာက အဲဒီ နွယ်လေးရဲ့ နာမည်အပြည့်အစုံကို မေးတာ"

"အဲဒါ အပြည့်အစုံပဲ သား"

"ဟုတ်ရဲ့လား မေမေရယ်"

"မဟုတ်ဘူးထင်ရင် မနက်ဖြန်မှ သားဘာသာမေးကြည့် တော့၊ ကိုင်း. . . မေမေ တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်"

ဒေါ်သရဖီ ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်သွား လေသည်။

မေဒေးရင်ထဲ ဆတ်တငံ့ငံ့ဖြစ်၍ ကျန်ရစ်ခဲ့လေသည်။

နွယ်လေးအကြောင်း သိချင်စိတ်က ရင်ထဲမှ ထိန်းသိမ်း၍မရနိုင်။ ထို့ကြောင့် ဒေါ်နှင်းဥရှိနိုင်မည့် မီးဖိုချောင်ဘက်သို့ ခြေဦးလှည့်လိုက်သည်၊

အဆင်သင့်ပင် ဒေါ်နှင်းဥကို တွေ့လိုက်ရသဖြင့်. . .





"ဒေါ်လေးဥ. . . ဒေါ်လေးဥ"

"အို. . အမောတကောနဲ့ ဘာစားချင်လို့လဲဟင် သား"

"ဘာမှမစားချင်ပါဘူး၊ သိချင်တာလေးရှိလို့"

ဒေါ်နှင်းဥ မေဒေးသိချင်နေသော အကြောင်းအရာများ ကို အတပ်သိလိုက်လေပြီ။ နွယ်လေးဆိုသော မိန်းကလေးအ ကြောင်းမှလွဲ၍ အခြားမဖြစ်နိုင်ချေ။

"နွယ်လေးအကြောင်းလား"

"ဒေါ်လေးဥကို ဒါကြောင့် သားကချစ်ရတာ"

ဒေါ်နှင်းဥက ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

"ကဲပါ. . အပိုတွေ ချွဲမနေပါနဲ့ ကိုဖိုးချွဲ၊ မေး. . မေး ဘာမေးချင်သလဲဆိုတာသာ မေး"

"အဲဒီ နွယ်လေးဆိုတဲ့ ကောင်မလေးရဲ့နာမည်က နွယ် လေးပဲလား၊ နာမည်ရှည် ရှိသေးသလား"

"မရှိဘူးထင်တယ်သား၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ် သူ ကျွန်မနာမည် နွယ်လေးပါလို့ မိတ်ဆက်ပေးတဲ့အတွက် သူ့ နာမည်အပြည့်အစုံဟာလဲ နွယ်လေးပဲဖြစ်နိုင်တယ်"

"သူ့မှာ အစ်ကိုတွေမောင်တွေ ရှိသေးသလား"

မေဒေးဘာကြောင့်မေးသည်ကို ဒေါ်နှင်းဥ သဘော ပေါက်ပါသည်။ အစ်ကိုတွေမောင်တွေမှတစ်ဆင့် ရင်းနှီးမှုကို ရယူပြီး နွယ်လေးအချစ်ကို သူကြိုးပမ်းတော့မည်။ ဒါကြောင့် သည်း ဆယ်တန်းကို နှစ်နှစ်ဖြေဆိုပြီး မအောင်နိုင်သေးခြင်းဖြစ် သည်။

"မရှိဘူးသားရဲ့၊ သူဟာ တစ်ဦးတည်းသောသမီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရွယ်နဲ့မလိုက်အောင် လောကခံကို ရင်ဆိုင်နေရတဲ့မိန်းက လေးပဲ၊ သား အခြားကလေးတွေလို သူ့ကိုချဉ်းကပ်ဖို့ လွယ်ကူမှာ မဟုတ်ဘူး၊ စာကြိုးစားပါ သားရယ် စာမေးပွဲအောင်ပြီးမှ ဒီကိစ္စ တို့ စဉ်းစားစေချင်တယ်"

မေဒေးက စပ်ဖြဲဖြဲလုပ်ကာ. . .

"ဒေါ်လေးဥ"

"ဘာလဲ"


"မောနေမယ်၊ သား အခွေပဲ သွားကြည့်တော့မယ်"

ဒေါ်နှင်းဥ ဘာမှမပြောနိုင်မီ မေဒေးသည် ထမင်းစား ခန်းအတွင်းမှ ထွက်သွားလေသည်။

ဒေါ်နှင်းဥလည်း သက်ပြင်းချလိုက်ပြီး ပန်းကန်ခွက် ယောက်များ နေရာချထားရန် ပြင်ဆင်လိုက်လေသည်။







# အခန်း ( ၆ )

ဘဝအတွက် ရန်ကုန်မြို့သည် ကျယ်ဝန်းလှသည်ဟု ထင်မြင်မိသည်။ အိမ်ကို စောစောပြန်ရန် ကြိုးစားရင်း ညနေ ဆောင်းသွားသည်။ အိမ်အတွက်လိုအပ်သော အကျႌချိတ်၊ အုတ် ရုံကပ် ကော်ချိတ်ကလေးများကိုဝယ်ရန် သတိရသဖြင့် သဇင် ကူသော စတိုးဆိုင်ကြီးအတွင်းသို့ ဝင်ရောက်လိုက်သည်။

သူကောင်တာနှင့်သူ ဝယ်သူရောင်းသူများ စည်ကားနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၏မျက်လုံးသည် စတိုးဆိုင်၏ အတွင်းကျကျ ထောင့်တစ်နေရာ၏ စားပွဲ၌ထိုင်ကာ စာရင်းဇယား တွက်ချက်နေပုံရသော မိန်းကလေး၏ မျက်နှာချောချောကလေးကို သွားနောက်ခလုတ်တိုက်မိလေသည်။

ဘဝရင်ထဲ ဒိန်းတလိန်းနတ်တို့ ကခုန်လေပြီ။

"ဘာအလိုရှိပါသလဲ"

"..........."

"ဘာယူမလဲ"

"ဗျာ. . . ဟို. . . ဟို. . . ချော၊ အဲ. . . ချိတ်"

အိမ်သုံးပစ္စည်းများ၏ ကောင်တာမှစာရေးမလေး အမေးကို ကပေါက်တိကပေါက်ချာဖြင့် ဖြေလိုက်ပြီးနောက် လိုအပ်သော ပစ္စည်းများကို လက်ညှိုးထိုးပြလိုက်သည်။

တိုတောင်းလွန်းသော ထိုကာလအတွင်းမှာပင် ဘဝသည် မျက်နှာချောချောမွတ်မွတ်ကလေးကို အကြိမ်ကြိမ် ခိုးကြည့်မိလေသည်။

သူ့အားနှလုံးခုန်နှုန်းကို မြန်ဆန်ကျယ်လောင်စေခြင်းကို ပြုစားနိုင်လွန်းသော မိန်းကလေးအား မထားရက်ထားရက်နှင့် ထားရစ်ခဲ့ပြီး အိမ်သို့ပြန်ခဲ့ရလေသည်။

ရန်ကုန်မြို့ပေါ်မှ မိန်းကလေးများသည် လှပလွန်းလှသည့် အပြင်အဆင်များလည်း အများအားဖြင့် မြန်မာမဆန်ကြတော့။ ဂါဝန်၊ စကပ်ဘောင်းဘီ အတိုအရှည်အပွများဖြင့် အနောက်တိုင်း ဆန်ကုန်ကြပြီ။ မန္တလေးသူအချို့လည်း သည်အတိုင်းပင်။ ထိုကြားထဲ သူမြင်လိုက်ရသော မိန်းမချောကလေး၏





လှသည် အေးချမ်းလွန်းလှသည်။

ဝတ်စားဆင်ယင်ပုံမှာ ထူးခြားသည်။ ရင်ဖုံးအကျႌကို ဆီပန်းပုံကြယ်သီး တပ်ထားသည်။

ကြယ်သီးနှင့်လုံချည်မှာ ပန်းဆီရောင် တစ်ရောင်တည်း ပြီး အပေါ်အကျႌမှာ ပန်းနုရောင် ဖျော့ဖျော့ကလေးဖြစ်သည်။ ပန်းရောင်ကလေးနှင့် သူမ၏ အသားအရေအရောင်မှာ ပြီး တစ်ပြေးတည်းလို ဖြစ်နေသည်။ ဆံပင်ကို ကျစ်ဆံမြီး က် ကျစ်ချထားသည်။ ဆံပင် အတော်ရှည်ပုံရသည်။

"နောက်ကျလိုက်တာ လူလေးရယ်"

ဒေါ်နှင်းဥက နောက်ကျသဖြင့် သားအတွက် ရတတ် အေးနိုင်ဘဲ ခြံဝမှထွက်စောင့်နေရာ သားကို မြင်မြင်ချင်း စိုးရိမ် င်း လှမ်းပြောလိုက်သည်။

"ဗျာ. . . နောက်မကျပါဘူး မေမေရာ"

"မေမေက မျက်စိတွေဘာတွေများ လည်နေသလား

"ဟုတ်ကဲ့ ဒီလိုဘဲ မေးစမ်းပြီးသွားရတာပေါ့ မေမေ"

"အလုပ်အကိုင် အဆင်ပြေရဲ့လား"

သားအမိနှစ်ယောက် အိမ်ဘက်ဆီသို့ စကားတပြော နှင့် လျှောက်လာကြသည်။

"မပြေပါဘူး မေမေရာ၊ ကုမ္ပဏီတော်တော်များက အ မီးဝန်ထမ်းတွေပဲ ခန့်ချင်ကြတာ၊ အရောင်းဆိုင်တွေမှာလဲ တိုင်းပဲ၊ အရောင်းစာရေးဝန်ထမ်းပဲ အလိုရှိကြတာ"

"အေးပါ လူလေးရယ်. . ဒီလိုဆိုရင်လဲ မလုပ်နဲ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပဲဆက်တက်၊ မေမေတို့ နှစ်ယောက်ရဲ့လစာဟာ သာ
ကျောင်းစရိတ်အတွက် လုံလောက်ပါတယ်၊ စားဝတ်နေရေ
အားလုံးကို မဖီတို့က တာဝန်ယူထားတာပဲ မဟုတ်လား"

"ဒါတော့ဒါပေါ့ မေမေရယ်၊ ဒါပေမယ့် သားမှာသူမျှ
နှာခေါင်းပေါက်နဲ့ အသက်မရှူချင်ဘဲ၊ သားလဲ အရွယ်ရောက
လာပြီပဲ"

"မေမေတို့က လူလေးကို ပညာတတ်ကြီး ဖြစ်စေချ
တယ်လေ"

"စိတ်ချပါ မေမေ၊ သားအလုပ်တစ်ဖက်နဲ့ ကျောင်
ဆက်တက်မှာပါ"

"ဩော်. . . ဒါထက် မေဒေးတောင် လူလေးကိုမှာ
တယ်၊ ရေမိုးချိုး ထမင်းစားပြီးရင် သွားတွေ့လိုက်ပါဦး"

"ဟုတ်ကဲ့"

"ဒီနေ့ လူလေးအကြိုက် ဇရစ်ချဉ်ရည်နဲ့ ပုစွန်အစ
ကြော်ထားတယ်"

"ဟာ. . ထမင်းမြိန်ဦးတော့မှာပဲ၊ ဖေဖေကော မေမေ

"ပြန်မရောက်သေးဘူး၊ အစ်ကိုကြီး ညစာစားပွဲ ရှိထ
ထင်တယ်"

ဘဝ ဘာမှထပ်မပြောတော့ဘဲ ရေချိုးခန်းဘက်
တည်လိုက်သည်။

"ဒေါ်လေးဥ. . . ဘဝ ရောက်ပြီလား"

"လာ. . . သား၊ ခုပဲရောက်တယ်၊ ရေချိုးမလို့"

ဘဝ ရေချိုးခန်းသို့ ဝင်လိုက်လေသည်။ မေဒေးနှင့်






ချင် တော်ရုံနှင့် စကားစပြတ်လိမ့်မဟုတ်။ မေဒေးတစ်နေ့
တစ်ယောက် မရိုးနိုင်သော မိန်းမချောကလေးများအကြောင်း
ပါလာတတ်သည့် အတွက်ကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၇ )

ဘဝ ထမင်းစားရင်း နွယ်လေးတရားကို နာနေရသည်။ မေဒေးက မိန်းမချောကလေးများ၏ အလှတရားကို အဟော အပြောကောင်းသောသူတစ်ဦး ဖြစ်လေသည်။

"သူ့အလှက အေးချမ်းတယ် ဘဝ၊ သူ့မျက်နှာလေးတို့ မြင်လိုက်ရရင်ပဲ ရင်ထဲမှာ ရေခဲစိမ်ဆန်းကစ် သောက်လိုက်ရ သလိုပဲ အေးစိမ့်ပြီး အမောပြေသွားတာပဲ"

ဘဝ၏ အတွေးမျက်ဝန်းထဲ၌ သဇင်စတိုးဆိုင်မှ မိန်းမ





ချောလေးကို ပြေးမြင်ယောင်မိကာ 'ကိုဒေးရဲ့ နွယ်လေးက ကျွန်တော်မြင်ရတဲ့ သဇင်ခက်ကလေးလောက်တော့ လှမယ် မထင်ပါဘူး' ဟု စိတ်တွင်း၌သာ ပြောလိုက်မိလေသည်။ သူ့နှုတ်မှတော့ ပြောလေ့ပြောထမရှိသော စကားမျိုးအတွက် နှုတ်ထွက်ရန် ဝန်လေးနေလေသည်။

"အဲဒါ မနက်ဖြန် သူတို့ဝိုင်းမှာ ကိုယ်တက်ရမှာ အနီးတပ် အနုစိတ်လေ့လာပြီးမှ မင်းကို ကိုယ်ထပ်ပြောမယ်၊ ဒါထက် မင်းအလုပ်ရှာတာဆို. . အဆင်ပြေခဲ့ရဲ့လား"

"မပြေပါဘူး ကိုဒေးရာ"

"အလုပ်များ ဘာရှာစရာလိုလို့လဲ၊ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်လိုက်ပေါ့"

"ကျွန်တော်က ကျောင်းတက်ဦးမှာ ကိုဒေးရဲ့"

"တက်လေ၊ ညဘက်ဖေဖေ့ ရှယ်ယာစားသောက်ဆိုင်တွေမှာ မင်းလုပ်လဲဖြစ်ပါတယ်၊ ကိုယ်ဒီည ဖေဖေ့ကိုပြောလိုက်မယ်"

ဘဝရင်ထဲ ကျိတ်၍ဝမ်းသာသွားသည်။ ယခင်က မျှော်လင့်ခဲ့ဖူးသည်။ သို့သော် သိပ်ကိုအခွင့်အရေးယူရာကျသည်ဟု ထင်မှာစိုးသဖြင့် မိမိဘက်မှ ဘာမှမတောင်းဆိုခဲ့ပေ။

ဒေါ်နှင်းဥက မေဒေးနှင့် ဘဝပြောဆိုသံကို ကြားသောအခါ သက်ပြင်းချလိုက်လေသည်။

"မေဒေး"

"ဗျာ. . . ဒေါ်လေးဥ"

"သား အစ်ကိုကြီးကို သွားမပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဒေါ်လေးဥရာ"

"ဪ. . . သားပြောလိုက်လို့ အစ်ကိုကြီးမှာ ပေးစရာ နေရာမရှိရင် စိတ်မကောင်းဖြစ်သွားမှာစိုးလို့ပါ။ ဖြစ်နိုင်ရင်မပြော ဘဲနေတာ ပိုကောင်းပါတယ်၊ အစ်ကိုကြီးဘာသာ လိုအပ်မှခန့် ရင် ပိုကောင်းမလားလို့ပါကွယ်"

ဒေါ်နှင်းဥက အလိမ္မာသုံးကာ စကားကို လှလှပပ ပြော လိုက်သည်။ ဒေါ်နှင်းဥအနေဖြင့် မိမိ၏ကျေးဇူးရှင်များ မိမိအ ပေါ်၌ အထင်အမြင် လွဲမှားသွားကာ ငြိုငြင်မှာကို အကြောက် ဆုံး ဖြစ်သည်။

"ဪ. . . ဒေါ်လေးဥကလဲ သားကဖေဖေ့ကိုဗွတ် ကြီးမပြောပါဘူး၊ သား အလိမ္မာသုံး ပြောမှာပါ"

"ဒီလိုဆိုလဲ ပြီးတာပါပဲ"

ဘဝက ထမင်းပန်းကန်ကိုဆေးရင်း တွေးလိုက်မိသည်။ မိမိ၏ မိခင်သည် သူ၏အလုပ်ရှင် မိသားစုအပေါ်၌ ကျေးဇူး တရား အလွန်သိတတ်လွန်းသည်။ သူမ ဘာလုပ်လုပ် ဘာကိုင် ကိုင် မေဒေးတို့မိသားစု အကြိုက်ကို ဦးစားပေးလွန်းသည်။ အမှန် တော့ ဒေါ်သရဖီသည် သူမနှင့် ညီအစ်မ နှစ်ဝမ်းကွဲတော်သည်။ သူတစ်နှစ်သားမှစ၍ ဤအိမ်ကြီးဆီသို့ ရောက်ခဲ့သည်ဟု သိရ သည်။ ဒေါ်သရဖီကလည်း ဒေါ်နှင်းဥကို သူငယ်ချင်းတစ်ဦး၊ အိမ်သားတစ်ဦးသဖွယ် အစစအရာရာ တိုင်ပင်ပြီးအားကိုးအား ထားပြုလေသည်။

"ဒေါ်လေးဥ. . . ဘာဟင်းချက်သလဲ"

"ဟင်. . . သား ထမင်းမစားရသေးဘူးလား"





"ဟုတ်ကဲ့ မစားရသေးဘူး"

"ဒါဖြင့် သွားစားလေ၊ မိသေးကို ဟင်းနွှေးခိုင်းလိုက်၊ သားအကြိုက် ပုစွန်တုပ်ပြုတ်ထားဟာ၊ နေ. . . နေ မိသေးနဲ့ ဖြစ်မှာမဟုတ်ဘူး။ ဒေါ်လေးပဲ လိုက်လုပ်ပေးတော့မယ်"

ဒေါ်နှင်းဥက ပြောပြောဆိုဆို မေဒေးကိုခေါ်ကာ လိုက် သွားလေတော့သည်။

ဘဝ ငယ်ငယ်ကဆိုလျှင် ဒေါ်နှင်းဥသည် မေဒေးကို မျက်နှာသာပေးလွန်းသဖြင့် 'မေမေ. . . မေမေ့သားက ဘယ် သူလဲ' ဟု စကားတတ်စွာ မေးတတ်လေသည်။ ဒေါ်နှင်းဥက 'လူလေးရယ်. . . မေမေတို့က သူတို့မိသားစုမျက်နှာကိုကြည့်ပြီး နေရတာမဟုတ်လား၊ အဲဒီလို မနာလိုစိတ်ထားမျိုး မထားရဘူး လို့ မေမေ ပြောထားတယ်လေ' ဟု အစချီကာ သူ့အားတစ်လုတ် စားဖူး သူ့ကျေးဇူးဟူသောစကားကိုနားသွင်းကာ ပုံပြင်များကို ပြောပြဆုံးမတတ်လေသည်။

ဘဝကလည်း နားလည်ပါသည်။ မေဒေးတို့မိသားစု၏ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာနေရသော သူ့ဘဝ သည် လုံခြုံနွေးထွေးခဲ့သည်။ မေဒေးကလည်း ဆိုဖွယ်ရာမရှိ။ မိဘများထက်ပင် သဘောကောင်းလွန်းသည်။

သူ့အတွက် မိဘများက စားစရာဖြစ်စေ၊ ကစားစရာ ဖြစ်စေ ဝယ်လျှင် တစ်ခုတည်းမရ၊ နှစ်ခုဝယ်ပေးရလေသည်။ 'လူရေးအတွက်' ဟု မပီကလာ ပီကလာ ပြောကာ ပူဆာတတ် သည်။ တစ်ခါတစ်ရံ မုန့်တစ်ခုတည်း ဖြစ်နေလျှင်တောင်မှ သူမ စားဘဲ 'လူရေးက သားထက်ငယ်တယ် လူရေးစား' ဟု ဆိုကာ



www.burmeseclassic.com

www.burmeseclassic.com

အလျှော့ပေးတတ်သည်။


"ဩော်. . . ဘဝရေ၊ ပြီးရင် ငါ့ဆီလာခဲ့ကွာ၊ လသာဆောင်မှာ ဂစ်တာတီးရအောင်"

"ဟုတ်ကဲ့ ကိုဒေး"

ဘဝ၏ အတွေးစတို့ လွင့်ပြယ်သွားလေသည်။ မိခင်နှင့် မေဒေး အိမ်ကြီးဆီသို့ ကူးသွားကြသည်ကို မျက်စိတစ်ဆုံးငေးကြည့်နေမိသည်။







# အခန်း ( ၇ )

"နွယ်လေးတဲ့၊ ရင်ထဲက နှလုံးသားတွေကို လာရောက်နှောင်ဖွဲ့ရစ်ပတ်လိုက်သလိုပဲ ငါခံစားလိုက်ရတယ် ဘဝ"

ဘဝသည် မေဒေး၏မျက်နှာကို အံ့အားသင့်စွာ ငေးကြည့်လိုက်သည်။

မေဒေး၏ မိန်းမချောကလေးများအပေါ် စိတ်ဝင်စားမှုသည် အံ့အားသင့်စရာ မဟုတ်သော်လည်း ယခုနွယ်လေးအကြောင်း မေဒေးပြောဆိုမှုက အံ့အားသင့်စရာ ကောင်းနေ


www.burmeseclassic.com

www.burmeseclassic.com



သည်။

မေဒေး၏မျက်ဝန်းတို့သည် ရွှန်းလက်တောက်ပနေသည်။ မေဒေး၏အသံသည် ယခင်အသံများနှင့်မတူ။ နှုတ်ခမ်းက ထွက်လာသော လေသံမဟုတ်။ ရင်ခေါင်းမှ ရိုက်ခတ်လာသောလေသံဟု ဘဝရိပ်မိလေသည်။

"ဘာပဲဖြစ်ဖြစ် နွယ်လေးကို ပိုင်ဆိုင်နိုင်ဖို့အတွက် ကိုယ်ကြိုးစားတော့မယ်"

"ကျွန်တော် မြင်ဖူးချင်လိုက်တာ"

"မြင်ရမယ်၊ မနက်ဖြန် ကိုယ်သူတို့ဝိုင်းမှာ ကျူရှင်တက်တော့မယ်"

ဘဝရင်ထဲ မေဒေးအတွက် စိုးရိမ်သွားသည်။ ဤကဲ့သို့ စိတ်ကစားခြင်းကြောင့် ဆယ်တန်းကို နှစ်နှစ်တိတိ ရှုံးနိမ့်ခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် စိတ်အာရုံတွေ ထွေပြားဦးမည်ဆိုပါက. .

ဘဝ သက်ပြင်းလေး ခိုးချမိလိုက်သည်။

"ဒီနှစ်တော့ ကိုယ်အပြတ်ကြိုးစားတော့မယ် ဘဝ၊ ကိုယ့်ကို ကူညီကွာ၊ မေမေတို့ ဂိုက်ငှားပေးမယ် ပြောနေတယ်၊ မင်းပဲ ကိုယ့်ကို ဂိုက်လုပ်တော့"

"ဖြစ်ပါ့မလား၊ ကိုဒေးက ကျွန်တော့်စကားမှ နားမထောင်တာ၊ ပြီးတော့ ကျွန်တော် အဲဒီအလုပ်ကို ဝါသနာမပါဘူး"

မေဒေး တွေဝေသွားသည်။ ဟုတ်သည်။ ဘဝသည် ဆရာမလုပ်တတ်။ သူ့ဘာသာသူ အေးအေးဆေးဆေး နေတတ်





သူဖြစ်သည်။

လုပ်စရာကိုင်စရာ ရှိသည်တို့ကိုသာ သွက်သွက်လက်လက် မြန်မြန်ဆန် လုပ်တတ်သူ ဖြစ်သည်။ အားက ား်ကိုလည်း အထူး လေ့လာလိုက်စားပြီး အခြေခံပညာ ကျောင်းသားအဆင့်တွင် ကြက်တောင်ချန်ပီယံဖြစ်သည်။

ယခု တက္ကသိုလ်သာတက်လျှင် တက္ကသိုလ်အဆင့်၌ ရေပန်းစားဦးမည်ဟု မေဒေးက တွေးမိကာ. . .

"မင်း တက္ကသိုလ် တက်ကိုတက်ရမယ်"

"ဗျာ"

အဆက်အစပ်မရှိသော စကားကြောင့် ဘဝက နားမလည်နိုင်ဘဲ 'ဗျာ'ဟု အာမေဋိတ်ပြုလိုက်သည်။

"သြော်. . . မင်း ဝိုင်အိုင်တီ ဆက်တက်ရမယ်လို့ ကိုယ်က ပြောတာ"

ဘဝ ခေါင်းယမ်းကာ. . .

"ကျွန်တော် ဝိုင်အိုင်တီ ဆက်မတက်တော့ပါဘူး၊ အဝေးသင်ပဲ တက်တော့မယ်"

"မင်းကလဲ မဟုတ်တာ"

"ဟုတ်ပါတယ်"

"ဖေဖေ့ကို ကိုယ် ပြောပေးပါ့မယ်"

"လူကြီးတွေကို ဒုက္ခမပေးပါနဲ့ ကိုဒေးရာ၊ ကျွန်တော် ကိုယ်တိုင်က အဝေးသင်ပဲ တက်ချင်တဲ့ဆန္ဒရှိလို့ပါ"

"ဟင်. . . ဒါတော့ ကိုယ် မကျေနပ်နိုင်ဘူး၊ အဘားဆယ်ချပ်လောက် မနိုင်တဲ့က အုတ်တစ်ချပ်လောက် မနိုင်ရုံနဲ့ ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်နေမှာလား"

ဘဝ တွေဝေသွားသည်။ မေဒေး၏စေတနာကို လေးစားပါသည်။ သို့သော် မိမိ၏ ဘဝပေးအခြေအနေအရနှဲ့သာ ညှိရသော စည်းရပ်အပေါ်၌ အပတ်တကုတ် ကြိုးစားပြီး ထူးချွန်စေရမည်။ သို့ဆိုလျှင် ယခုခေတ်လို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးစဉ်ကာလမှာ လုပ်ငန်းတွေ၌ ပါဝင်ခွင့်ရသွားလျှင်. . .

"ဟော. . . ကားသံကြားတယ်၊ ဘဘတို့ ပြန်လာပြီထင်တယ်၊ ကျွန်တော် သွားတော့မယ် ကိုဒေး"

ဘဝက ခြံတံခါးကို ပိတ်ပေးရန်အတွက် အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ မေးဒေးလည်း ဖခင်ထံ၌ ဘဝအတွက် အခွင့်အရေးတွေ တောင်းဆိုပေးစရာ ရှိသေးသည်။

ဒေါ်သရဖီက သူဆင်းလာသည်ကိုမြင်လျှင် ဦးမင်းဇော်အား လှမ်း၍ မေးငေါ့ပြလိုက်သည်။

"တို့သားတော့ အဖေကို လာကပ်ပုံထောက်ရင် တစ်ခုခုတော့ တောင်းဆိုတော့မယ်ထင်တယ်"

"မေမေကလဲ သားကိုမြင်တာနဲ့ မိဘနားကို လိုစရာရှိမှကပ်တဲ့ လူဆိုးကျနေတာပဲ"

"သားကကော မဟုတ်လို့လား၊ အိမ်ကို ဘယ်တုန်းက ကပ်လို့လဲ၊ လိုချင်စရာရှိလို့မှ သားမျက်နှာကို မြင်ရတယ် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး. . ဒီနေ့ကစပြီး. . အဲ. . . မှားတယ်၊ ရန်ကုန်ကို စပြောင်းလာခဲ့တဲ့ နေ့ကစပြီး သားဟာ အိမ်အ





ကပ်ဆုံး လူသားတစ်ယောက် ဖြစ်သွားရုံမကဘူး၊ အလိမ္မာဆုံးသော သားတစ်ယောက် ဖြစ်သွားပါပြီလို့ မှတ်ထားလိုက်ပါ"

"ကောင်းပါပြီတဲ့ရှင်"

သားအမိနှစ်ယောက် အချီအချ စကားပြောနေမှုကို ဦးမင်းဇော်က စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းပြီးမှပြုံးလျက်. . .

"ကိုင်း. . သားက ဖေဖေ့ကို စောင့်နေပုံထောက်တော့ ပြောစရာတွေ ရှိနေပြီထင်တယ်"

"ဟုတ်တယ် ဖေဖေ၊ သား ဘဝအကြောင်း ပြောမလို့"

"ဘဝဆိုတာ မွေးဖွားခြင်းကနေ သေဆုံးခြင်းဆိုတဲ့ ကာလကိုခေါ်တယ်လေ သား၊ အဲဒါ ဘာများဖြစ်လို့လဲသား"

"ဟာ. . . ဖေဖေ ညစ်ပြီ၊ သားက လူအကောင်လိုက်ကြီးကိုပြောတာ၊ လူလေးဘဝကို ပြောတာ"

"ဘဝ ဘာဖြစ်လို့လဲ သား"

"ဘဝက ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့ အောင်တယ်ဖေဖေ"

"အေး. . ဟုတ်သားပဲ၊ ဒီကောင်လေးက ထူးချွန်တယ် ကျောင်းဆက်ထားပေးရမယ်"

"အဲဒါပြောမလို့ပေါ့ဖေဖေရာ၊ ဖေဖေက ကျောင်းဆက်ထားပေးနိုင်ပေမယ့် သူကအလုပ်လုပ်ချင်နေတယ်"

"ငယ်ပါသေးတယ် မလုပ်စေနဲ့၊ ကျောင်းဆက်တက်ပါစေ၊ ဖေဖေ ထားပေးမယ်၊ ဝိုင်အိုင်တီအမှတ် အသာကလေးဝင်မှာပဲ၊ ကျောင်းပြီးမှ ဖေဖေ့လုပ်ငန်းတွေ တွဲလုပ်ရမယ်ဆိုတဲ့ အကြောင်း သားပြောပြထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဪ. . . သရဖီ"

"ပြော. . . ကို"

"ကောင်လေးအတွက် ငွေရေးကြေးရေး မျက်နှာမငယ်စေရအောင် လိုအပ်တာတွေကို ကျောင်းလခအတွက် ငွေတစ်သိန်းလောက် မနှင်းဥကို ပေးထားလိုက်၊ လိုအပ်သလို သုံးနိုင်အောင် မကြာခဏမေးမြန်း၊ ပြီးတော့လဲ ငွေထုတ်ပေးဖို့ မမေ့နဲ့"

မဒေးသည် ဘဝအတွက် ကျိတ်၍ဝမ်းသာသွားသည်။ သို့သော်. . . မာနကြီးသော ဘဝက ဝမ်းသာလိမ့်မည်မဟုတ်ကြောင်း သူသိသည်။

ဘာပဲပြောပြော ဘဝ အလုပ်လုပ်စရာ မလိုတော့သဖြင့် သူဝမ်းသာသည်။


"ဒါဖြင့် သားအိပ်တော့မယ် ဖေဖေ၊. . . မေမေဂွတ်နိုက်"

မဒေးက အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

မဒေး၏နောက်ကျောကိုကြည့်၍ ဦးမင်းဇော်က ခေါင်းတဆက်ဆက် ညိတ်၍နေသည်။ ဒေါ်သရဖီက ခင်ပွန်းအားလှမ်းကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။







# အခန်း ( ၉ )

နွယ်လေး ဘုရားသောက်တော်ရေကို စွန့်ရင်းမှ မျက်[illegible]နေးသည် ခေါင်းရင်းဘက်ခြံဆီသို့ ရောက်သွားလေသည်။

တွေ့လိုက်ရပြီ။ အန်တီသရဖီ၏ သားပဲဖြစ်လိမ့်မည်[illegible]င်သည်။ အသားဖြူပြီး အရုပ်မြင့်သည်။ ခန္ဓာကိုယ်၌ အသားပို[illegible]ဘဲ ကျစ်လျစ်သန်မာပုံရသည်။ ဂျင်းဘောင်းဘီလေးကို [illegible]ပြီး စွပ်ကျယ်လက်ပြတ် ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝင်းဝါသောသူ၏ အသားအရေက ခန့်ညား နေသည်၊ သေးနုပ်မှုမရှိ။ ကျယ်ဝန်းသောခြံကမြက်များကို သူ တစ်ဦးတည်း ရှင်းလင်းနေသည်။ ဘယ်အချိန်ကများ ထ၍ ရှင်း လင်းနေသည်မသိ။

"နွယ်လေး. . . ဆွမ်းတော်ရပြီ"

"ကပ်လိုက်လေ မညိုကလဲ"

နွယ်လေး ဖြန့်ကြက်နေသော အာရုံကို လှမ်းဆွဲယူလိုက် သော မညို၏အသံကြောင့် နွယ်လေးစိတ်သည် မိမိ၏တစ်နေ့ တာလုပ်ငန်းများလည်ပတ်ရန် သတိပြုလိုက်မိပြီး ပြတင်းပေါက် ကို ကျောခိုင်းလိုက်ရသည်။

မညိုက ဘုရားဦးချပြီး ပြန်ထွက်သွားလေသည်။ နွယ် လေးမိမိစိတ်ကို ဖြေသာမှုတစ်ခု ပေးလိုက်သည်။ နံနက်ရှစ်နာရီ လျှင် အနီးကပ် တွေ့မြင်ရတော့မှာပဲဟု။

နွယ်လေးဘုရားရှိခိုး ကြေးစည်ကလေးထုကာ အမျှဝေ ခြင်းဟူသော ကိစ္စအဝဝကို လုပ်ဆောင်ပြီးသည်နှင့် တစ်ဖက် ခန်းသို့ ကူးခဲ့လေသည်။

ရင်နင့်ဖွယ်ရာ မြင်ကွင်းကို နွယ်လေးတွေ့မြင်နေကျအ တိုင်း တွေ့မြင်လိုက်ရလေသည်။

အင်အားဖျော့တော့သော မျက်လုံးအစုံ၏ အဓိပ္ပာယ် မဲ့ရွေ့လျားနေမှုကို ငေးစိုက်ကြည့်လိုက်သည်။

သူနာပြုဆရာမက သူလုပ်ဆောင်နေကျ တစ်ကိုယ်ရေ သန့်ရှင်းရေးကို စိတ်ရှည်လက်ရှည် လုပ်ဆောင်ပေးနေသည်။ ပိုက်များ တိုးလိုးတန်းလန်းနှင့် ဆေးသက်ဖြင့် အသက်ရှည်နေရ





သော မိခင်၏ ဝဋ်ဒုက္ခကြီးမားမှုကို ကြည့်ပြီး. . .

"ဆရာမ. . . မေမေ့ အခြေအနေ"

"ဒီလိုပါပဲ ကလေးရယ်၊ ထူးမခြားနားပါပဲ"

နွယ်လေး သက်ပြင်းချလိုက်၏။ ရစ်ဝဲလာသော မျက် ရည်စများကို မျက်တောင်ပုတ်ခတ်ကာ သိမ်းဆည်းပြီး မိခင် ၏နားကပ်ကာ အရိုးပေါ်အရေတင်လျက် လက်ချောင်းကလေး ကို အသာတို့ထိကာ တီးတိုးလေး ရေရွတ်လိုက်သည်။

"ဝဋ်ကြွေးရှိရင်လဲ အမြန်ပြေပျောက်ပြီး မေမေ့အား လူကောင်းပကတိဖြစ်အောင် စောင်မပေးတော်မူပါဘုရား"

ဟု ဆုတောင်းပြီး ညင်သာစွာလှမ်းထွက်ခဲ့သည်။


သူနာပြုဆရာမလေးမှာ နွယ်လေးကျောပြင်ကိုသာ ကရုဏာသက်စွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

နွယ်လေးကို မြင်မြင်ချင်း မေဒေးရင်တွေ ခုန်လာသည်။

နွယ်လေးကလည်း ဒေါ်သရဖီ့သားကို မြင်လိုက်ရသော အခါ အံ့အားသင့်သွားသည်။ သူမျှော်လင့်ထားသောလူ မဟုတ် သောကြောင့် စဉ်းစားရကျပ်သွားသည်။

"သားလေ နွယ်လေး၊ မေဒေးတဲ့"

"ဟုတ်ကဲ့. . ကျွန်မ နွယ်လေးပါ ကိုဒေး"

နွယ်လေး၏အခေါ်အဝေါ်ကြောင့် အံ့အားသင့်သွား





သည်။ ဘဝခေါ်သလို ကိုဒေးဟုမည်သူမှ သွန်သင်ထားခြင်း မရှိပါဘဲ ခေါ်လိုက်ခြင်း အတွက်ကြောင့်ပင်။

"လာ. . . ကိုဒေး၊ ဆရာလဲရောက်ပြီ၊ စာကြည့်ခန်းထဲ တန်းဝင်လိုက်ရအောင်"

"အန်တီလဲ ပြန်မယ် သမီး"

"ဟုတ်ကဲ့ပါ အန်တီ"

နွယ်လေး ဘယ်လိုနည်းနှင့်မှ ဒေါ်သရဖီကို ဧည့်ခံရန် အချိန်မပေးနိုင်ပါ။ ဘွားဘွားကလည်း ထမင်းစားခန်း၌ သောင်း တျန်းနေသည်။

ဤအိမ်မှာ နွယ်လေးပဲ အိမ်ထောင်ဦးစီး၊ နွယ်လေးပဲ အိမ်ရှင်မ၊ နွယ်လေးပဲ သားသမီးဖြစ်နေ၍ စာသင်ချိန်တွင် ရောက်ရှိလာသော ဧည့်သည်အတွက် ပေးစရာအချိန်မရှိ ဖြစ် သွားလေသည်။

နွယ်လေးက မေဒေးကို ဦးဆောင်ခေါ်သွားလေသည်။ စာကြည့်ခန်းတွင် နံရံကပ်ဗီရိုကြီးများနှင့် စာအုပ်မျိုးစုံအပြည့် ရှိနေသည်ဖြစ်ရာ မေဒေးဘဝကို သတိရလိုက်သည်။ ဘဝသည် စာအလွန်ဖတ်သောသူ ဖြစ်သည်။

ဆယ့်နှစ်ယောက်စာ စားပွဲရှည်ကြီးတွင် ဖြူဖြူနွဲ့နွဲ့ ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေးငါးယောက် ရှိနေသည်။ နွယ်လေးက စားပွဲထိပ်၌ ထိုင်နေသော ဆရာအပါ အဝင် ဝိုင်း၍သင်ယူနေသော စာသင်သားများနှင့်ပါ မိတ်ဖွဲ့ပေး သည်။

"မေဒေးဆိုတော့ မေဒေးနေ့မှာ မွေးလို့ထင်တယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်ပါတယ် ဆရာ"

"ကိုင်း. . . သင်ခန်းစာ စ,ရအောင်"

မေဒေး၏ အာရုံကို သင်ခန်းစာထဲသို့ နှစ်မြှုပ်ထားလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် နွယ်လေးသည် စာကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေသောကြောင့်ဖြစ်သည်။

နွယ်လေးနှင့် မျက်လုံးချင်းဆုံရန် ဖန်တီးခြင်းကို သူပြုလုပ်ရန် ရည်မှန်းချက်တို့သည် နွယ်လေး၏ တည်ကြည်သောမျက်နှာအနေအထားကြောင့် ပျက်ပြယ်သွားလေသည်။

ထို့ကြောင့် နွယ်လေး၏ လက်ကလေး လှုပ်ရှားရာကိုစာကူးသလိုလိုနှင့် လှမ်းကြည့်လိုက်မိသည်။ လက်ရေးကလေးများသည်လည်း လှကဲ့သို့ပင် လှပလေသည်ဟု မေဒေးအတွက်ဘဝကို ပြောပြစရာ တိုးသွားလေသည်။

နွယ်လေးကတော့ သူ့ဘေးနားတွင် ထိုင်နေသော မေဒေးအား မိန်းကလေးသူငယ်ချင်းများနှင့်မခြား ထူးခြားသောအသိအမှတ်ပြုခြင်းမျိုး မရှိပါဘဲ စာသင်ယူလျက်ရှိသည်။

သို့သော် မေဒေးမသိနိုင်သော အတွေးတစ်ရပ်ကတော့နွယ်လေး၏ရင်၌ သန္ဓေတည်လျက်ရှိသည်။

ထိုအတွေးကား. .

"မနက်မနက် ခြံရှင်းနေတဲ့သူဟာ မေဒေးမဟုတ်ရင်ဘယ်သူလဲ မေဒေးကို မေးရရင် ကောင်းမလား၊ မကောင်းပါဘူးလေ၊ မိန်းကလေး သိက္ခာကျပါတယ်"

ဟု မိမိအတွေးကို မိမိဘာသာပင် ဆုံးဖြတ်ချက်ယူကာ





သင်ခန်းစာထဲသို့သာ အာရုံနှစ်မြှုပ်လိုက်ခြင်းဖြစ်သည်။

စာသင်ချိန်များပြီးဆုံး၍ အိမ်သို့ပြန်ရန် နွယ်လေးကိုနှုတ်ဆက်လိုက်သည်။

"နွယ်လေး. . . ကျွန်တော်ပြန်မယ်"

"ဟုတ်ကဲ့ ကိုဒေး"

နွယ်လေးသည် အားလုံးပြန်သွားသည်နှင့် ထမင်းစားပြီး မြို့ထဲဘက်သို့ တန်းထွက်သွားလေသည်။

မေဒေးသည် နွယ်လေး ကားမောင်းထွက်သွားသည်ကိုအပေါ်ထပ် ဝရန်တာမှလှမ်း၍ တွေ့မြင်လိုက်ရသည်။

နွယ်လေး၏တည်ငြိမ်မှုက သူ၏ နှုတ်ဖျားမှ ထွက်တတ်သော ချစ်တမ်းစကားများကို ကွယ်ပျောက်သွားစေသည်။ သူ၏ရင် နှလုံးသားထဲမှ ပေါ်ထွက်လာမည့် စကားများက ခက်ခဲလွန်းလှလိမ့်မည်ဟု သူမထင်ခဲ့။

ယခုတော့ အချစ်သည် လူ၏အကျင့်စရိုက်များကိုပြောင်းလဲပစ်နိုင်စွမ်း ရှိလိမ့်မည်ဖြစ်သည်ဟု သူတစ်ခါမှ တွေးမထင်ခဲ့ဖူးသော ထင်မြင်ချက်တို့သည် ပြောင်းလဲကုန်လေပြီ။

အောက်ထပ်သို့ သူဆင်းခဲ့သည်။ ဒေါ်နှင်းဥကို ဧည့်ခန်းနှင့် အရန်သင့်ပင် တွေ့လိုက်ရသည်။ ဒေါ်နှင်းဥသည် ကြက်မွေးတစ်ချောင်းဖြင့် အလှပြဗီရိုများ၊ တီဗွီ၊ အောက်စက်တို့၌ ဖုန်မတင်စေရန် သုတ်သင်လျက်ရှိသည်။

ဒေါ်နှင်းဥသည် အလုပ်နှင့်လက် မပြတ်မှ နေတတ်သူဖြစ်သည်။

"ဒေါ်လေးဥ"



www.burmeseclassic.com

www.burmeseclassic.com

“ဘာလဲ သား”

“ဘဝကော”

“သစ်ခွစင် လုပ်မလို့ဆိုလားပဲ၊ လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်မယ်ဆိုပြီး ထွက်သွားတာပဲ”

“ဟင် . . . သားကိုတောင် မစောင့်ဘူး”

“လူလေးက ဘတ်စ်ကားနဲ့သွားတာ သားရဲ့”

“သား လိုက်ပို့မှာပေါ့”

“သားကို ကားမမောင်းစေချင်သေးလို့ နေမှာပေါ့”

မေဒေးက ထိုအခါမှ စိတ်အနည်းငယ် ပြေသွားသည်။

“ဒေါ်လေးဥကို မေမေပြောပြပြီးပြီးလား”

“ဘဝကို ကျောင်းဆက်တက်ဖို့ အကြောင်းလား”

“ဟုတ်ကဲ့”

“ပြောပြပြီးပါပြီ၊ ဒေါ်လေးတို့ကလဲ စုဆောင်းထားတာတွေရှိပါတယ်၊ သူ့ကို ထားပေးနိုင်ပါတယ်၊ ဒါပေမယ့်သူက အချိန်ကုန်တယ်၊ အဝေးသင်ပဲ တက်ပါရစေတဲ့၊ သူက မြန်မြန်အလုပ်လုပ်ချင်နေပြီလေ၊ အဲဒါ . . . အစ်ကိုကြီးက လက်ခံလို့နောက်အပတ်ကစပြီး အစ်ကိုကြီးအလုပ်မှာတောင် သူလိုက်ကူတော့မယ်”

“ဟင် . . . ဖေဖေကလဲ”

“မိဘကို အပြစ်မတင်ပါနဲ့သား၊ လူလေးရဲ့ ဆန္ဒက ကောင်းနေတော့ လူကြီးတွေကလဲ လိုက်လျော့လိုက်တဲ့ သဘောပါ”

မေဒေးဘဝကို နားမလည်ချင်တော့။ သက်သောင့်






သက်သာနှင့် အေးဆေးစွာ ပညာသင်ယူနိုင်ပါလျက်နှင့် အလုပ်လုပ်ချင်သည်ဆိုသော ဘဝကို ‘မင်းကလဲကွာ ကျွန်ဇာတာပါလိုက်တာ’ ဟု စိတ်တွင်း၌ အပြစ်တင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၁ )

သဇင်စတိုး အတွင်းမှ ဝယ်ယူစရာပစ္စည်းများကို စဉ်းစဉ်းစားစားလုပ်ကာ ဝယ်ယူလိုက်သည်။

သို့သော် သူတွေ့လိုသော မိန်းကလေးကို ဝယ်ယူစရာကိစ္စပြီးပြတ်သည်အထိ မမြင်ရသဖြင့် သူ့ရင်ထဲ၌ လစ်ဟာသွားသည်။

သူဝယ်ယူထားသော ပစ္စည်းက များနေသဖြင့် Taxi တစ်စီးကိုငှားယူပြီး ပစ္စည်းတင်နေချိန်တွင် ကားတစ်စီး ပလက်





ဖောင်းဘေး ထိုးရပ်လိုက်သည်။ သူကားပေါ်တက်လိုက်အချိန် အဆိုပါကားပေါ်မှ ဆင်းလာသော မိန်းကလေးကို တွေ့လိုက်ရသည်နှင့် သူ၏ရင်ထဲ ဟာခနဲဖြစ်သွားသည်။

သူတွေ့မြင်လိုသော မိန်းကလေး ဖြစ်နေခြင်းကြောင့်ပင်။

သူ၏အငှားကားက ထွက်ခွာလာသည်။ မိန်းကလေးဆိုင်ဘက်ဆီသို့ ကြွေရွရွစွာဖြင့် လျှောက်လှမ်းသွားသည်။

ဘဝ သက်ပြင်းချလိုက်သည်။

လွဲမှလွဲတတ်ပါပေသည်။

ဘဝ ဝယ်လာသော အလှပန်းအိုးများ၊ မျိုးစေ့များ၊ မြေသြဇာများ၊ မီးကြိုး၊ မီးသီး၊ မီးခလုတ်များ၊ ကော်ဇောများစသည်တို့ပါဝင်သည်။ ဘာများဝယ်စရာကျန်သေးသနည်းဟု အပြေးအလွှား ဦးနှောက်ကို အလုပ်ပေးလိုက်သော်လည်း အဖြေက ထွက်မလာချေ။

အိမ်သို့သာ ရောက်ရှိလာသည်။ သူ့စိတ်သည် သဇင်စတိုးဆိုင်၌ ကျန်ရစ်ခဲ့သည်။

နောက်တစ်ကြိမ် ထိုဆိုင်သို့သွားဖို့ရာ လွယ်ကူတော့မည်မဟုတ်။ ဘဘနှင့်အတူ အလုပ်ခွင်သို့ ဝင်ရောက်တော့မည်။

"လူလေး ပစ္စည်းတွေများလှချည်လား"

"ဟုတ်တယ်လေ၊ အိမ်ကြီးက ဒီလောက်ခမ်းနားနေတော့ အိမ်အပြင်အဆင်တွေကလည်း ခမ်းနားဖို့ လိုအပ်တယ်လေ မေမေ"

"အင်း. . ဒါလည်းဟုတ်တာပဲ. . "



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အတွက် တွေဝေချိန်မရချေ။

ဘဝ ပစ္စည်းများကို ချလိုက်သည်။ ထိုအချိန်၌ပင် မေဒေးက ဘဝအသံကြားသဖြင့် ထွက်လာသည်။

“ဘဝကလဲကွာ ကိုယ့်ကိုတောင် မစောင့်ဘူး”

“ကိုဒေးက ဘယ်အချိန်ပြီးမယ်မှန်းမှမသိတာ၊ ကျွန်တော့် လုပ်စရာကလေးတွေ ရှိနေလို့ပါ”

အေးဆေးစွာပင် ပြောလိုက်သည်။ ဘဝ မေဒေးကို ကြည့်ရုံမျှဖြင့် မေဒေး၌ပြောစရာစကားများ ရှိနေပြီဟု သိလိုက်သည်။ သို့သော် သူ့အတွက် ပေးစရာအချိန် မရှိချေ။

ဝယ်လာသော စဉ့်ပန်းအိုးကြီးများကို ပေါ်တီကို အောက်၌ နေရာချထားပြီး မြေကြီးနှင့် မြေဆွေးများ ထည့်ရဦးမည်။ ညနေရောက်လျှင် ပျိုးပင်များကို သွားဝယ်ကာ စိုက်ပျိုးရပေဦးမည်။

“ဘဝ ထမင်းစားပြီးပြီလား”

မေဒေး အကြောင်းရှာနေပြီဟု ဘဝနားလည်လိုက်သည်။ မေဒေးကိုလည်း သနားသွားသည်။

“စားပြီးမှသွားတာ ကိုဒေး”

“လာကွာ. . . ထပ်စားဦး၊ ငါးချဉ်စပ်ကြော်ရှိတယ်၊ မင်းကြိုက်တယ်ဆို”

“ကျွန်တော် စားပြီးလို့ပါ ကိုဒေးရယ်၊ ကိုဒေးစားပြီးရင်သာ ခြံထဲဆင်းခဲ့ပါ၊ ကျွန်တော် ပန်းအိုးတွေထဲ မြေဆွေးတွေ ထည့်လိုက်ဦးမယ်”

မေဒေးလက်လျှော့လိုက်သည်။





ဘယ်တော့မဆို အလုပ်တစ်ခုကို ဖြစ်မြောက်ပြီးဆုံးအောင်လုပ်တတ်သော ဘဝ၏ဇွဲနပဲကိုသိရှိပြီး ဖြစ်သဖြင့် အလျှော့ပေးလိုက်ခြင်းဖြစ်သည်။

မေဒေး ထမင်းစားရန် ခူးခပ်ပေးပြီးသည်နှင့် ဒေါ်နှင်းဥက ဘဝဆီသို့ လျှောက်လာခဲ့သည်။

“လူလေးရယ် ကိုဒေး စိတ်ချမ်းသာအောင်များ လိုက်လျောလိုက်ပါလားကွယ်”

“မေမေကဘဲ ကျွန်တော်မှ ဗိုက်မဆာတာ၊ ဟန်လုပ်ပြီး စားရမယ့် အလုပ်မျိုးမှ ကျွန်တော် မလုပ်ချင်ဘဲ”

“ဩော် ဗိုက်မဆာလဲ ငါးကြော်လေးစားလိုက်၊ ဟင်းရည်လေးသောက်လိုက်နဲ့ သူပြောချင်တာလေးတွေ ပြောတာကို နားထောင်ပေးလိုက်ပါလား လူလေးရယ်”

ဘဝက မျက်မှောင်ချီကာ အလုပ်ကို ဆက်လုပ်နေလိုက်သည်။

ဒေါ်နှင်းဥက သားဖြစ်သူ၏ အမူအရာကိုကြည့်ကာ သက်ပြင်းချလိုက်ပြီး မီးဖိုဘက်သို့ လှည့်လျှောက်သွားလေသည်။

ဘဝက မိခင်၏ နောက်ကျောကိုကြည့်ကာ စိတ်တွင်း၌ ‘ကိုဒေးပြောမယ့် အကြောင်းအရာတွေကို ကျွန်တော် သိနေတာပဲ နွယ်လေးဆိုတာကလွဲပြီး ဘာမှ မဖြစ်နိုင်ဘူး၊ ကျွန်တော်မှ နားမထောင်ချင်ဘဲ မေမေရာ’ ဟု. . .။

ဘဝ အတွေးစကို ဖြတ်တောက်လိုက်ပြီး ပေါ်တီကို အောက်ရှိ ပန်းပင်ပျိုးရန် ပြုလုပ်ထားသောနေရာတွင်းသို့ မြေကြီးများ ဖြည့်ထည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေးရယ် ပင်ပန်းလိုက်တာ၊ ဒီနားပတ်ဝန်းကျင်မှာ နည်းနည်းပါးပါးစုံစမ်းပြီး နေ့စားအလုပ်သမားလေး ဘာလေးကို ခေါ်ခိုင်းပါလား"

ဒေါ်သရဖီက အိမ်ထဲမှထွက်လာပြီး ဘဝအားပြောလိုက်လေသည်။

"နေ့စားငှားရင် ကြီးကြီးတို့ပိုက်ဆံ အပိုကုန်ပါတယ်၊ ကျွန်တော်လဲ အားနေတာပဲ"

"မအားတော့ဘူး ဘဝရေ၊ ဘဘက ဘဝကို ကွန်ပျူတာ တက်ဖို့ ပြောနေပြီ၊ အဲဒါ မဥနဲ့ ပိုက်ဆံပေးလိုက်မယ်၊ မနက်ဖြန် သား စုံစမ်းပြီးတက်ပေတော့"

"ဗျာ. ."

ဘဝအတွက် မယုံကြည်နိုင်အောင် ဖြစ်သွားရလေသည်။ မိမိအပေါ် လိုလေသေးမရှိနေအောင် ကောင်းလွန်းသော မိသားစုအတွက် မိမိတုံ့ပြန်မှု ဘာမှမပေးနိုင်သေးပါလားဟု. . .။

"အံ့သြသွားသလား လူလေး၊ ဘဘက မင်းကို ကျောင်းလဲတက်၊ ကွန်ပျူတာလဲ တက်ပြီးမှ သူ့အလုပ်ထဲကို ဝင်ပါစေ၊ အခု သူ လုပ်နိုင်သေးတယ်တဲ့၊ ပြီးမှ ပြည့်ပြည့်ဝဝ ဝိုင်းလုပ်တာ ပိုကောင်းတယ်လို့ မနက်က ကြီးကြီးကို ပြောသွားတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကြီးကြီး၊ ကျွန်တော် ကြိုးစားမှာပါ"

"အေးကွယ် ကိုယ့်သားကို ကိုယ်အားမရတိုင်း မင်းကိုပဲ ကြည့်ပြီး ကြီးကြီးတို့က စိတ်ချမ်းသာနေရတာ"





ဘဝ ဘာမှပြန်မပြောတော့ပဲ အလုပ်ကိုသာ ကြိုးစားလုပ်နေလိုက်သည်။

ဘာပဲပြောပြော ဘဝ ဤခြံကြီးကို အမြန်ဆုံး အလှဆင်ပေးမည်။ ပြီးသည်နှင့် အိမ်တက်ဆွမ်းကျွေး လုပ်တော့မည်ဖြစ်သည်။ အိမ်သည် ရှင်းလင်းပြီး ပန်းပင်များနှင့် အလှဆင်ပြီဆိုပါက လာသမျှဧည့်သည်များ ရွှင်လန်းသွားနိုင်သည်။

"ခြံတောင် တော်တော်ရှင်းနေပြီပဲ၊ ရှေ့အပတ်မှာ အိမ်တက်ဆွမ်းကျွေးရင် ကောင်းမလားလို့"

"ကောင်းပါတယ်ကြီးကြီး သုံးလေးရက်ဆိုရင် ခြံက အားလုံးနေသားတကျ ဖြစ်သွားပါပြီ"

"အေးကွယ်. . . မြက်တွေက ကြိုရှင်းခိုင်းထားပါလျက်နဲ့ မြတ်တောကျနေတာပဲ"

"ဒီနေ့ပဲ မြက်ရိတ်စက် ကျွန်တော်ဝယ်လာတယ်"

"တော်လိုက်တာ လူလေးရယ်"

ဘဝက ရှက်ပြုံးဖြင့်သာပြုံးနေလိုက်သည်။ လူကြီးများ ချီးကျူးမှုကို သူကျေနပ်သော်လည်း တုံ့ပြန်၍ မပြောတတ်သဖြင့် ပြုံးရုံသာ ပြုံးနေလိုက်သည်။

"မင်း ဘဘကလဲ သူများအဆောက်အအုံတွေသာ လှလှပပ ခိုင်ခိုင်ခံ့ခံ့ ဖန်တီးပေးတယ်၊ ကိုယ့်အိမ်ကျတော့ မြက်ဆောင်မရှင်းခိုင်းဘူး"

"ဘဘက အလုပ်တွေများလွန်းလို့ ဖြစ်မှာပါ၊ လူမှာတော့လဲ မရလို့ဖြစ်မှာပါ"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ သူတာဝန်ယူထားတဲ့ အိမ်ရာ



www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်းတွေကို မွမ်းမံရင်းနဲ့ ကိုယ့်အိမ်ကိုပါ ခိုင်းလိုက်ရင်လဲ ဖြစ်တာပါပဲ"

"အဲဒီလိုမခိုင်းတာကို ကျွန်တော်က ကျေးဇူးတောင် တင်ရသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်စိတ်တိုင်းကျ ပြုပြင်ဖန်တီးခွင့်ရလို့ပဲ"

"လူလေးလက်ရာကို ကြီးကြီးတို့က ယုံကြည်ပါတယ်၊ ဒါပေမယ့် လူလေးပင်ပန်းတာကို မကြည့်ရက်လို့ပါကွယ်"

"ကျွန်တော်ကတော့ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်နေရလို့ရှိရင် ပင်ပန်းတယ်လို့ကို မထင်ဘူး၊ ပျော်တောင် ပျော်မိသေးတယ်"

ဒေါ်သရဖီကပြုံးရင်း. . .

"မဥတို့ကတော့ သားသမီးမွေးရကျိုး နပ်ပါပေတယ်"

"ဘယ်သူကမနပ်လို့လဲ မေမေ၊ မေမေက မနပ်ဘူးလို့ ပြောချင်သေးလို့လား"

မေဒေးက နောက်မှရောက်လာပြီး ဝင်ပြောလိုက်ရာ ဒေါ်သရဖီကသားကို ချစ်စနိုးမျက်စောင်းထိုးပြီး. . .

"မေမေတို့က သားဆယ်တန်းအောင်,အောင် မဖြေနိုင်သရွေ့ မွေးရကျိုးနပ်တယ်လို့ကို မထင်တော့ဘူး"

"မေမေတို့က လူတစ်ယောက်ရဲ့တန်ဖိုးကို အတန်းပညာနဲ့တိုင်းထွာတာလား"

"အလုပ်အကိုင်နဲ့လဲ တိုင်းထွာတယ်"

"မေမေတို့က သားကို ဘာခိုင်းလို့လဲ"

"ဘဝကိုလဲ မေမေတို့ ဘာမှမခိုင်းဘူး၊ သူ့အသိစိတ်





အတိုင်းနဲ့သူ လုပ်နေတာ"

မေဒေးက ဘဝကိုကြည့်ကာ ပြုံးလိုက်သည်။ ဘဝက သားအမိကြား လုံးဝမဝင်ဘဲ သူ့အလုပ်ကိုသာ သူလုပ်နေလေသည်။

"ဘဝ. . . ဘာစိုက်မလို့လဲ"

"ဒီအိုးကတော့ ကျောက်ခက်ပဲစိုက်မယ် ကိုဒေး"

"ပေါ်တီကိုအောက်ကကော"

"ဆယ့်နှစ်ရာသီ ပန်းလေးတွေစိုက်မယ်၊ ကိုဒေး ဘာစိုက်ချင်သလဲ"

"ဘာမှ မစိုက်ချင်ပါဘူးကွာ"

ဒေါ်သရဖီ အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။

ထိုအခါ မေဒေးက. . .

"ဘဝရေ မလွယ်ဘူးကွ"

"ဘာမလွယ်တာလဲ ကိုဒေးရ"

"နွယ်လေးလေ၊ အရမ်းကို တည်တာပဲ၊ ရောလို့ကို မရဘူး"

"အထာကိုင်တာထင်ပါရဲ့"

"မဟုတ်ဘူး၊ ရဲရဲတင်းတင်း ဖျတ်ဖျတ်လတ်လတ်ရှိတယ်၊ ဒါပေမယ့် အနေတည်တော့ ရောတဲ့လူက အလိုလိုရှိန်ပြီ ဆန့်သွားရတာပေါ့ကွာ"

"မရင်းနှီးခင် ကိုဒေးက အရမ်းဝင်မရောနဲ့ပေါ့ဗျာ၊ သောက်ျားလေးသိက္ခာ ကျပါတယ်၊ ဒါထက်သူက ဘယ်ကျောင်းတက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းမတက်တော့ဘူး၊ ရှစ်တန်းကတည်းက အပြင်ဖြေနဲ့ ဖြေခဲ့တာ"

"ဟုတ်လား ဘာဖြစ်လို့လဲ၊ ရောဂါရှိလို့လား"

"မဟုတ်ဘူးထင်တယ်၊ သူ့အိမ်မှာ အိပ်ရာထဲမှာ လေဖြတ်နေတဲ့ အမေရယ်၊ သူငယ်ပြန်နေတဲ့အဘွားရယ်၊ အိမ်ဖော်တွေရယ်ပဲ ရှိတာဆိုတော့ မအားလို့ဖြစ်မှာပေါ့ကွာ၊ အဖေကလဲ ဂျပန်မှာဆိုလားပဲ"

ဘဝ နွယ်လေးဆိုသော မိန်းကလေးကို စိတ်ဝင်စားသွားသည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ တာဝန်ပိနေတဲ့သူဆိုတော့ ဘယ်ပြုံးနိုင်မလဲ ကိုဒေးရာ၊ ဒါအကွက်ပဲ"

ဘဝက လက်ဖျောက်တစ်ချက်တီးကာ ပြောလိုက်လေသည်။ မေဒေးက . . .

"ဘာအကွက်လဲကွ"

"တာဝန်များတဲ့သူဆီက တာဝန်ကို မျှဝေယူပေးရင် ကိုဒေးကို သူကျေးဇူးတင်လာမှာပေါ့"

"ကျေးဇူးမတင်ချင်ရင် နေပါစေကွာ၊ သူတာဝန်တွေများတာကို မကြည့်ရက်လို့ မျှယူပေးခွင့်ရရင်ပဲ ကိုယ်ကျေနပ်မိမှာ အမှန်ပဲ"

"ကိုဒေး တယ်ကြွေနေပြီပဲ"

"ဟုတ်တယ်"

ဘဝ မေဒေးကို တအံ့တဩကြည့်ကာ ဝေဖန်လိုက်သည်။ မေဒေးကလည်း ဘဝ၏ သုံးသပ်ချက်ကို ဝန်ခံလိုက်





သည်။

"ဟုတ်တယ်၊ ငါနွယ်လေးကို ဘယ်သူ့ကိုမှ မတွယ်တာဖူးတဲ့ တွယ်တာမှုနဲ့ နှောင်ဖွဲ့မိနေပြီ ဘဝရာ"

"ကောင်းပါတယ် ကိုဒေးရာ၊ ကျွန်တော်လဲပဲ ရင်ခုန်နည်းနည်း မြန်လာပြီ"

ဘဝက မေဒေးကို ရှက်ပြုံးပြုံးပြီး ရင်ဖွင့်လိုက်သည်။ မေဒေးက ပြုံးဖြဲဖြဲကြီးဖြစ်သွားပြီး . . .

"ဟ. . . တယ်ဟုတ်ပါလား၊ ဘယ်မှာလဲ"

"စတိုးဆိုင်တစ်ဆိုင်မှာ"

ဘဝက စတိုးဆိုင်အမည်ကို လျှို့ဝှက်ထားလိုက်သည်။ အဘယ်ကြောင့်ဆိုသော မေဒေးက ချက်ချင်းလိုက် စုံစမ်းနိုင်သည်။ အကြံအစည်မအောင်မီ မေဒေးသိ၍ မဖြစ်သေး။ တော်ကြာ ရှုပ်သွားနိုင်သည်။ သူမြတ်နိုးမိသည်ကလည်း ဘဝ တစ်သက်တာလုံးအတွက် ရည်စူးကာ မြတ်နိုးမိခြင်းဖြစ်သည်ဆိုတော့ ရေရှည်စီမံကိန်းချကာ ဖြည်းဖြည်းကြိုးစားရဦးမည် ဖြစ်သည်။

"တယ်ဟုတ်ပါလား၊ မိုက်ရဲ့လား"

"ကိုယ်ထင်ရင် ခုတင်ရွှေနန်းအဖြစ် ပြောတာမျိုးမဟုတ်ဘူးနော်၊ တကယ့်ကိုလှတာ၊ အဲ. . . ချောတယ်လို့ ပြောလို့လဲ ရတယ် ထင်တယ်၊ ယဉ်လဲယဉ်တယ်"

"ဟာ. . . တယ်ဆိုတဲ့စာပါလား"

"သူ့ရဲ့လှပုံ၊ ယဉ်ပုံ၊ ချောပုံ၊ သိမ်မွေ့ပုံကို စာဖွဲ့ပြရင်တော့ ပေါ့သွားနိုင်တယ်ထင်တယ်၊ စာဖွဲ့ပြလို့မတတ်အောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေရှိတဲ့ အလှတရားကို ပိုင်ဆိုင်ထားတဲ့ မိန်းကလေးလို့ ပြောလို့ရတယ်"

သည်တစ်ချီ အံ့ဩရမှာ မေဒေးဖြစ်သွားသည်။ မေဒေးသည် ဘဝနှုတ်မှ မိန်းကလေးနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှု အကြောင်းကို ပထမဦးဆုံးအကြိမ် ကြားသိခြင်းဖြစ်သဖြင့် အံ့အားသင့်သွားပြီ. . .

"နာမည်သိပြီးပြီလား"

"ဟင်အင်း"

"အရောင်းစာရေးမလား"

"မဟုတ်ဘူးထင်တယ်၊ ကောင်တာကစားပွဲမှာ ထိုင်တယ်ဆိုတော့ ပိုင်ရှင်လား၊ မန်နေဂျာလားပဲ"

"တော်သေးတာပေါ့ကွာ"

"ဘာဖြစ်လို့လဲ ကိုဒေး"

"မင်းပါးစပ်က စပြောလာတဲ့မိန်းကလေးဟာ အရောင်းစာရေးမလေးထက်စာရင် မန်နေဂျာတို့ ဆိုင်ပိုင်ရှင်တို့အဆင့် ဖြစ်စေချင်လို့ပါကွာ"

ဘဝက ခေါင်းကို ခါယမ်းလိုက်သည်။ တကယ်တော့ အချစ်၌ အဆင့်မရှိဘူးဟု သူ ယုံကြည်သည်။

"ကျွန်တော်က အရောင်းစာရေးမလေး ဖြစ်ရင်တောင် ပိုတောင်သဘောကျသေးတယ်"

"ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူး၊ ဒါပေမယ့် ကိုယ်မြတ်နိုးသူကို အဆင့်အတန်းမြင့်မြင့်မှာ ရှိနေရင်လဲ ကျေနပ်တယ်၊ မရှိရင်လဲ ရှိအောင်





ဖန်တီးပေးချင်တာ ကျွန်တော့်ရဲ့စေတနာပဲ"

"ဟာ. . . မြင့်လှချည်လား ဘယ်စတိုးဆိုင်လည်း၊ ဘယ်မှာလဲ"

"ဗိုလ်ချုပ်ဈေးထဲမှာပါ၊ ဆိုင်နာမည်တောင် သတိမထားမိလိုက်ဘူး"

ဘဝက မှုသားသုံးလိုက်သည်။

မေဒေးက. . .

"မင်းကလည်းကွာ သေသေချာချာကြည့်ခဲ့ကွာ၊ မနက်ဖြန် ကိုယ်ကလပ်စ်ပြီးရင် သွားကြည့်ရအောင်"

"မနက်ဖြန် ခြံကိစ္စအပြတ်ရှင်းမလို့"

"လုပ်ပြီကွာ ထားစမ်းပါ၊ ကိုယ်ဝိုင်းလုပ်ပေးမယ်"

"ရပါတယ် ကိုဒေးရာ၊ အေးအေးဆေးဆေး စာသာကျက်စမ်းပါ၊ ကျွန်တော် အပျင်းပြေလုပ်ပါရစေ"

ဘဝက မေဒေး စိတ်သဘောထား ကောင်းမှုကို နားလည်သိရှိလေလေ မေဒေးတို့ မိသားစုအတွက်ဆိုလျှင် မောရပန်းရမှာပင်မသိ။ သာသည် နာသည်ဟုလည်းမတွက်ဘဲ မိမိ၏ မိသားစုအတွက်ဟုပင် သဘောထားကာ အလုပ်ရွေးမနေဘဲ လုပ်ပေးလေ့ရှိသည်။

"စာက အမြဲတမ်းကျက်နေလို့ ရတာမှမဟုတ်ဘဲ"

"ကိုဒေးအတွက် ဂိုက်ရပြီလား"

"အင်း. . . နွယ်လေးရှာပေးမယ်ပြောတယ်၊ သူရှာပေးရကျိုးနပ်အောင်တော့ ငါက ကြိုးစားပြရမှာပဲ လူလေး"

မေဒေးက တစ်ခါတစ်ရံ ဘဝကို မိဘများခေါ်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

လူလေးဟုခေါ်သည်။

"ဩော် မင်းကို ပြောဖို့ကိုယ်မေ့နေတာ တစ်ခုရှိသေးတယ်"

"ဘာများလဲ ကိုဒေး"

"နွယ်လေးက ငါ့ကို ဘယ်လိုခေါ်တယ် ထင်သလဲ"

"ကိုကိုလို့လား"

"အဲဒီလိုခေါ်ရင် သိပ်ကောင်းတာပေါ့ကွာ၊ ခုတော့ ကိုဒေးတဲ့"

"ကိုဒေးတဲ့လား"

"ဟုတ်တယ်၊ မင်းခေါ်သလို ကိုယ့်ကိုခေါ်တော့ ကိုယ်အံ့အားသင့်သွားမိတာ အမှန်ပဲ"


"သိပ်တော့ မဆန်းပါဘူး ကိုဒေးရာ၊ ကိုဒေးနာမည်နှစ်လုံးမှာ မေက မိန်းမဆန်နေတော့ ဒေးကိုပဲယူပြီး ကိုဒေးလို့ခေါ်တာ အဆန်းတကြယ်တော့ မဟုတ်ဘူးထင်တယ်"

"အင်းလေ ဒါပေမယ့် တိုက်ဆိုင်မှုကိုတော့ ကိုယ်က အံ့အားသင့်သွားတာ အမှန်ပဲ"

ထို့ထက်မက တိုက်ဆိုင်မှုကို သူတို့နှစ်ဦး ကြုံတွေ့ရဦးမည်ဆိုပါက . . .







# အခန်း ( ၁၂ )

တစိုက်မတ်မတ် အလုပ်လုပ်နေသောသူ၏ မျက်လုံးအစုံ မိမိထံသို့ ရောက်ရှိလာစေရန် ကြိုးပမ်းတတ်သော မာယာများ မိမိ၌ရှိမနေခြင်းကို နွယ်လေး ဝမ်းနည်းရမည်လား။

နွယ်လေး သောက်တော်ရေခွက် ကလေးများတွင်းမှ ရေများကို ဖြည်းညင်းစွာ စွန့်ပက်ရင်း တွေးလိုက်မိသည်။

ဤသူသည် မည်သူဖြစ်နိုင်မည်နည်း။

ဒေါ်သရဖီ၌ တစ်ဦးတည်းသော သားတစ်ယောက်ရှိသည်၊ ထိုသူသည် မိမိတို့ကျူရှင်ဝိုင်း၌လာတက်သော မေဒေး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်ဆိုတော့ ဤသူသည်. . .

"နွယ်လေး ဆွမ်းတော်ရပြီ"

နွယ်လေး ပြတင်းပေါက်ကို ကျောခိုင်းလိုက်ပြီး. . .

"မညို"

"ဘာလဲ နွယ်လေး"

"ဒီနေ့ ပိန်းရိုးဟင်းခါးချက်ရင်လေ ပိုချက်လိုက်ပါ၊ ပြီးတော့ ဟိုဘက်အိမ်ကို တစ်ချိုင့်သွားပို့ရင်း စကားစမြည်လေးဘာလေးပြောခဲ့ပါ၊ ရောက်သီးသုပ်ပါ တစ်ပန်းကန်ယူသွားပေးသလား၊ အဲ. . . သုပ်တော့ မသုပ်လိုက်နဲ့၊ ဟိုရောက်မှ သုပ်ပါစေ၊ တစ်ပုံစီသာ ပုံထည့်ပေးလိုက်"

မညိုက နွယ်လေးအား အံ့အားသင့်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ ပတ်ဝန်းကျင်နှင့် တတ်နိုင်သမျှကင်းကင်းကွာကွာနေတတ်သော နွယ်လေးသည် ယခုမှဘာစိတ်ကူးပေါက်သည်မသိ။

"နော်ဆို မညို"

"ဩော်. . အေးအေး စိတ်ချပါ၊ မညိုလက်ရာလဲ နွယ်လေးသိတဲ့အတိုင်းပဲ၊ ဒါထက် ဘယ်အချိန် သွားပို့ပေးရမှာလဲ"

"ရော် မညိုကလဲ၊ ထမင်းစားချိန်အမီ ပို့ပေးပေါ့၊ အဲဒီအချိန်မှာ နွယ်လေးက စာသင်နေတော့ မညိုကို သတိပေးနိုင်မှာ မဟုတ်လို့"

"အေးပါကွယ်. . အေးပါ"

မညိုကလည်း နွယ်လေးတို့အိမ်ကြီးဝယ် နွယ်လေးအတွက် ကလေးထိန်းအဖြစ် ရောက်လာကတည်းက ရောက်ခဲ့





သည်ဖြစ်ရာ နွယ်လေးပေါ်၌ သံယောဇဉ်ကြီးမားသူဖြစ်သည်။

နွယ်လေး မျက်နှာပြင်ပေါ်၌ အရောင်ပြောင်းနေသည်ဟု မညိုထင်မြင်မိသည်။ ထိုအရောင်သည် မေဒေးကြောင့်ပြောင်းလဲသွားခြင်းသာ ဖြစ်ဖို့များသည်ဟု မညိုစိတ်တွင်း ထင်မြင်ချက်ပေးလိုက်သည်။ ထို့ကြောင့် အရိပ်အငွေ့စကားဖြင့် ခြေရာကောက်မေးခွန်း ထုတ်လိုက်သည်။

"အမယ်လေး နွယ်ရယ် . . . သူတို့အိမ်သားတွေ အကြောင်းများသိချင်ရင် အလွယ်လေးပဲဟာ"

"ဘာလွယ်လို့လဲ"

"မေဒေးက နေ့တိုင်း လာနေတာပဲ၊ သူ့ကိုမေးလိုက်ရင် တီစွပြီးတဲ့ဟာ"

"အရောမဝင်ချင်ပါဘူး မညိုရာ၊ စာသင်ချိန်မှာ ဟိုစကား ဒီစကားပြောရတာမျိုး ကျွန်မ မလုပ်ချင်ပါဘူး၊ မညိုသာ ကျွန်မပြောသလို ပြည့်ပြည့်စုံစုံလေး စုံစမ်းပေးခဲ့ပါ"

"အေးပါကွယ် နွယ်လေးသဘောကျ ဖြစ်နေစေရပါမယ်"


မညိုက ဘုရားကို ပုဆိန်ပေါက်ဦးချပြီး ထွက်ခွာသွားလေသည်။ မညိုထွက်သွားမှ နွယ်လေး ဘုရားဝတ်ပြုဖြစ်လေသည်။ ဘုရားရှင်ထံသို့ အာရုံရောက်အောင် မိမိစိတ်အာရုံကို မနည်း စုစည်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၃ )

ကြေးစည်သံလေး ပျံ့လွင့်လာသည်ကို ဘဝက ကြည်နူးစွာစိတ်အတွင်းမှ သာဓုခေါ်လိုက်လေသည်။ ခြေရင်းအိမ်မှ သူငယ်ပြန်နေသည်ဆိုသော အဘွားကြီးက အချိန်မှန်မှန်တော့ ဘုရားရှိခိုးတတ်သားပဲ။ ထိုကဲ့သို့ ဘုရားတရားကို မိုးလင်းလာသည်နှင့် ဝတ်ပြုရန် သတိတရားရှိနေသော အဘွားကြီးမှာ သူငယ်ပြန်နေသည် ဆိုသည်မှာ ဖြစ်နိုင်ပါ့မလားဟု တွေးလိုက်မိပြီး ပြုံးလိုက်မိလေသည်။





ခြံတွင်း လုပ်စရာလေးများက ပြီးသလောက် ဖြစ်နေပြီ။ သို့သော် ဒေါ်သရဖီရော အထူးသဖြင့် မေဒေးက ပို၍လိုလားစွာဖြင့် ခြံနှစ်ခြံကြား မလွယ်ပေါက် ဖောက်ချင်နေသည်တဲ့. .။ အဆင်ပြေနိုင်သော နေရာကို ရှာဖွေကာ သည်နေ့ လုပ်ပေးလိုက်မည်ဟု စဉ်းစားပြီး ခြေရင်းခြံဘက်သို့ လျှောက်ခဲ့လိုက်သည်။

ဤသည်ကို ဘုရားရှိခိုးပြီးပြီးချင်း ပြတင်းပေါက်မှ တစ်ဆင့် ခေါင်းရင်းဘက်ခြံသို့ မျက်လုံးက အလိုအလျောက်ရောက်သွားသည်။ ထိုအခါ မိမိတို့ခြံဘက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်လာသောသူကို ရင်ခုန်စွာဖြင့် လှမ်းတွေ့လိုက်ရသည် ဖြစ်ရာ ဦးနှောက်ဆုံးဖြတ်ချက်တို့ ဘာတို့ယူနေရန် အချိန်မပေးတော့ပဲ သွက်လက်သော ခြေလှမ်းလေးများဖြင့် အောက်ထပ်သို့ ဆင်းခဲ့သည်။

နောက်ဖေးဘက်သို့ ကမန်းကတန်းဝင်ကာ ပလတ်စတစ် ဆန်ခါလေးတစ်ခု၊ ကတ်ကြေးတစ်လက် ဆွဲယူကာ ခြံထဲသို့ ဆင်းခဲ့လေသည်။

မညိုမှာ တအံ့တဩဖြင့် . . .

"ဘယ်လဲ နွယ်လေး"

"ပန်း. . ပန်းခူးမလို့"

နွယ်လေးမအားသဖြင့် ပန်းခူးခြင်းအလုပ်ကို မာလီလာ လုပ်သည်။ ယခုမှ ထူးထူးဆန်းဆန်းဟု မညို အံ့အားသင့်ကာ ကျန်ရစ်ခဲ့သည်။

နွယ်လေးက ဇလပ်ပန်းခက်များကို ကတ်ကြေးနှင့်ညှပ်လိုက်သည်။ မျက်ဝန်းထောင့်တစ်နေရာ ခြံဝင်းကို ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

နွယ်လေး မှင်တက်သွားသည်။

မိမိအား စူးစူးရဲရဲကြည့်နေသော မျက်လုံးအစုံဖြင့် ခလုတ်တိုက်မိကြလေပြီ။

ဘဝ နွယ်လေးကို တအံ့တဩကြည့်မိရင်း အကြည့်ကို သူကပင် စတင်ဖယ်ရှားလိုက်သည်။

ရင်ထဲတွင် တသသဖြစ်သွားရာမှ နာကျင်မှုဝေဒနာ တစ်ရပ်သည် သူ့နှလုံးသားကို လျှပ်တစ်ပြက် ထိမှန်လေသည်။

ကြုံမှ ကြုံတတ်လွန်းပါပေသည်။

ဘဝရင်ထဲ ရှုတတဝေဒနာနှင့်အတူ သူမအား ကျော ခိုင်းလိုက်သည်။ နွယ်လေး ရင်ထဲလစ်ဟာသွားသည်။

သူ၏အကြည့်က မိမိအား အတိတ်ဘဝပေါင်းများစွာ က ရင်းရင်းနှီးနှီးရှိခဲ့သော အကြည့်မျိုးဖြစ်သည်။ ပြီးတော့ စိမ်း ကားသော အပြုအမူနှင့် မိမိအား ကျောခိုင်းထွက်ခွာသွားသည်။

မျက်လုံးနှင့် အပြုအမူသည် ဆန့်ကျင်ဘက်ဖြစ်နေခြင်း သည် နွယ်လေး၏နှလုံးသားကို ဝေဒနာတစ်ရပ်ဖြစ်ထွန်းအောင် ဖန်တီးသွားခြင်းလား။ နွယ်လေး ဝမ်းနည်းသွားသည်။

သို့သော် ဖလပ်ပန်းနှင့် ဇီဇဝါပန်းလေးများကို အဖူး လွတ်ကင်းသော အခက်များကိုတော့ ပြီးအောင်ခူးလိုက်သည်။ ပြီးသွားမှ စံပယ်ရုံမှ စံပယ်လေးများကို ခူးခြွေလိုက်သည်။

ဘဝနှလုံးသားအလိုကို ဆန့်ကျင်၍ နွယ်လေးကို ကျော ခိုင်းလိုက်ရသော်လည်း သူ၏ဝိညာဉ် နွယ်လေးအပါး၌ ကျန်ရစ် ခဲ့သည့်အလား ခံစားလိုက်ရသည်။





မိမိမြင်မြင်ချင်း စွဲလမ်းခဲ့သော မိန်းကလေးသည် မေ ဒေး စွဲစွဲလမ်းလမ်း ဖြစ်သွားသော နွယ်လေးနှင့် တစ်ယောက် တည်း ဖြစ်နေခြင်းကိုက မိမိအတွက် ချစ်ကံဆိုးမိုးမှောင်ကျခြင်း ဖြစ်သွားပြီ။

မပွင့်မီ၌ ကြွေလွင့်သွားသော ချစ်ပန်းဖူးငုံအတွက် ရင် မှာ အနာတရတော့ ဖြစ်သွားခဲ့ပြီ။

သို့သော် နှလုံးသားသို့ အချစ်ရေသောက်မြစ် အစိုင် အခဲအုံကြီး မတွယ်မီ ကြွေလွင့်ပျက်စီးသွားခြင်းအတွက် အချိန် က ကုစားသွားနိုင်လိမ့်မည် ထင်ပါသည်။

"ဟင်. . လူကလေး ဘာဖြစ်တာလဲ၊ နေမကောင်းဘူး လား"

"ဗျာ ကျွန်တော်ဘာမှ မဖြစ်ပါဘူးမေမေ"

"ဒါဖြင့် ပေါက်တူးတွေဘာတွေ မသိမ်းသေးဘဲ ဘာဖြစ် လာတာလဲ၊ မျက်နှာလဲ မကောင်းပါလား"

ဘဝ၏ နှလုံးသား ဝေဒနာ ပုံရိပ်သည် မျက်နှာပြင်သို့ ဆိုဟပ်ပေါ်လွင်သွားစေပြီဟု ဘဝချက်ချင်း ရိပ်မိလိုက်သဖြင့် မျက်နှာပြင်၌ အပြုံးတုတစ်ခုကို ဖန်တီးပြီး ဝေဒနာကို ဖုံးကွယ် ထားလိုက်သည်။

"ကျွန်တော်မောလို့ ရေလာသောက်တာပါ မေမေရာ အလန့်တကြား"

"တစ်ခါတည်းနားပြီး ရေချိုး၊ ထမင်းကြော် စားလိုက်ပါ တော့လား လူလေးရယ်"

"ရေချိုးလို့ မဖြစ်သေးဘူး၊ ကျွန်တော် ခြံရှင်းတဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်ချင်တယ်၊ အခု ခဏနားရင်း စားလိုက်မယ်၊ ပြီးတော့ ဆက်ရှင်းမယ် မေမေ"

"တော်ကြာ နေပူမှာပေါ့ လူလေးရယ်"

"ကိစ္စမရှိပါဘူး မေမေ၊ နေပူတာလောက်က ယောကျ်ား တစ်ယောက်အတွက် စိုးရိမ်စရာ ပြဿနာတစ်ရပ် မဟုတ်ပါဘူး မေမေရာ"

"လူလေးနော် မင်းစကားတတ်တိုင်း လျှောက်ဆင်ခြေ ပေးမနေနဲ့၊ ကိုင်း မေမေ ဈေးသွားတော့မယ်"

ဘဝရင်ထဲ ရုတ်တရက် ဖြစ်ထွန်းလာသော ဆန္ဒတစ်ရပ်ကြောင့် . . .

"မေမေ"

"ဘာလဲ လူလေး"

"ဖေဖေနဲ့ မေမေ ဒီအိမ်ကြီးမှာ ဒီလိုပဲ တစ်သက်လုံးနေ သွားတော့မှာလား"

ဒေါ်နှင်းဥမှာ ဘဝမေးခွန်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးတော့ တုန်လှုပ်သွားသည်။ 'တစ်သက်လုံး' ဟူသော စကားသည် တစ်ခါမှ မတွေးခဲ့ဖူးသော စကားစ ဖြစ်နေသည်။

"လူလေး"

"ဟုတ်တယ် မေမေ၊ မေမေဟာ ဒေါ်သရဖီနဲ့ အစ်မဝမ်းကွဲတော်တယ် ဆိုပေမယ့် တကယ်တော့နော် မေမေ၊ စကားရိုင်းရိုင်း ပြောရရင် အိမ်ကြီးကျွန်ဟာ အိမ်ကြီးကျွန်ပါပဲ"

ဘဝက မိခင်ကို လက်အုပ်ကလေးချီကာ တောင်းပန်





ရင်း ရင်ထုမနာလေသံဖြင့် ပြောလိုက်သည်။

"လူလေး"

ဒေါ်နှင်းဥ ရင်ထဲနင့်သွားသည်။

သူ့အတွက် ဂုဏ်သိက္ခာမဟုတ်။ သည်အတွက် မဟုတ်ဘူးဟု သူ့ကိုယ်သူသိသည်။ ဒါဖြင့် ဘာအတွက်လဲ။

သံသယဖြင့် . . .

ကျေးဇူးတရားတွေ။ ဟုတ်သည်။ ဤကျေးဇူးတရားတွေ၏ နှောင်ဖွဲ့မှုက နှလုံးသားကိုပါ နှောင်ဖွဲ့ခြင်း ခံနေရပြီ။ ထို့အတွက်လား၊ မိဘတွေအတွက်လား။ ဒါမှမဟုတ် မိမိ၏ ဂုဏ်သိက္ခာအတွက်လား။ အိမ်ဖော်မသား၊ ဒရိုင်ဘာ၏သားဟု ပတ်ဝန်းကျင်၏ အထင်အမြင်သေးခံရမှာ စိုးကြောက်သည့် အတွက်လား။

ဘဝတွေးမိတိုင်း တုန်လှုပ်သွားသည်။

ပဲပြုတ်နှင့် ထမင်းကြော်ကို နေ့စဉ် နံနက်တိုင်း မရိုးအောင် စားခဲ့ရသော်လည်း ဤနေ့အတွက် မျိုမကျနိုင်အောင် ဖြစ်ခဲ့ရသည်။ လည်ချောင်းတွင် ဆို့နေသော သောကအလုံးက စားမဝင်အောင် ဖြစ်နေသည်။

လေလေးတချွန်ချွန်ဖြင့် မေဒေး ထွက်သွားသည်ကို ကြည့်ရင်း ဘဝရင်ထဲနာကျင်မှုက ပို၍ကြီးစိုးလာသည်။

"သား လူလေး"

"ဗျာ ဖေဖေ"

"ဒီနေ့ ဘယ်သွားစရာ ရှိသေးသလဲ"

"မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရှိရင် အစ်ကိုကြီးက မင်းကို ကွန်ပျူတာ လိုက်အပ်ပေးမလို့ တစ်ခါတည်းလိုက်ခဲ့ဖို့ ပြောနေတယ်"

"ဟုတ်ကဲ့. . . ကျွန်တော် လိုက်ခဲ့ပါ့မယ် ဖေဖေ၊ ဘယ်အချိန်သွားမှာလဲ"

"ကိုးနာရီမှပါ"

"ဒါဖြင့် အလုပ်ကလေး လက်စသတ်လိုက်ဦးမယ်"

"အေး. . အေး၊ ဟ. . ထမင်းကြော်ကုန်အောင် မစားတော့ဘူးလား လူလေး"


"ဒီနေ့ ရင်ပြည့်နေတယ် ဖေဖေ"

ပြောပြောဆိုဆိုနှင့် ထမင်းကြော်ပန်းကန်အား အုပ်ဆောင်းဖြင့် အုပ်လိုက်ပြီး ကော်ဖီတစ်ခွက်ကို မော့်သောက်လိုက်သည်။

ထို့နောက် ခြံထဲသို့ ပြန်ဆင်းခဲ့သည်။ မျက်ဝန်းအစုံကို တစ်ဖက်ခြံသို့ ရောက်ရှိမသွားစေရေးကို ဘဝ ခဲရာခဲဆစ် ကြိုးပမ်းလိုက်လေသည်။







# အခန်း ( ၁၄ )

ကျူရှင်ချိန်ပြီးသည်နှင့် နွယ်လေး မီးဖိုချောင်ဘက်သို့ ဝင်ခဲ့သည်။ မညိုကို တွေ့သည်နှင့် . . .

"ဘယ့်နှယ်လဲ ဘယ်သူနဲ့ တွေ့ခဲ့သလဲ"

မညိုက နွယ်လေး၏ ပြုံးတုံးပြုံးတဲနှင့် အဆောတလျင် သော အပြုအမူကို ကြည့်ကာ . . .

"ဖြည်းဖြည်းပေါ့ နွယ်လေးရယ်၊ ထမင်းစားသွားမှာလား ထည့်ပေးလိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"စားသွားမယ်၊ ကဲပါ မညိုရယ်. . ကျွန်မ မေးတာ
အရင်ဖြေစမ်းပါ"

နွယ်လေး စိတ်မရှည်တော့သဖြင့် ထမင်းစားပွဲတွင် ထ
ထိုင်ရင်း ခပ်ငေါက်ငေါက်ကလေး ပြောလိုက်သည်။

"မိကျည်းတန်ရေ ဟင်းချို ထည့်ခဲ့တော့၊ ဒီမှာ နင့်မ
လေး ထမင်းစားတော့မယ်"

နွယ်လေး မညိုကို မျက်စောင်းထိုးလိုက်သည်။

"မညို ဟင်းခါးသွားပို့တော့ ဒေါ်နှင်းဥနဲ့ တွေ့ခဲ့တယ်
ဒေါ်သရဖီကတော့ မရှိဘူး၊ မြို့ထဲသွားတယ်"

"ဒေါ်နှင်းဥနဲ့ကော စကားပြောဖြစ်ရဲ့လား"

"ပြောဖြစ်ပါတယ်၊ သူက လာထိုင်ပါဦးဆိုပြီး မီးဖိုထ
အထိ ခေါ်သွားတာဆိုတော့ မီးဖိုထဲမှာပဲ စကားစမြည်ပြော ဖြ
ကြတယ်၊ ပြီးတော့ ပုစွန်ချဉ်ပါ ထည့်ပေးလိုက်သေးတယ်၊ ဟင်
ခါးနဲ့လိုက်တယ် ဆိုပြီးတော့"

"ဟာ မညိုကလဲ ဘာတွေပြောဖြစ်တယ်ဆိုတာ ပြော
ဦး"

"ပြောတာတွေတော့အစုံပဲ၊ နွယ်လေးမေးခိုင်းတဲ့
တိုင်း အိမ်သားတွေမေးတော့ သုံးယောက်တည်းရှိတယ်
ဒေါ်သရဖီနဲ့ ဦးမင်းဇော်မှာ မေဒေးဆိုတဲ့ သားတစ်ယောက်ရ
သုံးယောက်တည်းရှိတယ်လို့ ပြောတယ်"

"ဟင်. . ဒါဖြင့် ဒေါ်နှင်းဥကကော"

"အေးလေ မညိုလဲ ဒီအတိုင်းပဲမေးတယ်၊ ဒီတော့ ဒေါ်
နှင်းဥက သူ့ကိုယ်သူ နှိမ့်ချပြီး ပြောတယ်၊ ဒီအိမ်က အလုပ်





မားပါတဲ့"

နွယ်လေးရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ဒေါ်နှင်းဥ၏
သန့်ပြန့်သော ရုပ်ရည်က အလုပ်သမားဆိုသော ဘွဲ့ထူးနှင့်
မထိုက်တန်အောင်ပင်။

"ဒါဖြင့် အလုပ်သမား ဘယ်နှယောက်ရှိသလဲလို့ ကော
မေးခဲ့သေးသလား"

"ဘယ်နေမလဲ၊ မေးခဲ့တာပေါ့"

"ဒါဖြင့်. . ."

"ဒေါ်နှင်းဥရယ် နောက် မိသေးဆိုတဲ့အိမ်က မိကျည်း
တန်အရွယ် ကောင်မလေးရယ်ပဲရှိတယ်၊ အဲ. . . ဒေါ်နှင်းဥရဲ့
ယောကျ်ားကတော့ ဦးညိုမောင်တဲ့၊ သူက ကားမောင်းတယ်"

မညိုက မကျည်းတန် ယူလာသော ပိန်းရိုးဟင်းခါး ပန်း
ကန်အတွင်းသို့ ငရုတ်ကောင်းမှုန့်ကလေးများ ဖြူးလိုက်သည်။
ထိုတဒင်္ဂ အချိန်လေးကိုပင် နွယ်လေး မနည်းသည်းခံ၍ စောင့်
ဆိုင်းနေရသည်။ စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။

"နောက်ကော"

"သူပြောတာက ဒါပဲ"

"မဟုတ်သေးပါဘူး၊ တစ်ယောက်ရှိပါသေးတယ်"

"ဘာတစ်ယောက်လဲ"

"လူတစ်ယောက်လေ၊ ကျွန်မတို့အရွယ် ကောင်လေး
တစ်ယောက်"

"ဟုတ်လား၊ ဒေါ်နှင်းဥ ဘာမှမပြောဘူး၊ မေဒေးရဲ့ သူ
ငယ်ချင်းများလား"



www.burmeseclassic.com

www.burmeseclassic.com



မညို၏မျက်ဝန်းကို နွယ်လေး အကဲခတ်လိုက်သည်။ လိမ်ညာသောမျက်လုံး မဟုတ်သည်တော့ သေချာသည်။


"ဒေါ်နှင်းဥဟာ တော်တော်ချောတယ်နော်၊ အိမ်ရှင် ဒေါ်သရဖီထက်တောင် ချောတယ်"

မညိုက သူ့စိတ်ထဲတွင်ရှိနေသော စကားကိုပြောလိုက်သည်။

"သူတို့ဇာတိက မိုးကုတ်ဆိုလားပဲ"

ကျန်စကားတွေကို နွယ်လေး စိတ်မဝင်စားတော့။ နောက်နေ့ မေဒေးကိုပဲ မေးလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။





# အခန်း ( ၁၅ )

"ဘဝ . . . လာကွာ ကားလဲအားတယ်၊ ဗိုလ်ချုပ်ဈေးသွားပြီး ကောင်မလေးကို သွားရှိုးရအောင်"

ဘဝတုန်လှုပ်သွားသည်။ တုန်လှုပ်မှု၏ ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်လာမည့် မျက်နှာပြင် အရေးအကြောင်းများကို မေဒေးမမြင်စေရန် ရေခဲသေတ္တာဘက်သို့ လျှောက်သွားပြီး ရေခဲရေပုလင်း ထုတ်သောက်ပြီး ကာကွယ်မှု ပြုလုပ်လိုက်သည်။

"ဘယ်လိုလဲ ဘဝ"



www.burmeseclassic.com

www.burmeseclassic.com


တုန်လှုပ်မှုကို ဖယ်ရှားပြီးဖြစ်သော ဘဝသည် မေဒေးအား ရင်ဆိုင်လိုက်သည်။ မျက်နှာပြင်ပေါ်၌ ခနိုးခနဲ့အပြုံးတုကို ဖန်တီးလိုက်သည်။ ပြီးမှ . . .

"သွားပြီ ကိုဒေး"

"ဘာသွားတာလဲ"

"နောက်ကျသွားပြီ"

"ဟေ . . ."

"ကျွန်တော် ဒီနေ့ပဲ ဘဘက သူ့မိတ်ဆွေရဲ့ ကွန်ပျူတာသင်တန်းကို ပို့ပေးတယ်၊ အဲဒီကအပြန် ကျွန်တော်ဗိုလ်ချုပ်ဈေးကို သွားခဲ့တယ်၊ သူ့ဆိုင်တောင် မရောက်လိုက်ပါဘူး၊ သူက နံပါတ်ပြားကို လက်မောင်းချိတ်ပြီးလာတာ တွေ့လိုက်ရတာနဲ့ ကျွန်တော် လှည့်ပြန်လာခဲ့တာပဲ"

"ဟတ် . . ဟားဟားဟားဟား ဖြစ်ရလေ လူလေးရယ်၊ ကိုယ်ကပိုးလိုက် . . သုတ်သွားလိုက်၊ ကိုယ်ကချိန်လိုက် . . လင်နောက်လိုက်ဆိုတဲ့ သီချင်းသံထဲကလို ဖြစ်နေပြီပေါ့ဟုတ်လား"

"အဲဒါပြောတာပေါ့၊ ငိုအားတက် ရယ်အားသန်ရမလို ဖြစ်သွားတယ် ကိုဒေး၊ တော်ပြီ . . နောက်တစ်ခါချိန်မယ်ဆိုရင် နံပါတ်ပြားရှိမရှိ အရင်လေ့လာပြီးမှချိန်တာ ကောင်းမယ်ထင်တယ် . . . ဒါ သင်ခန်းစာပဲ"

မေဒေးက ဘဝကို အားပေးနှစ်သိမ့်သောအပြုံးဖြင့် ပြုံးပြလိုက်သည်။

"လောကကြီးမှာ မိန်းမပေါပါတယ် ဘဝရာ"

"မိန်းမပေါတာတော့ မှန်တယ်၊ ဒါပေမယ့် ကိုယ်ချစ်နိုင်တဲ့သူကတော့ ရှားလိမ့်မယ်ထင်တယ်"

မေဒေး ဘဝကိုကြည့်ပြီး တအံ့တသြဖြစ်သွားသည်။ ဘဝနှုတ်မှ တစ်ခါမှ မိန်းကလေးအကြောင်းကို ကြားခဲ့ရဖူးခြင်း မရှိချေ။ ယခု မိန်းကလေးတစ်ယောက်အကြောင်း သူပြောသည်၊ ယခုပဲ ပြည်ဖုံးကား ချသွားလေပြီ။ ဘဝသည် အစွဲအလမ်းကြီးသော သူတစ်ယောက် ဖြစ်လိမ့်မည်ဟု သူကြိုတင်တွက်ဆထားပြီး ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါ မြင်တွေ့ရုံမျှသာရှိသော မိန်းကလေးတစ်ယောက်အတွက် ခံစားရလိမ့်မည်ဟု မထင်မှတ်ခဲ့။ ယခုတော့ အပြုံးတုဖြင့် ဖုံးကွယ်ထားသည့်ကြားမှ မျက်ယွင်းနေသော မျက်နှာကို သူတွေ့မြင်လိုက်ရသည်။

"ပေတစ်သီး၊ ကျီးတစ်သားလိုအချစ်မျိုးလား ဘဝ"

"အလကားပြောတာပါ ကိုဒေးရာ၊ ကိုဒေး ပြောသလိုပဲ၊ မိန်းမချော မိန်းမလှလေးတွေကိုမြင်ရင် ချစ်ခင်ပိုးပန်းရုံမှာ ကိုယ်တို့လို လူပျိုပေါက်စလေးတွေရဲ့ မွေးရာပါတာဝန်ပဲဆိုသလို သဘောသုံးတာ အကောင်းဆုံးပဲ၊ ဒါဆိုရင် အသည်းကွဲတယ်ဆိုတဲ့ စကား၊ ကျွန်တော်တို့လို ယောကျာ်းလေးတွေမှာ ရှိလာစရာအကြောင်း မရှိတော့ဘူး"

"ထူးဆန်းလှချည်လား ဘဝရာ၊ ကိုယ် မရှုပ်တော့ဘူးဆို၊ ဒီအချိန်ကျမှ မင်းက ရှုပ်မလို့လား"

ဘဝက ရယ်လိုက်သည်။

ဘဝ၏ရယ်သံသည် ခြောက်သွေ့သည်ဟု မေဒေးထင်

"ဟုတ်တယ်၊ ကိုဒေး မရှုပ်သင့်တော့ဘူး၊ ကိုဒေး အချစ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကို တွေ့သွားပြီမဟုတ်လား ကိုဒေး၊ အချစ်စစ်အတွက် ကို ဒေး သစ္စာရှိရတော့မယ်၊ ပြီးတော့ ဆယ်တန်းအောင်အောင် ကြိုးစားရတော့မယ်၊ ကိုဒေး ခြေငြိမ်သင့်ပြီ”

“မင်းကကော”

“ကျွန်တော် ဆယ်တန်းအောင်ပြီလေ ကိုဒေး၊ ခု ကွန်ပျူ တာတက်မယ်၊ ဘဘကလဲ အလုပ်တွေပေးတယ်၊ အဝေးသင်လဲ တက်မယ်၊ ဒီကြားထဲ မဆွတ်ခင်ကညွတ်ကျလာတဲ့ ပန်းကလေး တွေကို ဆွတ်ခူးရင်း လောကကြီးမှာ ပျော်ပျော်ပဲနေတော့မယ်”

“ဟေ”

မေဒေး ဘဝကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

ဘဝ ဘဝင်မြင့်သွားတာလား။

“သြော်. . . ဝမ်းသာစရာစကားတစ်ခု ပြောရဦးမယ် ကိုဒေး”

“ဘာများလဲ”

“ဘဘက ကျွန်တော့်ကို ဆိုင်ကယ်တစ်စီး ဆုချတယ်”

မေဒေးဝမ်းသာသွားသည်။

ဘဝ ပခုံးကို လှုပ်ယမ်းကာ. . .

“တကယ်လား လူလေး”

“တကယ်ပေါ့”

“ဒါဖြင့် ဘယ်မှာလဲ”

“ဝယ်ပြီးရင် ပို့ခိုင်းလိုက်မယ်တဲ့၊ အဲဒါရောက်လာရင် ထောက်ကြံ့ဘက်က ရွှေညောင်ပင်ကို သွားပြပြီးမှ မင်းစီးပေ တော့တဲ့လေဗျာ၊ သိပ်ကျေးဇူးတင်တယ် ကိုဒေးရာ တကယ်ပေ





ဆိုင်ကယ်သွားပြရင် ကိုဒေးပါ လိုက်ခဲ့နော်”

“အိုကေ”


“မေမေ့ကို သွားပြောလိုက်ဦးမယ်”

ဘဝသည် မီးဖိုချောင်မှတစ်ဆင့် သူတို့ အိမ်ဘက်သို့ ကူးသွားလေသည်။ မေဒေးက ဘဝ၏ ပြောင်းလဲသွားသော စကားများကို တွေးတောရင်း မယုံကြည်နိုင်အောင်ဖြစ်၍ ကျန် ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၆ )

ဘဝနှင့်မေးဒေး (New World) စတိုးဆိုင်အတွင်းသို့ ဝင်လိုက်သည်။ ဗီဒီယိုအခွေအငှားဆိုင်ပါ ယှဉ်တွဲ၍ ဖွင့်ထားသည်။

"အခွေငှားလို့ ရပ့်မလား"

"အပေါင် ပေးခဲ့တာပေ့ါ"

ဆိုင်တွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မေဒေး၏ မျက်လုံးသည် ရွှန်းလဲ့တောက်ပသွားသည်။ ဘဝမျက်နှာ ဖျက်ယွင်းသွားသည်။ အဘယ်ကြောင့်ဆိုသော် အခွေရွေးနေသော နွယ်လေး





ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မေဒေးက နွယ်လေးအပါး ချဉ်းကပ်ကာ ရပ်လိုက်ပြီး

"အခွေလာငှားတာလား နွယ်လေး၊ အတော်ပဲ ကိုယ့်ကို အာမခံပေးပါဦး၊ ကိုယ်လဲ အခွေရွေးချင်လို့"

"ရပါတယ် ကိုဒေး၊ ကျွန်မ ပြောပေးပ့ါမယ်"

နွယ်လေးက အေးဆေးစွာပင် တုံ့ပြန်လိုက်ပြီး ဆိုင်ရှင် အမျိုးသမီးနှင့် မိတ်ဆက်ပေးလိုက်သည်။

"မမ . . ဒါ ကျွန်မတို့ ခေါင်းရင်းခြံကို ပြောင်းလာတဲ့ ကိုဒေးတဲ့၊ အခွေငှားချင်လို့တဲ့"

"ရပါတယ်၊ မင်းက အမြဲလာငှားမှာလား"

"ကျွန်တော်လဲ ငှားမယ်၊ ကျွန်တော့်ညီ. . . ."

မေဒေးက ပြောပြောဆိုဆို နောက်ပြန်လှည့်ကြည့်လိုက်သည်။ ဘဝကို မတွေ့ရတော့။ ကားလမ်းမဘေး ဆိုင်ကယ်ဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်ရ . . .

"ဟေ့ကောင် . . . ဘဝ၊ လာပါဦးကွ"

မေဒေးနှင့်အတူ နောက်သို့လှည့်ပြီး ဘဝကို လိုက်ကြည့်သူက နွယ်လေးဖြစ်သည်။

နွယ်လေး သိချင်သောသူကို သိခွင့်ရတော့မည် ဖြစ်ရာ နွယ်လေး နှုတ်သည် အလိုလိုထွက်လာသည်။

"ကိုဒေးမှာ ညီရှိတယ်လား"

"ညီလို့ပဲဆိုပါတော့၊ လာ. . . ဘဝ"

ဘဝက ခပ်တည်တည်ဖြင့် ဆိုင်ထဲသို့ဝင်လာသည်။ နွယ်လေးက ဘဝမျက်နှာကြော ခက်ထန်မှုကို သဘောမပေါက်



www.burmeseclassic.com

www.burmeseclassic.com

နိုင်အောင် ဖြစ်နေသည်။

နံနက်အရုဏ်ဦးကို ဖိတ်ခေါ်တတ်သော ရောင်နီမပျို့တပျို့အောက်ဝယ် မြင်ရသော ဘဝ၏မျက်နှာသည် ကြည်လင်သည်။ သန့်စင်သည်။ တောက်ပသည်။ ယခု . . .

"ဘဝ သူက နွယ်လေးတဲ့၊ ကိုယ်တို့ခြေရင်းခြံကလေ"

"ဟုတ်ကဲ့၊ ကိုဒေးပြောလို့ နာမည်တော့ ကြားဖူးနေပါတယ်၊ ခုမှပဲ လူကိုမြင်ဖူးတော့တယ်"

တိမ်ညိုယှက်သန်းထားသော မျက်နှာဖြင့် မပြုံးမရယ် စကားဆိုလိုက်သော ဘဝကို နွယ်လေး အေးဆေးစွာဖြင့် ကြည့်ရင်း . . .

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ဘဝ"

နွယ်လေးရင်ထဲက လှိုက်လှဲစွာ ပြောလိုက်ခြင်းဖြစ်သည်။ နွယ်လေးက တစ်ဖန် ဆိုင်ရှင်ဘက်လှည့်ကာ . . .

"မမ သူတို့ညီကိုနှစ်ယောက်လုံး ယုံကြည်စိတ်ချစွာနဲ့ အခွေရော စာအုပ်ပါ ငှားပါနော်၊ ကျွန်မ အာမခံပါတယ်"

"ရပါတယ်၊ သူဌေးမလေးတစ်ယောက်လုံး အာမခံနေမှတော့ မမတို့က အခွေရော စာအုပ်တွေပါမကဘူး၊ တစ်ဆိုင်လုံးပဲငှားငှား ငှားပါတယ်"

မေဒေးက ပြုံးကာ ကျေးဇူးတင်ပါတယ်ဟု ပြောပြီး အခွေရွေးလေသည်။ ဘဝကတော့ စာအုပ်သာ ရွေးလေတော့သည်။ နွယ်လေးက အခွေနှင့် စာအုပ်ကိုရွေးပြီး စာရင်းမှတ်နေစဉ် စောင့်စားလျက် မေဒေးနှင့် ဘဝကို အကဲခတ်ရင်း စဉ်းစားရကျပ်နေသည်။





"ပြီးပြီ နွယ်လေး"

"ဪ. . . ဟုတ်ကဲ့၊ သွားတော့မယ် မမ"

"အေး. . . အေး"

နွယ်လေးက မေဒေးကို ပြုံးပြပြီး. . .

"ကျွန်မ ပြန်တော့မယ် ကိုဒေး"

"ကောင်းပါပြီ နွယ်လေး"

နွယ်လေးသည် ဘဝကို နှုတ်ဆက်ရကောင်းနိုး တဒင်္ဂအတွင်း စဉ်းစားလိုက်သည်။ သို့သော် တစ်လောကလုံးမှာ သူတစ်ယောက်တည်းရှိသည့်အလား စာအုပ်စင်ရှေ့မှာ ဒူးထောက်ပြီး သဲကြီးမဲကြီး ရှာဖွေနေသောသူ့အား နှုတ်မဆက်ခြင်းသည်သာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဆုံးဖြတ်ပြီး ဆိုင်ထဲမှ ထွက်သွားလေသည်။

မေဒေးရင်ထဲ တသသဖြစ်ကျန်ခဲ့သည်။ နွယ်လေးထွက်သွားရာသို့ မသိမသာ ငဲ့စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

နွယ်လေးသည် ကားကို ကိုယ်တိုင်မောင်းပြီး ပြန်သွားလေသည်။ ကိုးနာရီဟူသော အချိန်ကာလဝယ် မိန်းကလေးတစ်ယောက်တည်း သွားလာနေခြင်းအတွက် သူစိုးရိမ်ပူပန်မိလေသည်။ ဘဝက စာအုပ်ရွေးပြီးသည်နှင့် အခွေကို လာရွေးလေသည်။ ပြီးသည်နှင့် သူတို့နှစ်ဦး ဆိုင်ထဲမှထွက်ခဲ့သည်။

ဆိုင်ကယ်ပေါ်မတက်မီ. . .

"ဘယ့်နှယ်လဲ ဘဝ မိုက်ရဲ့လား"

"မဆိုးပါဘူး၊ ချောသားပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဘ၀က ဇေ့လည်ကြောင်ပတ် လုပ်မနေတော့ဘဲ ခပ်ပေါ့ပေါ့လေး ဖြေလိုက်သည်။

မေဒေးကတော့ ကျေနပ်သွားသည်။

"ညဘက် သွားလာနေတာ သိပ်မကောင်းဘူးကွာ"

"သူစိမ်း ဒရိုင်ဘာတစ်ယောက်ကို ငှားတော့ကော၊ သူ့အတွက်ယုံကြည်စိတ်ချရပါ့မလား"

"အေးကွာ၊ ကိုယ်ပဲ ဒရိုင်ဘာ လုပ်လိုက်ချင်တော့တာပဲကွာ"

"ကောင်းသားပဲ၊ သူ့ဆီ ခွင့်တောင်းပြီး အကြိုအပို့လုပ်ပေးလိုက်ပါလား၊ ဒီလိုဆိုရင် ကိုဒေးအတွက် နီးစပ်ဖို့ရာ အခွင့်အရေးပဲ"

ရင်ထဲက မပါသောစကားများဖြင့် ဘ၀ အကြံပေးလိုက်မိလေသည်။ မေဒေးက . . .

"အေးလေ ကြိုးပမ်းကြည့်တာပေါ့"

ဆိုင်ကယ်ထွက်လာသဖြင့် စကားမပြောမိကြတော့ချေ။ နွယ်လေးသည် လသာဆောင်ပေါ်မှနေ၍ ခေါင်းရင်းဘက်ခြံသို့ စောင့်ကြည့်နေမိသည်။

ဆိုင်ကယ်လေး ၀င်လာသည်။ ဟဲလ်မက်ခ်ဆောင်းထားသူနှစ်ဦးစလုံးကြောင့် ဘ၀နှင့်မေဒေး ဘယ်သူရယ်ဟု သဲကွဲစွာ မတွေ့မြင်ရသော်လည်း ပေါ်တီကိုအောက် ရောက်သောအခါ မီးရောင်အ၀ါအရှိန်ဖြင့် လှမ်းမြင်လိုက်ရသည်။

နောက်မှ ထိုင်စီးသူက ဆင်းလိုက်ပြီး ဦးထုပ်ကိုချွတ်လိုက်သည်။ မေဒေးဖြစ်နေသည်။ မေဒေးအိမ်ထဲသို့ ၀င်သွား





သည်နှင့် ဆိုင်ကယ်က ထွက်သွားသည်။ အိမ်မကြီးနှင့်ခပ်ကွယ်ကွယ်၊ အိမ်နောက်ဖေးဘက် ခပ်ကျကျနေရာဘက်သို့ စီးသွားသည်။ ကားဂိုဒေါင်အတွင်းသို့ ဆိုင်ကယ်သွားထားသည်ဟု နွယ်လေး မှတ်ယူလိုက်သည်။

သူ ပြန်အလာကို နွယ်လေး စောင့်ကြည့်မိသည်။ နာရီလက်တံ ရွေ့လျားမှုများကသာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အိမ်ရှေ့ဘက်သို့ ဘ၀ပြန်လျှောက်လာခြင်းကို မတွေ့ရသဖြင့် လက်လျှော့လိုက်သည်။

လွယ်လင့်တကူ မီးဖိုချောင်ဘက်က ၀င်သွားသည် ထင်ပါရဲ့ဟု ဖြေသာတွေးလေး တွေးကာ အိမ်ထဲသို့၀င်ခဲ့လေသည်။

မိမိအိပ်ခန်းအတွင်းသို့၀င်ကာ စာကြည့်စားပွဲသို့ ထိုင်လိုက်သည်။ စာထဲသို့ အာရုံ၀င်စားစေရန် မနည်းကြိုးပမ်းလိုက်သည်။ မိမိအပေါ်၌ ဘ၀ အသိအမှတ်ပြုလိုက်ပုံက ၀တ်ကျေတမ်းကျေ သဘောမျိုးမျှသာရှိသည်။ အထူးတလည် စိတ်၀င်စားမှုမရှိသော ပုံသဏ္ဌာန်မျိုးဖြစ်သည်။

နံနက်ခင်း ခြံစည်းရိုးနားတွင် ဆုံမိစဉ်က မျက်လုံးကတအံ့တသြ တရင်းတနှီးနှင့် အတိတ်ဘ၀ အဆက်ဆက်ကတည်းက သိကျွမ်းခဲ့သည့် ပုံစံမျိုး။

"ဩော် . . . ဘ၀ရယ်၊ ကျွန်မရှင့်ကို ဘယ်လိုနားလည်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com






# အခန်း ( ၁၇ )

"ကိုဒေး"

စာသင်အပြီးတွင် ထူးထူးဆန်းဆန်း နွယ်လေးက အခန်းထဲမှ ထွက်မသွားသေးဘဲ မေဒေး စာအုပ်သိမ်းနေသည်ကို ထိုင်ကြည့်ရင်း ခေါ်လိုက်သည်။

"ဘာလဲ နွယ်လေး"

"ကိုဒေးအတွက် ဂိုက် ဒီညလာလိမ့်မယ်"

"ဟုတ်လား၊ ဘယ်အချိန်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်နာရီအရောက် လာလိမ့်မယ်"

"အိုကေ. . . ကိုယ် အဆင်သင့်လုပ်ထားလိုက်မယ်"

"ဒါထက် ဘဝကကော ဘယ်နှစ်တန်းလဲ"

"ဒီကောင်က သရိုးဒီနဲ့ ဒီနှစ်ပဲ နှစ်ချင်းပေါက်အောင် မြီးပြီ"

နွယ်လေးရင်ထဲ လှိုက်ဖိုသွားသည်။

"အန်တီသရဖီ ပြောတုန်းက မေဒေးဆိုတဲ့ သားတစ်ယောက်တည်း ရှိတယ်ဆို"

"ဟုတ်တယ်လေ၊ ကိုယ်က ဒေါ်သရဖီရဲ့ တစ်ဦးတည်းသောသား၊ ဘဝက ဒေါ်နှင်းဥရဲ့ တစ်ဦးတည်းသောသား၊ ကိုယ်တို့ကစပ်ရင် ညီအစ်ကိုတော်တာပဲလေ. . ညီအစ်ကိုပေါ့၊ ဘာဖြစ်လို့ မေးတာလဲ"

နွယ်လေးရင်ထဲ ထိရှသွားသည်။ သို့သော် မေဒေး၏ စိတ်သဘောထား မြင့်မြတ်မှုကို သတိပြုလိုက်မိပြီး ခင်မင်သွားသည်။

"ဩော်. . . မရှင်းလို့ မေးတာပေါ့"

"ကိုင်း. . . နွယ်လေး မေးတာကို ကိုယ်ဖြေပြီးပြီ၊ ကိုယ်မေးတာကိုလဲ နွယ်လေး ဖြေနိုင်မလား"

"ဘာမေးမလို့လဲ"

"မနေ့က နွယ်လေး ဘယ်ကပြန်လာတာလဲ"

"ဆိုင်ကလေ"

"မိုးမချုပ်ဘူးလား"

"မချုပ်ပါဘူး၊ ဒီလိုပဲ နွယ်လေးပြန်နေကျပဲ၊ အဲ. . အရင်တုန်းကတော့ မညိုက အဖော်လိုက်ပေးတယ်၊ အခုလိုက်လို့





မဖြစ်တော့ဘူး၊ အိမ်မှာကလဲ မညိုမရှိရင် မဖြစ်သလောက်ပဲ၊ အဖော်ကောင်မလေးတွေကလဲ မမြဲဘူးလေ"

"ယုံကြည်စိတ်ချရတဲ့ ဒရိုင်ဘာတစ်ယောက် ငှားပါလား"

"မဖြစ်ဘူးထင်တယ်၊ နွယ်လေးအပေါ် သိပ်မလေးစားချင်ဘူး၊ ပြဿနာ ခဏခဏဖြစ်တယ်"

"အင်း . . . ဒီလိုဆိုရင် ကိုယ်တို့ ညီအစ်ကို အားတဲ့လူလာကြိုရင် နွယ်လေး လက်ခံမလား"

နွယ်လေးက မေဒေးကို ဖျတ်ခနဲကြည့်လိုက်သည်။

အကဲခတ်သောအကြည့်ဟု မေဒေးက သဘောပေါက်လိုက်မိသည်။

"ကိုယ်တို့က စေတနာနဲ့ပါ"

ကိုယ်တို့ဟူသော စကားကြောင့် နွယ်လေး ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ မေဒေးအပြင် ဘဝကပါ နွယ်လေးအတွက် စေတနာရှိနေသည်ဆိုတဲ့သဘော. . ။ သို့သော် . . .

"ကိုဒေးတို့ စေတနာကို ကျွန်မလေးစားပါတယ်၊ ဒါပေမယ့် နွယ်လေးဟာ ပတ်ဝန်းကျင်ရဲ့ မျက်လုံးဒေါက်ထောက်ကြည့်ခြင်းခံရတဲ့သူဆိုတော့ ရွယ်တူသူစိမ်းယောကျ်ားကလေးတွေနဲ့ အတူတွဲသွားဖို့ဆိုတာ အတော်စဉ်းစားရတယ်၊ ရပါတယ် ကျွန်မအတွက်ကတော့ ရိုးနေပါပြီ၊ အိမ်အတွက်စိတ်ချရတဲ့ အဖော်ထပ်ရရင် မိကျည်းတန်ကို အဖော်ခေါ်သွားလို့ ဖြစ်ပါတယ်၊ အဲ. . . စကားလဲကောင်းတယ် ကိုဒေး၊ ကျွန်မထမင်းစားပြီး ဆိုင်တန်းသွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုယ်လဲ ခုပဲ ပြန်တော့မလို့ပါ၊ ဒီမှာ ဖုန်းနံပါတ်၊ အရေးအကြောင်းရှိရင် ဆက်လိုက်ပါ၊ ယောကျ်ားလေး မရှိတဲ့အိမ်ဆိုတော့ . . ."

"ခြံစောင့်တဲ့ ဦးတုတ်တော့ရှိတယ်၊ ဆိုင်မှာကလဲ ဒရဝမ် မရှိတော့ ဦးတုတ်ပဲ သွားစောင့်အိပ်ရတယ်၊ တစ်ခါတစ်ရံ သိပ် မိုးချုပ်ရင် ဦးတုတ် လိုက်ပို့ပေးပါတယ်၊ ကဲ. . . ကျွန်မသွားမယ် နော်"

နွယ်လေး မိမိအတွက် စိုးရိမ်ပူပန်ဖော်ရသော မေဒေး ကို ကျေးဇူးတင်သွားသည်။ နွယ်လေး ထမင်းစားခန်းသို့ဝင်သည် နှင့် မညိုက ထမင်းခူးခပ်ရင်း . . .

"ဘယ့်နှယ်လဲ. . . စကားလက်ဆုံတွေဘာတွေ ကျလို့ ပါလား"

"ဟုတ်တယ်၊ ကျွန်မသိချင်တာ သိလိုက်ရပြီ"

"ဘာလဲ"

"လူတစ်ယောက်ရှိသေးတယ်ဆိုတာလေ"

"ဘယ်သူလဲ"

"ဘဝတဲ့၊ ဒေါ်နှင်းဥရဲ့သားပေါ့"

"ဟင်"

မညို မျက်နှာပျက်သွားသည်။ နွယ်လေးရင် စူးနင့်နာ ကျင်သွားသည်။ မညို မျက်နှာပျက်ရခြင်း အကြောင်းရင်းကို နွယ်လေး သိရှိပါသည်။

နွယ်လေး ထမင်းကို အရသာခံမနေတော့ဘဲ ခပ်သွက် သွက်လေး စားသောက်လိုက်သည်။ ထမင်းတစ်ပန်းကန်ကုန်





အောင် မနည်းစားသောက်နေစဉ် . . .

"ဟ. . မြေးလေး. . . ထမင်းစားနေပြီလား၊ ဘွားဘွား တောင်မခေါ်ဘူး၊ ဘွားဘွားကို သူတို့ ထမင်းမကျွေးကြသေးဘူး"

"ဟုတ်လား၊ လာလေ. . စား. . ဘွားဘွား"

နွယ်လေးက မညိုကို မျက်ရိပ်ပြလိုက်သည်နှင့် မညိုက ထမင်းတစ်ပန်းကန် ခူးပေးသည်။ စောစောကပင် သူကျွေးပြီး ဖြစ်၍ ထမင်းကို အနည်းငယ်သာ ခူးခပ်လိုက်သည်။

ဒါကို ဘွားဘွား ဒေါ်ခင်ထားနွယ်မှ မကျေမနပ် ကလေး တစ်ယောက်လို နှုတ်ခမ်းစူလျက်. . .

"ဘယ်လိုလဲ မယ်ညို၊ လူစားမှာဟဲ့၊ ကြောင်စာလောက် ထည့်ရသလား၊ ညည်းက ကျုပ်ကို မသဒ္ဓါဘူးပေါ့လေ၊ တော်ပြီ မသဒ္ဓါရေစာ ကျုပ် မစားတော့ဘူး၊ ညည်းပဲ အပင်းစိုတော့"

ဟု ပြောကာ ပွစိပွစိလုပ်လျက် ထမင်းစားခန်းမှ ထွက် သွားလေသည်။

"နွယ်လေးရေ အဲဒါသာ ကြည့်တော့၊ မသိတဲ့သူသာ ဆိုရင် မညိုကို ဘယ်လိုထင်မလဲ၊ မညိုလဲ ဆံပင်တောင်ဖြူလာ ပြီ တကယ်ပဲ စိတ်ညစ်တယ်"

နွယ်လေးက မညိုအား ကျေးဇူးတင်စွာ ကြည့်ပြီး. . .

"တုသိုလ်ရပါတယ် မညိုရယ်၊ မညိုဟာ ဒီအိမ်သား တစ်ဦးပါပဲ၊ မညိုသာမရှိရင် ရှုပ်ထွေးသွားနိုင်တယ်၊ မညိုရှိလို့သာ ကျွန်မနောက်ကြောင်းအေးအေးနဲ့ အလုပ်လုပ်နိုင်တာ မညိုရယ်၊ အိမ်အကြောင်းလဲ သိလျက်သားနဲ့၊ ကျွန်. . . ကျွန်မ. . "

"ဆောရီး. . ဆောရီး. . နွယ်လေး၊ မညို မှားသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မညို ဘယ်တော့မှ နွယ်လေးကို ထားမသွားဘူး စိတ်ချ၊ နွယ်လေး အိမ်ထောင်ကျရင်တောင် မညိုက နွယ်လေး သားသမီးတွေကို လိုက်ထိန်းပေးဦးမှာ"

"သွား. . . ဘာမှန်းလဲ မသိဘူး"

မညိုစကားကြောင့် နွယ်လေး ဝမ်းနည်းသွားရသည်။ သို့သော် မညိုစကားကြောင့်ပင် နွယ်လေး မျက်ရည်များခန်းခြောက်ကာ ရင်ဖိုသွားရသည်။ စိတ်ကူးယဉ်တတ်သော အရွယ်အတွက် မညိုစကားသည် ရင်ဖိုစေကာ ရှက်ကိုးရှက်ကန်း မျက်စောင်းထိုးကာ ထမင်းစားခြင်းကို လက်စသတ်ပြီး ထမင်းစားခန်းမှ ထွက်သွားလေသည်။

မညိုသည် ထမင်းစားပွဲကို သိမ်းရင်း နွယ်လေးအတွက် ရတက်မအေးနိုင်အောင် ဖြစ်ရသည်။

ဒေါ်ခင်ခင်လေး နွယ်လေး ကိုယ်ဝန်ရှိစဉ်ကတည်းက ဗိုက်စောင့်အဖြစ်ရယ် ကလေးထိန်းအဖြစ်ရယ်ဟု ဆိုကာ ရွာမှ ဆံတောက်သိမ်းစ အရွယ်ကစ၍ ဤအိမ်ကြီးဆီသို့ သူရောက်ခဲ့သည်။

ရွာမှာကလည်း အစ်မ(အမေ)ဆုံးပြီး အဘ(အဖေ)က နောက်အိမ်ထောင်ပြုသဖြင့် အဘကိုစိတ်နာကာ မြို့ပေါ်၌ အိမ်ဖေါ်လုပ်မည်ဟုဆိုကာ သူရောက်ရှိခဲ့သည်။ ထိုမှ သဘောကောင်းသော ဒေါ်ခင်ခင်လေးကို သံယောဇဉ်တွယ်ခဲ့သည်။ ဒေါ်ခင်ခင်လေး မီးဖွားလာတော့လည်း သန္ဓေကောင်းလွန်းသော နွယ်လေးကို ချစ်အားပိုကာ ဤအိမ်ကြီး၌ မြဲခဲ့လေသည်။

နောက်ဆုံးတော့ အိမ်ဖော်တောင် မဟုတ်တော့ဘဲ





သော့ကိုင် ဘဏ္ဍာထိန်းအဖြစ် အိမ်၏ သေတ္တာမှောက်ဘဝ ရောက်ခဲ့သည်။

မရောက်၍လည်း မရ။ လွန်ခဲ့သော သုံးနှစ်ခန့်က ဒေါ်ခင်ခင်လေး ဦးခေါင်းကို လေဖြတ်သောရောဂါဖြင့် အာရုံကြောများ ရပ်ဆိုင်းကာ အိပ်ရာပေါ်၌ အသက်ထွက်ခြင်းကို စောင့်ဆိုင်းရင်း အတိတ်ဘဝ ဝဋ်ကြွေးကို ပေးဆပ်နေရသော လူသေကောင်နှင့်မခြား ဘဝကို ရောက်ရှိခဲ့လေသည်။

ဦးအောင်နွယ်ကလည်း ဒေါ်ခင်ခင်လေး ထိုသို့ဖြစ်ပြီး လေးငါးခြောက်လ ကြာသည်နှင့် ဗွေဖောက်လေသည်။ နောက်ဆုံး နောက်အိမ်ထောင် ထူထောင်လိုက်လေသည်။ ကွာရှင်းခွင့်ကို လက်မှတ်ရေးထိုးရန် ဒေါ်ခင်ခင်လေးမှာ မစွမ်းဆောင်နိုင်တော့ကြောင်း တရားဝင် ကွာမရှင်းရသေးသော်လည်း အလိုအလျောက်ကို ကွာရှင်းသကဲ့သို့ ဖြစ်သွားတော့သည်။

နွယ်လေးမှာ ဖခင်ကို စိတ်နာလွန်းသဖြင့် အိမ်ရိပ်သို့ပင် အနင်းမခံတော့ဘဲ ဦးတုတ်ကြီးကို ခြံအားကြပ်ကြပ်မတ်မတ်စောင့်ခိုင်းပြီး ဖခင်ကို အဝင်မခံတော့၊ ဆက်သွယ်မှုလည်း လက်ခံချေ။

ပတ်ဝန်းကျင်ကိုတော့ ဖခင်ဂျပန်သို့သွားကာ အလုပ်လုပ်နေသည်ဟု သတင်းလွှင့်ထားခဲ့ပြီး အတွင်းပစ္စည်းအချို့ကိုထုခွဲရောင်းချပြီး 'သဇင်စတိုး' တစ်ခုနှင့်တွဲလျက် 'သဇင်စားသောက်ဆိုင်' တစ်ခုကို ထောင်ခဲ့ပြီး အိမ်စရိတ်ကို ရှာလေသည်။

ထိုမျှမကသေး မိခင်ဝယ်ယူထားသော တိုက်ခန်းတိုသည်း နှစ်ချုပ်ဖြင့် ငှားထားကာ သူနာပြုဆရာမစရိတ်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သုံးရလေသည်။

ဤအကြောင်းတွေ အားလုံးကို မညိုက အစအဆုံးသိသည်ဖြစ်ရာ နွယ်လေးကို သနားပိုရလေသည်။

ယခု မညိုပို၍ စိုးရိမ်ရသည်က နွယ်လေးသည် မေဒေးကို စိတ်မဝင်စားဘဲ မေဒေးတို့အိမ်မှ အလုပ်သမားသား ဘဝကို စိတ်ဝင်စားခြင်းကို စိုးထိတ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ဒေါ်ခင်ခင်လေးသည်လည်း သူတို့အိမ်မှ ဒရိုင်ဘာ၏ သားဖြစ်သော ဦးအောင်နွယ်နှင့် ခိုးရာလိုက်သွားရာ ဒေါ်ခင်ထားနွယ်က တစ်ဦးတည်းသော သမီးဖြစ်၍မနေနိုင်ဘဲ ပြန်သိမ်းကာ သမက်ကိုပါ ပွဲရုံထောင်ပေးပြီး လုပ်ငန်းကိုပါ သွန်သင်ပေး၍ မြေတောင်မြှောက်ပေးခဲ့သည်။

ဦးအောင်နွယ်ကလည်း ရိုးရိုးသားသား ကြိုးစားခဲ့ရှာပါသည်။ သို့သော် ဒေါ်ခင်ခင်လေး ရောဂါဖြစ်ချိန်တွင်တော့ အရွယ်ရှိသော ယောကျာ်းပီပီ ဖောက်ပြန်သွားခဲ့လေသည်။

ဒေါ်ခင်ထားနွယ်ကလည်း သူငယ်ပြန်လေပြီ။ ဒေါ်ခင်ခင်လေးကလည်း သေသူနှင့်မခြားဆိုတော့ နွယ်လေးမှ ဦးဆောင်လျှင် တစ်အိမ်သားလုံးဘဝ တွေးဝံ့စရာမရှိတော့။

ယခု နွယ်လေးသည် မိခင်ခြေရာ နင်းမည့်သူလားဟု စိုးရိမ်ပူပန်မိသည်။

သို့သော် နွယ်လေးသည် ဤအကုန်အကျများလွန်းသော အိမ်ကြီးစရိတ်ကိုတောင် ရှာနိုင်သူပီပီ ဦးနှောက်တော့ ကောင်းမှာပါ။

နှလုံးသားအလိုကို ဦးနှောက်နှင့် ဆုံးဖြတ်နိုင်လိမ့်မည်





ဟု မညို ယုံကြည်လေသည်။

"ချွင်. . . ခလွမ်. . . မယ်ညို"

"လာပြီ. . အဘွားရေ လာပြီ"


ဒေါ်ခင်ထားနွယ် သောင်းကျန်းလေပြီ။ မညိုသည် တွေးလက်စ လုပ်လက်စများကို ဖြတ်တောက်ခဲ့ပြီး ဒေါ်ခင်ထားနွယ်ရှိရာသို့ ပြေးထွက်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၈ )

မေဒေး သတိပေး၍မဆုံးသေး နွယ်လေး ကားထိုးရပ်သွားလေသည်။

နွယ်လေးတို့ နေထိုင်ရာ ဝင်ဒါမီယာ့ကလည်း လူပြတ်သည်။ ကိုယ်ပိုင်ကားများသာ ကျိုးတိုးကျဲတဲ သွားလာခြင်းသာရှိသဖြင့် နွယ်လေး အားငယ်သွားသည်။

ဘာလုပ်ရမှန်း မသိသဖြင့် ကားထဲမှ ခွကိုတော့ မသိမသာ လက်လှမ်းမီနိုင်သောနေရာတွင် ချထားပြီး ကားအဖုံး





ကို ဖွင့်ထားလိုက်သည်။ ကားမီးများကိုလည်း ဖွင့်ထားလိုက်သည်။

အိမ်ကိုဖုန်းဆက်ပြီး အကူအညီတောင်းရအောင်လည်း ကိုယ့်ကိုလာကူနိုင်ကြသူတွေမဟုတ်။ ထိုအချိန်မျိုးတွင် ဖခင်ကို မကျေမနပ်မှုများက ကြီးစိုးလာတတ်သည်။

အားလပ်သောအချိန်များ၌ ဘာသာရေးဆိုင်ရာ စာအုပ်များကိုဖတ်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ သက်သက်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းဖြင့် . . ရင့်ကျက်မှု၊ အေးချမ်းမှုကို ဖန်တီးနေရရှာသော နွယ်လေးအတွက် ဖခင်အပေါ် နာကြည်းစိတ်တို့သည်လည်း တဖြည်းဖြည်းတော့ လျော့ပါးစ ပြုနေပါပြီ။

သံဗုဒ္ဓေဂါထာကိုရွတ်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ချယူလိုက်သည်။ ကားကို လုံခြုံစွာ ပိတ်ထားခဲ့ပြီး လမ်းလျှောက်ပြန်ရန်ဖြစ်သည်။ ငွေထုပ်ကိုထားခဲ့ဖို့ကော စိတ်ချရပါ့မလား၊ သည်နေ့မှ မနက်ဖြန်အတွက် ပစ္စည်းဝယ်ရန်ဆိုကာ ငွေယူခဲ့သည်။ ခါတိုင်း ဦးတုတ်ကြီးကို အပ်ထားခဲ့သည်။

ကားတံခါးကို သော့ခတ်လိုက်စဉ် ဆိုင်ကယ်တစ်စီး အနားလာရပ်သည်။ နွယ်လေး ဝမ်းမြောက်သွားသည်။

ဘဝ ဟဲလ်မက်ကိုချွတ်လိုက်ပြီး အပြုံးအရယ်မရှိသော မျက်နှာဖြင့် . . .

“ကားပျက်နေတာလား”

“ဟုတ်တယ်”

“ကျွန်တော် ကြည့်ပေးမယ်”

နွယ်လေး ကားတံခါးကိုဖွင့်ကာ အဖုံးကို ဖွင့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘဝက ကားစက်များကို ကြည့်ကာ ပြင်ပေးလိုက်သည်။

နွယ်လေး ဘဝကို လက်နှိပ်ဓာတ်မီးဖြင့် မီးပြပေးရင်း ခိုးကြည့်မိသည်။ တော်တော် ချောသောလူဟု မှတ်ချက်ချမိသည်။

မေဒေးလည်း ချောသည်။ မေဒေး ချောပုံက ဖြူနွဲ့ကာ မိန်းမချောမျိုး၊ ဘဝချောပုံက ယောကျ်ားပီသသည်။ သည်ကြားထဲ မျက်နှာက ရှုတည်တည်နှင့် တစ်လောကလုံးအရေး မစိုက်သည့်ပုံမျိုး။

"ကိုင်း. . ရပြီ၊ နှိုးကြည့်တော့"

"ကျေးဇူးတင်ပါတယ်"

"မလောပါနဲ့ နှိုးကြည့်ပါဦး၊ ရတော့မှ ကျေးဇူးတင်"

ဘဝက ခပ်မာမာပင် ပြောလိုက်သည်။ နွယ်လေး ကားကို နှိုးကြည့်လိုက်ရာ စက်နိုးသွားသည်။ ဘဝ ဆိုင်ကယ်ပေါ်တက်ကာ ရှေ့မှထွက်သွားလေသည်။

နွယ်လေးရင်ထဲ မကျေမနပ်နိုင်အောင် ဖြစ်သွားရသည်။ ဝတ်ကျေတမ်းကျေ ကူညီမှုပေးသွားသည့်ပုံ။

နွယ်လေး ကားကိုမောင်းလိုက်သည်။ သူ၏ဆိုင်ကယ် နောက်မီးလေးက နွယ်လေးကို လှောင်ပြောင်နေသည်ဟု နွယ်လေးထင်သည်။

'မိန်းမနောက်ပိုး' ဟူ၍လား၊ 'တစ်ဖက်သတ်အချစ်နဲ့ ချစ်တဲ့ ကောင်မလေး သနားပါတယ်' ဟူ၍လား မသိ။ နွယ်လေး မြန်နားမရောက်ခင် သူ၏ဆိုင်ကယ်သည် သူ၏ခြံဝင်းအတွင်း ပျောက်ကွယ်သွားလေသည်။





ဘဝသည် ဆိုင်ကယ်မီးကို မှိတ်ထားပြီး ဇွန်ပန်းရုံအကွယ်မှ နွယ်လေးကို စောင့်၍ကြည့်လိုက်မိသည်။

နွယ်လေးက သူမ ခြံဝင်းအတွင်းသို့ ဝင်သွားပြီး ကားဂိုဒေါင်အတွင်းသွင်းကာ တံခါးကို ကိုယ်တိုင်ပိတ်သည်။ ထောင်ထောင်မောင်းမောင်း အမျိုးသမီးက ခြံတံခါးကို သော့ခတ်ပြီး အယ်ဇေးရှင်းခွေးကို ခွေးအိမ်လေးမှ လွှတ်လိုက်သည်။

ထို့နောက် သူတို့နှစ်ဦး အိမ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။


ဘဝ သက်ပြင်းချလိုက်သည်။ ပြီးမှ ဆိုင်ကယ်ကို အသာအယာပင် ဂိုဒေါင်ဘက်သို့ တွန်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၉ )

"နွယ်လေးဘဝက သိပ်ကိုသနားဖို့ကောင်းတာ၊ ကိုယ်လေ နွယ်လေးဘဝကို ပိုင်ဆိုင်ချင်တာထက် သူ့ဘဝလေးကို အေးချမ်းသွားအောင် ဖန်တီးပေးချင်တာက ပိုတယ်"

ဘဝက မေဒေး၏ပြောင်းလဲသွားသော စိတ်ထားကြောင့် ဝမ်းသာသွားသည်။ မိမိသည်လည်း နွယ်လေး အပေါ်၌ မေဒေးကဲ့သို့သော စိတ်ထားမျိုးပင်ရှိသည်။ တကယ်တော့ နွယ်လေးအတွက် အကောင်းဆုံး အဖော်မွန်သည် မေဒေးသာဖြစ်သင့်သည်။ မေဒေးသည် နွယ်လေးအပေါ်၌ ငွေအားပါ





အကူအညီပေးနိုင်မည့်သူဟု ဘဝက သိထားသည်။

ဒေါ်နှင်းဥသည် မညိုမှတစ်ဆင့် သိရသော နွယ်လေးတို့မိသားစုအကြောင်းကို မေဒေးအား ဖောက်သည်ချထားပြီးဖြစ်သည်။ မေဒေးက ဘဝကို ပြန်ပြောပြသည်။

ဘဝအတွက်ကတော့ နဂိုကတည်းက နွယ်လေးအပေါ် မေတ္တာရှိရင်းစွဲဖြစ်သဖြင့် အသနားပိုကာ နှလုံးသားမှ ဆွဲမထုတ်နိုင်အောင်ဖြစ်သွားရပြန်သည်။

"ကိုဒေး သူ့ကို ဘယ်တော့ပရိုပို့စ်လုပ်မလဲ"

"အခြေအနေအရပဲ၊ ခုဆိုရင် ကိုယ့်ကို သူကအစ်ကိုတစ်ယောက်လိုပဲ အားထားခင်မင်လာပြီဆိုတော့ ငါ ဖွင့်ပြောဖို့ခဲ့တော့ဘူး၊ အခင်မင်ပျက်သွားမှာ စိုးရိမ်ရတယ်၊ နေပါစေတော့ကွာ၊ အခြေအနေနဲ့ အချိန်အခါ ပေးလာမှပဲ"

"တော်ကြာ ကျန်ရစ်ဖြစ်သွားဦးမယ်"

"ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဒုက္ခမပေးရက်ပါဘူး၊ အခြေအနေကြည့်ပြီး ကိုယ့်အပေါ် သွတ်တိမ်းမှုရှိလာမှပဲ ကိုယ်ဖွင့်ပြောတော့မယ်လို့ စဉ်းစားထားတာ"

"ကောင်းပါတယ် ကိုဒေးရာ၊ မနေ့ကတောင် သူ့ကားဆိုင်မှာပျက်နေလို့ ကျွန်တော် ကူညီခဲ့ရသေးတယ်"

"မနက်က ကျူရှင်မှာ သူပြောပြတယ်၊ ကိုဒေးညီက သဘောကြီးတယ်တဲ့"

"ကိုဒေး ဘာပြောလိုက်သလဲ"

"ထင်လို့ပါ။ သူက အဲဒီလိုပဲနေတတ်တယ်လို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သွားတော့မယ် ကိုဒေးရာ. . စာကျက်တော့"

"ဂိုက်လာမှ ကျက်မယ်ကွာ၊ နေပါဦး သီချင်းတစ်ပုဒ်လောက် ဟစ်လိုက်ရအောင်"

အသံကောင်းသော မေဒေးကို အတီးကောင်းသော ဘဝက အမြဲတမ်း ပါရမီဖြည့်ပေးခဲ့တတ်သည်။ ဘဝကတီး၍ မေဒေးက သီဆိုတတ်သည်။ ခေတ်ပေါ်တေးဟူသမျှ သူတို့ နှစ်ဦး အမိအရ လေ့ကျင့်တတ်သည်။

ဘဝက ဂီတာကြိုးကိုညှိလိုက်သည်။ ဘဝက မေဒေးကို မလွန်ဆန်နိုင်။ တကယ်ဆိုလျှင် မေဒေးအလိုကို သူမလိုက်ချင်။ မေဒေးကို စာမေးပွဲအောင်လိုသော စေတနာ သူ့၌အချိန်ပြည့် ရှိနေသည်။

"ကိုဒေး တစ်ပုဒ်ပဲနော်"

"အေးပါ"


"ကိုဒေး ဒီနှစ်အောင်အောင်ကြိုးစားပါ၊ ဒါမှ ကျွန်တော် ပြည့်ပြည့်ဝဝ ပျော်နိုင်မှာ"

"အေးပါကွာ"

ဘဝက သက်ပြင်းချလိုက်သည်။ မေဒေးသည် ငယ်ငယ်ကတည်းက သူ့အပေါ် အနိုင်တာခံတတ်သည်ကို သူ ကောင်းကောင်းမှတ်မိခဲ့သည်။ ထို့ကြောင့် ဘဝ တွေဝေရခြင်းဖြစ်သည်။







# အခန်း ( ၂၀ )

ဘဝသည် အိမ်တက်မင်္ဂလာဆွမ်းကျွေးအတွက် ချွေးတလုံးလုံးနှင့် အလုပ်ရှုပ်နေသည်။

မေဒေးကတော့ သူ၏ဆရာနှင့် စာကျက်နေသည်။ အရုဏ်ဆွမ်းဖြစ်ခြင်းကြောင့် ညကတည်းမှ ဆွမ်းကျွေးရန် စားပွဲဝိုင်းများ ပြင်ဆင်ထားမှဖြစ်မည်။

မွေးပွဲကော်ဇောများကို ခင်းကျင်းနေစဉ်. . .

"ကိုဒေး. . ကိုဒေး"



www.burmeseclassic.com

www.burmeseclassic.com

နွယ်လေး၏ အသံဟု အလိုအလျောက်သိနေသော ဘဝက ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်သည်။

ဟော်လန်သစ္စာပန်း. . . အချို့ကလည်း ရှိုးပန်းဟုခေါ်သော ပန်းရောင်စုံစည်းကို ပွေ့ပိုက်ထားသည်။ သူမနှင့်အဖော်ပါလာသော မိန်းကလေးကလည်း သစ်သီးနှင့် ကိတ်မုန့်များပါသော ခြင်းတောင်းကို ဆွဲထားသည်။

"ဟယ်. . သမီးလေး၊ လာ. . လာ. . သမီး"

ဒေါ်သရဖီက စားပွဲခင်းနေရာမှ မြင်သွားပြီး လှမ်းခေါ်လိုက်သည်။

"မနက်ဖြန် ဘုန်းကြီးပွဲအတွက် ကျွန်မ ဒါနပြုချင်လို့ပါ အန်တီ၊ ဒါကတော့ ဘုရားပန်းအတွက်ပါ"

"ဒုက္ခရှာလို့သမီးရယ်၊ လူလေး. . . နွယ်လေးဆီက ယူလိုက်ပါကွယ်"

"ဒုက္ခရှာတာမဟုတ်ပါဘူး အန်တီ၊ ကုသိုလ်ယူတာပါ"

ဘဝက ဒေါ်သရဖီစကားကို မလွန်ဆန်နိုင်သောကြောင့် နွယ်လေးလက်မှ ပန်းစည်းကိုသော် လည်းကောင်း၊ မိကျည်းတန်လက်မှ ဆွဲခြင်းတောင်းကိုသော် လည်းကောင်း ယူပြီး နောက်ဘက်သို့ ဝင်သွားလေသည်။

"လာ. . . ထိုင် နွယ်လေး၊ ထိုင်ခုံတွေကတော့ သိမ်းလိုက်လို့ ဒီအတိုင်းပဲ ထိုင်ကြရအောင်"

"ဒေါ်လေး. . . ဒေါ်နှင်းဥကော"

"ရှိပါတယ်၊ ကျောက်ကျောထိုးနေတယ်"

"ဟုတ်လား၊ ကျွန်မ နည်းယူချင်လိုက်တာ အန်တီ. ."





ဘုရားပန်းတွေလဲ ကျွန်မကိုယ်တိုင် ထိုးပေးချင်တယ်"

"ထိုးလေ သမီး၊ သိပ်ကောင်းတာပေါ့၊ အိမ်မှာကတော့ သိတဲ့အတိုင်းပဲ၊ တို့အဘွားကြီးနှစ်ယောက်ရဲ့လက်ရာ ရိုးရိုးကြီးတွေပဲ၊ ကိုင်း. . . ဝင်သာသွားပေတော့"

နွယ်လေးနှင့် မိကျည်းတန်တို့ မီးဖိုဘက်သို့ ဝင်ခဲ့သည်။ ဒေါ်နှင်းဥက ကားသံကြားပြီး စကားသံတွေကြားကတည်းက နွယ်လေးရောက်လာမှန်း သိသည်။

ဘဝ ဝင်လာတော့မှ ပိုသေချာသွားသည်။ ဘဝမျက်နှာမှုန်ကုပ်ကုပ်နှင့်. . .

"ဟိုဘက်အိမ်က ချာတိတ်မ ယူလာတာလေ၊ ဘုရားပန်းနဲ့ ဘုန်းကြီးပွဲတွက်တဲ့"

"အေး. . . စားပွဲပေါ်တင်ထားလိုက်လူလေး၊ ခြင်းတောင်း ပြန်ပေးလိုက်ပါဦး"

ဒေါ်နှင်းဥစကားသံဆုံးသည်နှင့် . . .

"ရပါတယ်ဒေါ်လေး၊ ကျွန်မ ဘာလုပ်ပေးရမလဲ၊ ဒေါ်လေးကျောက်ကျောထိုးတာကြည့်ရင်း ဘုရားပန်းလဲပေးမယ်နော်"

"ဟာ. . . သမီးလေး ဆိုင်သိမ်းခဲ့ပြီလား"

"ဒီနေ့ တမင်ပဲ စောစောပြန်လာတာ၊ ဒီကိုလာချင်လို့လေ၊ ဦးလေးတုတ်နဲ့ လွဲခဲ့ရတယ် ဒေါ်လေးရဲ့"

"လူလေးရေ. . မိသေးကလဲ ငါးဖယ်ကိုင်နေလို့ ဘုရားပန်းအိုးလေးတွေ လူလေးပဲ သွားယူချခဲ့ပါဦးကွယ်"

ဘဝမှုန်ကုပ်ကုပ်နှင့် အခန်းထဲမှ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဥသည် ပြောင်းလဲလာသော ဘဝကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"ကိုဒေး. . . စာကျက်နေတယ်ထင်တယ်"

"ဟုတ်တယ် သမီး၊ သားက ဒီနှစ် စာအရမ်းကြိုးစားတယ်၊ ဒီလိုပါပဲ. . . ပျက်အစဉ်ပြင်ခဏတဲ့၊ လူဆိုတာ သူ့အသိတရားနဲ့သူ အချိန်တန်တော့ ဘယ်သူမှပြုပြင်စရာမလိုဘဲ သူ့ဘာသာသူ ဖြစ်လာတော့တာပါပဲ"

ဘဝသည် ကြေးပန်းအိုးကြီးနှစ်လုံး ယူချလာပြီး . . .

"နွယ်လေး. . . မင်း စာမကျက်ဘူးလား"

"ရှင်"

နွယ်လေး ရုတ်တရက် ကြောင်စီစီဖြစ်သွားသည်။ ဘဝကလည်း အဆက်အစပ်မရှိဘဲ ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည်ကိုး. . .

"သြော်. . မင်း စာကျက်စရာရှိရင် ပြန်ကျက်ပါလား ပန်းလဲတာလောက်တော့ ကျွန်တော်လုပ်တတ်ပါတယ်၊ မင်းအချိန်ကုန်မှာစိုးလို့ ပြောတာနော်၊ အခြားမထင်နဲ့. . ."

နွယ်လေး ပြုံးကာ ခေါင်းခါလိုက်ပြီး. . .

"ကုသိုလ်ရေးကို မျှဝေမပေးချင်လို့ ပြောနေတာလားကိုဘဝ"

"မဟုတ်ဘူး မင်းသဘောပဲ"

ဘဝက ပန်းအိုးများကို ချထားခဲ့ပြီး လှည့်ထွက်သွားလေသည်။

"အဲဒါသာကြည့်တော့ နွယ်လေးရေ၊ ဘဝဟာ မိန်းက





လေးတွေနဲ့ ပတ်သက်လာရင် အစ်မ၊ ညီမ မရှိတော့ မဆက်ဆံတက်ဘူး၊ မပြောတတ်ဘူး ဖြစ်နေတယ်"

"ရပါတယ် ဒေါ်လေး၊ ကျွန်မစိတ်ထဲ ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ဆိုင်ဖွင့်ပြီးကတည်းကရော၊ ဘွားဘွားငယ်မှု ပြန်ပြီးကတည်းကရော ဆိုပါတော့၊ ကျွန်မ လူတွေအပေါ် စိတ်ရှည်တတ်လာတယ်လို့ ပြောရမလို ဖြစ်နေပါပြီ"

နွယ်လေးက ပန်းများကိုလိုအပ်သလို အရွက်ခြွေခြင်း၊ အရိုးများ ဖြတ်တောက်ခြင်းတို့ကို လုပ်နေစဉ် မိကျည်းတန်က ပန်းအိုးများကိုဆေးကြောပြီး ရေဖြည့်ပေးသည်။

ဘဝက နောက်ထပ်အိုးနှစ်လုံး ယူလာသည်။ သူတို့ဝယ်ထားပြီးဖြစ်သော နှင်းဆီ၊ ဂန္ဓမာများကိုလည်း ချပေးလိုက်သည်။ ပြီးတော့ အိမ်ရှေ့ဘက်သို့ ထွက်သွားလေသည်။

နွယ်လေးကလည်း အရေးလုပ်ပြီး ငဲ့စောင်း၍မျှပင် မကြည့်တော့။ ဤအိမ်သို့ လာရသည်ကိုပင် လွန်လှပြီ။ တစ်နေ့က ဒေါ်သရဖီကိုတိုင် မေးဒေးကိုလာပို့ရင်း ဘုရားနေကဇာတင်နှင့် အိမ်တက်မင်္ဂလာဖိတ်စာကိုပေးပြီး ဖိတ်သွားသဖြင့် လာခဲ့ခြင်း ဖြစ်သည်။

ဒေါ်သရဖီကိုလည်း ခင်တွယ်မိသည်။ သဘောကောင်းသည်ဟု ထင်၍လည်းပါသည်။ ပတ်ဝန်းကျင်ကို ကျားနာမလေးသဖွယ် မာန်ဖီကာ ရင်မဆိုင်ခဲ့သော နွယ်လေးအတွက် မနက်ဖြန် လမ်းတွင်းပရိတ်သတ်များကြားသို့ လာတော့မည်မဟုတ်။ ထို့ကြောင့် ညကတည်းက တမင်လာခြင်းဖြစ်ကြောင်း မိမိကိုယ်သာ အသိဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . သမီးလေး ပန်းထိုးတာလှလိုက်တာကွယ်"

ဒေါ်သရဖီက အသိအမှတ်ပြုလိုက်သည်။

"အောက်ထပ်မှာပဲ ထားလိုက်မယ်၊ မနက်ဖြန် ဘုရားနေကဇာတင်ရင် ရွှေ့ရမှာပဲ"

ဧည့်ခန်း ခေါင်းရင်းဘက်တွင် စားပွဲအမြင့်တစ်လုံးနှင့် ဆက်တီစားပွဲနှစ်လုံးကို ချထားပြီး ဘဝက စားပွဲခင်းများကို ခင်းလိုက်သည်။

"သမီးလေး စိတ်တိုင်းကျ တင်ပေတော့၊ လူလေးရေ ဘုရားတွေပါ တစ်ခါတည်း သွားပင့်ခဲ့ပါကွယ်၊ သမီးပန်းကပ်သွားပါစေ"

ဘဝက 'ဟုတ်ကဲ့ ကြီးကြီး'ဟုဆိုကာ အပေါ်ထပ်သို့ တက်သွားလေသည်။ ဘဝစိတ်ထဲတွင်တော့ ဒေါ်သရဖီလည်း သားရှင်ပီပီ နွယ်လေး၏ အချင်းရောအဆင်းကိုပါ သဘောကျကာ ချွေးမတော်ချင်နေပြီဟု သဘောပေါက်မိသည်။

တော်သေးသည်။ မေဒေးကို သူ၏ဂိုက်က စာကြည့်ခန်းတွင် တံခါးအလုံပိတ်၍ ကျက်ခိုင်း ဖြေခိုင်းနေသဖြင့် စာကို အေးအေးဆေးဆေး ကျက်နေပုံရသည်။

ဘဝ ဘုရားငါးဆူစလုံး အောက်ထပ်သို့ ပင့်ဆောင်ပြီးချိန်တွင် နွယ်လေးသည်လည်း ဘုရားပန်းအိုးများကို အနိမ့်အမြင့်နှင့် ရှုချင်စဖွယ် ကပ်လှူထားပြီး မနက်အရုဏ်ကပ်ရန် သစ်သီးကိုးမျိုးကိုလည်း အဆင်သင့်တင်ထားပြီး ဖြစ်နေသည်။

"ကျွန်မ ပြန်တော့မယ် အန်တီ"

"အေး . . အေး . ."





နွယ်လေးသည် မကျည်းတန်ကိုခေါ်ရင်း ဒေါ်နှင်းဥကို ပါဝင်ရောက် နှုတ်ဆက်ပြီးမှ ပြန်သွားလေသည်။ တံခါးဝ၌ ဦးမင်းဇော်နှင့် ဆုံမိသဖြင့် ဒေါ်သရဖီက မိတ်ဆက်ပေးသည်။

ဦးမင်းဇော်ကလည်း အသိအမှတ်ပြု နှုတ်ဆက်ကာ မနက်ဖြန် ဆက်ဆက်လာခဲ့ပါရန်ပါ ဖိတ်ခေါ်လိုက်သည်။

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်မ ကြိုးစားပါ့မယ်"

ဟု နွယ်လေးက မယုတ်မလွန်ပြောပြီး ပြန်သွားလေသည်။ နွယ်လေးကားလေး မပျောက်မကမ်း အရောက်၌ ဦးမင်းဇော်က. . .

"အင်း. . တော်တော် သနားစရာကောင်းတဲ့ ကလေးမပဲ၊ ဦးအောင်နွယ်ဟာ တော်တော်အသုံးမကျတဲ့လူပဲ"

"ဟင် ကိုကို ဘယ်သူ့အကြောင်း ပြောနေတာလဲ"

"ဟောဗျာ မင်းတို့ပဲ ဒီအိမ်နဲ့ရင်းနှီးနေပြီး ဦးအောင်နွယ်တာလေးနွယ်ရဲ့ အဖေပေါ့"

"သူ ဘာဖြစ်လို့လဲ"

ဘဝက စိတ်ဝင်စားစွာ နားစွင့်မိသည်။ လုပ်စရာအလုပ်တွေကိုလည်း လက်ကမပြတ် လုပ်ကိုင်နေသေးသည်။

"ဘာဖြစ်ရမှာလဲ၊ ဒေါ်ခင်ခင်လေး ရောဂါဖြစ်လို့ တစ်နှစ်တောင် မပြည့်သေးဘူး၊ နောက်အိမ်ထောင်ပြုသွားတယ်လေ"

"ဟင် ဂျပန်မှာ အလုပ်သွားလုပ်တာ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲ၊ ကောင်မလေးက အဖေကို ထိတ်နာပြီး အိမ်ကိုအလာမခံတော့ဘူး၊ ထောက်ပံ့ကြေးတစ်ခြားမှ



www.burmeseclassic.com

www.burmeseclassic.com



မယူဘူးလေ၊ လုပ်ငန်းတွေကို အဖေကို ပေးလိုက်ပြီး အိမ်၊ တိုက်ခန်း အတွင်းပစ္စည်းနဲ့ ဘဏ်ကငွေတွေအားလုံးကို ဒေါ်ခင်ထားနွယ်က နွယ်လေးကိုလွှဲပေးလိုက်တော့ ဦးအောင်နွယ် ရှုပ်လို့မရတော့ဘူး"

"ဟုတ်လား၊ ကိုကို ဘယ်ကသိလဲ၊ ဆက်ပြောပါဦး"

"ကိုယ်တို့ ဒီမြေကွက်ကို ဝယ်တုန်းက ခြံစောင့်အဘိုးကြီး ပြောပြတာလေ၊ သူက ဒီပတ်ဝန်းကျင်အကြောင်း အကုန်သိတာ"

"ဒါထက် ဘာဖြစ်သွားသေးလဲ ကိုကို"

"ဦးအောင်နွယ်လား၊ ဘာဖြစ်မလဲ၊ သူ့လုပ်ငန်းက ဒေါ်ခင်ခင်လေး ဦးဆောင်တာများတော့ သူမလုပ်တတ်ဘူးလေ၊ အရှုံးပေါ်လုလုမှာ အရက်ချက်လုပ်ငန်းကိုကူးပြောင်း သွားတယ်၊ အဲ. . သူ့ရဲ့ ကံတရားလို့ပဲ ဆိုမလား၊ အကျိုးပေးလို့ပဲဆိုမလား၊ ညစာစားပွဲတွေမှာ ပန်းကုံးတွေ အများဆုံးစွပ်နေတဲ့ ပုဂ္ဂိုလ်ကိုကြည့်လိုက်ရင် ဦးအောင်နွယ်ပဲ"

"ကျွတ်. . ကျွတ်. . ဖြစ်မှဖြစ်ရလေ၊ သူ ဘယ်လောက်ကြီးပွားကြီးပွား မမက်မောပါနဲ့ ကိုကို၊ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အနေနဲ့ ရှောင်ရမယ့် အချက်ထဲမှာ မူးယစ်ဆေးဝါးအမျိုးမျိုးနဲ့ သေရည်သေရက် ရောင်းဝယ်ဖောက်ကားခြင်းဟာလဲ တစ်ချက်အပါအဝင် မဟုတ်လား"

"ကိုကို သိပါတယ် ဖီဖီ မရောင်းကောင်းတဲ့ ကုန်စည်ကို ကူးသန်းရောင်းဝယ်ပြီးမှ ကြီးပွားရမယ့် အလုပ်မျိုးကို ကိုယ်တစ်သက်မလုပ်ဘူး၊ အင်း. . သားတွေကိုလဲ သွန်သင်ပေးရဦးမယ်"





"ဘာဖြစ်လို့ မရောင်းရတာလဲ ဘဘ"

ဘဝ သိချင်သဖြင့် မေးလိုက်သည်။

"တို့ ဗုဒ္ဓမြတ်စွာဘုရားဟာ အင်္ဂုတ္တရနိကာယပဉ္စကနိပါတ် ဥပါသကဝဂ် ဝဏိဇ္ဇသုတ်တော်မှာ ဟောကြားတော်မူခဲ့တယ်၊ မရောင်းအပ်တဲ့ ကုန်စည်ငါးမျိုးရှိတယ်၊ ပါဠိလိုဆိုရင် သတ္တဝဏိဇ္ဇာတဲ့၊ သေစေတတ်တဲ့ လက်နက်အမျိုးမျိုး ရောင်းဝယ်ခြင်း၊ နောက် သတ္တဏိဇ္ဇာ ဆင် မြင်း လူ စတဲ့ အစေခံ သတ္တဝါအပေါင်းကို ရောင်းခြင်း၊ နောက် မံသဏိဇ္ဇာဆိုတဲ့ ဝက် သမင်စတဲ့ အသားစားစေဖို့ သတ္တဝါတွေကို ရောင်းခြင်း၊ မဇ္ဇဝဏိဇ္ဇာဆိုတာ ခု ဘဘတို့ပြောနေတဲ့ သေရည်အရက်အမျိုးမျိုးကို ရောင်းခြင်း၊ အဲ. . နောက်ဆုံးက ဝိသဝဏိဇ္ဇာဆိုတဲ့ အမျိုးကို သေစေတတ်တဲ့ အဆိပ်အမျိုးမျိုးဆိုတဲ့ ငါးမျိုးဟာ ဘဘတို့လို ဗုဒ္ဓဘာသာဝင်တွေအတွက် မရောင်းကောင်းတဲ့ ကုန်စည်ငါးမျိုးပဲ လူလေး"

"ဒီလိုဆို အရက်ထုတ်လုပ်တာလဲ အတူတူပဲပေါ့နော်"

"အတူတူပဲပေါ့ လူလေး၊ ထုတ်လုပ်တယ်ဆိုတာ ဖြန့်ဖြူးခြင်းဆိုတဲ့ ရောင်းအားရှိလို့ ထုတ်လုပ်တာပဲ၊ အရက်ချက်ဖို့ အဆီအနှစ်ပဲ ထုတ်ထုတ်၊ ဘာပဲထုတ်ထုတ် အတူတူပဲလို့ ယူဆလို့ရတယ်၊ အရက်သေစာရောင်းချသူရှိလို့ သောက်သုံးသူရှိမယ်၊ အရက်သေစာ သောက်စားခြင်းကြောင့် အကျိုးပျက်စီးရာပျက်စီးကြောင်းတွေဖြစ်မယ်၊ ဒီအတွက် သူတစ်ပါး အကျိုးပျက်စီးစေနိုင်သော လုပ်ငန်းမှန်သမျှကို တို့ ဗုဒ္ဓမြတ်စွာဘုရားက တားမြစ်တော်မူခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝ လေးစားစွာဖြင့် နှလုံးအိမ်သို့ သွင်းထားလိုက်လေသည်။

"ဟုတ်ကဲ့. . ဘဘ၊ ကျွန်တော် တစ်သက်လုံး နာယူသွားပါ့မယ်"

"အေး . . သာဓု သာဓု သာဓု၊ အရက်သေစာကို ဆေးဖြစ်ဝါးဖြစ်အနေနဲ့က ပိုမသောက်မိအောင်လဲ ရှောင်ကြဉ်ရမယ်နော် လူလေး"

"ဟုတ်ကဲ့ပါ ဘဘ၊ ဖြစ်နိုင်ရင် လုံးဝကို မသောက်တော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်"

"အကောင်းဆုံးပေါ့ လူလေးရယ်. .၊ ကိုဒေးကြီးတစ်ယောက်ကော စာကျက်နေပြီလား"

"ဟုတ်ပါ့ကိုကို၊ ကိုကိုသားတော်မောင်တော့ အပြောင်းလဲကြီးကို ပြောင်းလဲသွားတော့တာပဲ"

"ကောင်းပါတယ်၊ တို့တွေအတွက် အောင်မြေ နင်းမိသလိုပေါ့"

"ကိုဒေးကိုတော့ လူလေးပဲ ကြည့်ထိန်းပေါ့"

"ဟုတ်ကဲ့. . စိတ်ချပါဘဘ"

ဘဝလည်း အိမ်ရှေ့၌ လုပ်စရာရှိသည်တို့ ပြီးစီးသွားသဖြင့် မီးဖိုဘက်သို့ ဝင်ခဲ့လေသည်။ မီးဖိုထဲတွင် ဘာများ ကူစရာကျန်သေးသနည်းဟု ဒေါ်နှင်းဥက ဘဝကို မြင်လျှင်မြင်ချင်း. .

"လူလေး. . နွယ်လေးအပေါ် စကားပြောပုံက မဟုတ်သေးပါဘူး"

"ဘာမဟုတ်တာလဲ မေမေ"





"နည်းနည်း မာဆတ်ဆတ် ဖြစ်နေသလားလို့"

"မေမေ စိတ်ထင်လို့ပါ၊ ကျွန်တော် ဒီလိုပဲ ပြောတတ်တယ်"

"အေးလေ. . ဘာပဲဖြစ်ဖြစ် နွယ်လေးဟာ အရွယ်နဲ့မလိုက်အောင် လောကဓံကို ကြံ့ကြံ့ခံနေတဲ့ မိန်းကလေး ဖြစ်တဲ့အတွက် သူ့အပေါ်ကို တတ်နိုင်သမျှ ဖေးမကူညီသင့်တယ်ဆိုတာတော့ လူလေးခေါင်းထဲ စွဲစွဲမြဲမြဲ သွင်းထားနော်"

"မေမေကလဲ ကျွန်တော် မေမေတို့ သားပါ၊ လူတစ်ယောက် ကိုယ့်ကြောင့် ဒုက္ခရောက်စေရတဲ့အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး"

"ကိုင်း. . ဒါဖြင့် မေမေတို့ကို ဒီအိမ်ကြီးဆီက စွန့်ခွာပြီး အခြားအလုပ်ကိုလုပ်ဖို့ လူလေး တောင်းဆိုဦးမှာလား"

"ဒါကတော့ မေမေရယ်၊ သားကောင်းစားတဲ့တစ်နေ့ ရောက်ရင်တော့ မိဘနှစ်ပါးကို ဘာအလုပ်မှ မလုပ်စေဘဲ အိမ်ဦးခန်းမှာ ထားဖို့ကတော့ အစီအစဉ်ရှိပါတယ်၊ အဲဒီအခါမှာတော့ မေမေတို့ ဒီအိမ်ကို စွန့်ခွာသင့် စွန့်ခွာရမှာပဲ"

"ဒီစကား ကြားရတာကို မေမေဝမ်းသာပါတယ် လူလေးရယ်၊ ဒါပေမယ့် ကိုဒေးနဲ့လူလေးက အချိန်တန် အရွယ်ရောက်လာရင် အိမ်ထောင်ရက်သားကျကုန်ပြီး သူ့အိုးသူ့အိမ်ဖြစ်ကုန်တော့မှာ၊ အဲဒီအခါ အစ်ကိုကြီးနဲ့ မဖီကလဲ အရွယ်ကျ၊ မေမေနဲ့ ဖေဖေကလဲ အရွယ်ကျ၊ ဘုရားသွား ကျောင်းတက်ဖို့ အလုပ်ပဲ ရှိတော့မယ်၊ အဲဒီအခါကျတော့မှ မဖီတို့ကို ခွဲသွားဖို့ဆိုတာကို မေမေတို့ စဉ်းစားရဦးမှာ၊ တို့အရွယ်တူအချင်းချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး စာနာနားလည်ပြီး ဖေးမနိုင်မှာ၊ ဒါ သဘာဝကပေးတဲ့ အခြေအနေပဲလို့ မေမေ နားလည်ခံယူထားတယ်"

"ဒါဖြင့် မေမေတို့က ဒီအိမ်ကြီးမှာ တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလား"

"ကြီးလာရင် အေးချမ်းမှုကိုပဲ လိုလားပါတယ် လူလေးရယ်"

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး မေမေ"

"နောက်တော့ နားလည်လာမှာပါ၊ သားဟာ ဘာပဲပြောပြော မေမေတို့ဟာ သားရဲ့ မွေးမိခင်နှစ်ပါးဖြစ်လို့ ကျေးဇူးရှိသလို အစ်ကိုကြီးနဲ့ မဖီတို့ဟာ သားရဲ့ ကျွေးမိဘ၊ ပြီးတော့ ပညာပေးတဲ့မိဘ၊ သားဘဝတက်လမ်းအတွက် ပြုစုပျိုးထောင်ပေးတဲ့ မိဘနှစ်ပါးအနေနဲ့လဲ အဖိုးမဖြတ်နိုင်အောင် ကျေးဇူးကြီးမားတယ်၊ ဒါကြောင့် ကျေးဇူးဆပ်ဖို့ကို စဉ်းစားတဲ့အခါ သူတို့အတွက်ပါ ထည့်စဉ်းစားပါ သား"

ဘဝ တွေဝေရသည်၊ မေမေလို မိန်းမမျိုးကလည်း ရှားသည်။ ထို့အတူ ဦးမင်းဇော်နှင့် ဒေါ်သရဖီလို လူမျိုးကလည်း ရှားသည်။ မေတ္တာတရားများဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော ဤအသိုက်အမြုံကြီးမှ သူတစ်ယောက် ဘာကြောင့်များ ရုန်းထွက်ချင်ရသနည်း။

ဘဝ ခေါင်းနောက်သွားသည်။

"ကျွန်တော် ပြန်တော့မယ် မေမေ"

"အေး. . အေး. . မေမေ ဒီည ဒီမှာပဲ အိပ်တော့မယ်၊ သားတို့လဲ အိပ်တော့၊ မနက် ဘုန်းကြီးသွားပင့်ရဦးမယ် မဟုတ်





လား"

"ဟုတ်ကဲ့ မေမေ"

ဘဝ ထွက်သွားသည်။ ဘဝ၏ နောက်ကျောကို ကြည့်ပြီး ဒေါ်နှင်းဥ သက်ပြင်းချလိုက်မိသည်။

ငယ်ငယ်ကတည်းက ဘဝက မာနကြီးသည် မေဒေး၏ အကျီုဟောင်းများပေးလျှင် မဝတ်ဘဲ တချောင်ချောင်၌ ပစ်ထားတတ်သည်။ အသစ်ဝယ်ပေးမှ ဝတ်တတ်သည်။ ဒါကို ဒေါ်သရဖီတို့ ရိပ်မိကာ နောက်ဆိုလျှင် အဟောင်း မပေးတော့ဘဲ အသစ်သာ ဝယ်ပေးတော့သည်။

အစားအသောက်ဆိုလျှင်လည်း ထိုအတိုင်းပင် သူ နားလည်စအရွယ် ရောက်သည်နှင့် အိမ်ကြီးဆီမှ ထမင်းဟင်း ချက်ပြီးချိန်ကို မစောင့်တော့ဘဲ သူ့အိမ်ကလေး၌ သူ့ဘာသာသူ ကြက်ဥတစ်လုံး ကြော်ပြီး ထမင်းချက်စားနှင့်သည်။ ဘယ်တော့မှ ခေါ်ကျွေး၍လည်း မရချေ။

ငယ်စဉ်ကပင် ကိုဒေးကသာ အလျှော့ပေး၍ ဘဝကို ချော့ပေါင်းခဲ့ရသည်။

တစ်ခုတော့ ကောင်းသည်။ လုပ်စရာရှိလျှင် ဒိုင်ခံလုပ်ပေးတတ်သည်။ မုန့်ဖိုးမပေးနှင့် မရ။ သူ့ လုပ်အားကို ငွေနှင့် တန်ဖိုးဖြတ်သည်ဟုဆိုကာ စိတ်ဆိုးတတ်သည်။ ဒေါ်သရဖီတို့က ဘဝ၏စိတ်ဓာတ်ကို နားလည်ပြီး ပေးချင်တာရှိလျှင် ဒေါ်နှင်းဥမှတစ်ဆင့် ပေးရသည်။

ဆိုင်ကယ်ဝယ်ပေးတာတောင်မှ ဦးမင်းဇော်က. .

"ဘဘ လူလေး စာမေးပွဲအောင်ကတည်းက ဆုချဖို့



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ထားတာ၊ အပြောင်းအရွှေ့နဲ့ဆိုတော့ နည်းနည်းကြာသွားတယ်၊ လူလေး ဘဘပေးတဲ့ ဆုကို လက်ခံရမယ်နော်"

ဟု ကြိုတင်ပြောဆိုပြီး ဘဝ ခေါင်းညိတ်မှ. .

"ညနေ ဘဘ တပည့်တစ်ယောက်ကို လွှတ်ပြီး လူလေးအတွက် ဆိုင်ကယ်တစ်စီး ပို့ပေးလိုက်မယ်၊ အဲဒါ ဘဘရဲ့ ဆုပဲ၊ လူလေး နာမည်နဲ့ပဲ ဝယ်ထားတယ်"

ဟု ကျေနပ်အောင် ပြောပြီးမှ ပေးရသည်။

တစ်ခါတလေ ဒေါ်နှင်းဥပင်လျှင် မာနကြီးသော ဘဝကို ရိုက်ပစ်ချင်စိတ် ပေါက်မိသည်။

သို့သော် ဘဝသည် မာနကြီးသည်ကလွဲ၍ ကျေးဇူးတရားတော့ သိတတ်နားလည်သည်။ လိမ္မာသည်၊ စာတော်သည်၊ ဦးနှောက်ကောင်းသည်။ ယခုလည်း ဦးမင်းဇော် လုပ်ငန်း၌ ဝိုင်းဝန်းကူညီနေလေပြီ။

ဒေါ်နှင်းဥ သက်ပြင်းချမိသည်။







# အခန်း ( ၂၁ )

နွယ်လေး ဘုန်းကြီးတရားနာအမီ ရောက်လာပြီး ရေ
...တ်ချပြီးသည်နှင့် နောက်နားမှနေ၍ ဒေါ်နှင်းဥကို. .

"ဒီနေ့ မေမေ့အခြေအနေ မကောင်းလို့ ကျွန်မ ပြန်...ာ့မယ်"

ဟု တိုတ်တဆိတ်မှာပြီး ပြန်သွားသည်။ ဒါကို ဘဝ ...မြင်သည်။ ညည့်သည်တွေ ရောက်မလာမီ ရှောင်ထွက်သွား...ဖြစ်ကြောင်း နားလည်လိုက်သည်။

www.burmeseclassic.com



ဘုန်းကြီးများကို အရှက်ဆွမ်းကပ်နေစဉ် ဒေါ်သရဖီက

"နွယ်လေးကော"

ဒေါ်နှင်းဉက. .

"ပြန်သွားပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"သူ့ အမေ နေမကောင်းလို့တဲ့"

"ဩော်. . ဒီကလေးမနွယ် ဖြစ်ရလေ မဥရယ်၊ တစ်အိမ်သားလုံးအတွက် လုံလုံလောက်လောက် ထည့်ပေးပြီး လူလေးကို ပို့ခိုင်းလိုက်ပါဦး"

မေဒေးကလည်း နွယ်လေးကို မတွေ့ရသဖြင့် ဘဝအား. . .

"နွယ်လေးကော"

"ပြန်သွားပြီ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဘယ်သိမှာလဲ၊ သိချင်ရင် ဖုန်းဆက်မေးလိုက်ပေါ့ ကိုဒေးရာ"

"အေး. . ဟုတ်သားပဲ"

မေဒေးသည် မယောင်မလည်နှင့် ဖုန်းကိုယူ၍ ထောင့်တစ်ထောင့်ကပ်ကာ. .

"ဟဲလို. . အမိန့်ရှိပါ"

"နွယ်လေးလား. . ကိုဒေးပါ"

"ပြောလေ. . ကိုဒေး"

"ဘာဖြစ်လို့ ပြန်သွားတာလဲ"





"မေမေ အခြေအနေ မကောင်းလို့"

"ဟုတ်လား၊ ကိုယ်တို့ လာခဲ့မယ်လေ"

"မလာပါနဲ့ ကိုဒေး၊ ဧည့်သည်တွေ ရောက်လာရင် ကိုဒေးကို တွေ့ချင်ကြဦးမှာပေါ့၊ ဆရာဝန်ရောက်လာတော့မှာပါပဲနော်"

"အင်း"

မေဒေးရင်ထဲ မောဟိုက်သွားသည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလေသလား။ ဒုက္ခဟူသမျှ အစုလိုက်အပြုံလိုက် ခံစားနေရရှာသော မိန်းကလေး၏ နှလုံးသား၌ အချစ်အတွက် ရင်ခုန်ချိန်မှ မွေးဖွားဖို့အချိန် ရှိပါလေစ။

"ဘဝရေ"

"ဘာတဲ့လဲ ကိုဒေး"

"သူ့အမေ အခြေအနေမကောင်းလို့တဲ့"

"ဟုတ်လား၊ ဆရာဝန်မပင့်ဘူးလား"

"ပင့်ထားတယ်ပြောတာပဲ"

"ဒီညီအစ်ကိုနှစ်ယောက် ကျိတ်ကျိတ်ကျိတ်ကျိတ်နဲ့ ဘာတိုင်ပင်နေတာလဲ၊ ရော့. . . လူလေးရေ၊ နွယ်လေးတို့ခြံဘက်သွားပြီး သွားပို့ပေးလိုက်ပါဦး"

"ကျွန်တော်လဲလိုက်ချင်တယ်"

မေဒေး ကလေးတစ်ဦးလို တောင်းဆိုလိုက်သည်။

"ဩော် သားကလဲကွယ်၊ ဧည့်သည်တွေက ဦးမင်းဇော် ဒေါ်သရဖီတို့ရဲ့သား ဘယ်မှာလဲမေးကြမှာပဲ၊ အဲဒီအခါ မတွေ့ရင် ဘယ့်နှယ်ဖြေမလဲ၊ ဧည့်သည်ရှင်းသွားမှ သွားပါလား" ကဲ

www.burmeseclassic.com



ကဲ. . လူလေး. . သွား. . သွား၊ ချိုင့်တွေဘာတွေ စောင့်ယူမနေ
နဲ့တော့၊ မြန်မြန်ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ မမေ"

ပြောပြောဆိုဆိုနှင့် ဘ၀ထွက်ခဲ့သည်။ ခြံဝ၌ ဆရာဝန်
လာလျှင် တံခါးဖွင့်ပေးရန် အသင့် စောင့်ဆိုင်းနေသော မိကျည်း
တန်က တံခါးဖွင့်ပေးလေသည်။

"ဆရာဝန်မလာသေးဘူးလား"

"ဟုတ်ကဲ့"

"ဒုက္ခပါပဲ ဒီအချိန်ထိတောင်၊ အသက်ထွက်စရာ လူနာ
ဆိုရင်. . ."

ဘ၀ပြော၍မှမဆုံးခင် အိမ်ကြီးဆီမှ စီခနဲငိုသံကြား
လိုက်ရသည်။ မညို၏ 'အောင်မယ်လေး အစ်မကြီးရဲ့၊ အစ်မ
ကြီးသမီးလေးကို ဒုက္ခတောမှာ တစ်ယောက်တည်း ထားခဲ့ပြီ
လား' ဟူသော အသံကြောင့် ဘ၀မှာ အိမ်ထဲသို့ ပြေးဝင်ခဲ့လေ
သည်။ ထောပတ်ထမင်းနှင့် ဟင်းချိုင့်များကိုလည်း စားပွဲပေါ်၌
တင်ထားခဲ့လေသည်။

ငိုသံကြားရသော အပေါ်ထပ်ဆီသို့ တောက်လျှောက်
ပြေးတက်ခဲ့ပြီး ခေါင်းရင်းဘက်အခန်းဆီသို့ အပြေးအလွှားဝင်ခဲ့
သည်။

မိခင်၏ ရင်ဘတ်ပေါ်တွင် ခေါင်းငိုက်စိုက်ချထားရင်း
ကျိတ်၍ငိုရှိုက်နေသော နွယ်လေးကို ရင်နင့်စွာတွေ့မြင်လိုက်
ရသည်။

မညိုက သူ့အား ယခုမှမြင်ဖူးသဖြင့် ငိုရင်းဖြင့် 'ဘာတို့





လဲ' ဟု ငိုသံပါကြီးဖြင့် လှမ်းမေးလေသည်။

"ကျွန်တော် ဟိုဘက်ခြံက ဘ၀ပါ"

နွယ်လေးသည် ဘ၀၏အသံကြားသဖြင့် ခေါင်းထောင်
ကြည့်လေသည်။ ဘ၀ကိုမြင်တော့ ပို၍ကြေကွဲကာ မျက်ရည်
များ အဆက်မပြတ်စီးဆင်းလာသည်။ နှုတ်ခမ်းများတဆတ်
ဆတ်တုန်နေသော်လည်း အသံက ထွက်မလာချေ။

သူနာပြုဆရာမကို သူ လှမ်းကြည့်ပြီး . . .

"သေချာရဲ့လား ဆရာမ"

"သေချာပါတယ်၊ ဒါပေမယ့် ဆရာဝန်လာအောင်တော့
စောင့်ပြီးမှ ကိစ္စအဝဝ စီစဉ်ကြတာပေါ့"

အိပ်ရာပေါ်၌ နှစ်နှစ်ကျော်ကျော် သေခြင်းတရားကို
စောင့်ဆိုင်းခဲ့သော ဒေါ်ခင်ခင်လေးအတွက် ဝဋ်ကျွတ်သွားပြီဟု
ဖြေသိမ့်ရတော့မလို ဖြစ်နေသည်။ ထိုစဉ် မိကျည်းတန်နှင့် ဆရာ
ဝန် ဝင်လာသည်။ ဆရာဝန်သည် ဒေါ်ခင်ခင်လေးကို သေချာစွာ
စမ်းသပ်ပြီး ခေါင်းခါယမ်းလိုက်သည်။

မညို၏စကားပြောရင်း ငိုသံတွေက ပေါ်ထွက်လာ
သည်။

"အောင်မယ်လေး မမကြီးရယ်၊ ဝဋ်ကျွတ်သွားပေမယ့်
ညွန့်မတို့ ဘယ်လိုဖြေရမှာလဲ"

ဆရာဝန်က ပွင့်နေသော လူနာ၏မျက်လုံးကို ပိတ်ပေး
လိုက်သည်။ အရိုးပေါ်အရေတင် လူနာ၏ရုပ်အလောင်းကို
ကြည့်ရင်း ဘ၀ သက်ပြင်းချလိုက်မိသည်။

"အမေကြီးကို ပြောလို့ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



မညိုက ဆရာဝန်ကိုမေးလိုက်သည်။ ဆရာဝန်က. . .

"ပြောလိုက်ပါ၊ ငိုရှုံ့ကလွဲပြီး ဘွားထားက သိပ်ပြီးခံစ
နိုင်မှာ မဟုတ်ပါဘူး"

ဘဝက. . .

"အလောင်းကို ဒီမှာပဲထားမလား၊ ကျွန်တော်ရပ်ကွ
လူကြီးတွေကို သွားအကြောင်းကြားပေးပါ့မယ်၊ သေစာရင်းရေ
ဘာတွေလဲ တစ်ခါတည်းစီစဉ်ထားပါ့မယ်"

"အေးကွာ. . . ညီလေးပဲ ဝိုင်းဝန်းကြည့်လုပ်ပေးပါ
အစ်ကိုလဲ ဝိုင်းလုပ်ပါ့မယ်"

နွယ်လေးသည် ဘာမှမသိ၊ ပြူးတူးကြောင်တောင်န
ကြည့်နေသည်။ မညိုက. . .

"ဒီမှာပဲထားမလားတဲ့ နွယ်လေး"

"မထားတော့ပါဘူး၊ ဘွားဘွားက တစ်ခုခုလုပ်မှာစိုး
ရတယ်"

"ဒါဖြင့်လဲ အလောင်းကို ရေချိုးထားလိုက်ပါ၊ ကို
အသုဘယာဉ် သွားငှားလိုက်ဦးမယ်၊ ညီလေးက ရပ်ကွက်
အကြောင်းကြားပြီး သေစာရင်းယူဖို့တွေဘာတွေ လုပ်ပေ
ရော့. . . ဒါက ကိုယ့်လက်မှတ်နဲ့ သေဆုံးကြောင်းရောဂါမှ
တမ်း"

မိသားစုဆရာဝန် ဖြစ်နေသဖြင့် အစအဆုံး စီစဉ်
လေသည်။ ဘဝက. . .

"ဒါဖြင့် ကျွန်တော်သွားလိုက်မယ်"

နွယ်လေးအား ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ နွ





လေးသိပါသည်။ ဘဝ၏မျက်လုံးများသည် အားအင်အပြည့်ရှိသောမျက်လုံးများဖြစ်ပြီး အားပေးတတ်သော နှစ်သိမ့်မှုပေးသော မျက်လုံးများ ဖြစ်သည်။

ဘဝ နွယ်လေးတို့ကိုထားပြီး ထွက်ခဲ့ရသည်။ စိတ်ကဖြောင့်သဖြင့် အိမ်သို့အရင်ပြန်ကာ ဒေါ်သရဖီကို အကျိုးအကြောင်းပြောပြသည်။

ဒေါ်သရဖီက . . .

"မမညနဲ့ ကိုဒေး သွားလိုက်ပါ၊ ကျွန်မတို့ ဒီမှာ နိုင်နင်းအောင်လုပ်လိုက်ပါ့မယ်"


ဆိုသဖြင့် ဘဝ စိတ်ချသွားသည်။ ဘာပဲ ပြောပြော ဒေးသည်လည်း နွယ်လေးအပေါ်၌ အကောင်းဆုံးသော နှစ်သိမ့်မှုတစ်ခု ပေးနိုင်လိမ့်မယ်ဟု သူယုံကြည်သည်။

အိမ်သို့ဆွမ်းကျွေးလာသော ရပ်ကွက်လူကြီးများမှတစ်ဆင့် ဘဝသည် နွယ်လေးမိခင်အလောင်း သင်္ဂြိုဟ်ရေးအတွက် ဆိုင်ကယ်တစ်စီးဖြင့် ပြေးလွှားလုပ်ရှားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၂ )

ရက်မလည်မချင်း နွယ်လေးတို့ အိမ်ရှေ့ပေါ်တီကိုနှင့် ဆက်ကာ ကနားဖျင်းထိုးပြီး ဖဲယ်တောက်ခြင်း၊ ကျားထိုးခြင်း တို့ပြုလုပ်ကာ ရပ်ကွက်လူငယ်များက မီးအလင်းထိစောင့်ရှောက် ပေးကြသည်။ နွယ်လေး၏ ဝိုင်းသူငယ်ချင်းများနှင့် ဆိုင်အလုပ် သမားများကလည်း လာအိပ်ပေးသဖြင့် လူစည်ကားခဲ့လေသည်။

ဒေါ်ခင်ထားနွယ်မှာ သူငယ်ပြန်နေသူဖြစ်သဖြင့် သမီး သေဆုံးသွားခြင်းကို မေ့လျော့ကာ လူများသည်ကိုကြည့်၍ ပျော်





နှင့်ပြီး ညဘက်မအိပ်ဘဲ စကားလိုက်ပြောလျက် ရှိသည်။

နွယ်လေးအတွက် ဖြေသာပါသည်။ ဤပတ်ဝန်းကျင်လို နေရာမျိုးသည် ကိုယ့်ဝင်းကိုယ့်ခြံနှင့် သီးခြားနေတတ်သည်ဖြစ် ရာ ယခုလိုကိစ္စမျိုး၌ ကိုယ်နှင့်မဆိုင်သကဲ့သို့ နေလိမ့်မည်ထင် ထားခဲ့သည်။ ယခုတော့ ဘဝတို့ မေဒေးတို့၏ လှုပ်ရှားပေးမှုက လည်း ပါသည်။ သူတို့အိမ်တက်လုပ်ချိန်၌ ရပ်ကွက်လူကြီးနှင့် တစ်ခြံဝင် တစ်ခြံထွက် ဖိတ်ထားသကဲ့သို့ နွယ်လေးမိခင် အသုဘ ကိုလည်း ထိုကဲ့သို့ပင်။

နွယ်လေး ယခုမှ အရပ်ကောင်း၍ အလောင်းလှသည် ဆိုသည့် အဓိပ္ပာယ်ကို သဘောပေါက်မိသည်။

"နွယ်လေး မအိပ်သေးဘူးလား"

မေဒေးက သူစာကျက်ချိန်ပြီးသည်နှင့် ဤခြံဘက်သို့ နှစ်ခြံကြား အရေးပေါ် ဖောက်လုပ်လိုက်သော မလွယ်ပေါက်မှ ကူးလာပြီး ညလာအိပ်ပေးလေ့ရှိသည်။

"ဟင့်အင်း"

"အိပ်လိုက်ပါလား"

"မအိပ်ချင်ပါဘူး"

"စာကော ကျက်ဖြစ်ရဲ့လား"

"ဘယ်ကျက်ဖြစ်မှာလဲ ကိုဒေးရယ်၊ သန်ဘက်ခါရက် လည်ပြီးမှပဲ ပြန်စတော့မယ်နော်"

"စလိုက်တာ ကောင်းပါတယ်၊ စာထဲ အာရုံရောက်သွား တော့ အပြောင်းအလဲ ဖြစ်တာပေါ့"

"အင်း ကျွန်မစဉ်းစားမိတာ တစ်ခုရှိတယ်၊ ရက်လည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဒီအိမ်ကြီးဟာ ခြောက်သွေ့သွားတော့မှာပေါ့နော်"

"ဒါက သဘာဝပဲလေ၊ သူငယ်ချင်းတွေ စုပြီးစာကျက်လို့ ရအောင် ကင့်သွင်းထားလိုက်လေ၊ ဒီလိုဆိုရင် ကိုဒေးတို့ပါ စာကျက်ရင်း လာအိပ်ပေးလို့ဖြစ်ပါတယ်"

"ကျွန်မ နေရဲပါတယ်၊ ကိုဒေးတို့အပါအဝင် ရပ်ကွက်ကိုလဲ ကျွန်မ အထူးကျေးဇူးတင်ပါတယ်၊ အစကကိုယ့်မိသားစု အားနည်းချက်ကို ဖုံးကွယ်ချင်လို့ ပတ်ဝန်းကျင်ကို အရေးမစိုက်သလို နေခဲ့မိတာ နောင်တရမိတယ်၊ တကယ်တော့ အရေးကြုံလာရင် ကူညီတတ်ကြတာ ကျွန်မတို့မြန်မာလူမျိုးတွေရဲ့ ချစ်စရာ စရိုက်တစ်ခုပါလားလို့ တွေးမိပြီးဖြေသာပါတယ်"

"တော်သေးတာပေါ့၊ ကိုယ်က နွယ်လေး တော်တော် ခံစားရလိမ့်မယ်လို့ ထင်နေတာ"

ဘဝတို့နှင့် မလှမ်းမကမ်း၌ နွယ်လေးနှင့် မေဒေးတို့ ထိုင်နေကြသည်။ ဘွား ဒေါ်ခင်ထားနွယ်က စူးစူးစမ်းစမ်းကြည့်နေသည်။ မညိုနှင့် ဒေါ်နှင်းဥ၊ နွယ်လေး၏ ဆိုင်ဝန်ထမ်းများကလည်း လက်ဖက်သုပ်စားရင်း ဗီဒီယိုမင်းသား၊ မင်းသမီးများ အကြောင်း ဝေဖန်ရေး၊ ကြားသမျှ သတင်းများကို ဖောက်သည်ချရေး လုပ်နေကြသည်။

"ကျွန်မ ခံစားရတာ မေမေရှင်လျက်နဲ့ သေနေရတဲ့ ကိုမာရောဂါဆိုတဲ့ ဝေဒနာဆိုးကြီးကို စတင်ဖြစ်ပေါ်ကတည်းက ပါ၊ ကိုဒေး စဉ်းစားကြည့်လေ၊ စားလို့ စားမှန်းမသိ၊ အိပ်လို့ အိပ်မှန်းလဲမသိရ၊ လူသေနဲ့မခြား အိပ်ရာပေါ်မှာ မေ့မြောနေတဲ့ မိခင်ကိုကြည့်ပြီး ကျွန်မခံစားခဲ့ရတယ်၊ ဒါတွေကို ဖြေဖျောက်ဖို့





ကျွန်မအတွက် အကောင်းဆုံးဆေးဟာ ဘုရားပဲ၊ ရိပ်သာတွေဝင် တရားထိုင်၊ ကြာကြာလဲ မထိုင်နိုင်ပါဘူး၊ နောက်ဆံတင်းပြီး ပြန်ထွက်၊ အိမ်မှာပဲအလေ့အကျင့်လုပ်၊ မနက်တိုင်း ဘုရားရှိခိုး မေတ္တာပို့ အမျှဝေဆုတောင်းပြီး နာရီဝက်လောက်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ခဲ့ရတယ်၊ ဒါကြောင့် ကျွန်မအခု အလူးအလဲ မဖြစ်တော့ဘူးပေါ့"

ဘဝ နံနက်စောစော ကြားခဲ့ရသည့် ကြေးစည်သံလေးမှာ နွယ်လေး၏ အမျှဝေသံပါလားဟု ယခုမှ သိရှိလိုက်လေသည်။

"ဒါထက် ကိုယ်မေးရင် နွယ်လေးစိတ်ဆိုးမှာလား၊ စိတ်မဆိုးဘူးဆိုရင် ကိုယ်မေးချင်တယ်"

"ဘာလဲ၊ ဖေဖေ့အကြောင်းလား ကိုဒေး"

မေဒေး နွယ်လေးကို အံ့အားသင့်သွားသည်။

"ဟုတ်တယ်၊ သူဘာဖြစ်လို့ မလာတာလဲ"

"ကျွန်မဆီကို ဖုန်းဆက်ပါတယ်၊ သူလာနေဖို့ လိုမလို"

နွယ်လေးသည် ခံစားခြင်းကင်းမဲ့စွာဖြင့် မိမိနှင့်ပတ်သက်ခြင်းမရှိသော လူတစ်ယောက်အကြောင်းကို ပြောနေသည့်အလား အေးဆေးစွာ ပြောနေလေသည်။

"ကျွန်မက ပြောလိုက်ပါတယ်၊ သေသွားပြီးမှတော့ ဘာမှမထူးတော့ပါဘူး၊ လာနေပေးဖို့ မလိုပါဘူး၊ ဖေဖေ မေမေရဲ့ နောက်ဆုံးခရီးကို ပို့ချင်တယ်ဆိုရင်တော့ ပို့နိုင်ပါတယ်လို့ပဲ ပြောလိုက်တယ်"

"ဩော် နွယ်လေးကို လာနှုတ်ဆက်တဲ့ အသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထောင်မောင်းမောင်းနဲ့လူ ထင်တယ်၊ နွယ်လေးနဲ့ ဆင်တယ်"

"ဟုတ်ကဲ့၊ ကျွန်မကို အဖေတူသမီးလို့ ပြောကြတာပဲ"

နွယ်လေး မျက်နှာသည် မိခင်သေဆုံးသွားသည့် နေ့မှစ၍ မျက်နှာပြင်တွင် ဘာမှလိမ်းခြယ်ထားခြင်း မရှိ၊ သို့သော် ဝင်းဝါသော သူမ၏အသားအရေမှာ မွတ်စင်ကာ ချောမောလှပလျက်ပင်။

"ရက်လည်ဆွမ်းကျွေးကော"

"လာချင်လာခဲ့နိုင်ပါတယ်. . ဖေဖေ့ သဘောပါလို့. . ကျွန်မပြောလိုက်ပါတယ်၊ ဒီမနက်ပဲ ဘုန်းကြီးဆယ်ပါးအတွက် သင်္ကန်းပရိက္ခရာဆယ်စုံ ပို့ခိုင်းလိုက်ပါတယ်၊ ကျွန်မလက်ခံလိုက်ပါတယ်၊ မေမေ့အပေါ်မှာ ဆယ့်ငါးနှစ်အထိ သစ္စာရှိရှိ ပေါင်းဖော်ခဲ့ဖူးတဲ့ ကာလအတွက် ထောက်ထားပြီး ကျွန်မဖြေနိုင် [illegible]ပါပြီ"

'သြော် နွယ်လေးရယ်' ဟု ဘဝက ရင်တွင်းမှ မြည်တမ်းလိုက်လေသည်။ မေဒေးကလည်း နွယ်လေးကို အားပေး သောအပြုံးဖြင့် ပြုံးကာ . . . .

"ကောင်းပါတယ် နွယ်လေး၊ မာန်မာနတွေ ကိုယ်မှာမရှိလေလေ ငြိမ်းချမ်းလေလေပါပဲ၊ စိတ်အေးချမ်းမှုရရှိနိုင်ဖို့ဆိုတာ တော်ရုံလူတွေ မလုပ်နိုင်တဲ့ ကိစ္စတစ်ခုပဲ"

ဘဝက မေဒေးကို အတော်အံ့သြမိသည်။ တော်တော်ပြောင်းလဲလာပါလား။ အတွေးအခေါ်တွေ ရင့်ကျက်လာပြီး သည်ကြားထဲ မရင့်ကျက်ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားချင်သည်





မှာ မိမိပါလား။

စိတ်လျှော့ကာ ပေးဆပ်မှုတစ်ခုအတွက် မိမိနှလုံးသားကို ပေးဆပ်ပြီးကာမှ ဘာများတွေဝေနေချင်ရသနည်း။ ဘာများတုန့်လှုပ်ချင်ရသနည်း။

"ဟေး. . ငါပြောတာ မဟုတ်လား၊ မင်းပဲနိုင်မှာပါလို့"

ဘဝက ပြုံးလိုက်လေသည်၊ နိုင်သောငွေများကို ဘွားဒေါ်ခင်ထားနွယ်လက်ထဲသို့ ထည့်ပေးလိုက်လေသည်။


ဘဝက မေဒေးတို့ဘက် လှည့်အကြည့် နွယ်လေးနှင့် မျက်လုံးချင်း ဆုံမိသည်။ နွယ်လေးကို မလုံမလဲ ပြုံးပြလိုက်သည်။

မိမိအား လောင်းကစားသမားဟု နွယ်လေးအထင်သေးသွားမှာကို စိုးကြောက်သလိုတော့ ဖြစ်မိသည်။ သို့သော် ချက်ချင်းပင် အထင်သေးသွားပါစေ၊ မုန်းသွားပါစေ၊ ဒါမှ ပိုကောင်းသည်ဟု တွေးလိုက်မိပြီး မျက်လုံးကို လွှဲလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၃ )

ရက်လည်ဆွမ်းကျွေးပြီးသွားချိန်၌ မီးဖိုချောင် အိုးခွက်ပန်းကန် သိမ်းသူများမှအပ အိမ်ရှေ့ဘက် ကနားဖျင်း ဖျက်သိမ်းပြီး ကုလားထိုင် စားပွဲများကို ပြန်ပို့သော ယောကျ်ားလေးအုပ်စုလည်း မရှိတော့သဖြင့် ခြောက်သွေ့သွားလေသည်။

"နွယ်လေးရေ"

"ရှင်. . ဘွားဘွား"

"ပျင်းစရာကြီးဟယ်၊ ဘ၀လေးကော ဘ၀လေးကိုခေါ်





ပေး"

"သြော် ဘွားဘွားကလဲ ကုလားထိုင်တွေ ပြန်ပို့ပါတယ်ဆို"

"ဘာဖြစ်လို့ ပြန်ပို့ခိုင်းရတာလဲ၊ ငါ ကစားဦးမယ်လေ"

"ကစားတာပေါ့ ဘွားဘွားရယ်၊ အိမ်ထဲမှာ ကစားလို့လဲ ရတယ်၊ ဘွားဘွားနဲ့ကျွန်မ ဒိုးဆက်ကစားမယ်လေ"

"ပိုက်ဆံကြေးလား"

"အင်းပါ"

နွယ်လေး ဘွားအေ ကျေနပ်စေရန် ဒိုးဆက် ဆက်ရာ၌ အလျှော့ပေးပြီး အနိုင်ပေး ကစားပေးရလေသည်။ ဘွားဒေါ်ခင်ထားနွယ်မှာ ကျေနပ်နေလေသည်။

"ငါ့မြေးဖြစ်ပြီး နင်က တော်တော်ညံ့တာပဲ နွယ်လေးရယ်၊ ခင်ခင်လေးလဲ မညံ့ပါဘူး၊ နင်ညံ့တာ ဟိုကောင်နဲ့တူလို့ပဲဖြစ်မယ်"

"ကောင်းတယ်. . ကျွန်မက အဘွားနဲ့ ကစားတာမို့လို့ တမင်လက်လျှော့ပြီး ကစားတာ"

"အောင်မယ်လေးတော် ကိုယ်ညံ့ရင် ညံ့တယ်ပေါ့၊ ကျုပ်ကို အလျှော့မပေးပါနဲ့၊ ကျုပ်တို့က ဘယ်သူ့ကိုမဆို အနိုင်ယူခဲ့တာ"

ဘွား ဒေါ်ခင်ထားနွယ်ကိုကြည့်ပြီး နွယ်လေး စိတ်ရှုပ်ရသည်။ မိခင်အတွက်တော့ နွယ်လေး တာဝန်ကျေခဲ့ရဲ့လားဟု နွယ်လေးစဉ်းစားမိသည်။

နောက်ဆုံးအချိန်အထိတော့ ဆရာဝန်ညွှန်ကြားချက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဆေးမပြတ် သွင်းနိုင်ခဲ့သည်။ နားလည်တတ်ကျွမ်းသော သူနာပြုများကိုလည်း နေ့တစ်ယောက် ညတစ်ယောက် ဂျူတီ ချထားပေးနိုင်ခဲ့သည်။

မျက်စိဖွင့်ခြင်း ပိတ်ခြင်းမှလွဲ၍ ကျန်အမှုကိစ္စများကို မပြုလုပ်နိုင်သော မိခင်သည် နောက်ဆုံးနေ့၌ သွေးပေါင်တအား ကျဆင်းပြီး မျက်စိလုံးဝမမှိတ်ဘဲ တစ်စုံတစ်ယောက်ကို ရှာဖွေနေသည်ဟု နွယ်လေး ထင်မြင်မိသည်။

ဘွား ဒေါ်ခင်ထားနွယ်ကိုတော့ မခေါ်ရဲချေ။ သူမကို ခေါ်လိုက်ပါက 'အိုအေ. . . ကျုပ်သမီး နှာခေါင်းထဲ ပိုက်ထည့်ထားတော့ နာမှာပေါ့၊ ဖြုတ်. . ဖြုတ်. . အခုဖြုတ်'ဟု ဆိုကာ ဆွဲဖြုတ်ဖို့ ကြိုးစားဦးမည်။ 'အိပ်ရာထဲ မညောင်းဘူးလား ထထ၊ အမေနဲ့ လမ်းလျှောက်မယ်' ဟုဆိုကာ တွဲထူဖို့ ကြိုးစားခဲ့ဖူးသည်။ ထို့ကြောင့် ဘွား ဒေါ်ခင်ထားနွယ်ကို အောက်ထပ်၌ ခွဲထားပြီး အပေါ်ထပ်သို့ ပေးမတက်ဘဲ အောက်ထပ်လှေကား တံခါးကို အမြဲတမ်းပိတ်ထားခဲ့ရသည်။

ထို့ကြောင့် အသုဘကိုလည်း အိမ်၌ပြင်မထားရဲ၊ ဘွား ဒေါ်ခင်ထားနွယ် ဘာလုပ်ဦးမည်ကို မပြောတတ်သဖြင့် နွယ်လေးသည် ရင်နာစွာဖြင့် စွန့်ပစ်ရမည့်အတူတူ ဆင်ခြင်ကာ အအေးတိုက်သို့ ပို့ဆောင်လိုက်ရခြင်းဖြစ်သည်။

"ဟဲ့. . ညည်းဟာက မှားနေပြီလေ၊ အဝါအဝါချင်း ဆက်ရမှာ ဘယ့်နှယ် အနီနဲ့ လက်ဆက်နေတာလဲ၊ အူကြောင်ကြောင်နဲ့"

"ဩော် ယောင်သွားလို့ ယောင်သွားလို့ ဘွားဘွားရေ"





"ဟွန်း ငယ်ငယ်ရွယ်ရွယ်နဲ့ အူကြောင်ကြောင် နိုင်လိုက်တာ လွန်ပါရော"

ဘွားအေ၏ ပွစိပွစိ စကားများကိုလည်း နွယ်လေး ရယ်မောပြီး ခွင့်လွှတ်လေသည်။ မညိုက . . .

"နွယ်လေး မနက်စာ ထမင်းတောင် မစားရသေးဘူး မဟုတ်လား၊ သွားစား သွားစား၊ ကျွန်မနဲ့ ဆက်ကစားမယ်"

"ဟဲ့ မယ်ညို၊ ညည်းက ကစားတတ်လို့လား"

"ကစားတတ်ပါတယ် ဘွားဘွားရဲ့"

မညိုက နွယ်လေးကို မျက်ရိပ်ပြကာ နှင်ထုတ်လိုက်သည်။ နွယ်လေး နားချင်နားပါတော့ဆိုသည့် သဘောမျိုးဖြစ်သည်။ နွယ်လေးကလည်း မညို၏ စေတနာကို အသိအမှတ်ပြုကာ ထွက်ခဲ့လေသည်။

"ဟုတ်မှလဲလုပ်ပါ မယ်ညိုရယ်၊ မကစားတတ်တဲ့လူနဲ့ ကစားရတာ လက်ပျက်တယ်အေ့၊ ဟဲ့ မိကျည်းတန်၊ ကျုပ်ကို ရေနွေးကြမ်းလေးနဲ့ လက်ဖက်ပွဲလေး ချပေးပါဦး၊ တကတဲမှ ဧည့်သည်တွေ မရှိတော့တာနဲ့ စားစရာပါ မချပေးတော့ဘူး၊ တော်တော်ဟုတ်တဲ့ ဟာမတွေ"

နွယ်လေး နောက်ပါးသို့ ဘွားဒေါ်ခင်ထားနွယ်၏ အသံက ကပ်ငြိလိုက်ပါလာသေးသည်။

"ဟင်. . . ဒေါ်လေးဥ၊ မပြန်သေးဘူးလား"

"အင်း. . . ပြန်တော့ပြန်မယ်၊ ဒါပေမယ့် ညလာအိပ်ပေးဦးမယ်၊ သူငယ်ချင်းတွေလဲ ပြန်ကုန်ပြီဆိုတော့. . ."

"ကျေးဇူးတင်ပါတယ် ဒေါ်လေးဥရယ်၊ ဒီတစ်ညတော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်၊ ဘွားဘွားက သိတဲ့အတိုင်းပဲ လူများရာက နည်းသွားတော့ ဂဏှိဂဏျောင်နည်းနည်းများနေလို့"

"ဉပုသ်စောင့်တရား ထိုင်မလုပ်ဘူးလား"

"အရင်တုန်းကတော့ လုပ်တာပဲ၊ အခုမလုပ်ချင်တော့ဘူး၊ ညောင်းတယ်လေးဘာလေးဖြစ်လာပြီး ဗိုက်ဆာတယ် ဘာညာပေါ့"

"တရားခွေလေး ဘာလေးဖွင့်ပေးရင်ကော"

"ဖွင့်ပေးတော့ နားငြီးတယ်၊ ဒါတွေ ငါသိပြီးသားပါဆိုလို့ ဖွင့်မပေးရဲဘူး၊ မေမေဆုံးခါနီးတုန်းကတောင် မညြကတရားခွေလေး ဖွင့်ပေးလိုက်သေးတယ်၊ အဲ့ဒီအခါမှ သူရှာနေတဲ့ မျက်လုံးမျက်ဆန်က ငြိမ်သက်သွားတယ်၊ ကျွန်မအတွက်အိမ်မက်ဆိုးကြီးမက်နေသလိုပါပဲ ဒေါ်လေးဉရယ်"

ဒေါ်နှင်းဉက နွယ်လေးကို ကရုဏာသက်သော မျက်လုံးအစုံဖြင့် ငေးကြည့်ရင်း. . .

"ပြီးခဲ့တာတွေပြီးခဲ့ပြီပဲ သမီးရယ်၊ ကိုယ်ကရှေ့လျှောက်လူလုပ်ဖို့ အများကြီးလိုသေးတာ၊ ဒီတော့ စာကြိုးစား၊ အလုပ်ရော လဲ စားနိုင်သောက်နိုင်ရှိပဲ ကြိုးစား၊ မှန်တမ်းပေါ့ ကလေးရယ်လောဘတကြီး ရှာဖွေနေစရာမလိုတော့ပါဘူးလို့ ဒေါ်ဉထင်တယ်"

"ဟုတ်ကဲ့ပါ၊ အစက မေမေ့အတွက် စရိတ်ကရှိသေးလို့ပါ၊ ခု ကျွန်မလဲ စဉ်းစားထားပါတယ်၊ မှန်တမ်းပဲ အလုပ်လုပ်သွားတော့မယ်၊ စာလဲကြိုးစားတော့မယ်"





"ကောင်းပါတယ် ကလေးရယ်၊ မိဘကိုအရွယ်နဲ့မလိုက်အောင်ပြုစုလိုက်နိုင်တဲ့ နွယ်လေး၊ ဘယ်တော့မှ ဒုက္ခအကြီးအကျယ်မတွေ့နိုင်ဘူး၊ ကူညီမယ့်သူ မ,စမယ့်သူတွေ ပေါ်မှာပါ၊ ကိုင်း. . . ဒေါ်လေး ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ. . . ဒေါ်လေး"

ဒေါ်နှင်းဉလည်း နွယ်လေးကို နောက်ဆံတင်းစွာဖြင့်ထားရစ်ခဲ့ပြီး ပြန်သွားလေသည်။ မီးဖိုချောင်၌ ညနေစာအတွက်တိုယ်တိုင်ချက်ပြုတ်နေသော ဒေါ်သရဖီက. . .

"အစ်မဉကလဲ ချက်ချင်းပြန်လာလို့ ကောင်းပါ့မလား၊ အသားကျသွားတဲ့အထိ နေပေးလိုက်ပါဦးလား"

"အင်းပါ. . ဖိဖိရယ်၊ ညကျရင် ပြန်အိပ်ပေးမှာပါ၊ နွယ်လေးက အာဂမိန်းကလေးပဲ၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ပုံရတယ်"

"အင်းပါ. . . ဘာပဲဖြစ်ဖြစ်၊ ကျွန်မတို့မှာ ကူညီရမယ့်ဝတ္တရားရှိတယ်၊ လိုအပ်နေတဲ့ နေရာမှာ ကူညီရတော့ ပိုကုသိုလ်ရတယ်၊ ညဘက်အစ်မဉသွားရင် ကျွန်မလဲလိုက်ဦးမယ်"

"ဘာချက်နေတာလဲ၊ မဉချက်မယ် ဖိဖိနားတော့"

"မဟုတ်တာ အစ်မဉကလဲ၊ ကျွန်မက ဘာအလုပ်ရှိလို့ ငင်ပန်းပြီး နားရမှာလဲ၊ အစ်မဉသာ သွားနားပါ၊ ဒီညနေ ကျွန်မသက်ရာ စားလိုက်ဦး၊ ဒါထက် လူလေးကိုလဲ သတိပေးဦးနော်၊ အပျော်ဆိုပြီး ပိုကာဒေါင်းတာ ကြည့်လိုက်ရင် သူချည်းပဲ နိုင်နေတာပဲ၊ တော်ကြာ စွဲသွားဦးမယ်"

"အင်းပါ မဉလဲ ဆုံးမပါ့မယ်၊ ဒါပေမယ့် ဖိဖိတို့လဲ ပင်ဆောနဲ့ဦး၊ ကြုံကြိုက်တုန်း ပြောပါဦး၊ ဘဝက ခေါင်းကူ ခပ်



www.burmeseclassic.com

www.burmeseclassic.com



မာမာရယ်"

"ဟုတ်တယ်နော်၊ ကိုဒေးက အပျော့စွဲလေး၊ လူလေးက ဂျစ်ကန်ကန် မာကျောကျောလေး၊ ဒါပေမယ့် ဉာဏ်သိပ်ကောင်းတော့ ကစားလဲ နိုင်တယ်ထင်ပါရဲ့"

ဒေါ်သရဖီတို့ကလည်း ဘဝအပေါ်၌ သံယောဇဉ်ကြီးကြသည်။ ဒေါ်နှင်းဥက မနေတတ်ဘဲ ဒေါ်သရဖီ လုပ်နေသည်ကို ဝိုင်းဝန်းကူညီပေးလေသည်။

ဘဝနှင့် မေဒေးပြန်လာကြသည်။ စားပွဲ၊ ကုလားထိုင်များကို ပြန်ပို့ပြီး ပြန်လာခြင်းဖြစ်သည်။ ဘဝက ရေတစ်ခွက်အဝသောက်ပြီး. . .

"ကျွန်တော် သွားအိပ်တော့မယ်၊ ညနေ ငါးနာရီရောက်ရင် မေမေ ကျွန်တော့်ကို လာနှိုးပေးပါ၊ ကျွန်တော်ထမင်းစားပြီး ဘဘရုံးကို လိုက်သွားလိုက်ဦးမယ်"

"အေး. . အေး"

ဒေါ်သရဖီက မနေသာဘဲ . . .

"ဒီနေ့တစ်နေ့နဲ့ မထူးပါဘူး လူလေးရယ်၊ နားလိုက်ပါလား"

"တစ်နေ့ဆိုတာလဲ တန်ဖိုးရှိပါတယ် ကြီးကြီး"

ဟု ဘဝကပြောပြီး သူတို့အိမ်ဘက်သို့ ကူးသွားလေသည်။ မေဒေးလည်း. . .

"သားလဲ အိပ်တော့မယ်၊ သားကိုတော့ ခြောက်နာရီမှ နှိုး မေမေ"

ဟု ပြောကာ အပေါ်ထပ်သို့ တက်သွားလေသည်။





သားနှစ်ယောက် ပျောက်ကွယ်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ခဲ့သော အမေနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း ( ၂၄ )

အချိန်တို့သည် တရွေ့ရွေ့နှင့် ငါးနှစ်တာကာလသို့ ဖြတ်ကျော်လာခဲ့လေပြီ။ နွယ်လေးပင်လျှင် စီးပွားရေးဘာသာ အထူးပြုနှင့် နောက်ဆုံးနှစ် ဖြေပြီးသွားလေပြီ။

မေဒေးက စက်မှုတက္ကသိုလ် စတုတ္ထနှစ်ဖြေပြီးသွားလေပြီ။ ဘဝက အဝေးသင်တက္ကသိုလ်မှ ဒဿနိကဗေဒအထူးပြုနှင့် ဘွဲ့ရပြီးပြီဖြစ်သည်။

ထို့အပြင် "ဘဝဆောက်လုပ်ရေး" ဟု ကုမ္ပဏီအသစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် အစဖျိုးကာ လုပ်ကိုင်ရင်း တစ်ဖက်ကလည်း "မေဒေး ဆောက်လုပ်ရေး"ကို ကူညီပေးလျက်ရှိနေရာ မေဒေးကိုပါ အလုပ်သင်ပေးရင်း လက်တွဲခေါ်လျက်ရှိသည်။

မြင်ပရုပ်အခြေအနေတွေ တိုးတက်ပြောင်းလဲလာသော်လည်း အတွင်းအခြေအနေမှာ ပြောင်းလဲမှုမရှိကြသေးချေ။

မေဒေးနှင့်နွယ်လေးသည် သူငယ်ချင်းကဲ့သို့ပင် မောင်နှမကဲ့သို့ ရင်းရင်းနှီးနှီးပင် ပြောဆိုဆက်ဆံ သွားလာနေထိုင်စမြဲပင်။

ဘဝနှင့်နွယ်လေးမှာ မလွဲမရှောင်သာ၍ ဆုံတွေ့ကြသည့်အခါ မေးထူးခေါ်ပြော အဆင့်ထက်ပို၍ ထူးခြားမှုမရှိကြသေး။

အသက်ရှစ်ဆယ့်ငါးနှစ်ကျော်လာသော်လည်း ဘွားဒေါ်ခင်ထားနွယ်မှာ ဒေါင်ဒေါင်မြည်လျက်ပင် ရှိသေးသည်။ သို့သော် တစ်ခါတစ်ရံ သတိကောင်းကာ နွယ်လေးနှင့်မညိုကိုခေါ်၍ အေးအေးဆေးဆေး စကားပြောတက်လေသည်။

သည်နေ့ပြောသော စကားက နွယ်လေး၏ ငြိမ်သက်နေသော နှလုံးသားရေပြင်ကို ခွဲချလိုက်သည့်စကားမျိုး ဖြစ်နေသည်။

"နွယ်လေး ညည်းကို ဘွားဘွား တစ်ခုပြောရဦးမယ်"

"ဘာများလဲ ဘွားဘွားရဲ့"

"အမေ့ခြေရာကို ညည်းနင်းသင့်တာပဲနင်း၊ မနင်းသင့်တာကို မနင်းမိစေနဲ့နော်"

"ဘွားဘွားစကားက ထူးဆန်းလှချည်လား"





မညိုကလည်း နွယ်လေးကို မျက်စပစ်ပြလိုက်သည်။ သူကတော့ ဒေါ်ခင်ထားနွယ်၏ ဆိုလိုရင်းကို ချက်ချင်းသဘောပေါက်၍ ဖြစ်သည်။ နွယ်လေးကတော့ သဘောမပေါက်ချေ။

"အောင်မလေး မယ်မင်းကြီးမရယ်၊ မသိချင်ဟန်ဆောင်မနေပါနဲ့၊ ညည်းအမေရဲ့ စီးပွားရေးစွမ်းဆောင်နိုင်တဲ့ ခြေရာမျိုးကိုတော့ ညည်းနင်းပါ၊ ဘာမဟုတ်တဲ့မျိုးရိုးက ပေါက်ဖွားလာ ယောကျ်ားမျိုးကို ယူမိတဲ့ခြေရာတော့ ညည်းမနင်းမိပါစေနဲ့လို့ ပြောတာပေါ့"

ထိုအခါကျမှ နွယ်လေးသဘောပေါက်မိသည်။ နွယ်လေးကို ဘဝနှင့်သဘောမတူဘူးဟု ပြောလိုက်ခြင်း ဖြစ်သည်ဟုပင်။

နွယ်လေးက မရယ်ချင်ရယ်ချင် ရယ်လိုက်သည်။

"ဘွားဘွားက 'ဆင်ဝန်ကတော် ကြောင့်ကြကြီး'နေပြန်ပြီ၊ ဘွားဘွား ဘဝက နွယ်လေးကို ရည်းစားစကားပြောရင်လေ နွယ်လေးလည်တောင် အဖြတ်ခံရဲသေးတယ် သိလား"

နွယ်လေးက ဘဝ၏ ခပ်တန်းတန်း အနေအထားကို သတိရကာ ပြောလိုက်ခြင်း ဖြစ်သည်။

ဘဝသည် မိမိအား စိတ်ဝင်စားခြင်းရှိမရှိကို နွယ်လေးဆန်းစစ်ချင်တော့ပါ။ သို့သော် နွယ်လေး ဘဝကို ခြံစည်းရိုးအစပ်တွင် စတွေ့ချိန်က မြင်လိုက်ရသော မျက်လုံးများကိုမူ ယခုထက်တိုင် မမေ့မရသေးချေ။

အတိတ်ဘဝကတည်းက တမ်းတမ်းတတ ရှာဖွေခဲ့ရသောသူကို ဘွားခနဲ မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သောမျက်လုံး။

ဤမျက်လုံးကို ထိုနေ့ထိုအချိန်ကသာလျှင် တဒင်္ဂမြင်လိုက်ရပြီးနောက် ပျောက်ကွယ်သွားခဲ့သည်။

သို့သော် ဘဝ၏ နှုတ်ထွက်စကားတို့သည် မိမိအပေါ်၌ အစိမ်းရောင် ရောယှက်ပါဝင်သော်လည်း ဘဝ၏မျက်လုံးများက မိမိအပေါ်၌ အစိမ်းရောင်သန်းသော အကြည့်မပါဟု နွယ်လေး ယုံကြည်နေမိသည်။

"ဟော. . ဟော. . ကြည့်ပါလား မယ်ညို၊ ညည်းဟာမလေးကို တွေ့လား၊ ဘဝအကြောင်း စလိုက်တာနဲ့ စိတ်နဲ့ခန္ဓာ တခြားစီ ဖြစ်သွားလေသည်"

ဘွားဒေါ်ခင်ထားနွယ် အသံကြောင့် နွယ်လေး၏ အတွေးစ ပြတ်တောက်သွားလေသည်။

"ဘွားဘွားနော် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ နွယ်လေးမှာ နှလုံးသားရှိသလို ဦးနှောက်လဲရှိတယ်၊ ပြီးတော့ ဘဝပေးသင်ခန်းစာကလဲ ရှိနေတာပဲ၊ အရာရာကို စဉ်းစားချင့်ချိန်ပြီးမှ ဝေဖန်ဆုံးဖြတ်မှာပါ"

"အေးပါ မြေးရယ်၊ ဘွားဘွားတို့ မိန်းမသားတွေဆိုတာ ဆူးကျလဲဖက်၊ ဖက်ကျလဲဖက်ဆိုတော့ နာဘက်ကချည်းပဲ ဖြစ်နေလို့ စဉ်းစားနိုင်လေ ကောင်းလေပဲ၊ လင်ကုန်ရှုံး တစ်သက်မှောက်ရမယ့် အဖြစ်မျိုး ငါ့မြေး မရောက်စေချင်လို့ပါ"

နွယ်လေးသည် ဘွားအေဘား ကပ်ထိုင်လိုက်ပြီး တွဲကျနေသော လက်မောင်း အသားတွဲကို အသာကိုင်ကာ ဆော့လိုက်ရင်း. . .





"မြေးဘဝ ဒုက္ခမရောက်စေချင်ရင် ဘွားဘွားလဲ ခုလို အမြဲသတိရှိရှိနဲ့ သတိပေးနေပါလား ဘွားဘွားရယ်၊ မြေးကလေး ဘွားဘွားစကား အမြဲနားထောင်သွားမှာပေါ့"

ဘွားဒေါ်ခင်ထားနွယ် တွေဝေသွားသည်။ သူသတိလက်လွတ်ဖြင့် သူငယ်ပြန်ခဲ့သည်လား၊ သူငယ်ပြန်သည်ဆိုသည်မှာ သတိတရားမရှိသောသူတွေ ဖြစ်လေ့ဖြစ်ထရှိသော သူတွေ၏ အလုပ်ဟု သူနားလည်ထားပါလျက်. . .

ဘုရား ဘုရား အရွယ်အားဖြင့်ဆိုလျှင် သေမင်းတံခါးဝသို့ပင် ရောက်နေပြီဖြစ်နေသော မိမိသည် သေမင်းနှင့် စစ်ခင်းသည့်အခါ အနိုင်ယူရမည့်လက်နက်ကောင်းကိုပင် မေ့ထားမိပါလားဟု ဆင်ခြင်မိကာ. . .

"ကောင်းပြီမြေး၊ ဘွားဘွားမြေးကို သတိပေးနိုင်အောင် ဘွားဘွားကိုယ်တိုင် သတိရှိအောင် ကြိုးစားပါ့မယ်"

ဘွားဒေါ်ခင်ထားနွယ်၏ ပြောင်းလဲသွားသော မျက်နှာပြင်ကို နွယ်လေးအံ့အားသင့်စွာ အကဲခတ်လိုက်သည်။ တကယ်ပဲအမြဲတစေ သတိတရားရှိတော့မှာလား၊ ရှိသွားပါစေဟုလည်း ဆုတောင်းမိလိုက်လေသည်။

မညိုလည်း ငြိမ်သက်သွားသော ဘွားဒေါ်ခင်ထားနွယ်အား အကဲခတ်ပြီး. . .

"အမေကြီး. . . ကျွန်မနဲ့ ဒိုးဆက်ကစားရအောင်လေ"

"တော်ပြီ မယ်ညို၊ ငါမကစားချင်တော့ဘူး"

ဟု ပြောကာ ညင်သာစွာထ၍ သူမ၏ အိပ်ခန်းအတွင်းသို့ ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးက ဘွားအေကို အိမ်ခန်းတွင် ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိရာမှ သက်ပြင်း ချလိုက်ပြီး မညို ဘက်လှည့်ကာ မယုံတင်ံက် ယုံတစ်ဝက် မျက်နှာဖြင့်. . .

"မညို တကယ်လားဟင်၊ ဘွားဘွားသတိတရား ရှိသွားနိုင်ပြီလား"


"မသိနိုင်ဘူးလေ၊ ခုတလောတော့ အရင်ကလောတ် မဆိုးတော့တာတော့ သေချာတယ်"

နွယ်လေး လက်အုပ်ကလေး ရင်၌ချီကာ မျက်လုံးမှိတ်လိုက်ပြီး. . .

"ဘုရားသိကြားမလို့ ဘွားဘွားတကယ်ပဲ သတိတရားရှိပြီး သူငယ်ပြန်တဲ့ရောဂါ လုံးဝပျောက်ကင်းသွားပါစေ အရှင်ဘုရား" ဟု။







# အခန်း ( ၂၅ )

ဘဝသည် ကြေးစည်သံ လွင်လွင်လေးကို ကြားလိုက်ရသည်နှင့် ဒိုက်ထိုးခြင်းကို ရပ်နားလိုက်သည်။

ဤကြေးစည်သံလေး ကြားလိုက်တိုင်း ဘဝ နွယ်လေး၏ အေးချမ်းသော မျက်နှာလေးကို ပြေး၍ မြင်ယောင်မိလေသည်။

နွယ်လေးနှင့် မေဒေးကလည်း တိုးတက်လာသော အခြေအနေမရှိ။ သည်ကြားထဲ မေဒေးက အေးစက်နေသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချစ်သည်လူ့ဘဝကို ပြောင်းလဲပစ်နိုင်စွမ်း ရှိလိမ့်မည်ဟု သူမထင်ထားခဲ့ပေ။ ယခုတော့ ပြောင်းလဲနေပြီ။ မေဒေးသည် အချစ်အတွက် ကြိုးစားနေသည်။ ကြိုးစားရင်း ဖခင်လုပ်ငန်းကိုပါ စိတ်ဝင်စားလာသော စီးပွားရေးလုပ်ငန်းကိုပါ ကြိုးစားလာသည်။

ဘဝရေချိုးပြီး ထမင်းကြော်နှင့် ကော်ဖီကို စားသောက်စဉ် မေဒေးဝင်လာသည်။

"ဘဝ မင်းဘယ်သွားစရာရှိလဲ"

"ကုမ္ပဏီကိုပဲ သွားစရာရှိတယ်"

"ဒါဖြင့် မင်းကိုယ့်ကို ကျောင်းအကြိုအပို့ လုပ်ပေးရင်း ကားကို မင်းပဲယူသုံးထားလိုက်ကွာ၊ ရော့ ဒီမှာကိုယ့်အချိန်ဇယား"

"ဖြစ်ပါတယ်"

ဘဝက အံ့အားသင့်သွားသော်လည်း မေးမြန်းခြင်း မလုပ်တော့ဘဲ သူ့ဆိုင်ကယ်ကို သိမ်းလိုက်ပြီး မေဒေး၏ပါဂျဲရိုးကိုသာ ထုတ်လိုက်သည်။

မေဒေးက သူ့ဘေးတွင် ဝင်ထိုင်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲမသိဘူးကွာ၊ ကိုယ့်ခြေလက်တွေ မလှုပ်ရှားချင်ဘူး ညောင်းညာသလို ဖြစ်နေတယ်"

"ဟုတ်လား ကိုဒေး၊ ဆရာဝန်မပြကြည့်ဘူးလား"

"ဖြည်းဖြည်းပြတာပေါ့ကွာ၊ စာမေးပွဲကနီးနေတော့ ပြလိုက်ရင် ဆေးစစ်ဦး ဆေးသောက်ဦးနဲ့ လူကဆေးအရှိန်နဲ့ နုံးပြီး စာမကျက်နိုင်မှာလဲ စိုးရသေးတယ်"

"မဟုတ်သေးဘူးလေ ကိုဒေးရာ၊ ရောဂါဆိုတာ စတော်





လာကတည်းက ကုသလိုက်တော့ ကောင်းပါတယ်၊ ညနေ ကျောင်းကအပြန် ဆေးခန်းတစ်ခုခု ဝင်ပြရအောင်"

"ရပါတယ်ကွာ ဒီလောက်ထဲမဟုတ်ပါဘူး၊ ညည အိပ်မပျော်လို့ လူပင်ပန်းသလို ဖြစ်နေတာထင်တယ်"

ဘဝ ဘာမှထပ်မပြောတော့။ သို့သော် ညနေရောက်လျှင်တော့ ဘာပဲဖြစ်ဖြစ် ဆေးခန်းကို ဇွတ်ပြခိုင်းလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဘဝ"

"ပြောပါ ကိုဒေး"

"မင်း. . . နွယ်လေးကို ဘယ်လိုထင်သလဲ"

"ဘာကိုထင်ရမှာလဲ"

"သူ့ကို ကိုယ်ပရိုပိုစ်လုပ်ဖို့ ကြိုးစားလိုက်တိုင်း စကားရှောင်လွှဲနေတတ်လို့ ကိုယ့်အတွက် ခက်နေတယ်၊ အဲဒါ မင်းဘယ်လိုသဘောရသလဲ"

"ဒီလောက်တောင်ဖြစ်လှတာ ကြီးကြီးကို ဖွင့်ပြောပြီး သွားနားဖောက်လိုက်ပေါ့ကွာ"

"ဒီလိုဆို ကောင်းပါ့မလား၊ အဆင့်ကျော်သလိုများ ဖြစ်သွားမလား၊ ကိုယ့်စိတ်ထဲမှာ တစ်ခုခုကို သိနေသလို ဖြစ်နေတယ်"

"ဘာကိုလဲ ကိုဒေးရဲ့"

ဘဝ မေဒေးကို ငယ်စဉ်ကထက်ပို၍ တွယ်တာလာသည်။ မိမိကို ငယ်စဉ်ကတည်းကအလျှော့ပေးကာ အလိုလိုက်တတ်သော မေဒေးသည် ယခုပို၍ပင် မိမိအပေါ်၌ ကောင်းနေ

www.burmeseclassic.com



သည်။ သူ့အတွက် မိမိ၏ ပေးဆပ်မှုကို အရာရောက်စေချင်သည်။ မိမိ၏ ပေးဆပ်လိုက်ခြင်းကြောင့် သူပျော်ရွှင်စေချင်သည်။

"နွယ်လေး ကိုယ့်အပေါ်မှာ အဖြူရောင်သက်သက်နဲ့ ခင်မင်နေတယ်၊ သူ ကိုယ့်ကို မချစ်နိုင်ဘူးဆိုတာ ကိုယ်အတပ်သိနေသလိုပဲ"

ဘ၀သက်ပြင်းချလိုက်သည်။ အတန်ကြာမှ . . .

"စစ်မရောက်ခင် မြားကုန်လို့ဘယ်ဖြစ်မလဲ ကိုဒေးရာ တိတိကျကျသိရအောင် ဖွင့်ပြောကြည့်လိုက်ပါလား"

မေဒေးက တစ်သျှူးပေပါဖြင့် မျက်နှာကို သုတ်လိုက်၏ ချွေးများပြန်ကာ မောဟိုက်လာသည်။

"ကိုယ်ရင်ထဲ မောနေသလိုပဲ၊ ကိုယ်မပြောရဲဘူး"

"ဟာဗျာ . . . ကိုဒေးကလဲ၊ အရင်တုန်းက ကိုဒေး စိတ်ဓာတ်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲခဲ့သလို တွဲခဲ့တုန်းက ကိုဒေး ဘာတွေဘယ်လို ပြောခဲ့သလဲ၊ အဲဒီလိုမျိုး ပြောပါလားဗျာ"

"မတူဘူးလေ ဘ၀၊ အရင်တုန်းက အပျော်ကွ၊ နှုတ်ဖျားက ပြောတဲ့စကားတွေ၊ ခုဟာက နှလုံးသားက ပြောရမှာ၊ နှလုံးသား စကားပြောဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး"

"ကိုဒေးကလဲဗျာ၊ ဒီလိုဆို ကျွန်တော် အကြံမပေးတတ်တော့ဘူး"

ဘ၀ လက်လျှော့ရမလို ဖြစ်သွားသည်။

"ဘ၀ . . . ကိုယ် တစ်ခုတော့ စဉ်းစားမိတယ်"





"ပြောပါဦး"

"မင်းက ဘာလုပ်လုပ် ခပ်ရဲရဲ ပြတ်ပြတ်သားသား မဟုတ်လား၊ ဒီတော့ မင်းပဲ ငါ့ကိုယ်စားပြောပေးပါလား"

"ဗျာ . . ."

ဘ၀ အံ့သြခြင်း၊ တုန်လှုပ်ခြင်းတို့ ရောထွေးကာ ဗျာဟူသော အာမေဋိတ်ပင် ထွက်ပေါ်လာသည်။ မေဒေးက . . .

"လုပ်ပါကွာ"

ဘ၀ မေဒေးမျက်နှာကို ငဲ့စောင်းကြည့်လိုက်သည်။ မျက်နှာချောင်ကျကာ အရောင်ဖျော့နေသော မျက်လုံးများဖြင့် ဘ၀ကို အားကိုးတကြီး ငေးကြည့်နေသည်။

ဘ၀ပင့်သက်ရှိုက်လိုက်သည်။ အင်းလေ . . . ပေးဆပ်ခြင်းကို ပြည့်ပြည့်၀၀ အဆုံးစွန်အထိ ပေးဆပ်လိုက်တာပဲ ကောင်းပါသည်။

"အောင်သွယ်တော် ဖိုးရွှေလမင်း လုပ်ပေးရမယ်ဆိုပါတော့"

"ဖူးစာရေးနတ်မင်းလို့လဲ ပြောလို့ရသေးတယ်လေကွာ"

မေဒေးမျက်နှာလေး လန်းဆန်းသွားသည်ကို ကြည့်ပြီး ဘ၀ရင်ထဲ ပျော်မြူးသွားလေသည်။ ဘာပဲဖြစ်ဖြစ်မိမိအပေါ်၌ အနွံ့တာခံကာ အစ်ကိုရင်းတစ်ယောက်လိုကောင်းခဲ့သော မေဒေးပျော်လျှင် မိမိလည်းပျော်ရသည်။

စက်မှုတက္ကသိုလ်ရှေ့ ကားရပ်၍ရသောနေရာတွင် ရပ်ပေးလိုက်သည်။

"ဒီနေ့တော့ နှစ်နာရီခွဲလာကြိုနော် လူလေး . . . ဘိုင့်"



www.burmeseclassic.com

www.burmeseclassic.com




ဘဝက မေဒေးကားပေါ်မှ ဆင်းသွားသည်နှင့် ကားကို မောင်းထွက်ခဲ့လိုက်သည်။ မေဒေးကို ကြည့်ရသည်မှာ ခုတလော မလန်းဆန်းဘူးဟု သူထင်သည်။ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်။ စိတ်ညစ်ပြီး ဆေးဝါးတစ်ခုခုများ သုံးစွဲနေသလား။ နွယ်လေးအပေါ် စွဲလမ်းစိတ်ကို ဖြေဖျောက်ရန်အတွက် ထင်ရာများ စိုင်းနေလေရော့လား၊ မဖြစ်ချေဘူး။

သူ၏ကားကို သဇင်စတိုးဆိုင်ဘက်သို့ ဦးတည်လိုက်သည်။







# အခန်း ( ၂၆ )

နွယ်လေးသည် မိမိရှေ့၌ သာရပ်သော အရိပ်တစ်ခုကြောင့် ခေါင်းကို ညင်သာစွာ မော့ကြည့်လိုက်သည်။

"ဟင်. . ."

ဟူသော အမေဒိုက်သံ ရင်တွင်း မြည်ဟည်းသွားသည်။ သို့သော် သူ၏အံ့ဩတုန်လှုပ်မှုကို ပြင်ပသို့ ထွက်မသွားစေရန် ကွယ်လိုက်ပြီးမှ. . .

"ဘာကိစ္စရှိလို့လဲ ဘဝ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အားသလား"

"အားတာတော့ ဘယ်အားမလဲ၊ ဘဝမြင်တဲ့အတိုင်းပဲ"

"ကောင်းပြီလေ၊ မအားရင်လဲရတယ်။ ခင်ဗျားအားမယ့် အချိန်ကို ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ပါ။ ကျွန်တော်ချက်ချင်း လာခဲ့ပါမယ်"

"ကိစ္စရှိလို့လား"

"ရှိလို့ပေါ့ဗျာ"

ဟုပြောပြီး ဘဝ ချာခနဲလှည့်ထွက်သွားသည်။ ဘဝ၏ နောက်ကျောကိုကြည့်ပြီး နွယ်လေး. . .

"ဘဝ. . . ခဏနေဦး"

ဟု ဟန့်တားလိုစိတ်ကို မနည်းထိန်းချုပ်လိုက်ရသည်။

နေပါစေ. . . နှစ်နှင့်ချီ၍ စောင့်ထိန်းခဲ့ရသည့် ဣန္ဒြေ သိက္ခာတို့ကို တစ်ခဏတွင်းချင်း မဖျက်ဆီးပစ်နိုင်ချေ။

ပို၍ဆိုးသည့် ကိစ္စတစ်ခုကိုလည်း ဘဝပြုလုပ်သွားသေး သည်။ ထိုကိစ္စသည် သူ၏ဖုန်းနံပါတ်ကို တစ်ခါမှမပေးဘဲ မိမိ အား ဖုန်းဆက်လိုက်ပါဟု အပြတ်ပြောသွားခြင်းပင်ဖြစ်သည်။

အမှန်တကယ်တော့ ဘဝ၏ Business Card ကို မေမေ့ ထံမှတစ်ဆင့် ရရှိထားခြင်းကြောင့် သူ့ဖုန်းနံပါတ်ကို နွယ်လေး သိပါသည်။ သို့သော် မိမိက သူ့ထံသို့စ၍ ဖုန်းဆက်လိုက်လျှင် ဘဝ မိမိကို အထင်သေးသွားကောင်း သွားပေလိမ့်မည်။

ရှိပါစေတော့ဟုဆိုကာ ညနေစောင်းသည်အထိ နွယ် လေး ဖုန်းမဆက်ချေ။

သို့သော် တစ်နေ့လုံးလုပ်သမျှ စာရင်းဇယားတို့သည်





အမှားမှား အယွင်းယွင်း ဖြစ်နေလေသည်။

ည ရှစ်နာရီတွင် ထုံးစံအတိုင်း နွယ်လေးသည် ငွေနှင့် စာရင်းဇယားများကို ဦးတုတ်အား အပ်နှံပြီး ဆိုင်မှထွက် အလာ

"နွယ်လေး"

ဘဝသည် မိမိကားအနီး ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး ဟဲလ်မက်ကိုချွတ်ကာ လှမ်း၍ အသံပြုလိုက်သည်။

"ဪ. . . ဘဝ၊ ကျွန်မ မအားလို့"

"ရပါတယ်၊ ကျွန်တော်နားလည်ပါတယ်၊ ခုမှ နွယ်လေး အားမယ်ဆိုတာသိလို့ ကျွန်တော် တမင် ချိန်ကိုက်ပြီးလာခဲ့တာ ဆိုပါတော့"

ဘဝကို နွယ်လေး နားလည်ရခက်သွားသည်။

"ကျွန်တော် ဒီညစာ နွယ်လေးကို ကျွေးပါရစေ"

"ရှင်. . ."

ဘဝစကားသည် ရိုးရိုးရှင်းရှင်းနှင့် မြန်မာစကား ဖြစ် သော်လည်း နွယ်လေး နားမလည်နိုင်အောင် ဖြစ်သွားရ၏။ ညစာကျွေးမွေးခြင်းသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့တစ်ခု ဟုတ်နိုင်သည်ကတော့ သေချာသည်။ သို့သော် အများစုက တော့ တိုးတက်ခေတ်မီသော လူမှုဆက်ဆံရေး နယ်ပယ်တစ်ရပ် အဖြစ် ဓလေ့ထုံးစံတစ်ခုလို လက်ခံကျင့်သုံးနေကြပြီဖြစ်သည်။

မည်သို့ဆိုစေကာမူ နွယ်လေးကို ခေတ်မမီဘူးဟုဘဲ ပြောပြော နွယ်လေး လက်မခံနိုင်။ နွယ်လေးတစ်သက် စောင့် ထိန်းခဲ့သော ဣန္ဒြေသိက္ခာကို ထိခိုက်သွားနိုင်သည်။

"ဘာအတွက်ကျွေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးမေးခွန်းကြောင့် ဘဝ အံ့သြသွားရသည်။

"သက်သက်မဲ့ပါ၊ နွယ်လေးနဲ့စကားပြောစရာရှိလို့"

"ဒီလိုဆိုရင် မနက်ဖြန်နေ့လယ်ဘက် အိမ်ကိုလာခဲ့ပါ ဘဝ၊ ကျွန်မ ဆိုင်မထွက်ဘူး၊ ဥပုသ်နေ့ဖြစ်လို့ ဆိုင်ပိတ်ထား လို့ပါ"

ဘဝ နွယ်လေး၏မျက်ဝန်းကို စူးစူးစိုက်စိုက် ကြည့်လိုက် သည်။

နွယ်လေးကလည်း တုံ့ပြန်ကြည့်လိုက်သည်။ နွယ်လေး ၏ မျက်လုံးသည် စူးရှတောက်ပြောင်သော သမင်မျက်လုံးမျိုး ဖြစ်သည်။ သို့သော် သူမ၏မျက်ဝန်းသည် မာနတက်သော မျက်ဝန်းမဟုတ်။ မိမိကိုယ်မိမိ ယုံကြည်စိတ်ချသော မျက်ဝန်း မျိုးဖြစ်သည်။

ဘဝ လက်လျှော့လိုက်သည်။ နွယ်လေး၏ ယုံကြည်မှု ကို သူမဖျက်ဆီးချင်ပါ။ နွယ်လေး၏ ကြွေသိက္ခာကို တန်ဖိုး ထားကာ . . .

"ကောင်းပြီလေ၊ ဒီလိုဆို မနက်ဖြန်နေ့လယ် တစ်နာရီ တိတိ ကျွန်တော် လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

ဘဝ ဆိုင်ကယ်ထွက်သွားမှ နွယ်လေး ကားထဲသို့ ဝင် ကာ မောင်းထွက်ခဲ့သည်။

နွယ်လေး ညဘက်တစ်ခါ ကားပျက်ပြီး ဘဝနှင့်ဆုံမှ လိုက်ပြီးသည့် အချိန်မှစ၍ ညဘက်ကို ကိုးနာရီအထိ မနေ တော့ဘဲ ရှစ်နာရီဆိုလျှင် အိမ်သို့ တန်းပြန်လေ့ရှိသည်။ သော် မိမိအိမ်ပြန်ရောက်ပြီး ကားသွင်းချိန်တိုင်း တစ်ဖက်မှ ဆိုင်ကယ်သံကို ကြားလိုက်ရသည်။ ဘဝသည် မိမိအိမ်ပြန်ချိန် ကို မလှမ်းမကမ်းမှ နောက်ယောင်ခံလိုက်ကာ စောင့်ရှောက် ခြင်းဖြစ်သည်ဟု နွယ်လေး ယုံကြည်ထားလိုက်သည်။






နွယ်လေးရင်ထဲ တသိမ့်သိမ့် ခုန်လာသည်။ အနှစ်နှစ် အလလက မျှော်လင့်ခဲ့သော အချစ်လိပ်ပြာလေး ယခုမှ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်လာပြီ. . . လာပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၇ )

"သား ခဏလာပါဦးကွယ်"

ဒေါ်နှင်းဥက မေဒေးအား လှမ်းခေါ်လိုက်သည်။ မေဒေးသည် ရေတစ်ခွက်သောက်ပြီး အပေါ်ထပ်သို့တက်ရန် ပြင်လိုက်သည်။ ဒေါ်နှင်းဥက နောက်မှလှမ်း၍ ကမန်းကတန်း တားကာ ခေါ်လိုက်ခြင်းဖြစ်သည်။

မေဒေးက . . .

"ဗျာ ဒေါ်လေးဥ"





ဒေါ်နှင်းဥနှင့် မေဒေး မျက်နှာချင်း ဆိုင်လိုက်ပြီးနောက်

"ဒေါ်လေး သားကို ဘာပြောမလို့လဲ"

"သား နေကောင်းရဲ့လား၊ ချွေးတွေကလဲ အရမ်းထွက်လို့ကွယ်"

"ကောင်းပါတယ် ဒေါ်လေးဥရယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"သား အစားအသောက်လဲ နည်းလာတယ်၊ ပြီးတော့ အားရင် အိပ်နေတာပဲ"

"သား ဘာမှမဖြစ်ပါဘူး ဒေါ်လေးဥရယ်၊ ဒေါ်လေး စိတ်ထင်လို့ ဖြစ်မှာပါ။ သား သွားနားတော့မယ် ဒေါ်လေးရာ၊ ဒီနေ့ ကျောင်းမတက်ဘူးလို့ ဘဝကို ပြောလိုက်ပါ"

"အေး. . အေး. ."

ဟုသာ ဒေါ်နှင်းဥက ပြောလိုက်ရသော်လည်း သူမ၏ လည်တံသည် မေဒေးနောက်သို့ လိုက်ပါသွားသည်။ သည်ကလေး မျက်ကွင်းတွေ ညိုနေသည်။ မျက်နှာနည်းနည်း အမ်းနေသလား၊ ခြေထောက် နည်းနည်းရောင်နေသလား။

သံသယများဖြင့် မေဒေးကို ခြေဆုံးခေါင်းဖျားကြည့်ပြီး၊ အဖြေရှာခဲ့သည်။ တိကျသော အဖြေတစ်ခုကို ရှာမတွေ့ဘဲ နှိုင်မိစိတ်သာ ကြီးစိုးလာပြီး ဒေါ်သရဖီရှိရာ ခြံထဲသို့ လိုက်ဆင်းခဲ့လေသည်။

ဒေါ်သရဖီက သစ်ခွရုံကြားတွင် အလုပ်ရှုပ်နေသည်။

"မဖီ"

"လာ မဥ၊ ဒီမှာ ဗင်ဒါခရမ်းပြာလေး ပွင့်တော့မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"လာ. . လာ. . ဖီ ပြမယ်"

"နေစမ်းပါဦး မဖီရယ်၊ ဗင်ဒါက အရေးမကြီးပါဘူး၊ အရေးကြီးနေတာက မေဒေး"

"ဟင်. . မေဒေး ဘာဖြစ်လို့လဲ မဥ"

ဒေါ်သရဖီက ဒေါ်နှင်းဥကို အံ့သြစွာကြည့်ပြီး စိုးရိမ်ပူပန်မှုဖြင့် ပြန်မေးလိုက်လေသည်။

"ကျန်းမာရေးမကောင်းတဲ့ပုံပေါက်နေတယ်၊ အဲဒါ ရိုးရိုးမကောင်းတာလား၊ ဆန်းဆန်းမကောင်းတာလားဆိုတာ သေသေချာချာ မေးမြန်းဖို့ လိုနေပြီနော် မဖီ"

"ဆန်းဆန်း မကောင်းတာလားဆိုတာ ဘာကို ဆိုလိုတာလဲ မဥ"

"ဩော်. . . မဖီကလဲ ခုခေတ်ကြီးမှာ ဆေးဝါးတွေ ဒီလောက်ပေါများနေတာ၊ ဆေးဝါးများ သုံးစွဲနေသလားလို့ပါ၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

ဒေါ်သရဖီ မျက်လုံးပြူးသွားသည်။ သူမ၏ ရင်ကို လက်နှစ်ဖက်ဖြင့် အသာဖိကာ. . .

"ဘုရား. . ဘုရား. . မဖြစ်နိုင်တာ၊ မဖြစ်ပါစေနဲ့ မဥရယ်၊ သေချာလို့လား"

"သေချာတာမှ သိပ်သေချာတာပေါ့၊ အိပ်ခန်းအောင်းနေတာကြည့်ပါလား"

"စာကျက်နေတာပါ၊ ဒီနှစ်ဖိုင်နယ်ဆိုတော့ သူ့အဖေကတောင် သူ့သားကို အလုပ်ကခဏနားခိုင်းထားပြီး စာပဲကျက်





ခိုင်းထားတာ"

"အေးလေ မဟုတ်ပါစေနဲ့လိုသာ ကျွန်မတို့ ဆုတောင်းရတာပေါ့၊ ဒါကြောင့် သားအနားမှာ အနီးကပ်ရှိနေတဲ့ မဖီက သားကို မျက်ခြည်မပြတ် ဂရုတစိုက် ကြည့်ပေးဖို့လိုတယ်"

"အင်း. . ဟုတ်တယ်၊ မဥ သတိပေးတာ ကျေးဇူးတင်လိုက်တာ၊ ခု သားဘယ်မှာလဲ"

"နားချင်တယ်ဆိုပြီး အပေါ်ထပ်တက်သွားတာပဲ"

"ဒါဖြင့် ကျွန်မ သွားကြည့်လိုက်ပါဦးမယ်"

ဒေါ်သရဖီက ပျာပျာ ပျာပျာဖြင့် သစ်ခွရုံကလေးထဲမှ ထွက်သွားလေသည်။


ထိုအခါကျမှ သက်ပြင်းချနိုင်သူမှာ ဒေါ်နှင်းဥ ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၈ )

မေဒေးက စာမေးပွဲရက် နီးနေသဖြင့် ဆေးမစစ်ချင်သေးဘူး၊ ရက်ချိန်းတွေကများပြီး ဟိုသွားရ သည်သွားရဖြစ်နေလျှင် စာကျက်ပျက်သည်ဟု ဆိုသည်။

မိဘနှစ်ပါး ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ရသည်။ မိသားစု ဆရာဝန်ကလည်း အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ် စသည်တို့ကို စစ်ဆေးရန်ပြောသည်။

မေဒေးက ခေါင်းမာနေသည်။





ဒေါ်သရဖီက သားကို မနိုင်သောအခါ ဘဝကို အကူအညီတောင်းလိုသည်။ ဘဝ ရှုံးသွားပြီလား။

"မဥရေ လူလေး သွားပြီလား"

ဧည့်ခန်းမှနေ၍ လှမ်းအသံပြုလိုက်သည်။ ဒေါ်နှင်းဥက လည်း အမြဲတစေ့တစောင်းကြည့်ပြီး နားစွင့်နေသူဖြစ်၍. . .

"သွားပြီ မဖီရေ သွားပြီ"

"ဒုက္ခပါပဲ"

"ဖုန်းဆက်ပြီး ပြန်လာခိုင်းလိုက်ပါလား မဖီ"

"နေပါစေတော့၊ ညနေရောက်မှပဲ ချော့မော့ပြီး ခေါ်သွားကြရအောင်"

"အင်းလေ ဒါပဲရှိတာပဲ"

မေဒေး၏ နွဲ့ဆိုးဆိုး အနိုင်ယူမှုက သူတို့သံသယအိမ်ကိုပို၍ ကြီးထွားစေသည်။

နွယ်လေးကားထွက်သွားသည်ကိုလည်း လှမ်းတွေ့ရသောအခါ . . .

ဒေါ်နှင်းဥက . . .

"နွယ်လေးကိုပါ ဝိုင်းပြီး နားချခိုင်းရင် မကောင်းဘူးလား"

"အင်း ကောင်းသားပဲ၊ သားက နွယ်လေးကို စိတ်ဝင်စားနေပုံပဲဆိုတော့ နွယ်လေးစကားကို နားထောင်ချင် နားထောင်မှာ"

"ဒီနေ့ ဥပုဒ်နေ့ဆိုတော့ နွယ်လေး ဆိုင်သွားတာမဖြစ်နိုင်ဘူး၊ ဈေးလေးဘာလေး သွားတာပဲဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို နေ့ခင်းကျမှ နွယ်လေးတို့အိမ်ဘက် ကူးကြတာပေါ့"

"အင်း . . အင်း . ."

ဒေါ်သရဖီနှင့် ဒေါ်နှင်းဥတို့ တိုင်ပင်နေသည်ကို ဦးမင်းဇော်က ဘာတစ်ခွန်းမှ ဝင်မပြောဘဲ . . .

"မင်းတို့ ကောင်းသလိုသာ ကြည့်လုပ်ကြတော့၊ မရရင် နောက်ဆုံးအဆင့်အနေနဲ့ သမားတော်တွေ အိမ်ပင့်တန်ပင့်ရတော့မှာပဲ"

"အင်းပေါ့ ကိုရယ်၊ ဒီနေ့တော့ ဖိဖိတို့ ကြိုးစားကြည့်ဦးမယ်"


"မင့်သားရောဂါက မဟုတ်မှလွဲရော ရည်းစားပူများ မိတဲ့ စိတ္တဇဝေဒနာများလားပဲ၊ ကိုင်း . . ကိုသွားမယ်၊ သားကို မျက်စိအောက်က အပျောက်မခံနဲ့နော်"

"စိတ်ချပါ ကိုရယ်၊ ဖိဖိက အမေပါ"

ဦးမင်းဇော် ထွက်သွားသည်။ ဒေါ်သရဖီနှင့် ဒေါ်နှင်းဥ ခေါင်းချင်းရိုက်၍ ကျန်ရစ်ခဲ့လေသည်။







# အခန်း ( ၂၉ )

"ထိုင်ပါ ဘဝ"

နွယ်လေးသည် ဘဝကို တည်ငြိမ်စွာပင် ပြောလိုက်သည်။

ဘဝက မထိုင်သေးဘဲ. . .

"နေပါဦး နွယ်လေး၊ မင်းရှစ်ပါးသီလ ယူထားသေးလား"

"ယူထားတယ် ဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မထိုင်တော့ဘဲ လာလမ်းအတိုင်း လှည့်ပြန်ရုံပါပဲ"

"ကျွန်မ လပြည့်လကွယ်ပဲ ဥပုသ်စောင့်ပါတယ်၊ ဒီငကရှစ်ရက်ဥပုသ်ပါ"

ဘဝရင်ထဲ တော်ပါသေးရဲ့ဟု မြည်တမ်းပြီး နွယ်လေးနှင့် မျက်နှာချင်းဆိုင် ဆိုဖာထက်၌ ဝင်ထိုင်လိုက်သည်။

"ဘွားဘွားကော"

"နေ့လယ်ဘက် တစ်ရေးတစ်မော အိပ်နေတာလား၊ တရားမှတ်နေတာလား မသိဘူး"

"ဘွားဘွား တော်တော် ပြောင်းလဲသွားတယ်နော်၊ ဒီအတွက်ဝမ်းသာစရာပဲ"

"ဟုတ်တယ်၊ ကျွန်မလဲ အခုမှပဲ စိတ်အေးချမ်းသာရတော့တယ်"

ထိုစဉ် မညိုက အအေးဖန်ခွက်နှင့် စပျစ်သီးခိုင်လေးများပါသော ပန်းကန်ပါပါသည့် ဇန်းကိုယူလာကာ စားပွဲပေါ်၌တင်လိုက်သည်။

"သုံးဆောင်ပါဦး ဘဝ၊ အမောပြေလေး"

"ဟုတ်ကဲ့"

မိညိုက အလိုက်တသိပင် မီးဖိုဘက်သို့ ပြန်ဝင်သွားလေသည်။

ဘဝက ဘယ်ကစပြောရမည်ကို အပြေးအလွှား စဉ်းစားလိုက်သည်။

မတတ်နိုင်ဘူး။ ရှေ့မျက်နှာနောက်ထားကာ အားအင်





ဖျော့တော့ပုံရသော မေဒေးအတွက် ဖွတ်မှိတ်ကာ ပြောလိုက်သည်။

"နွယ်လေး ကိုဒေးကို ဘယ်လိုမြင်သလဲ"

နွယ်လေး အံ့အားသင့်သွားသည်။ သူမျှော်လင့်ထားသည့် စကားများတွင် သည်စကားမပါဝင်ချေ။

"ဘယ်လိုမြင်ရမှာလဲ ဘဝရဲ့၊ ကိုဒေးကို လူလိုပဲမြင်တာပေါ့"

ဒါ နွယ်လေး သက်သက်ခွတိုက်တာပဲဟု ဘဝသိလိုက်သည်။

"စိတ်နေသဘောထားကို ပြောတာပါ"

"ဩော် ဒါလား၊ သိပ်ကို စိတ်ရင်းကောင်းတဲ့လူ တစ်ယောက်ပါ။ အခုတလော သူ့ကို မမြင်တာကြာပြီ၊ နေမှ ကောင်းရဲ့လားဟင်"

တစ်ဖက် မလှမ်းမကမ်း ကူးလာသော ဒေါ်သရဖီနှင့် ဒေါ်နှင်းဥသည် ဘဝ၏ဆိုင်တယ်ကို မြင်သောအခါ အံ့အားသင့်သွားပြီး အသံမပြုဘဲ ဧည့်ခန်းတံခါး မကွယ်တကွယ်၌ ရပ်နေလိုက်ကြသည်။ မတိုင်ပင်ပဲနှင့် ဧည့်ခန်းတွင်းမှ စကားများကို နားစွင့်လိုက်မိသည်။

"မမြင်တာကြာပြီဆို ကိုဒေးကိုကြည့်ရတာ ကောင်းကောင်းမမာဘူးလို့ ကျွန်တော်ထင်တယ်"

"ဟင် ထင်ရုံပဲလား၊ ဆရာဝန်တွေ ဘာတွေ မပြကြည့်ဘူးလား"

"ဆရာဝန်ကုလို့ရမယ့် ရောဂါမျိုးမဟုတ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ကိုဒေးနဲ့ အရင်းနှီးဆုံးလူသားတစ်ယောက်ဖြစ်တဲ့အတွက် ကိုဒေးရဲ့ ရောဂါဝေဒနာကို အသိဆုံးဖြစ်နေတယ်"

နွယ်လေးသည် ဘဝကို အံ့အားသင့်စွာ ကြည့်လိုက်လေသည်။ ဤမျှ စကားဦးသန်းလာလျှင် ဘာပြောတော့မည်ကို အတပ်သိလေသည်။ ထို့ကြောင့် အံ့ဩသွားခြင်း ဖြစ်သည်။ ရင်ထဲကလည်း တစစ်စစ် နာကျင်လာသည်။

"ဒီတော့"

"ဒီတော့ဆိုတာထက် ကိုဒေးရဲ့ ဝေဒနာကို ကျွန်တော်အရင်ဆုံးပြောပါရစေ"

ဘဝ၏ တည်ငြိမ်သောရုပ်ရည်နှင့် လိုက်ဖက်ညီစွာ စကားမှာလည်း ပြတ်သားသည်ဟု နွယ်လေး ကောက်ချက်ချလိုက်သည်။

"ဟုတ်ကဲ့ပြောပါ၊ ကျွန်မ စိတ်ဝင်စားပါတယ်"

"ကိုဒေးဟာ ခင်ဗျားကို မြင်မြင်ချင်းပဲ စွဲလမ်းနှစ်သက်ခဲ့ပါတယ်"

နွယ်လေး ပြုံးလိုက်မိသည်။ သို့သော် ထိုအပြုံးသည် လှောင်ပြုံးဖြစ်သွားသည်ကိုတော့ မိမိဘာသာမိမိ အတပ်သိလိုက်သည်။

ဘဝ၏စကားသည် နွယ်လေးအပြုံးကြောင့် ရှေ့ဆက်ရန် တွန့်ဆုတ်သွားလေသည်။

တကယ်တော့ သူ့ရင်ကို အကွဲခံကာ ပြောနေရသော





စကားများ ဖြစ်ကြောင်းကို နွယ်လေးကတော့ သိမည်မထင်ပါ။

"ဒါပေမယ့် သူခင်ဗျားကို မပြောရဲဘူး၊ ပြောလိုက်ရင် ခင်ဗျားဘက်က တုံ့ပြန်လာမယ့် အဖြေဟာ သူ့အတွက်စိမ်းကားမှုဆိုရင် သူခံနိုင်မှာ မဟုတ်ဘူးလို့ သူပြောတယ်၊ အဲဒီဝေဒနာတွေနဲ့ မစားနိုင် မအိပ်နိုင်ဖြစ်ပြီး အိပ်ဆေးတွေဘာတွေ သုံးစွဲလာတဲ့ ဝေဒနာမျိုး သူ့မှာ ဖြစ်နေတယ်"

"အဟင်းဟင်း"

သည်တစ်ချီတွင်တော့ နွယ်လေး အသံထွက်အောင် ရယ်လိုက်မိသည်။ သူ၏ရယ်သံသည် ခနိုးခနဲ့နှင့် မထိတထိအသံ ဖြစ်သွားမှန်း နွယ်လေးရိပ်မိလိုက်သော်လည်း မတတ်သာတော့၊ နွယ်လေးရင်ထဲ နာကျင်နေပြီ။

"ကျွန်တော့်စကားမှာ ရယ်စရာများ ပါသွားသလား နွယ်လေး"

"ပါတာပေါ့ သိပ်ကိုပါတယ်၊ ရှင်စဉ်းစားကြည့်လေ၊ ကိုဒေးဟာ စိတ်ဓာတ်ပျော့ညံ့လို့ ဖြစ်လာတဲ့ရောဂါကို ကျွန်မက ကုစားပေးရမှာလား၊ သူ့ စိတ်ဓာတ်ကို သူပြုပြင်ရမှာလားဆိုတာ ရှင်ပဲစဉ်းစားကြည့်စမ်းပါ"

"အချစ်နဲ့ပတ်သက်လာရင် ပျော့ညံ့ခြင်းဟာ အပြစ်တစ်ခု မဟုတ်ဘူးလို့ထင်ပါတယ်၊ အချစ်ရဲ့ထုထည် ပမာဏဟာ ကြီးမားလေလေ တွေဝေမှုတွေ၊ စဉ်းစားမှုတွေ၊ ငုံ့ညှာမှုတွေဟာ များလေလေပါပဲ၊ ကိုဒေးဟာ ခင်ဗျာကို သိပ်ချစ်တယ်၊ သူဖွင့်မပြောရဲပေမယ့်၊ သူ့ကိုယ်စား ကျွန်တော်ပြောပေးတယ်၊ အဲဒါကိုလဲ သူမသိဘူးနော်၊ သူ့ရဲ့အချစ်ဝေဒနာကို ကျွန်တော် မ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရက်လို့ ကြားဝင်ပြီး သူ့ကိုယ်စားဖွင့်ဟပေးတာ၊ ဒါကို ခင်ဗျားဘယ်လိုသဘောရသလဲဆိုတာ ကျွန်တော် သိချင်တယ်"

"ရှင်ဟာ တော်တော်တစ်ကိုယ်ကောင်းဆန်တဲ့လူပဲ"

"ဗျာ"

"ဟုတ်တယ်"

နွယ်လေး ဒေါသကို မနည်းထိန်းချုပ်လိုက်ရသည်။ ဘဝက နွယ်လေး ဒေါသဘာကြောင့် ထွက်ရသနည်းကို နားမလည်သဖြင့်

"ကျွန်တော် ဘာတစ်ကိုယ်ကောင်းဆန်လို့လဲ"

"တစ်ကိုယ်ကောင်း ဆန်တာပေါ့၊ ရှင်ဟာနှမချင်းမစာမနာဘဲ 'သခင်အားရ ကျွန်ပါးဝ' ဆိုသလို ကျွန်မကို. . ."

"တော် ခင်ဗျားစကားကို ပြန်ရုပ်သိမ်းလိုက်ပါ"

ဘဝသည် ထိုင်နေရာမှ ဝုန်းခနဲထလိုက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး သူ့ဒေါသကို ဖြေသိမ့်လိုက်သည်။

နွယ်လေးသည် ဒေါသထွက်နေပါသည်။ မိမိ အသည်းအသက်မက မြတ်နိုးရသောသူ တစ်ယောက်ကို ကျွန်ဟုသုံးနှုန်းလိုက်ရခြင်းမှာ အဘယ်မျှ ရင့်သီးသည်ကို နွယ်လေး သိပါသည်။

သို့သော် နွယ်လေးဘဝကို နာကြည်းသွားပြီ။ နွယ်လေး၏ အသည်းနှလုံးကို မွမွခြေဖို့ ကြိုးစားနေသူ ဘဝကို နွယ်လေး နာကြည်းသွားပြီ။

"မရုပ်သိမ်းနိုင်ဘူး၊ ရှင် နှမ ရှိရင် ရှင့်နှမကို ရှင်သူများကိုယ်စား ရည်းစားစကား ပြောပေးမလား"





"တောက်. . ခင်ဗျားပါးစပ်ပိတ်ထားစမ်း"

"မပိတ်နိုင်ပါဘူး၊ ရှင်ဘာလုပ်ချင်သလဲ"

ဘဝ၏ လက်တစ်ဖက် မြောက်တက်သွားသည်။ နွယ်လေး ရှောင်တိမ်းချိန်မရလိုက်၊ သို့သော် ထိုလက်သည် နွယ်လေးပေါ်သို့ကျမလာဘဲ အနားတွင် ရှိနေသော အလှတင် စင်ကလေးပေါ်မှ ပန်းအိုးဆီသို့ ရောက်သွားပြီး. . .

"ချွင်. . . ခလွမ်"

ဘဝသည် နောက်လှည့်မကြည့်ဘဲ ကမူးရှူးထိုး ထွက်သွားလေသည်။

ကမူးရှူးထိုး ထွက်သွားသော ဘဝကို ကြည့်ပြီး နွယ်လေး အားပါးတရ ငိုချလိုက်သည်။

နွယ်လေး ဘဝမှာ ခုလိုမငိုရသည်မှာ လေးငါးနှစ်ရှိနေပြီ။ မိခင်ဆုံးပါးသွားသည့် အချိန်မှစ၍ နွယ်လေး၌ သောကများ ကင်းဝေးခဲ့ရသည်။ မိခင်ကို သတိရသည့်အခါ မျက်ရည်များ စီးဝဲသည်မှအပ အကြီးအကျယ် သောကမရှိခဲ့ပါ။

ယခုတော့. . .

နွယ်လေး၏ အသည်းနှလုံးကို အရှင်လတ်လတ်ဖြတ်ထုတ်ရက်သည်။ ဖြတ်ထုတ်သူမှာလည်း မိမိတစ်သက်မှာ တစ်ခါသည်း ပေါက်ဖွားလာသည့် သည်းဦးပန်းကိုယ်တိုင်ဖြစ်နေသည်။

ထို့ကြောင့် ပို၍ခံစားရသည်။ ပို၍ထိန်းချုပ်မှုတွေကင်းရသည်။ ယူကျုံးမရ ခံစားရသည်။

ဒေါသရမ်းနှင့် ဒေါ်နှင်းဥ တစ်ယောက်မျက်နှာ တစ်ချက် ကြည့်လိုက်သည်။ အိမ်ထဲသို့ ဝင်သင့်မဝင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



ကမူးရှူးထိုး ထွက်သွားသော ဘဝက သူတို့ကိုပင်မြင်မသွားအောင် မှုန်ထူသွားသည်။


ဒေါ်နှင်းဥ ဒေါ်သရဖီကို လက်ကုပ်ကာ. . .

"ပြန်ကြရအောင်"

ဟူသော မျက်လုံးရိပ်ကိုပြကာ လာလမ်းအတိုင်း မလွယ်ပေါက်တံခါးဆီသို့ ဦးတည်လိုက်လေသည်။







# အခန်း ( ၃၀ )

"နွယ်လေးရယ် ကလေး. . ဘယ်လို ဖြစ်သွားတာလဲ၊ ဒီလောက် နူးညံ့သိမ်မွေ့ပြီး ဣန္ဒြေရှိတဲ့ မိန်းကလေး တစ်ယောက်က ဒီလောက် ရင့်ရင့်သီးသီးစကားမျိုး ပြောထွက်ရသလား"

မညိုက နွယ်လေး အငိုတိတ်စေရေး ကြိုးပမ်းရင်း အပြစ်တင်မိသည်။

"သူ နွယ်လေးကို စော်ကားတယ်၊ ကျွန်မရင်ထဲလဲပင် ကြည့်ပါဦး မညို"



www.burmeseclassic.com

www.burmeseclassic.com



"နွယ်လေးရယ်. . ကိုယ့်ချစ်သူကို ဒီလောက်အထိ ရင့်သီးတဲ့စကားမျိုး မင်းမို့လို့ ပြောထွက်တယ်ကွယ်"

"သူမှ ကျွန်မကိုမချစ်တာ၊ မချစ်တဲ့အပြင် ရက်ရက်စက်စက် သူများကိုယ်စား အောင်သွယ်လာလုပ်တယ်ဆိုတော့ ကျွန်မ စိတ်နာပြီး သူ့ကို ပြန်စော်ကားပစ်လိုက်တာ"

နွယ်လေး မျက်ရည်များသုတ်ရင်း ဖြစ်ပျက်သမျှကို တစိမ့်စိမ့် ပြန်တွေးကြည့်မိသည်။ ဘဝကပဲ လွန်သလား၊ မိမိကပဲ လွန်သလား။ ကိုဒေးကကော သည်လောက်တောင် သတ္တိနည်းသလား။

"ကျွန်မ ကိုဒေးကို ဘယ်နည်းနှင့်မှ မချစ်နိုင်ဘူး မညို"

"အေးလေ. . မချစ်နိုင်ရင်လဲ မချစ်နိုင်ဘူးဆိုတဲ့ အဖြေမျိုး အေးအေးသက်သာ ပြောလို့ရပါတယ်"

နွယ်လေး ရင်ပွင့်မတတ် ခံစားနေရသော ဝေဒနာကို သက်သာလို သက်သာငြား မညိုကို ဖွင့်ဟ ဝန်ခံလိုက်သည်။

"မညိုကလဲ သိပါတယ်၊ သောက်တော်ရေ ပန်းကန်လေးစွန့်ရင်း နွယ်လေး ဘဝရဲ့ လှုပ်ရှားမှုတွေကို ခိုးခိုးကြည့်နေတာလေ၊ အဲဒီကတည်းက နွယ်လေးရဲ့ အချစ်ဟာ ဘယ်သူဆီကို မြားဦးလှည့်တယ်ဆိုတာ မညို သိပါတယ်"

"မညိုတောင် သိသေးတာပဲ၊ ကာယကံရှင် မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ တမင် ဥပေက္ခာပြုထားရုံမကဘူး၊ ကျွန်မရဲ့ အချစ်ကိုပါ စော်ကားလို့ ကျွန်မ သူ့ကိုပြန်စော်ကား လိုက်တာပဲ အမှန်တော့ ကျွန်မအသည်းက နာလွန်းလို့ ပေါက်ကွဲထွက်သွားတာပါ"





"ပေါက်ကွဲကြတာ အချင်းချင်းတော့ အတူတူပါပဲ၊ ဘဝလဲ ပေါက်ကွဲသွားတာ"

နွယ်လေး အငိုရပ်တန့်သွားသည်။

"သူ သိပ်ထိခိုက်သွားမှာပေါ့နော်"

"ဒါပေါ့"

"ကျွန်မ မှားသွားသလား"

"မှားတာပေါ့၊ လူတစ်ယောက်ရဲ့ အားနည်းချက်ကို ထုတ်ဖော်ပြောတာ အင်မတန်ကြီးမားတဲ့ အမှားပဲ"

နွယ်လေးရင်ထဲ နာကြည်းမှုမှသည် လွမ်းမောမှုသို့ ပြောင်းလဲသွားသည်။

"မညို မေးမယ်၊ တကယ်လို့ ဘဝက နွယ်လေးကို ရည်းစားစကား ဖွင့်ပြောရင် နွယ်လေး စိတ်ဆိုးမလား"

နွယ်လေး ဘယ်လိုလုပ် စိတ်ဆိုးမှာလဲ၊ နွယ်လေး မျှော်လင့်နေသော စကားအတွက် ရင်မှ တိတ်တခိုး ကျေနပ်နေမိမှာ အမှန်ပင်။ နွယ်လေး ခေါင်းကို ညင်သာစွာ ယမ်းလိုက်သည်။ မညိုကိုတော့ နွယ်လေး ညာ၍မရချေ။ ညာရန်လည်း စိတ်မကူး အရွယ်နှင့်မလိုက်အောင် များပြားခဲ့ရသောတာဝန်၊ စောင့်ထိန်းရသော သိက္ခာတွေကြောင့် နွယ်လေး သောကကို ထွက်ပေါက်မပေးနိုင်လျှင် နွယ်လေး ရူးသွပ်သွားနိုင်သည်။

"တကယ်တော့ ဘဝမှာလဲ အပြစ်မရှိပါဘူး နွယ်လေးရယ်၊ ကလေး သေသေချာချာ စဉ်းစားကြည့်လေ၊ သူတို့အိမ်သားတွေအကြောင်း မသိတဲ့လူတွေကဆိုရင် ကိုဒေးနဲ့ဘဝကို ညီအစ်ကိုလို့တောင် ထင်ကြတာ၊ ကိုဒေး ဘဝအပေါ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကောင်းခဲ့တယ်ဆိုတာ ဘဝသာလျှင် အသိဆုံးဖြစ်မယ်၊ ဒါကြောင့် ဘဝက ကိုဒေး နှလုံးသားဝေဒနာကို မကြည့်ရက်လို့ နွယ်လေးကို အောင်သွယ်သဘောနဲ့ လာပြောပေးတာ၊ ဘဝ ဘက်ကကြည့်လဲ မမှားဘူး"

"ဒီလိုဆို ကျွန်မ မှားတာပေါ့နော် မညို"

"မှားတာပေါ့"

"ကျွန်မ သွားတောင်းပန်သင့်သလား"

"နွယ်လေး စဉ်းစားပြီး ဆန္ဒရှိမှသွားပါ၊ ဒါပေမယ့် လောလောဆယ် သွားသင့်တာကတော့ ကိုဒေးကို သတင်းသွား မေးလိုက်ပါဦး၊ နှစ်အိမ့်တစ်အိမ်လို နေလာကြပြီပဲ၊ ကိုဒေးကို မတွေ့တာကြာလို့၊ မလာတာကြာလို့၊ ဘာဖြစ်နေသလဲလို့ အရင် ဖုန်းဆက်ကြည့်လိုက်ပါဦး"


"ဟုတ်ပြီ . . ကျွန်မဆက်မယ်၊ တကယ်လို့ ကိုဒေး နေ မကောင်းတာ သေချာရင် ကျွန်မ သတင်းသွားမေးမယ်နော် မညို လိုက်ခဲ့ရမယ်"

"အေးပါ နွယ်လေးရယ်၊ ကိုင်း . . မျက်နှာလေးဘာလေး သွားသစ်ချေ၊ ပြီးရင် ကြာဆံနဲ့သခွတ်ပွင့်သုပ် စားရအောင်"

မညိုက ကြွေပန်းကန်ကွဲစများကို ကောက်သိမ်းရင်း ပြောလိုက်သည်။ နွယ်လေးက ကွဲသွားသော တရုတ်ကြွေပန်းအိုး စများကို ကြည့်ပြီး ရင်မှာ တစစ်စစ် နာကျင်လျက်ရှိသည်။







# အခန်း ( ၃၁ )

"ကိုဒေး . . နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"မျက်နှာ ချောင်နေသလားလို့"

နွယ်လေးက မေဒေးကို စေ့စေ့ကြည့်ကာ အကဲခတ် လိုက်ပြီး မေးလိုက်သည်။

ဒါကိုပဲ မေဒေးအတွက် မျှော်လင့်ချက်တွေ ယှက်သန်း ကာ အားအင်ပြည့်ဝလာသကဲ့သို့ ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲနီးနေလို့ ညည အိပ်ပျက်တာနဲ့ မျက်နှာချောင်သွားတာပါ"

ဒေါ်သရဖီက နွယ်လေး စားသောက်ရန် ကော်ဖီနှင့်မုန့်ယူလာပြီး ချပေးသည်။ မညိုကတော့ ရောက်ကတည်းက မီးဖိုဘက်သို့ တန်းဝင်သွားသည်။

"စာမေးပွဲက သန်ဘက်ခါလေ သမီး၊ စာမေးပွဲပြီးမှပဲ ဆေးစစ်ပါတော့မယ်တဲ့လေ"

"ကိုဒေးကလဲ ရောဂါဆိုတာ နေ့ရွှေ့ညရွှေ့နဲ့ ဆွဲထားလို့ကောင်းတာမှမဟုတ်တာ၊ ကဲ. . ထ. . ထ၊ ကျွန်မ လိုက်ပို့ပေးမယ်၊ အန်တီနဲ့ကိုဒေး လိုက်ခဲ့"

မေဒေးက. .

"ဘာမှမဖြစ်ပါဘူး၊ ခါးနည်းနည်းအောင့်တာ တစ်ခုပါပဲ"

"မရဘူး ကိုဒေး၊ ကျွန်မ ဘကြီးက အထွေထွေကုသမားတော်ပဲ၊ သူနဲ့အရင်ပြကြည့်မယ်၊ သူက ဘာရောဂါလဲဆိုတာသိရင် အဲဒီရောဂါနဲ့ဆိုင်တဲ့ ပါရဂူဆီ လမ်းညွှန်ပေးလိမ့်မယ်၊ လာပါ ကိုဒေးရယ် ဆေးခန်းမသွားဘူး၊ ဘဘကြီးက ဒီအချိန်ဆိုရင် အိမ်မှာပဲရှိတယ်၊ ကိုင်း. . ကျွန်မအားတုန်း လိုက်ပို့ပေးတာနော်၊ ကိုဒေးမလိုက်ရင် ကျွန်မ စိတ်ဆိုးမိမှာ အမှန်ပဲ"

မေဒေး လန့်သွားသည်။ နွယ်လေး၏ စိတ်ဆိုးခြင်းကို မပြောနှင့် ငြိုငြင်မှာကိုပင် အလွန်စိုးကြောက်သူဖြစ်ရာ မိခင် ဒေါ်သရဖီကို လှမ်းကြည့်လိုက်ပြီး. .

"မေမေကော အားသလား"





"ဘယ်အချိန်ဖြစ်ဖြစ် သားအတွက်ဆိုရင် မေမေ အမြဲအားနေတာပဲ၊ ကဲ. . ထ. . ထ အကျႌသွားလဲ"

မေဒေးက လေးကန်စွာ ထလိုက်သည်။

"တော်ပါပြီ မေမေ၊ အပေါ်ထပ်တက်ရမှာ မောပါတယ်၊ စောစောကတင် ရေချိုးပြီး အဝတ်လဲပြီးသားပဲ၊ ဒီအတိုင်းပဲ သွားကြရအောင်"

အမြဲတစေ မင်းသားလို ကြော့ကြော့ လှလှပပနေတတ်သော မေဒေးကို အံ့ဩစွာဖြင့် နွယ်လေးက အကဲခတ်လိုက်သည်။

"ဟင်. . ကိုဒေး၊ ခြေထောက်တွေ ရောင်လို့ပါလား"

"ဟုတ်တယ်၊ လေးငါးရက်လောက်တော့ရှိပြီ"

"ကိုဒေးရယ်"

ဒေါ်သရဖီက. .

"မညရေ. . . ကျွန်မတို့ ဆေးခန်းသွားလိုက်ဦးမယ်၊ ကိုမင်းဇော် လာရင် ပြောထားလိုက်နော်"


ဒေါ်နှင်းဥက နွယ်လေးတို့ကား ထွက်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၂ )

နွယ်လေး သောက်တော်ရေကို စွန့်ရင်း ခေါင်းရင်းအိမ်ဝင်းအတွင်း လှုပ်ရှားမှုအရိပ်အယောင်ကို ရှာဖွေလိုက်သည်။

အရာရာသည် အိပ်မောကျလျက်ရှိသည်။ ခြံဝင်းအတွင်း ပန်းပင်တို့သည် သခင်ကင်းမဲ့သည့်အလား ငြိမ်သက်စွာဖြင့် နှုံးခွေလျက် ရှိနေသည်။

နံနက်မိုးမသောက်မီ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းယူတတ်ပြီး ပန်းပင်လေးများကို ဂရုတစိုက် လှည့်





ပတ် ကြည့်ရှုတတ်သော ဘဝကို မတွေ့ရတော့။

"ဘဝ ဘယ်ရောက်သွားသနည်း၊ အိမ်ကော ပြန်အိပ်ရဲ့လား"

နွယ်လေးနှင့် ပြဿနာဖြစ်သွားပြီး သုံးရက်လုံးလုံး ဘဝ၏ အရိပ်အယောင်သည် ပျောက်ဆုံးလျက်ရှိသည်။ နွယ်လေး မနေတတ်မထိုင်တတ် ဖြစ်နေသည်။

မေဒေးကို နွယ်လေး၏ဘကြီးက ကျောက်ကပ်ရောဂါဟု ဆိုကာ ကျောက်ကပ်အထူးကု သမားတော်ကြီးများနှင့် လွှဲပြောင်းပေးပြီး ဆေးကုသမှုကို ခံယူစေသည်။

ဆေးရုံတက်ရန်ပြောသော်လည်း မေဒေးက စာမေးပွဲပြီးမှ တက်ပါရစေဟု တောင်းပန်ပြီး စာမေးပွဲကို ဖြေနေလေသည်။

နွယ်လေး မေဒေးကို ဖွင့်ဟမေးလိုသော အကြောင်းအရာများကို မေဒေး၏ ကျန်းမာရေးအခြေအနေကြောင့် ဆိုင်းငံ့ထားလိုက်သည်။

"နွယ်လေး. . ဆွမ်းတော်ရပြီ"

"ဩော်. . မညို၊ ဘဝကို မတွေ့ရတော့ဘူး"

နွယ်လေးရင်ထဲ မျိုသိပ်၍ မထားနိုင်တော့သည့်အဆုံး ဖွင့်ဟလိုက်သည်။ မညိုက နားလည်စွာဖြင့်. .

"အင်း. . နေ့ခင်း မညိုအားရင် ဟိုဘက်ကူးပြီး စနည်းနာကြည့်ပါမယ်"

"ကျွန်မအပေါ် တော်တော်နာကြည်းသွားပြီထင်ပါရဲ့"

"အင်း. . မညိုအထင် ပြောရရင်တော့ ဘဝ နာကြည်းပုံ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရင် ဘဝရဲ့ နှလုံးသားမှာ နွယ်လေးရှိနေတာအမှန်ပဲ"

"ကျွန်မတော့ မထင်ပါဘူး၊ သူ့နှလုံးသားမှာ ရှိနေတဲ့ မိန်းမတစ်ယောက်ကို သူ့ကိုယ်ကျိုးအတွက် တစ်ဖက်သားကို အောင်သွယ်လုပ်ပေးနိုင်တယ် ဆိုကတည်းက မဖြစ်နိုင်ဘူးလို့ ထင်တယ်"

"အေးလေ. . . အချစ်ရဲ့ လျို့ဝှက်ဆန်းကြယ်မှုကို နွယ်လေးမှ နားမလည်နိုင်သေးဘဲ၊ ကိုင်း. . ကိလေသာအပူမီးတွေ ခဏဖြတ်ပြီး ငြိမ်းချမ်းအောင် ဆွမ်းတော်ကပ် အမျှအတန်းဝေပေတော့၊ မညို စျေးပြေးတော့မယ်"

မညိုထွက်သွားမှ နွယ်လေး သက်ပြင်းမောတစ်ချက်ကို ချလိုက်သည်။

ဘုရားအား ဆွမ်း သောက်တော်ရေချမ်း ဆီမီးဆွမ်း ပန်းတို့ကို ကပ်လှူပူဇော်ရှိခိုး မေတ္တာပို့ပြီး အမျှဝေကာ ကြေးစည်ထုပြီးချိန်တွင်. .

အနောက်နား၌ ကပ်၍ထိုင်နေသော ဘွားဒေါ်ခင်ထားနွယ်ကို တွေ့လိုက်ရသည်။

"နွယ်လေး"

"ရှင်. . ဘွားဘွား"

"သမီးရင်ထဲ ဘာတွေဖြစ်နေသလဲ"

နွယ်လေး အံ့အားသင့်သွားသည်။ တည်ငြိမ်သော ဘွားဒေါ်ခင်ထားနွယ်၏ မျက်ဝန်းကို ရင်ဆိုင်ကာ ပြန်လည် စူးစမ်းလိုက်သည်။

ဘွားဒေါ်ခင်ထားနွယ်က အေးချမ်းစွာ ပြုံးလိုက်ပြီး. .





"သမီး ဘုရားရှိခိုးသံဟာ စိတ်နဲ့ကိုယ်နဲ့ မကပ်တော့ ထပ်တဲ့ဟာထပ် ကျော်တဲ့ဟာကျော် ဖြစ်နေတယ်၊ အမြီးအမောက် မတည့်ဘူးကွယ်၊ ဒါကြောင့် ဘွားဘွားက သမီးစိတ်တွေ ဘယ်ရောက်နေသလဲလို့ မေးတာ၊ ဘွားဘွားကို မညာပါနဲ့ သမီး၊ သမီးမှာ အမေမရှိတော့ ဘွားဘွားဟာ သမီးရဲ့ အမေပါပဲ၊ သမီး ပြောစရာရှိတာတွေ ဘွားဘွားကိုပြော"

နွယ်လေး စဉ်းစားလိုက်သည်။ ဘွားအေးအား ပြောသင့် မပြောသင့်။

"သမီး မညိုပြောတာတွေ အားလုံး ဘွားဘွားကြားတယ်၊ သမီး ဘဝကို စုံမက်နေသလား"

နွယ်လေး ခေါင်းငုံ့လိုက်သည်။

"ဘဝ မိဘနှစ်ပါးရဲ့ အလုပ်အကိုင်ကို သမီးသိတယ်နော်"

နွယ်လေးရင်ထဲ လှိုက်တက်လာသည်။ ငိုချင်လာသည်။

"သမီးအဖေ အောင်နွယ်ရဲ့ မျိုးရိုးကိုကော သမီးသိတယ်နော်"

နွယ်လေး ခေါင်းညိတ်လိုက်သည်။ အတားအဆီးမဲ့စွာဖြင့် မျက်ရည်စက်ကလေး ခုန်ပေါက်ဆင်းသွားသည်။

"လူဆိုတာ မျိုးရိုးဗီဇကို ဖျောက်နိုင်ခဲ့တယ်၊ အဲ. . မျိုးရိုးဗီဇဆိုတာ လူရဲ့အလုပ်အကိုင်နဲ့ မဆိုင်ဘူးလို့ ဘွားဘွား သဘောပေါက်လာပါပြီ"

နွယ်လေး၏ ကြေကွဲမှုသည် ရုတ်တရက် ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်နွယ့်အဖေဟာ အရက်သမား ဖိုးသမား. .၊ အောင်နွယ်လဲ အရက်သမားပဲ၊ အရက်သောက်ရုံမကဘူး၊ အခု အရက်ကုမ္ပဏီထောင်ပြီး ကြီးပွားနေတဲ့လူ၊ ဘွားဘွားအတွက် သူဟာ ဘာမှ နှစ်သက်စရာမကောင်းတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် အဖေဟာ အဖေပါပဲ သမီး၊ သမီးဖခင်ရဲ့ ကျေးဇူးကို ထောက်ထားဖို့ရှိတာက သူဟာ ခင်ခင်လေးကို မစွန့်ခွာခင်မှာ ဘွားဘွားက ပစ္စည်းတွေ ထက်ဝက်ပေးတယ်၊ ဒါကို သူဟာ အကုန်လုံး မယူဘဲ သမီးအတွက် ပေးထားခဲ့ပါရစေ၊ အလုပ်ရုံ တစ်ခုပဲ ပေးပါဆိုပြီး လေးပုံတစ်ပုံသာ တန်ဖိုးရှိတဲ့ အလုပ်ရုံကို ပဲယူပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားခဲ့တယ်၊ ဒါကို ထောက်ထားရင် သမီးအပေါ်မှာ ဖခင်တစ်ယောက်ရဲ့ မေတ္တာ ရှိသေးလို့ပဲ၊ ဒါကြောင့် နောက်ဆိုရင် သီတင်းကျွတ်တိုင်း သူ့ကို သမီးသွားကန်တော့ပါ"

နွယ်လေး ရင်၌ လက်မခံချင်သေး။

"သူ ကြီးပွားတဲ့အချိန်မှသွားရင် ကျွန်မကို အမွေလို ချင်လို့ လာတယ်ထင်မှာပေါ့ ဘွားဘွားရယ်၊ ကျွန်မ မသွားချင် ပါဘူး"

"အေးလေ. . ဒါက တစ်ကဏ္ဍထားပါ၊ ဘွားဘွားပြော ချင်တာက ဘဝရဲ့အဖေ ညိုမောင်ဟာ လူရိုးလူအေးတစ် ယောက်ပဲ၊ အရက်မသောက် ကွမ်းမစား ဆေးလိပ်မသောက်ဘဲ မိသားစုအပေါ် ရိုးသားစွာ ရှာဖွေကျွေးမွေးနေတဲ့ လူတစ် ယောက်ဖြစ်တယ်၊ နှင်းဥကျပြန်တော့လဲ ဝန်ထမ်းမျိုးရိုးက ပေါက်ပွားလာပြီး အတန်းပညာကို ဆယ်တန်းအထိ သင်ယူနိုင်





ခဲ့တဲ့လူဖြစ်တယ်၊ သရဖီနဲ့ ညီအစ်မနှစ်ဝမ်းကွဲတော်တယ်၊ သရဖီ မှ ပညာကို ခုနစ်တန်းလောက်ပဲ သင်ပြီး နဂိုက နှင်းဥလိုပဲ ဆင်းဆင်းရဲရဲနေခဲ့ရတာ၊ ဒီတော့ ဘွားဘွားဆိုလိုချင်တာက လူတစ်ယောက်ရဲ့ အရည်အသွေးကို သူတို့ရဲ့ အလုပ်အကိုင်နဲ့ အကဲဖြတ်လို့ မရဘူး၊ အနေအထိုင် အပြောအဆို အပြုအမူ အစားအသောက်နဲ့ အကဲခတ်ရတယ်"

နွယ်လေး ဘွားအေ၏ ဆိုလိုရင်းကို နားမလည်တော့။

"ဘွားဘွား ဆိုလိုတာက ငါ့မြေးကို ချစ်ခင်စုံမက်ပြီး မြေးအားထားနိုင်မယ့် ယောကျ်ားကောင်းတစ်ယောက်ကို ငါ့မြေး ကလဲ ချစ်ခင်စုံမက်မယ်ဆိုရင် ဘွားဘွား မကန့်ကွက်ပါဘူး၊ မိသားဖသားပီပီ ဘွားဘွားထံမှာ တောင်းရမ်းနိုင်ပါတယ်ဆိုတာ ကို ဘွားဘွား ပြောချင်တာ"

"ရှင်. ."

"ဟုတ်တယ် ဘွားဘွားက ဟိုဘက်ခြံက မေဒေးကိုရော ဘဝလေးကိုပါ ဘယ်သူနဲ့ဖြစ်ဖြစ် ငါ့မြေးနဲ့ သဘောတူတယ်၊ ဒါပေမယ့် ငါ့မြေး၊ ကိုယ်ချစ်တော့ မဖြစ်စေနဲ့၊ သူချစ်ကိုယ်ချစ် မျိုးတော့ ဖြစ်ပါစေနော်"

ဘွား ဒေါ်ခင်ထားနွယ်သည် တည်ငြိမ်အေးချမ်းစွာဖြင့် ကြမ်းပြင်ထက်၌ ဖျာကလေးခင်းကာ ဘုရားဝတ်ပြုပြီး တင်ပျဉ် ခွေထိုင်လိုက်သည်။ ဝိပဿနာနည်းဖြင့် တရားရှုမှတ်ပေတော့ သည်။

နွယ်လေးသည် နောက်ပါးမှနေ၍ ဘွားအေကို ဦးချပြီး ညင်သာစွာ လှမ်းထွက်ခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com

နွယ်လေး၏ နှလုံးသားကို ဘွားအေ ဒေါ်ခင်ထားနွယ်သည်လည်း သဘောပေါက် တွေ့မြင်နေပြီဖြစ်ရာ နွယ်လေးသည် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိနေပြီ။ သို့သော် နွယ်လေးသည် နှလုံးသားတစ်ခုတည်းဖြင့်တော့ အရာရာကို မပိုင်းဖြတ်နိုင်ပါ။ ဦးနှောက်တော့ သုံးသင့်သည်ဟု ယူဆလိုက်သည်။







# အခန်း ( ၃၃ )

"ဘဝဟာ သူ့အိမ်ကို ပြန်မအိပ်တော့ဘဲ သူ့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းကို ပြောင်းနေတယ်တဲ့"

နွယ်လေးရှိရာ သဇင်စတိုးသို့ မညိုက ဖုန်းလှမ်းဆက်ပြီးသူ့ ထောက်လှမ်းခဲ့ရသမျှ သတင်းတို့အား အစီရင်ခံလေသည်။

"သူ့မိဘတွေကိုပါ အဲဒီမှာ မနေခိုင်းတော့ဘဲ တိုက်ခန်းတစ်ခန်းမှာ လာနေခိုင်းနေတယ်တဲ့လေ၊ ဒေါ်နှင်းဦးတို့ကလဲ



www.burmeseclassic.com

www.burmeseclassic.com



တောသူတောင်သားဆိုတော့ တိုက်ခန်းနဲ့ နေရမှာကို မွန်းကျပ်တယ်ဆိုလို့ ချက်ချင်းပဲ မြောက်ဒဂုံမှာ အိမ်လိုက်ဝယ်နေတယ်တဲ့လေ၊ ဒေါ်နှင်းဥရော ဦးညိုမောင်ကပါ လက်မခံချင်ပေမယ့် ဦးမင်းဇော်က သဘောပေါက်တယ်. . လက်ခံတယ်၊ ဒါကြောင့် ဒါရိုက်ဘာတောင် ထပ်ရှာနေပြီတဲ့လေ"

ဘာမဟုတ်တဲ့ ဒေါသအလျှောက်ပြောမိသော မိမိ၏ စကားတစ်ခွန်းကြောင့် မိသားစုတစ်ခု၏ ဘဝပြောင်းလဲသွားလိမ့်မည်ဟု နွယ်လေး မထင်မှတ်ခဲ့ပါချေ။

"နွယ်လေး"

"ရှင်. . မညို"

"မညိုပြောတာတွေ ကြားရဲ့လား"

"ကြားပါတယ် မညို"

"ဒါဖြင့် မညို ဖုန်းချလိုက်တော့မယ်၊ မေမေကြီး နိုးလာပြီ၊ နေ့လယ်စာ တစ်ခုခုကျွေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မညို ဖုန်းချသွားသည့်တိုင်အောင် နွယ်လေးသည် မချမိသေးဘဲ ငေးငိုင်လျက်ရှိသည်။

ဘဝ၏ အပြုအမူနှင့် လုပ်ရပ်သည် ဦးမင်းဇော်တို့ မိသားစုအပေါ်၌ ကျေးဇူးကန်းရာများ ရောက်သွားသလား။

နွယ်လေး ဉာဏ်မမီနိုင်အောင် ဖြစ်သွားသည်။ နွယ်လေး ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟဲလို"

ဒေါ်သရဖီ၏ အသံဟု နွယ်လေး သိလိုက်သည်။





"အန်တီလား၊ ကိုဒေး ပြန်ရောက်ပြီလား"

မေဒေး စာမေးပွဲဖြေရာမှ ပြန်ရောက်လာပြီလားဟု နွယ်လေးက ဆိုလို၍ မေးလိုက်ခြင်းဖြစ်သည်။

"သမီး နွယ်လေးလား ရောက်ပြီ၊ သူ့ အိပ်ခန်းထဲမှာ ထင်တယ်၊ ခဏနော်. . သမီး"

နွယ်လေး စောင့်နေလိုက်သည်။ သိပ်မကြာလှ။

"ဟဲလို. ."

"ကိုဒေး. . နွယ်လေးပါ"

"ပြောပါ နွယ်လေး"

"ကိုဒေး နေကောင်းလား၊ စာမေးပွဲဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်"

"ဘယ်နှစ်ဘာသာ ကျန်သေးသလဲ"

"မနက်ဖြန် တစ်ရက်နားပြီး သန်ဘက်ခါဖြေပြီးရင် ပြီးပါပြီ၊ ဘာလဲ ဆေးရုံတက်ဖို့ ပြောမလို့လား"

"ဒါပေါ့၊ စာမေးပွဲပြီးတာနဲ့ နွယ်လေး လာခေါ်ပြီး ဆေးရုံ တစ်ခါတည်း တန်းပို့မလို့"

"မလုပ်ပါနဲ့ဦး နွယ်လေးရယ်၊ ကိုယ့်ကို အဲဒီတစ်ရက်တော့ အချိန်ပေးပါ"

"ဘာဖြစ်လို့လဲ ကိုဒေး၊ နွယ်လေး သိခွင့်ရှိရင် သိချင်ပါတယ်"

"ကိုယ့်ဘဝအတွက် အရေးအကြီးဆုံးသော လူတစ်ယောက် တွေ့စရာကိစ္စရှိနေလို့ပါ"

"သူက ဘယ်သူလဲ၊ နွယ်လေး သိခွင့်ရှိမှ ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိခွင့်ရှိပါတယ်"

"... ... ..."

"ဘဝပါ"

"ဟင်. ."

"ဟုတ်တယ် ကိုယ် ဘဝနဲ့ သိပ်တွေ့ချင်နေတယ်၊ ကိုယ် သူ့ကို မေးစရာတွေရှိနေတယ်၊ ကိုယ်သူနဲ့ တွေ့လိုက်မှ ကိုယ့် ရင်မှာ ရှင်းသွားမှာ"

နွယ်လေးရင်၌ လှုပ်ရှားနေသကဲ့သို့ မေဒေးသည် လှုပ်ရှားနေပုံရသည်။

"ဘဝ ဘယ်သွားလို့လဲ"

"သူ အိမ်မှာမနေတော့ဘူး၊ ကိုယ့်ကိုနှုတ်မဆက်ဘဲ ထွက်သွားတယ်"

"တော်တော်ရိုင်းတာပဲ"

နွယ်လေး ရင်နာနာနှင့် တမင်ပြောလိုက်ခြင်း ဖြစ်သည်။

"မရိုင်းပါဘူး၊ ဘဝဟာ သိပ်ကိုယဉ်ကျေးတဲ့သူ တစ်ယောက်ပါ၊ ဖေဖေ့ကိုတော့ အလုပ်ခွင်မှာ သွားကန်တော့ပြီး ခွင့်တောင်းတယ် ပြောတာပဲ၊ ဘာကြောင့် မနေချင်လဲ မေးတော့ သူ့ဘဝရဲ့ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာကြောင့်ပါလို့တော့ ပြောသွားတယ်တဲ့၊ ပြီးတော့ ဖေဖေ့လုပ်ငန်းတွေကိုလဲ အမြဲတမ်း လိုလေသေးမရှိ အကူအညီပေးနေတုန်းပဲ ဒါကြောင့် သူ့ကို ရိုင်းတယ်လို့လဲ ပြောလို့မရဘူး နွယ်လေး"

မေဒေး၏ သည်းခံခွင့်လွှတ်နိုင်သော မြင့်မြတ်သည့် စိတ်ထားလေးကို နွယ်လေး လေးစားသွားသည်။ မေဒေး အပေါ်





၌ ထောင့်ငါးရာမေတ္တာနှင့် မချစ်နိုင်သော်လည်း ငါးရာနှစ်ဆယ့်ရှစ်မေတ္တာမျိုးနှင့် အမြဲထာဝရ ချစ်ခင်သွားနိုင်သည်။ သည်အကြောင်းတွေကို မေဒေး နေကောင်းသွားမှ ရှင်းပြတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကိုဒေး. . ဆေးကော မှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ်၊ ဒေါ်လေးဥက တစ်မိနစ်တောင် အတိမ်းအစောင်းမခံဘဲ တိုက်ပါတယ်"

"ခါးနာတာကော သက်သာရဲ့လား"

"အင်း သက်သာပါတယ်"

"ဒါဖြင့် နွယ်လေး ကိုဒေး စာမေးပွဲဖြေပြီးတဲ့ ညနေဘက်မှပဲ လာပြီး ဆေးရုံတက်ဖို့ စီစဉ်တော့မယ်နော်"

"အိုကေ. . စိတ်ချပါ၊ ကိုယ်လဲ ဝေဒနာကို ကြာရှည်စွာ ခံစားချင်ပါဘူး၊ အမြန်ဆုံး ကုသမှုခံယူချင်ပါပြီ၊ ကိုယ်ခံစားရတဲ့ ဝေဒနာကို ကိုယ်ပဲ အသိဆုံးပါ"

မေဒေး၏အသံသည် အားဖျော့နေသည်။ ရောဂါဝေဒနာ၏ နှိပ်စက်မှုကို သူကိုယ်တိုင် အဘယ်မျှ ခံစားနေရသည်ကို နွယ်လေး နားမလည်နိုင်သော်လည်း ကိုယ်နှင့် ပတ်သက်လာသမျှ လူအားလုံးကို ရောဂါဝေဒနာ ကင်းဝေးစေချင်သည်မှာ ခင် ရောဂါသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့ရကတည်းက ဖြစ်သည်။

"ဒါပဲနော် နွယ်လေး"

"ဟုတ်ကဲ့"

နွယ်လေး ဖုန်းချလိုက်သည်။ ဘဝနှင့် ပတ်သက်၍ မေ



www.burmeseclassic.com

www.burmeseclassic.com



ဒေးကိုယ်တိုင် ဘာမှ မသိသေးဘူးဟု နားလည်လိုက်သည်။

နွယ်လေးသည် စတိုးဆိုင်၏ မန်နေဂျာကို ခေါ်ကာ စာရင်းဇယားနှင့် ငွေသားတို့ကို အပ်ကာ. . .

“ကျွန်မ ပြန်တော့မယ် မနက်ဖြန်လဲ ခဏတစ်ဖြုတ်ပဲ အချိန်ရမှ လာမယ်၊ မရရင်လဲ မလာတော့ဘူးနော်၊ ကိစ္စတွေ များနေလို့”

“စိတ်အေးလက်အေးသာ လုပ်စရာရှိတာတွေကို လုပ်ပါ”


နွယ်လေး ဘာလုပ်လုပ် အမှားမှားအယွင်းယွင်း ဖြစ်နေသည့်အတူ လုပ်ငန်းမှ ခေတ္တနားကား အပန်းဖြေလိုက်ချင်သည်။ တစ်ပြိုင်နက် ဆိုသလို ဘဝကို တွေ့ဆုံကာ မိမိအမှားအတွက် တောင်းပန်လိုက်ချင်သည်။

နွယ်လေး ကားပေါ်ထိုင်ပြီးမှ ပိုက်ဆံအိတ်အတွင်းရှိ ဘဝ၏ အလုပ်ကတ်ပြားလေးကိုကြည့်ကာ လိပ်စာကို အလွတ်မှတ်လိုက်ပြီး ကတ်ပြားကို ပိုက်ဆံအိတ်အတွင်း ပြန်ထည့်ကာ ဘေးချလိုက်သည်။

ကားကို ‘ဘဝဆောက်လုပ်ရေး’ ရုံးခန်းရှိရာသို့ ဦးတည်လိုက်သည်။







# အခန်း ( ၃၄ )

‘ဘဝဆောက်လုပ်ရေး ကုမ္ပဏီ’ရုံးခန်း၌ ဘဝရှိမနေဘဲ မြေနီကုန်းရှိ လက်ရှိဆောက်လုပ်နေသော အဆောက်အအုံကို ကြည့်ရှုရန် ထွက်သွားသည်ဟု ပြောသဖြင့် နွယ်လေး မြေနီကုန်းသို့ ဆက်လိုက်ခဲ့လေသည်။

အဆောက်အအုံက အဆင့်မြင့်အိမ်ရာဖြစ်သဖြင့် အထပ်ပေါင်းက မြင့်မားလှသည်။

“ဦးဘဝနဲ့ တွေ့ချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက အပေါ်ဆုံးကို ရောက်နေတယ်"

"အမြင့်ကြီးပဲ"

"တွေ့ချင်ရင် အလုပ်သမား တစ်ယောက်ကို သွားခေါ်ခိုင်းလိုက်ပါ့မယ်"

"နေပါစေ၊ ကျွန်မလဲ အဆောက်အအုံဆောက်လုပ်တာ မြင်ဖူးတယ်ရှိအောင် ကျွန်မကိုယ်တိုင်ပဲ တက်သွားပါရစေ"

"ဟော့ ဘုမရေ. . ဒီက ဧည့်သည်ကို ဆရာ့ဆီ လိုက်ပို့ပေးလိုက်ပါ"

အလုပ်သမားခေါင်းက ပန်းရန် အလုပ်သမလေး တစ်ဦးကို လှမ်းပြောလိုက်သည်။ ပန်းရန်အလုပ်သမလေးမှာ ထမင်းစားနေဟန် တူသဖြင့်. .

"ရပါတယ်. . နေ. . နေ. . ကိုးထပ်မှာ မဟုတ်လား၊ ကျွန်မ လှေကားထစ်တွေအတိုင်းပဲ တက်သွားပါ့မယ်"

နွယ်လေးသည် မည်သူ၏ အကူအညီကိုမှ မစောင့်ဘဲ အပေါ်ထပ်သို့ တက်ခဲ့လေသည်။ ချော်မလဲစေရန် မနည်းသတိထားရလေသည်။

အလုပ်သမားခေါင်းဆောင်ဖြစ်ဟန်တူသူသည် နွယ်လေးကို စိတ်မချ၍ နောက်မှ ပြေးတက်၍ လိုက်လာသည်။

အပေါ်ထပ်သို့ ရောက်လေပြီ။ ဝန်းကျင်မှဲ့ အရပ်ဖြစ်၍ လေတဟူးဟူးနှင့် ဖြစ်နေရာ ဂျပန်စိန်မိုက်ကယ်အသားစကို ဝမ်းဆက် ချုပ်ထားသည်ဖြစ်ရာ ပျော့ပျော့အိအိနှင့် လေအတိုး၌ လွင့်ပါလျက်ရှိသည်ဖြစ်ရာ နွယ်လေးသည် လုံချည်စကို ဖုံးဖိရင်း မိမိနှင့် မလှမ်းမကမ်း၌ ကျောပေးရပ်ကာ ညွှန်ကြားချက်





ပေးနေသော ဘဝကို လှမ်းတွေ့လိုက်ရသဖြင့် ဘဝရှိရာသို့ ခပ်သွက်သွက်ကလေး အလှမ်း၌. . .

"ဟာ . . အစ်၊ ကရိန်း ကဒိုန်း"

အလုပ်သမားခေါင်းက နွယ်လေးအား ပြေး၍တွန်းလိုက်သည်။ နွယ်လေး အရှိန်မထိန်းနိုင်ဘဲ လဲကျသွားသည်။

အောက်မှ နယ်ပြီးသား မဆလာများကို ကရိန်းနှင့်တင်၍အပေါ်ထပ်သို့ တင်ပို့ခြင်းဖြစ်ရာ ထိုကရိန်းတက်လာပြီး ရွေ့လျားမှုကို နွယ်လေး မမြင်သဖြင့် အလုပ်သမားခေါင်းက တွန်းလိုက်ခြင်းဖြစ်သည်။

ဘဝသည် နောက်ဘက်မှ အသံဗလံများကြောင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ လဲကျနေသော အမျိုးသမီးကို မြင်လိုက်သည်နှင့် သူ့ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး ဘယ်ကဘယ်လို သူမအပေါ် ရောက်သွားမှန်းမသိလိုက်ခင်၌ နွယ်လေးကို ပွေ့ထူပြီး ဖြစ်သွားသည်။

နွယ်လေး သတိလစ်နေသည်။ ချိုစောင်း၌ သွေးများစီးထွက်နေသည်။ အုတ်ပုံနှင့်ခေါင်း ဆောင့်မိသွားခြင်းဖြစ်သည်။

"နွယ်. . နွယ်"

"ဆရာ့ကို တွေ့ချင်လို့တဲ့၊ ကျွန်တော်က ခေါ်ပေးမယ်ဆိုတာတောင် မရဘူး၊ သူပဲ တက်တွေ့မယ်ဆိုပြီး ဇွတ်လိုက်တက်သွားတာ၊ အဲဒါ ကျွန်တော် စိတ်မချလို့ အနောက်ကလိုက် တတ်လာတာ ထင်တဲ့အတိုင်းပဲ ကရိန်းကို သူမမြင်ဘူးလေ"

"လုပ်ပါဦးဗျာ. . . သတိလစ်နေတယ်၊ ခေါ်လို့ မရဘူး၊ ရေဘူး. . ရေသန့်"



www.burmeseclassic.com

www.burmeseclassic.com



"ရေသန့်ဘယ်မှာရှိမှာလဲ ဆရာ"

"ဒုက္ခပါပဲ၊ နွယ်လေး . . နွယ်လေး"

"မေ့ပြီး ရှော့ဖြစ်သွားတာထင်တယ် ဆရာ၊ ခဏနေ သတိရမှာပါ"

"အပေါ်က နေပူတယ်ဗျာ၊ သွေးက ပိုထွက်လာပြီ၊ ကျွန်တော်အောက်ကို ခေါ်သွားတော့မယ်၊ ခင်ဗျား ဘေးနားက လိုက်ထိန်းပေးစမ်းဗျာ"

"ဟုတ်ကဲ့ ဆရာ. . . သတိထားနော်၊ တော်ကြာ နှစ်ယောက်စလုံး ပြုတ်ကျနေဦးမယ်"

မန်နေဂျာနှင့် အလုပ်သမားခေါင်းဆောင်သည် ရှေ့တစ်ယောက် နောက်တစ်ယောက် ခြံရံပြီး ဘဝက နွယ်လေးကို တယုတယ ပွေ့ချီကာ ဆင်းခဲ့လေသည်။

ဘဝရင်တွေ သိပ်လှုပ်ရှားနေသည်။ နွယ်လေးသာ တစ်ခုခုဖြစ်သွားလျှင် သူ့ ကိုယ်သူ ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ချေ။ နွယ်လေး ဘာကြောင့် လိုက်လာသနည်း။

ဘဝ သိပ်သိချင်နေသည်။ ထို့ထက်ပို၍ နွယ်လေးကို စိုးရိမ်နေသည်။

"ကိုဝေခိုင် သူ့ကားပါလာတယ် မဟုတ်လား၊ အဆင်သင့် စက်နှိုးထားဗျာ"

ဒုတိယအထပ် အရောက်တွင် အလုပ်သမားခေါင်းဆောင်က ရှေ့မှပြေးဆင်းသွားနှင့်သည်။

"ခင်ဗျားနဲ့ ဘာတော်သလဲဗျ"

မန်နေဂျာကမေးသည့် မေးခွန်းကို ဘဝ ဖြေတရက်





မဖြေနိုင်ချေ။ နောက်မှ . .

"ကျွန်တော့် သူငယ်ချင်းပါဗျာ"

ဘဝ တစ်ကိုယ်လုံး ပင်ပန်းမှု၊ စိုးရိမ်မှုဇောများကြောင့် ချွေးများ ရွှဲနစ်လျက်ရှိသည်။ အောက်ထပ်ရောက်မှ အသက်ကို ဝဝရှူကာ ခေတ္တရပ်ပြီး အပန်းဖြေလိုက်သည်။

"ကားသော့တန်းလန်းနဲ့ အဆင်သင့်ပဲ ဆရာ"

"အိုကေ. . ကျွန်တော့်ပစ္စည်းတွေ ရုံးခန်းသာ ပို့ခိုင်းထားလိုက်တော့"

"ပါပါတယ် ကိုဘဝရယ်၊ ကျွန်တော် ယူလာပါတယ်"

မန်နေဂျာကြီးက ဘဝလက်မှ လွတ်ကျသွားခဲ့သော ပိုက်ဆံအိတ်နှင့် ဖိုင်တွဲကို ကောက်ယူလာခဲ့သည်ဖြစ်ရာ ကားအတွင်းသို့ ထည့်ပေးလိုက်လေသည်။

ဘဝက နွယ်လေးကို ကားနောက်ခန်းတွင် အသာတင်လိုက်ပြီး နွယ်လေးကားရှေ့တွင် ဝင်ရောက်၍ နေရာရယူကာ

"ဆိုင်ကယ်ကို တစ်ယောက်ယောက် ပို့ခိုင်းလိုက်ဗျာ"

"ဟုတ်ကဲ့. . ဆရာ"


ဘဝ ကားမောင်းထွက်ခဲ့သည်။ ဘဝ၏ တစ်သက်တာ၌ ဤမျှလောက် ပျာယာခတ်ပြီး သတိလက်လွတ် လှုပ်ရှားမှု တစ်ခါမှ မရှိခဲ့ပါချေ။ နွယ်လေးအတွက် စိုးရိမ်ပူပန်မှုက ငယ်ထိပ်သို့ သွားရောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၅ )

နွယ်လေး၏ ချိုစောင်းကို သုံးချက်တိတိ ချုပ်လိုက်ရ လေသည်။ ဆံပင်အနည်းငယ်ကို ကွက်၍ ရိတ်လိုက်ရသေး သည်။ ထိုဆံပင်လေးများကို ဘဝကယူကာ သူ၏ဖိုင်တွဲကြား စာအိတ်တစ်ခုအတွင်း ထည့်သိမ်းလိုက်သည်။

"စိုးရိမ်စရာ မရှိတော့ပါဘူး၊ မကြာခင် သတိရတော့ မှာပါ"

ဆရာဝန်က ဆေးတစ်လုံးထိုးပေးပြီး ပြောလိုက်သည်။





"သတိရမှပြန်ပါ။ တစ်နေ့ကို ဒီဆေးကို နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တိုက်ပေးပါ။ သုံးရက်လောက် တော့ ဆေးလာထိုးပေးပါ။ အနာကျက်သွားအောင်ပါ"

"အမာရွတ်ထင်မှာလား ဆရာ"

"အစိမ်းချုပ်ဆိုတော့ ချုပ်ရိုးမပေါ်ပါဘူး၊ အမာရွတ်လဲ အကြီးကြီးမဖြစ်ပါဘူး"

ဆရာဝန်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ကိုင်း . . အေးအေးဆေးဆေးနေကြပါ၊ အပြင်မှာ အခြားပေးရှင့်တွေ ရှိသေးလို့ ခွင့်ပြုပါဦး"

"သို့င့် . . ဒေါက်တာ"

ဘဝသည် ဆရာဝန် ထွက်သွားသည်နှင့် နွယ်လေး ခုတင်ဘေးနားတွင်ရှိသော ခွေးခြေ၌ ထိုင်လိုက်သည်။

နွယ်လေးမျက်နှာလေးကို တစိမ့်စိမ့်ကြည့် ငေးကြည့် နေလိုက်သည်။

နွယ်လေးအလှက အေးချမ်းတည်ငြိမ်ကာ ကျက်သရေ ရှိသော အလှပင်ဖြစ်သည်။

ထိုအလှတရားလေးကို သဇင်စတိုးတွင် စတင်တွေ့ရှိ ကတည်းက သူမြတ်နိုးမိသည်။ သို့သော် မေဒေး စွဲလမ်းနေသူ နွယ်လေးဖြစ်မှန်း သိလိုက်ရသည့် တဒင်္ဂ၌ ယူကျုံးမရစိတ်ဖြင့် နောက်ဆုတ်ပေးခဲ့မိသည်။ ထိုစဉ်မှစ၍ သူ ရှောင်ရှားခဲ့သည်။

ထိုမျှမကသေး မိမိ တိတ်တခိုး မြတ်နိုးတန်ဖိုးထားရသူ ထံမှ 'သခင်အားရ ကျွန်ပါး၀'ဟူသော စကားဖြင့် နှိမ့်ချသော စကားကို ကြားရသည့် တဒင်္ဂ၌ သူ့ အံ့ပန်းအချစ်သည် အံ့ကြွ



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကွဲသွားလေသည်။

"အား. . ကျွတ်. . ကျွတ်. . "

နွယ်လေးထံမှ သူးလွန့်မှုနှင့်အတူ စုတ်သပ်သံလေး ထွက်ပေါ်လာသည်။

"နွယ်"

ဘဝရင်တွင် ဝမ်းသာအားရနှင့် တိတ်တခိုးခေါ်ခဲ့သော အမည်လေး ထွက်ပေါ်လာသည်။

"နွယ်"

နွယ်လေး မျက်လုံးကို အသာဖွင့်လိုက်သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိသည်။

"ကျွတ်. . ကျွတ်"

"နွယ်. . သတိရပြီလား"

အသံတစ်သံ မိမိ၏နှလုံးသားကို ထိရှစေသော အသံကို ကြားလိုက်ရပြီး နွယ်လေးသည် မှုန်ဝါးဝါးဖြစ်နေသော အသံရှင်ကို အားယူကြည့်လိုက်သည်။

ရင်မှာ လှုပ်ရှားရိုက်ခတ်သွားသည်။ စိုးရိမ်တကြီး မျက်ဝန်းများဖြင့် ဘဝကို တွေ့လိုက်ရသောအခါ နွယ်လေး မိမိကိုယ်ကို ထိန်းချုပ်နိုင်သော အသိတရားများ ကင်းကွာသွားသည်။

မျက်ရည်ပွင့်တို့ ဝေလေပြီ။

"နွယ်ရယ်. . သတိရပြီနော်၊ ကျွန်တော် သိပ်ဝမ်းသာပါတယ်"

နွယ်လေး၏ အေးစက်နေသော လက်ဖျားလေးတို့ ဆုပ်ကိုင်ကာ အားပေးလိုက်သည်။





"သိပ်နာသွားသလား နွယ်၊ ခေါင်းက ဒဏ်ရာကလွဲပြီး အခြားဒဏ်ရာတော့ မတွေ့ပါဘူး၊ ဘယ်နေရာ နာနေသေးသလဲ"

"နာတယ်. . ညာဘက်ဒူးဆစ် သိပ်နာတယ်"

"ဟုတ်လား၊ ဒေါက်တာ. . ဒေါက်တာ"

ဘဝ ပျာယာခတ်ပြီး ပြင်ပလူနာစမ်းသပ်ခန်းတွင် ရှိနေသော ဆရာဝန်ကို လှမ်း၍ခေါ်လိုက်သည်။

"ခဏ. . ခဏ. . ဒီပေးရှင်းပြီးရင် လာခဲ့မယ်"

ဆရာဝန်က လှမ်းအသံပြုလိုက်သည်။

"ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

နွယ်လေးက ထထိုင်ရန် အားယူလိုက်သည်။ ဤသည်ကို ဘဝက ခွင့်မပြုဘဲ ဖေးမကာ. .

"အို. . မထနဲ့နွယ် မူးသွားမယ်၊ ခဏနားလိုက်ပါဦး၊ ခုဆေးခန်းရောက်နေတာ"

"ကျွန်မ ဘာက ဘယ်လိုဖြစ်သွားတာလဲ"

"မဆလာသယ်လာတဲ့ ကရိန်းကို နွယ်မမြင်တော့ နွယ်ကို ထိမှာစိုးလို့ ကိုဝေခိုင်က တွန်းလိုက်တာ အဲဒီမှာ နွယ်လေး လဲကျသွားပြီး အုတ်ပုံနဲ့ခေါင်းနဲ့ ထိသွားတယ်"

နွယ်လေးသည် ခေါင်းမှပတ်တီးကို အသာအယာ စမ်းရင်း ရင်တွင် လှိုက်တက်လာသော ဝေဒနာကြောင့် မျက်ရည်များ ဝဲနေဆဲဖြစ်ရာ ဘဝက မနေသာဘဲ လက်ချောင်းကလေးများဖြင့် အသာသုတ်ပေးလိုက်သည်။

"တိတ်ပါ နွယ်. . ကျွန်တော့် အလုပ်ခွင်မှာ ဖြစ်တဲ့အ


www.burmeseclassic.com

www.burmeseclassic.com



တွက် ကျွန်တော် သိပ်ကို စိတ်မကောင်းဖြစ်ရတယ်၊ ဒီအတွက် နွယ်ကျေနပ်သည်အထိ ကျွန်တော် တောင်းပန်ပါရစေ"

ဆရာဝန်ဝင်လာသဖြင့် ဘဝက အသာရပ်လိုက်သည်။

"ဘာတဲ့လဲ"

"ညာဘက်ဒူးဆစ် အရမ်းနာကျင်နေတယ်တဲ့ ဆရာ"

"အဆစ်လွဲသွားတာဖြစ်မယ်"

"လုပ်ပါ. . လုံချည်လှပ်ပေးပါ"

ဆရာဝန်က တစ်ဆက်တည်းဆိုသလို ဘဝကို အမိန့်ပေးလိုက်သည်။ ဘဝနှင့်နွယ်လေးကို စုံတွဲဟုထင်ထားပုံရသည်မတတ်သာ။ ဘဝက နွယ်လေး၏ ညာဘက်ဒူးဆစ်နားအထိ လုံချည်ကို အသာတင်ပေးလိုက်သည်။

"ဟုတ်မယ်. . ရောင်တောင် ရောင်နေပြီပဲ၊ ဓာတ်မှန်ရိုက်ကြည့်ရလိမ့်မယ်၊ ကျွန်တော် စာရေးပေးလိုက်ပါ့မယ်၊ ဟိုဘက်လမ်းက 'အေး' ဆေးတိုက်မှာ ဓာတ်ခွဲခန်းရှိတယ်၊ အဲဒီမှာ တစ်ခါတည်း ဓာတ်မှန်ရိုက်ပြီး ကျွန်တော့်ဆီကို ပြန်လာခဲ့ပါ"

"ကောင်းပါပြီ ဒေါက်တာ"

"လူနာ အမူးပြေမှသွားပါ အေးအေးဆေးဆေးပေါ့ ဒီမှာ ဒရစ်သွင်းမယ့်လူနာ မရှိသေးတော့ နားနားနေနေ နေလို့ရပါတယ်"

နွယ်လေးသည် ဘဝကို ငေးကြည့်မိသည်။ ဘဝက ဆရာဝန် ထွက်သည်နှင့် နွယ်လေးကို လှမ်းကြည့်လိုက်သည်။ မျက်ဝန်းချင်း ဆုံမိကြသည်။ ကွဲကွာနေသော ကာလများအတွက် လွမ်းတမောမောရှိသော အရိပ်များ မျက်ဝန်းအစုံများ၌ ထင်





ဟပ်နေသည်။

နွယ်လေး၏ လုံချည်စကို အသာပြန်ဆွဲဖုံးပေးလိုက်ပြီး "ကျွန်တော့်ဆီကို နွယ်လေးဘာကိစ္စ လိုက်လာတာလဲ"

'နွယ်'ဟူသော အသုံးအနှုန်းပြန်လည် ပျောက်ကွယ်သွားပြီး နွယ်လေးဟု ပြန်ခေါ်ခြင်းကို နွယ်လေး သတိပြုမိသောအခါ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"သွားကြရအောင်"

"နွယ်လေး ထနိုင်မှာမဟုတ်ဘူး ထင်တယ်"

နွယ်လေးက ခုတင်ထက်မှာ အသာထိုင်လိုက်ပြီး ညာခြေထောက်ကို လှုပ်ရှားကြည့်သည်။ လှုပ်ရှားတိုင်း နာကျင်သဖြင့် နွယ်လေး မျက်ရည်များ ရစ်ဝဲလာသည်။

ဘဝ မကြည့်ရက်ပါ။

"ခုမှတော့ မထူးတော့ပါဘူး နွယ်၊ ကျွန်တော်ပဲချီသွားပါရစေ"

ပြောပြောဆိုဆိုနှင့် နွယ်လေး၏ သွယ်သွယ်လျလျ ကိုယ်လုံးကလေးကို စွေ့ခနဲ ပွေ့ချီကာ ဆေးခန်းတွင်းမှ ထွက်ခဲ့တော့သည်။

"ဆရာမ. . လိုက်ကူလိုက်ပါဦး"

ဆရာဝန်က လှမ်းပြောသဖြင့် နာ့စ်က ကားတံခါး လိုက်ဖွင့်ပေးသည်။ ဘဝက နွယ်လေးကို ရှေ့ခန်း၌ပင် တင်လိုက်သည် ပိုက်ဆံအိတ်ကို တစ်ခေါက်ပြန်ယူပြီး ထွက်ခဲ့သည်။ သေ ဝင်ထိုင်ပြီး နွယ်လေးကို ငဲ့စောင်းကြည့်ကာ. .

"နေသာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"နာတယ်၊ ခြေထောက်က အရမ်းနာတယ် ဘဝရယ် ကျိုးများကျိုးသွားပြီလား မသိပါဘူး"


"မကျိုးပါဘူး၊ အဆစ်လွဲတာလောက် ဖြစ်မှာပါ"

ဘဝက အားပေးပြီး ကားကို မောင်းထွက်လိုက်သည်။ အချိန်က နေပင်ဝင်လေပြီ။ နွယ်လေးမှာ အားငယ်စိတ်၊ ရင်တွင်းလှုပ်ရှားမှုစိတ်၊ ဝမ်းနည်းမှုများ ပေါင်းစပ်ကာ မျက်ရည်များက ထပ်မံစီးဆင်းလာပြန်သည်ဖြစ်ရာ ဘဝက. .

"အားမငယ်ပါနဲ့ နွယ်ရယ်၊ ကျွန်တော်တစ်ယောက်လုံး ရှိပါတယ်၊ ကျွန်တော်ရှိနေသရွေ့ နွယ်ဘဝမှာ ဆိုးဆိုးရွားရွား ဘာမှမဖြစ်စေရပါဘူးဆိုတာ ယုံကြည်ပါနွယ်"







# အခန်း ( ၃၆ )

"အဆစ်လွဲသွားတာပါ မကျိုးပါဘူး၊ ပတ်တီးစည်းဖို့လဲ မလိုပါဘူး၊ ခြေထောက်ကို ကွေးလိုက်ဆန့်လိုက် လုပ်ပေးရမယ်၊ ရေနွေးဝတ်ကလေးနဲ့ အပူပေးပြီး လုပ်လုပ်ပေးရမယ် ဆေးမှန်မှန်သောက်ရမယ်"

"ဟုတ်ကဲ့. . ဒေါက်တာ"

"ပုံမှန်ပြန်မဖြစ်ခင်မှာ သူ့ကို အားကိုးပြုပြီး ပြင်းပြင်းထန်ထန် လျှောက်တာမျိုးတော့ မလုပ်စေချင်ဘူး၊ အိပ်ရာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ နားနားနေနေ နေပါ”

“မနက်ဖြန် ဆေးခန်းလာဖို့”

“ကိစ္စမရှိပါဘူး၊ မိသားစု ဒေါက်တာရှိရင် ဒီမှာ ကျွန်တော်ရေးပေးထားတဲ့ ဆေးမှတ်တမ်းကို ပြလိုက်ပါ၊ သူ ဆက်လက်ဆောင်ရွက်ပေးလိမ့်မယ်၊ ဒါမှမဖြစ်နိုင်ရင် ခင်ဗျားဇနီးကို ခင်ဗျားပဲ ချီပိုးပြီးခေါ်ခဲ့ပေါ့ဗျာ”

နွယ်လေးမျက်နှာ ရဲခနဲဖြစ်သွားပြီး ခေါင်းငုံ့လိုက်သည်။ ဘဝက ဆရာဝန်ကို ဖြေရှင်းရန် ကြိုးပမ်းလိုက်သော်လည်း . .

“ကိုင်း . . ဒီဆေးကို ငါးနာရီခြားတစ်ကြိမ် သောက်ရမယ်၊ ညဘက်အတွက် အေးရင် ကိုက်ခဲမှာစိုးလို့ အိပ်ဆေးပါ ထည့်ပေးထားတယ်”

“ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး”

ဘဝက ဆေးဖိုးနှင့် စမ်းသပ်ခကို ရှင်းပေးပြီးနောက် ကားတံခါးကို အရင်သွားဖွင့်ပြီးမှ နွယ်လေးကို လာရောက် ပွေ့ချီပြီး တယုတယ ခေါ်ဆောင်လေသည်။

မေ့နေစဉ်က အကြောင်းမဟုတ်သော်လည်း နွယ်လေး သတိရပြီးသည့်အချိန်မှစ၍ နွယ်လေးကို ပွေ့ချီလိုက်တိုင်း သူ့ရင်တွေ အဆမတန် ခုန်နေသည်။ တစ်ဦး၏ ရင်ခုန်သံကို တစ်ဦးကြားမှာကို စိုးထိတ်နေသည်။ နွယ်လေး၏ ရင်တွင်းလှုပ်ခတ်နေသည့်ကြားမှ ဘဝ၏ ရင်ခွင်ကျယ်ကြီးတွင် ထာဝရ နားလိုစိတ် ဖြစ်ပေါ်လာမိသည်။

ကားထဲ နှစ်ဦးသား နေသားတကျရှိသောအခါမှ ကား





တွင်းရှိနေသော နာရီကိုကြည့်လိုက်မိသည်။

“မြတ်စွာဘုရား . . ကိုးနာရီတောင် ခွဲသွားပါပြီကော လား”

နွယ်လေးက တအံ့တသြ အဘွားကြီးလေးလို ရေရွတ်လိုက်သည်။

“ဟုတ်တယ် နွယ်လေး၊ အချိန်တွေက ဆေးခန်းနှစ်ခုကြားမှာ စောင့်ဆိုင်းရင်း ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ဘူး”

ဘဝက ကားကို ညင်သာစွာ မောင်းထွက်လိုက်သည်။ သူ့ရင်ထဲ မမျှော်လင့်ဘဲ နွယ်လေးနှင့် ဆုံစည်းလာမှုတွင် ဘယ်နည်းနှင့်မှ မခွဲမခွာချင်အောင် ဖြစ်မိသည်။ နွယ်လေးအပေါ် လွမ်းမှုကို အမြဲဖြေဖျောက်ခဲ့သော်လည်း သတိတရရှိနေခဲ့တတ်သည်။ ယခုလို တရင်းတနှီး ဖြစ်သွားပြီးသည့်နောက် သူ ဘယ်နည်းနှင့်မှ နွယ်လေးကို မစွန့်လွှတ်ချင်တော့။

ဘဝ သက်ပြင်းချလိုက်သည်။

“ဘဝ အလုပ်ရှုပ်သွားလို့ စိတ်ညစ်သွားပြီလား”

“မညစ်ပါဘူး၊ ကျွန်တော်ကြောင့် နွယ် ခုလိုဖြစ်သွားတာ ကိုပဲ စိတ်မကောင်းလို့ မဆုံးပါဘူး”

“ဘဝကြောင့် မဟုတ်ပါဘူး၊ ကျွန်မဘာသာ နမော်နမဲ့ …င်လို့ ဖြစ်တာပါ”

“ဒါထက် နွယ်လေး ကျွန်တော့်ဆီ ဘာကိစ္စလိုက်လာ တာလဲ”

“တောင်းပန်မလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်မလို့. . ဘာအတွက်လဲ"

"ကျွန်မ ဘဝကို စော်ကားခဲ့တဲ့စကား မိုက်ရိုင်းနှင့်သ
တဲ့စကားတစ်ခွန်း သုံးလိုက်မိတဲ့အတွက် ကျွန်မ တောင်းပန်
တယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မစိတ်ထဲ ဘဝကို စော်ကား
လိုစိတ် လုံးဝမရှိပါဘူး၊ ကျွန်မ. . ကျွန်မ. . မခံရပ်နိုင်အောင်
ဒေါသထွက်သွားလို့ပါ"

ဘဝ ကားကိုထိုးရပ်လိုက်သည်။

"အို. . ဘာဖြစ်လို့ရပ်တာလဲ၊ လူပြတ်တဲ့နေရာမှာ"

ဘဝက ကားတွင်းမီးကို ဖွင့်လိုက်ပြီး နွယ်လေးမျက်
ကို စေ့စေ့ကြည့်လိုက်သည်။

သူတွေ့မြင်လိုက်သည်။

မျက်ရည်စ ရစ်သိုင်းထားသော မျက်လုံးအစုံမှ န
သိပ်သည်းသော အချစ်၏ကောက်ကြောင်းများကို သူတွေ့လို
ရသည်။

ဘဝ ရင်တွေအရမ်းခုန်လာသည်။ မီးကိုပိတ်ပြီး ကား
ပြန်မောင်းထွက်လိုက်သည်။ နွယ်လေး ဘာကြောင့် ဒေါသထွ
ရသနည်းကို သူရိပ်မိခဲ့သည်။ အခုတော့ သူ၏ ရိပ်မိခဲ့သေ
သံသယသည် မှန်ကန်သွားပြီဟု သူသိလိုက်သည်။

"ဘဝ. . ကျွန်မကို တစ်ခုခု ပြန်ပြောဦးလေ"

"ကျွန်တော်က ပြန်ပြီးတောင်းပန်ရမှာပါ၊ ကျွန်
ဘဝအမှန်ကို နွယ်က ပြောတာပဲ"

"မဟုတ်ဘူး ကျွန်မ ဘဝကို အထင်သေးလို့ ထ
နှိမ့်ချတာမဟုတ်ဘူး၊ ကိုဒေးအတွက် ရှေ့နေလိုက်ပေးလို့ ထွ



ဒေါသထွက်သွားတာ"

"ကိုဒေးကို နွယ် မချစ်ဘူးလား"

"မချစ်ဘူး၊ အစ်ကိုတစ်ယောက်လိုပဲခင်တယ်၊ သံသော
ဇဉ်ရှိတယ်၊ ဘယ်တော့မှလဲ ချစ်လာမှာမဟုတ်ဘူး"

"ကိုဒေး သနားပါတယ်"

"ကျွန်မမှ မချစ်နိုင်ဘဲ"

"ကျွန်တော်. . ဘာမှ . . ဟင်"

ကားသည် မောင်း၍မရဘဲ ထိုးရပ်သွားသည်။

"ဟင် . . ဘာဖြစ်လို့ပါလိမ့်"

ဘဝက ဒိုင်ခွက်များကို စစ်ဆေးလိုက်သည်။

"ဩော်. . ဓာတ်ဆီကုန်နေတာကိုး၊ ဓာတ်ဆီ အပိုပါ
သလား"

"ဟင့်အင်း. . ဒုက္ခပါပဲ ဘဝရယ်၊ ဒီနေရာမှာမှ"

ကန်တော်ကြီးပတ်လမ်း နတ်မောက်လမ်း၌ဖြစ်သည်။

"ကားတွေလာမှာပါ မပူပါနဲ့နွယ်"

ဘဝက ကားအပြင်ဘက်သို့ ထွက်ရပ်လိုက်သည်။ နွယ်
လေးက နာရီကိုလှမ်းကြည့်ပြီး စိတ်ဓာတ်ကျသွားသည်။

ကားတစ်စီးကို လှမ်းမြင်လိုက်ရသည်။ ဘဝက လှမ်း
တားလိုက်သည်။ ဟိုတယ်မှ မူးမူးနှင့်ပြန်လာသော ယောကျ်ား
သုံးဦးပါသောကား ဖြစ်နေရာ. .

"ဘာဖြစ်လို့လဲ"

"ဓာတ်ဆီကုန်သွားလို့ပါ၊ ရောင်းနိုင်မလားလို့"

"ဓာတ်ဆီကုန်သွားတော့ ဘာဖြစ်သလဲကွ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ အိပ်လိုက်ကြပေါ့။ ဟတ်. . ဟား. . ဟား. . ဘိုင့်၊ မင်းက တယ်မှုန်ဝါးတာပဲ"

"တောက်"

ဘဝက တောက်ခေါက်လိုက်စဉ် ကားသည် ထွက်သွားသည်။ မှုံမှုံနှင့် ရယ်သံများက ညံသွားသည်။ ဘဝ အကြံရလိုက်သည်။ ဤနေရာသည် ဓာတ်တိုင်နှင့်ဝေးသည်။ ရှေ့ဘက်ကိုက်နှစ်ရာလောက်သို့ တွန်းလိုက်လျှင် ဗိုလ်ချုပ်ကြေးရုပ်ရှေ့သို့ ရောက်နိုင်သည်။ စားတော်ဆက်လည်းရှိသည်။ လုံခြုံရေးလည်းရှိသည်။

"နွယ် စတီယာရင် ကိုင်လိုက် ကျွန်တော်ရှေ့ဘက်ကို တွန်းသွားမယ်"

"ဘာဖြစ်လို့လဲ"

"ဒီနေရာက မှောင်တယ်၊ ရှေ့နားတွန်းသွားပြီး အကူအညီရှာမယ်"

"ပင်ပန်းမှာပေါ့ ဘဝရယ်"

"ကိစ္စမရှိပါဘူး"

နွယ်လေး ဘဝအပေါ် အကြင်နာ တိုးသွားရသည်။

အရေးထဲ ခြေထောက်ကပါ နာရသည်လို့။

ဘဝ၏ တွက်ကိန်းမှန်သွားသည်။ ဗိုလ်ချုပ်ကြေးရုပ်အနီး ရောက်သောအခါ လုံခြုံရေးနှစ်ဦးနှင့် တွေ့သည်။ အကူအညီတောင်းကာ ဓာတ်ဆီရှာခိုင်းပေးရန် ပြောရသည်။

နွယ်လေး အပါးမှာတော့ သူသည် မခွာရဲ။

"ဘယ်လောက် ပေးရပေးရပါ အစ်ကို"





"ကောင်းပြီ ပုံးပါသလား"

"ပါပါတယ်"

ကားနောက်ဖုံးမှ ထုတ်ယူပေးလိုက်ပြီး ငါးထောင်တန်တစ်ရွက် ပေးလိုက်သည်။

"တစ်ဂါလန်ပဲ အစ်ကို၊ ပြန်လာရင် ကျေးဇူးပြုဦးမယ်"

ပြန်မလာမှာ စိုးသဖြင့် ဘဝက ထပ်မံမှာလိုက်ရသည်။

နွယ်လေးက ဘဝ တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသည်ကိုကြည့်ပြီး စိတ်မကောင်း။

"ချွေးတွေနဲ့ အအေးပတ်နေတော့မှာပဲ ဘဝရယ်"

"ကိစ္စမရှိပါဘူး နွယ်၊ ကျွန်တော်က ကျင့်သားရနေပါပြီ"

"ခုမှ သတိရတယ် ဘဝလဲ ဘာမှစားရဦးမှာ မဟုတ်ဘူးနော်"

"နွယ်. . ဆာပြီလား"

"မဆာပါဘူး၊ အိမ်ရောက်မှပဲ ဘဝပါ အိမ်မှာ ညစာစား၊ ပြီးမှပဲ. . ."

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နွယ်ကို ပို့ပြီးရင် မေမေတို့ဘက်ကူးပြီး အဲဒီမှာပဲ စားသောက်ပြီး တစ်ညအိပ်လိုက်မယ်၊ မနက်အစောကြီး ပြန်ထွက်တော့မယ်"

"အဲဒီလိုဆိုရင် ကိုဒေးကိုလဲ သတင်းမေးလိုက်ဦး"

"ဟင်. . ကိုဒေး ဘာဖြစ်လို့လဲ"

"ကျောက်ကပ်ရောဂါဖြစ်နေတယ်၊ အဲဒါတောင် ကျွန်မက အတင်းတိုက်တွန်းပြီး ဆရာဝန်ဆီပို့ပေးလို့ ကျောက်တစ်အထူးကုက ဆေးရုံးတက်ခိုင်းနေတယ်၊ ကိုဒေးက ငွေမေးတွဲ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ တက်မယ်ဆိုပြီး ရက်ရွှေ့ထားလို့"

ဘ၀ စိုးရိမ်သွားသည်။ သို့သော် သူထင်နေသော ဝေဒနာမျိုးမဟုတ်သဖြင့် တော်သေးသည်ဟု ယူဆလိုက်သည်။ သူထင်ထားသည်က နွယ်လေးကို စွဲလမ်းစိတ်ဖြင့် အိပ်ဆေး၊ မူးယစ်ဆေးများ၊ အလွန်အကျွံ သုံးစွဲနေသလားဟု ထင်ထားခြင်းဖြစ်သည်။

"ဒါထက် ဘ၀ ကျွန်မကို. . အပ်. . ဓား. . တစ်ခါသုံး"

"စိတ်ချပါ နွယ်၊ ကျွန်တော်ကိုယ်တိုင် တစ်ခါသုံးတွေကိုပဲ သုံးဖို့ပြောပြီး မျက်စိရှေ့မှာပဲ နွယ့်ကို ကုသစေတာပါ"

"ကျွန်မကတော့ မေမေ ခံစားရတာ မြင်ကတည်းက ရောဂါဝေဒနာဆိုးတွေဖြစ်မှာ သိပ်ကြောက်လို့ အစစအရာရာ သတိဝီရိယနဲ့ ဆင်ဆင်ခြင်ခြင်နေပါတယ်၊ ဒါပေမယ့် ဘ၀ကို တွေ့ချင်ဇောနဲ့"

ဘ၀ကတော့ နွယ်လေးအနီးပြတင်းပေါက်၌ ခါးကိုင်းကာ နွယ်လေးကို ကြည့်လိုက်ပြီး. . .

"နွယ်ရယ်. . ကျွန်တော်ဟာ နွယ် တန်ဖိုးထားလောက်အောင် အဖိုးတန်တဲ့လူတစ်ယောက်မှ မဟုတ်တာ"

"ဘ၀"

"ပြောပါ နွယ်"

"လူတစ်ယောက်ရဲ့ တန်ဖိုးကို ဘ၀ ဘယ်လိုပေတံနဲ့ တိုင်းတာသလဲ"

ဘ၀က ပြုံးကာ ခါးမတ်လိုက်ပြီး ကားအဖုံးပေါ်၌ ထိုင်ကာ. .





"တော်ပါပြီနွယ်၊ ကျွန်တော် နွယ့်ကို အရှုံးပေးပါတယ်"

"ပေးပေမယ့် ကျွန်မကတော့ ပြောရမှာပဲ၊ ကျွန်မကတော့ လူတစ်ယောက်ရဲ့ တန်ဖိုးကို သူ့ရဲ့ ကိုယ်ပိုင်အရည် အချင်းနဲ့ပဲ တိုင်းတာတယ်လို့ ယူဆတယ် ဘ၀"

နွယ်လေး၏ ဆိုလိုချက်ကို သဘောပေါက်သဖြင့် ဘ၀၏ရင်ထဲ သိမ့်ခနဲ ခံစားလိုက်ရသည်။

ဘ၀ နာရီကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။ ဆယ်နာရီ ကျော်သွားလေပြီ။ ဘ၀ လည်တဆန့်ဆန့်ဖြင့် ဓာတ်ဆီသွားရှာသူများကို လှမ်းမျှော်ကြည့်ပြီး. .

"ဒီလူတွေကလဲ ကြာလိုက်တာ၊ နွယ် အနားယူသင့်ပြီ"

"ဘ၀လဲ ကျွန်မကြောင့် ပင်ပန်းနေပြီ"

"ဒဏ်ရာနဲ့လူက ပိုပင်ပန်းတာပေါ့၊ ကျွန်တော့်အတွက်တော့ ပင်ပန်းခြင်းနဲ့ဟာ မိတ်ဆွေဖြစ်နေပါပြီ"

ထိုစဉ် ကားတစ်စီးထွက်လာပြီး နွယ်လေးတို့အနား ရပ်သည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ ထို လူကို မြင်လိုက်ရသည်နှင့် နွယ်လေး မျက်နှာထားတည်သွားသည်။

"သမီး နွယ်လေး. . ဘာဖြစ်လို့လဲ၊ ခေါင်းမှာလဲ ပတ်တီးကြီးနဲ့ပါလား"

"ချော်လဲပြီး ခေါင်းကွဲသွားလို့ပါ၊ ဆေးခန်းက ပြန်လာတာ၊ ဒီမှာ ဓာတ်ဆီပြတ်သွားလို့ ရပ်ထားတာ"

"မညိုတို့ ဘာတို့ မပါဘူးလား"

နွယ်လေးက ဖခင်၏ စိုးရိမ်တကြီး အမူအရာကိုကြည့်ပြီး ရင်ထဲမှာ ငိုချင်လာသည်။ သို့သော် စိတ်ထိန်းလိုက်. .



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး အိမ်မှာဖြစ်တာ မဟုတ်ဘူး"

ထိုစဉ် ဓာတ်ဆီရှာပေးသူများ ရောက်လာသဖြင့် ဘဝက နောက်ထပ် ငါးထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ရာ ထိုသူများက ကျေးဇူးတင်ပြီး ဓာတ်ဆီကို ကိုယ်တိုင်ဖြည့်ပေးလေသည်။

ဘဝက ဦးအောင်နွယ်ကို ဒေါ်ခင်ခင်လေး အသုဘတုန်းက မြင်ဖူးထားသဖြင့် နွယ်လေး၏ဖခင်မှန်း သိသည်။ ဦးအောင်နွယ်နှင့် ကားဒရိုင်ဘာ နှစ်ယောက်တည်းသာ ကားတွင်းပါသဖြင့် နွယ်လေး စိတ်သက်သာခွင့် ရသွားမှာပဲဟု တွေးမိသည်။

"ဒဏ်ရာက သိပ်ကြီးသလား သမီး"

"သုံးချက်ပဲ ချုပ်ရတာပါ ခြေဆစ်လွဲသွားသေးတယ်"

"ဟင် . . ဒါဖြင့် ဖေဖေ လိုက်ပို့ပေးမယ်လေ"

"နေပါစေ ဖေဖေ၊ ဘဝ ပါပါတယ်၊ ဖေဖေ့ မိန်းမ မျှော်နေပါ့မယ်၊ ဖေဖေပြန်ပါ ရပါတယ်၊ သမီးကို ဘဝပဲ ပို့ပေးလိမ့်မယ် ဖေဖေ၊ သူက ဘဝတဲ့၊ ဘဝဆောက်လုပ်ရေးက သမီးတို့ ခေါင်းရင်းအိမ်ကလေ"

"ဩော် မောင်ရင့်ကို အန်ကယ် ကျေးဇူးတင်ပါတယ်၊ ကိုင်း . . ကိုင်း . . သွားကြတော့၊ မိုးချုပ်နေပြီ"

ဦးအောင်နွယ်က စိုးရိမ်စွာဖြင့် လမ်းခွဲလိုက်သည်။

နွယ်လေးတို့ကား ထွက်သွားမှ သူ၏ကားပေါ်သို့ ပြန်တက်နိုင်သည်။

နွယ်လေး၏ ရင်၌ လှိုက်တက်လာပြီး သောကပွင့်တို့ ကြွေလေပြီ။






ဘဝ သက်ပြင်းချလိုက်သည်။ နှုတ်မှ ဖွင့်မပြောသော်လည်း နွယ်လေး၏ ဝေဒနာဟူသမျှကို လွှဲပြောင်းယူလိုသော စေတနာက သူ့ရင်တွင်းမှာ အပြည့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃၇ )

မေဒေး အိပ်မပျော်။ သည်နေ့ နွယ်လေး ပြန်လာတာ နောက်ကျသည်။ ကားသံ ပျောက်ကွယ်သွားသည်။

မေဒေး စာကြည့်ခြင်းကိုရပ်နားပြီး လသာဆောင်ဘက်သို့ထွက်ခဲ့သည်။ စာမေးပွဲပြီးမှ ဘဝကို အတင်းပြန်ခေါ်မည်ဟု ဆုံးဖြတ်လိုက်သည်။

လရောင် မလင်းတလတ် လင်းတလက်ကြားမှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသည်။ လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့်





ခညို့က ဘဝကို မလွှယ်ပေါက်တံခါးသို့ လိုက်ပို့ပေးသည်။

ဘဝက သည်ဘက်ခြံသို့ကူးလာပြီး နောက်ဘက် သူတို့အိမ်ဆီသို့ လျှောက်သွားသည်။

နွယ်လေးကားသံကြားပြီး ဘဝ သည်ဘက်ကူးလာသည်ဆိုတော့ မေဒေး စဉ်းစားရကျပ်သွားသည်။

နွယ်လေးနှင့်ဘဝသည် ရင်းနှီးမှုမရှိပါဘဲလျက်. .


အိမ်ထဲပြန်ဝင်ခဲ့ပြီး နာရီကိုကြည့်လိုက်သောအခါ ဆယ့်တစ်နာရီပင် ထိုးလုနေပြီ။ မေဒေး သက်ပြင်းချလိုက်သည်။ အိပ်ရာသို့သာ တန်းဝင်လိုက်လေသည်။ ခါးနာသော ဝေဒနာကြောင့် ဘဝဆီသို့ဆင်းရန် တွေ့ဆုံဖို့အကြံကို လက်လျှော့လိုက်ခြင်းဖြစ်သည်။

နံနက်စောစောရောက်မှ ဘဝကို အမိဖမ်းကာ တွေ့ဆုံတော့မည်ဟု ဆုံးဖြတ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၈ )

"ဟယ်. . သား အစောကြီးပါလား၊ ဘာစားမလဲ၊ ဆေးသောက်ရမယ်နော်"

ဒေါ်နှင်းဥသည် နို့ကျိုနေရာမှ စောစောစီးစီး ထမင်းစားခန်းသို့ရောက်လာသော မေဒေးကို အံ့အားသင့်စွာ နှုတ်ဆက်လိုက်သည်။

"ဘဝကော ဒေါ်လေးဥ"

"အိပ်နေတယ်"





"သား ဘဝဆီသွားလိုက်ဦးမယ်"

"ကောင်းပါတယ်၊ သား ပြန်လာမှ မနက်စာစားပြီး ဆေးသောက်တော့မယ်နော် ဒေါ်လေး၊ ခု အဆင်သင့်ပြင်ထား ပေးနော်"

"အေး. . အေး"

မေဒေးသည် နောက်ဖေးပေါက်မှပင် ဘဝဆီသို့ ထွက်ခဲ့သည်။

အပေါ်ထပ်သို့ တောက်လျှောက်ပင် တက်ခဲ့သည်။ ဒေါ်နှင်းဥက သည်အိမ်ဘက်သို့ ကူးလာသည်ဖြစ်၍ တံခါးကို စေ့ခဲ့ခြင်းဖြစ်သည်။ မေဒေး တံခါးကို အသာအယာပင် တွန်းဝင်လိုက်သည်။

ဘဝ အိပ်ခန်းသို့ တန်းသွားလိုက်သည်။ ဘဝလည်း တံခါးကို စေ့အိပ်သည်ထင်သည်။ မေဒေး တွန်းလိုက်ရုံဖြင့် ပွင့်သွားသည်။

ဘဝသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ ထူးဆန်းနေသည်။ ဘဝသည် အမြဲတမ်း စောစီးစွာ ထနေကျ ဖြစ်သည်။

ဘဝ၏ စာကြည့်စားပွဲတွင် သူထိုင်လိုက်သည်။ အမှတ်မထင်ဘဲ ဆံပင်ရှည်အနည်းငယ်ကို တွေ့လိုက်ရသည်။ ဆံမြိတ် ဆံတုလောက်လည်းမများ၊ နည်းနည်းလေး၊ သို့သော် ထိုဆံပင်ကို ဆံတုသဖွယ်သေသေချာချာစည်းနှောင်ပြီး ရှန်ပူနှင့် လျှော်ထားပြီး လေသလပ်ခံထားပုံရသည်။ လက်ကိုင်ပဝါဖြူလေး၌ ဆင်ထားသည်။

www.burmeseclassic.com



ဘယ်သူ့ဆံပင်လဲ။ ဒေါ်နှင်းဥ၏ ဆံပင်လည်း မဖြစ်နိုင်။ ဒေါ်နှင်းဥဆံပင်မှာ အဖြူများရောထွေးပြီး ကျော့တစ်ဝက်လောက်ပင်ရှိသည်။ ခုဆံပင်က တော်တော်ရှည်သည်။

ဘဝ၏ ဖိုင်ကာဘာကို အသာလှန်လိုက်သည်။

ဒိုင်ယာရီကို တွေ့လိုက်ရသဖြင့် သူ အသာလှန်ကြည့်လိုက်သည်။ မေဒေး၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

နွယ်လေးနှင့်ပတ်သက်သော ဘဝ၏ အုံ့ပုန်းအပူကို သူဖမ်းမိလိုက်လေပြီ။

"ဩော် ဒါကြောင့် သူနောက်ကျသွားပြီဆိုပြီး သူတမင်ရှောင်ခဲ့တာကိုး၊ လူလေးရယ် မင်း ငါ့အပေါ်မှာ အဲဒီလောက်အထိ ကောင်းရသလားကွာ"

မေဒေးရင်းတွင်းစကားပြောလိုက်သည်။ ဘဝ၏ စေတနာ ဘဝ၏ဝေဒနာများကို မေဒေး သိလိုက်ရသည်။

မေဒေးအတွက် နွယ်လေးထံ သွားရောက်ပြီး အောင်သွယ်သွားလုပ်ရာမှ နွယ်လေးထံမှ သခင်အားရကျွန်ပါး၀ ဟူသောစကားကြောင့် ရှက်စိတ်၊ နာကြည်းစိတ်ဖြင့် သူ့ဘဝကို သူလွတ်လွတ်ကင်းကင်း တည်ထောင်ဖို့ ဆုံးဖြတ်လိုက်ကြောင်းကို မေဒေး သိလိုက်ရသည်။

ညမှ ရေးထားဟန်တူသော နောက်ဆုံးစာများကြောင့် မေဒေးရင်မှာ စူးနင့်နာကျင်သွားသည်။

နွယ် မြေနီကုန်း ဆောက်လက်စတိုက်ပေါ်သို့ လိုက်လာသည်။

နွယ်ကို မြင်လိုက်ရချိန်မှာ နွယ်လဲနေသည်။ ဘာကိုမှ





မမြင်တွေ့တော့ဘဲ နွယ်ကိုပွေ့ချီလိုက်မိသည်။

ရင်မှာ တိတ်တခိုး ကမ္ဘည်းတင်ရစ်သည်။ 'နွယ်' လို့ အလိုအလျောက် ထွက်သွားသည်။

နွယ်ရယ် မင်းအစား ကိုယ်ပဲခံစားချင်တယ်။ လွဲပြောင်းလို့ရရင် တကယ်ပဲ လွဲပြောင်းယူလိုက်ချင်တယ်၊

အဲဒီအချိန်မှာ ကိုယ် တစ်လောကလုံး မေ့သွားပြီး၊ ကိုယ့်ဘဝတစ်ခုလုံး နွယ့်အတွက်ဆို ပေးအပ်ဖို့ ဝန်မလေးတော့ဘူး၊

နွယ့်ခေါင်းက ဒဏ်ရာအတွက် ဆံစလေးတွေ ဖြတ်တောက်ပြီး ကွက်ရိတ်တယ်၊ သွေးစွန်းနေတဲ့ နွယ်ဆံပင်လေးတွေကို ကိုယ် သိမ်းယူခဲ့တယ်၊ နွယ့်ကို ပိုင်ဆိုင်ခွင့်မရခဲ့ရင်တောင်မှ နွယ့် ဆံစလေးတွေကို ကိုယ့်နှလုံးသားအဖြစ် ကိုယ် ထာဝရမြတ်မြတ်နိုးနိုးသိမ်းဆည်းသွားဖို့ ဆုံးဖြတ်ပြီး ယူထားခဲ့တာပါ။

နွယ်သတိမေ့နေတော့ ကိုယ့်စိုးရိမ်မှုက ငယ်ထိပ် မွှေပေါက်သလိုပဲ ခံစားနေခဲ့ရတယ်။

နွယ် သတိရလာပြီ။ နွယ် စိုးရိမ်စရာမရှိတော့ဘူး ဆိုပေမယ့်လည်း နွယ် ဒဏ်ရာလေးတွေကြည့်ပြီး ကိုယ့်ရင်ထဲမှာ နာကျင်နေတုန်းပါနွယ်။

နွယ်က ကိုဒေးကိုခင်တယ်၊ အစ်ကိုရင်းတစ်ယောက်လိုပဲ သံယောဇဉ်ရှိတယ်ဆိုတာ ဖွင့်ပြောတော့ ကိုယ် ကိုဒေးအတွက် ခံစားရတယ်။

ဒါပေမယ့် ကိုယ် ကိုဒေးကိုငဲ့ညှာပြီး နွယ့်ကို ဖွင့်ပြောဖို့ဆိုတာ စဉ်းစားရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နွယ် ကိုယ့်ဆီက ဘာကိုမျှော်လင့်နေတယ်ဆိုတာ ကိုယ် သိပါတယ်။

"နွယ်"

နွယ့်ကို ကိုယ် ရက်စက်တာမဟုတ်ပါဘူး၊ ကျေးဇူး တရားနဲ့ နွယ့်ကို လဲလှယ်ယူတာမဟုတ်ပါဘူး၊

ပွဲလန့်တုန်းဖျာခင်းသလို မဖြစ်ချင်ဘူး။ ကိုဒေး ကျန်းမာ ရေးမကောင်းဘူး။

နွယ်လေး ဒဏ်ရာတွေနဲ့။

ဒါတွေကို ကိုယ် အစွမ်းကုန် ကူညီပေးဦးမယ်၊ ကိုဒေး နေကောင်းပြီးမှ နွယ်ရဲ့ သဘောထားကို ကိုဒေးသိအောင် ပြောပြပြီး ကိုယ် နွယ့်ကိုချစ်ခဲ့တဲ့အကြောင်းလည်း ကိုဒေးကို ဖွင့်ပြောမယ်။

ကိုယ် ကိုဒေးအပေါ်မှာ ပေးဆပ်ခဲ့တဲ့ မေတ္တာစေတနာ နဲ့ လုပ်ဆောင်ချက်တွေ အပေါ်မှာ ကိုဒေး သံသယ ရှင်းစေချင် တယ်။

ကိုယ် နွယ့်ကို ရယူလိုမှုအတွက် ကိုယ့်ဘက်က ဘာမှ သွေးဆောင်မှု ချဉ်းကပ်မှု မရှိခဲ့ဘူးဆိုတာ ကိုဒေး ယုံကြည်နား လည်ရင် ကိုယ်ကျေနပ်ပြီ။

အဲဒီအခါရောက်မှ ကိုယ့်ဘဝ တစ်သက်မှာ တစ်ခါ အရူးအမူး မြတ်မြတ်နိုးနိုး တွယ်တာစွဲလမ်းခဲ့ရတဲ့ နွယ့်ကို ပြောတော့မယ် နွယ်ရယ်။

ပြောဖို့ အလေးအနက် စဉ်းစားမိတဲ့ စကားက တစ်ခွန်း တည်းရှိတယ်။





"နွယ်ကို သိပ်ချစ်တယ်"

ဟူ၍. . . .

မေဒေး စာအုပ်ကို ညင်သာစွာ ပိတ်လိုက်သည်။ သူ့ ရင်မှာ ပေါ့ပါးသွားသည်။

လှို့ဝှက်တင်းကျပ်နေသော ဝေဒနာ၏ အရင်းအမြစ်ကို တွေ့လိုက်ရသဖြင့် ကုသရန်ဆေးကိုပါ ရရှိလိုက်ရသော လူကဲ့ သို့ ဖြစ်သွားသည်။

မေဒေး ဆံမြိတ်ကလေးကို အသာတို့ထိကြည့်ပြီး ဘဝ ကို လှမ်းကြည့်လိုက်သည်။ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ ဖြစ်သည်။


မေဒေး အသာအယာပင် တိတ်တဆိတ် ပြန်ထွက်ခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၉ )

"မေမေ့ . . ကိုဒေးကော၊ သူ ကျောင်းသွားပြီလား"

ဘဝက အိပ်ရာမှ နိုးနိုးချင်း မျက်နှာမသစ်သေးဘဲ နာ ကြည့်လိုက်သောအခါ ရှစ်နာရီခွဲနေပြီဖြစ်သောကြောင့် မေမေ အား မတွေ့မှာစိုးသဖြင့် အပြေးအလွှားပင် အိမ်ကြီးဆီသို့ ထ လေသည်။ မိခင်ဒေါ်နှင်းဥကိုတွေ့လျှင် ပျာယီးပျာယာဖြင့် မေ လိုက်သည်။

ထိုအခါ ဒေါ်နှင်းဥက ဘဝကို အကဲခတ်ရင်း . .





"လူလေးဆီကို ကိုဒေးလာသွားသေးတယ်၊ လူလေးအိပ်နေလို့ဆိုပြီး ပြန်လာတယ်၊ စောစောကလေးတင် အပြင်ထွက်သွားတယ်"

"ဒီနေ့ စာမေးပွဲမရှိဘူးလား"

"ဟုတ်တယ် သူ့ သူငယ်ချင်းဆီ စာသွားမေးမလို့လို့တော့ ပြောသွားတယ်၊ လူလေးအဖေပဲ ကားမောင်းပို့ရတယ်၊ ခါးက တော်တော်နာနေတယ်၊ မေမေပြောချင်တယ်၊ လူလေးကိုဒေးဆေးရုံတက်ရမှာဖြစ်လို့ လူလေး ဒီရက်ပိုင်း ဒီမှာပဲ နေစေချင်တယ်"

"ဟုတ်ကဲ့ မေမေ၊ ကျွန်တော် ခဏပြန်နေပေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမယ့် ကိုဒေး နေကောင်းပြီးသွားရင်တော့ မေမေတို့ပါ. ."

"မေမေ နားလည်ပါတယ်၊ ခုဆိုရင် မဇီရော အစ်ကိုကြီးကပါ ဒရိုင်ဘာအသစ်ရှာပြီး သူတို့ကို မေမေတို့ နေရာပေးနေပြီ၊ မေမေတို့ကို ဒီအိမ်ပေါ်မှာပဲလာနေဖို့ ခေါ်နေတယ်"

"ဘာပဲဖြစ်ဖြစ် မေမေရယ်၊ ကိုယ့်အိမ်ကိုယ့်ရာပဲ ကောင်းပါတယ်၊ မြောက်ဒဂုံကအိမ် ပြီးရင်တော့ ပြောင်းနေပါ မေမေ"

"အေးပါကွယ် . . အေးပါ"

ဒေါ်နှင်းဥက ဘဝ၏ နာကြည်းချက် အခြေအနေတို့ သိရှိပြီးဖြစ်သဖြင့် စာနာနားလည်ခွင့်လွှတ်ကာ ဘဝ၏ သဘော လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် ရေသွားချိုးတော့မယ်မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေး"

ဒေါ်နှင်းဥသည် ညက ဘ၀ ပြန်ရောက်လာသည်မှာ အချိန်မတော်ဖြစ်ပြီး ကူးလာတော့လည်း နွယ်လေးတို့ အိမ်ဘက်မှဖြစ်သည်။

မေးတော့လည်း နွယ်လေး အက်စ်ဆီးဒင့်ကြောင့် ဒဏ်ရာရသဖြင့် ကူညီပို့ဆောင်ရ၍ ကြာသွားခြင်းဖြစ်သည်ဟု လောက်သာ ပြောပြီး ရေချိုး ထမင်းစားကာ အိပ်ရာတန်း၀င်သွားခဲ့သည်။ သို့သော် တော်ရုံနှင့်မအိပ်ဘူးဟု ဒေါ်နှင်းဥ သိခဲ့သည်။

ဒေါ်နှင်းဥသည် ဘ၀၊ မေဒေးနှင့် နွယ်လေးတို့၏ သုံးပွင့်ဆိုင် အချစ်ရေးပြဿနာကို ရိပ်မိကာ နားလည်ပြီးဖြစ်သည်။ သို့သော်လည်း မသိကျိုးကျွန်ပင် ပြုထားလိုက်သည်။

ဘ၀က ထမင်းကြော်နှင့် ကော်ဖီကို စားသောက်ပြီး နွယ်လေးတို့ ခြံဘက်သို့ ကူးခဲ့သည်။

နွယ်လေးကို ညက အောက်ထပ် အိပ်ခန်း၌ပင် သူထားခဲ့သည်။ နွယ်လေး တယ်လီဖုန်းတစ်လုံးဖြင့် ညွှန်ကြားချက်ပေးနေသည်။

"လာ . . ဘ၀"

"ကျွန်တော် ဘာအကူအညီ ပေးရဦးမလဲလို့ လာမေးတာပါ"

မည်ိုက နေရာချပေးသဖြင့် ဘ၀က မည်ိုကို လှမ်းပြောလိုက်သည်။

နွယ်လေးက တယ်လီဖုန်းမှ ပြောလက်စ စကားကို





ဖြတ်တောက်လိုက်ပြီး ဖုန်းချလိုက်သည်။

"လာပါ ဘ၀၊ အခန်းထဲပဲ ၀င်ခဲ့ပါ"

ဘ၀ အေးဆေးစွာ လျှောက်၀င်လာပြီး . .

"ညက အိပ်ပျော်ရဲ့လားနွယ်"

"အိပ်ဆေးအရှိန်ကြောင့် ထင်ပါတယ် အိပ်ပျော်တယ်၊ အနာလဲ မကိုက်ဘူး"

"ဒါပေမယ့် ညည်းတယ် ဘ၀ရေ၊ ဘွားဘွားက ထပြီး ကိုယ်စမ်းကြည့်ရတယ်၊ အနာရှိန်နဲ့ ဖျားများ ဖျားပြီလားလို့ မဖျားလို့ တော်ပါသေးရဲ့"

ဘွားဒေါ်ခင်ထားနွယ်က ၀င်ပြောလိုက်သည်။ ဘ၀ကို မည်ိုက ကုလားထိုင် ချပေးလိုက်ပြီး . .

"ထိုင်လေ ဘ၀"

"မထိုင်တော့ဘူး အခြေအနေ ကောင်းရဲ့လား ဘာအကူအညီပေးရမလဲလို့ လာကြည့်တာ"

"ရပါတယ် ဘ၀၊ ဘာမှ မလိုပါဘူး"

"ဘွားဘွားတို့က ဘ၀ကို ကျေးဇူးအရမ်းတင်နေကြတာ ဘ၀နဲ့သာ မတွေ့ခဲ့ရင် ဒုက္ခလှလှကြီး တွေ့ပြီလို့"

နွယ်လေးက သူ့အိမ်သားများကို ဘာပြောထားမှန်း မသိလိုက်သဖြင့် ဘ၀က . . .

"ကိစ္စမရှိရင် ကျွန်တော်သွားတော့မယ်၊ ဒီရက်ပိုင်း ခေါင်းရင်းအိမ်မှာပဲ ကျွန်တော်ရှိနေမယ်၊ ကိုဒေး ဆေးရုံတက်ဖို့ ကိစ္စ ကျွန်တော် ၀ိုင်းလုပ်ပေးလိုက်ဦးမယ်၊ ဒီကြားထဲ အရေးတကြီး ကိစ္စရှိရင် ဖုန်းဆက်လိုက်ပါ၊ ဆေးကော သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီလား"

"ဟုတ်ကဲ့"

"ဘွားဘွား ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

နွယ်လေး၏ အပါး၌ သူ အမြဲထာဝရ အားပေး၍ နေချင်ပါသည်။ သို့သော် အခြေအနေ မပေးသေးသဖြင့် ခပ်ခွာခွာသာ သူနေရခြင်းအတွက် ဘဝရင်၌ မငြိမ်းချမ်းနိုင်ပါ။ ဘဝသည် နွယ်လေးကိုထားပြီး ကျောခိုင်းလိုက်သောအခါ. . .

"သြော်. . ဘဝ. . ခဏ"

ဘဝက နွယ်လေးဘက် ပြန်လှည့်ကြည့်လိုက်သည်။

"ဘဝ ကုမ္ပဏီကို ဘာနဲ့သွားမှာလဲ၊ ဆိုင်ကယ်မပါဘဲနဲ့ နွယ်လေးကား ယူထားပါလား"

"ကိစ္စမရှိပါဘူး နွယ်၊ လိုင်းကားနဲ့ပဲ သွားလိုက်ပါ့မယ်"

ဘဝက နွယ်လေး၏ ဂရုစိုက်မှုကို ကျေနပ်မိသော်လည်း မိမိသည် အခွင့်အရေးကို ရလျှင်ရသလို အသုံးချတတ်သော ယောကျ်ားလေး မဟုတ်သဖြင့် ငြင်းပယ်လိုက်ခြင်းပင်ဖြစ်၏။

ဘဝ ထွက်သွားသည်ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသော နွယ်လေးကို ဘွားဒေါ်ခင်ထားနွယ်က ကြည့်ကာ ဟူးခနဲ သက်ပြင်းမောကို ချလိုက်ပြီး. .

"နွယ်လေး"

"ရှင်. . ဘွားဘွား"

"ညက မောင်အောင်နွယ် ဖုန်းဆက်သေးတယ်"

"ဟင်"





နွယ်လေးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘွားဘွားနဲ့ တိုးတာလား"

"ဟုတ်တယ်. . ဘွားဘွားလဲ သူ့အပေါ်မှာ အာဃာတတွေ မထားတော့ပါဘူး၊ သူလဲ မြေးကို အတော်စိတ်ပူနေပုံပဲ၊ မြေးအခြေအနေ မေးတာ၊ ပြန်ရောက်မရောက် သိချင်နေတဲ့ပုံပဲ"

"ဟုတ်လား. . ဘာပြောသေးသလဲ"

"သူ ဒီနေ့လာခဲ့မယ်တဲ့. . လာခွင့်ပြုပါတဲ့၊ ဘွားဘွားဆီမှာ ခွင့်တောင်းတယ်"

"ဘွားဘွား ခွင့်ပြုလိုက်သလား"

"ခွင့်ပြုလိုက်ပါတယ်"

ဟုပြောပြီး ဆက်၍. .

"သေခြင်းဆိုတဲ့ မှတ်တိုင်ကို လျှောက်လှမ်းနေရတဲ့ လူတွေ အချင်းချင်း အမျက်ဒေါသတွေ အငြိုးအတေးတွေ အာဃာတတွေ ထားနေကြတော့ ဘာထူးမှာလဲကွယ်၊ မိဘနဲ့ သားသမီး ဆက်သွယ်မှုဟာ မင်္ဂလာတစ်ပါးပဲ၊ ဘွားဘွားက အချိန်မရွေး ဝင်နိုင်ထွက်နိုင်ပါတယ်လို့ ခွင့်ပြုလိုက်ပါတယ်၊ သူ အတော် ဝမ်းသာသွားပုံပဲ"

နွယ်လေးရင်ထဲ နွေးထွေးသွားသည်။ ဘွားဒေါ်ခင်ထားနွယ်က. .

"ကိုင်း. . မြေး နားလိုက်ဦး ဘွားဘွား ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့. . ဘွားဘွား"



www.burmeseclassic.com


www.burmeseclassic.com



နွယ်လေး တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဘဝနှင့် ရင်းနှီးမှု ရရှိလိုက်ရခြင်းအတွက် နွယ်လေးရင်၌ တိတ်တခိုး မျှော်လင့်ချက်တို့ ပြန်လည်ရှင်သန်လာသည်။







# အခန်း ( ၄၀ )

မေဒေးသည် နွယ်လေးကို မြင်လိုက်သည်နှင့် ရင်းနှီးစွာ ပြုံးကာ. . .

"ဘယ့်နှယ်လဲ နွယ်လေး၊ ကိုဒေးကို ဆေးရုံလိုက်တင် ပေးမှာပဲဆို၊ ကဲ. . လိုက်တင်ပေးတော့လေ၊ ကျွန်တော်မျိုးကြီး စာမေးပွဲပြီးပါပြီ"

"ပို့ပေးမယ်လေ ကိုဒေး၊ ကျွန်မကို အရင်တွဲရလိမ့်မယ်"

"ဖြစ်ပါတယ်"

"ထိုင် ကိုဒေး၊ ဖြေနိုင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေနိုင်ပါတယ်"

မေဒေးက ကုလားထိုင်တစ်လုံး ဆွဲယူ ထိုင်လိုက်သည်။ မေဒေးအနေဖြင့် နွယ်လေးကို ညီမအရင်းတစ်ယောက်လို ဖြူစင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ဘယ့်နှယ်လဲ ဒဏ်ရာဒဏ်ချက်တွေရဲ့ အခြေအနေက ကောင်းရဲ့လား"

"ကောင်းပါတယ် ဆေးပဲမှန်မှန်သောက်နေလို့လား မသိဘူး အကိုက်အခဲဝေဒနာ သိပ်မခံစားရဘူး"

နွယ်လေးက မေဒေးကို ဘဝပြောခဲ့သော စကားနှင့် ပတ်သက်၍ မေးချင်လိုသော်လည်း ရေလာမြောင်းပေးစကားမျိုးဖြစ်သွားမှာကို စိုးရိမ်မိသဖြင့် မမေးတော့ဘဲ . . .

"ဘယ်တော့ ဆေးရုံသွားမှာလဲ"

"ဒီည ဒေါက်တာနဲ့ သွားတွေ့ပြီး မနက်ဖြန် သွားတက်မယ်လေ"

"ကောင်းပါတယ် ကိုဒေး၊ ရောဂါတစ်ခါတည်း အမြစ်ပြတ်အောင်သာ ကုခဲ့ပါ"

နွယ်လေး တစ်စုံတစ်ရာကိုတော့ ကိုဒေးအတွက် စိုးရိမ်မိလေသည်။ ကျောက်ကပ်က အခြေအနေဆိုးလျှင် အစားထိုးကုသမှ ရနိုင်မည်။ အစားထိုးကုသစရာ မေဒေး၌ ညီအစ်ကိုမောင်နှမများ ရှိမနေ။

ဘုရားသိကြားမလို့ ကိုဒေးရဲ့ အခြေအနေဟာ နောက်ဆုံးအဆင့် မဖြစ်ပါစေနဲ့ဟု နွယ်လေးက မေဒေးအပေါ် သံယောဇဉ်ရှိရင်းစွဲကြောင့် တိတ်တခိုး ဆုတောင်းလိုက်သည်။





"နွယ်လေး ကိုယ်ဆေးရုံတက်ရင် သတင်းမေးမလာနိုင်တော့ဘူးပေါ့"

"လာနိုင်မှာပါ၊ နွယ်လေး ခြေထောက်ကို လေ့ကျင့်ခန်းမှန်မှန်လုပ်ပေးတယ်၊ ရေနွေးအိတ်ကပ်ပေးတယ်၊ ခုတောင်တုတ်တစ်ချောင်းအားပြုပြီး လျှောက်နိုင်နေပြီ"

"ဖြည်းဖြည်း သက်သက်သာသာလုပ်ပါ နွယ်လေးရာ၊ တော်ကြာ ဒဏ်ဖြစ်သွားပါဦးမယ်"

"ရပါတယ် ကိုဒေးရာ ဘာမှမဖြစ်ပါဘူး၊ ကိုဒေးသာကျန်းမာအောင်နေ၊ ဆရာဝန် စကားကို တိတိကျကျလိုက်နာပြီး ဆေးကုသမှုခံယူပါ၊ နွယ်လေး ခြေထောက်ပကတိအတိုင်း ဖြစ်သွားရင် နွယ်လေး နေ့ဘက် ကိုဒေးကို ဝိုင်းကူစောင့်ပေးမယ်၊ သိလား"

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ မင်း စကားကြားရတာနဲ့ကို ကိုယ့်ရောဂါ တစ်ဝက်သက်သာသွားပါပြီ၊ ဒါထက် ဘာစားချင်သလဲ၊ ကိုယ်ဘာဝယ်ပေးရမလဲ"

"အဟင်းဟင်း. . ဖျားနေတဲ့ လူမမာမှ မဟုတ်ဘဲ၊ အိမ်ထဲနေပြီး စားလို့ရတာ အကုန်စားနေလို့ တစ်ရက်နှစ်ရက် အတွင်း ဝတောင်လာတယ်"

မေဒေးက နွယ်လေး၏မျက်နှာ ဖူးဖူးဖောင်းဖောင်းလေးကို ငေးကြည့်ပြီး. . .

"နွယ်လေး"

"ဘာလဲ ကိုဒေးရ"

"မင်းသာ ငါ့ညီမအရင်းလေးဖြစ်ရင် သိပ်ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေး အံ့ဩသွားသည်။ ဘဝက ဘာကြောင့် မေဒေးက မိမိကို ချစ်နေသည်ဟု လာရောက် အောင်သွယ် စကားပြောရသနည်း။

ယခု မေဒေးက မိမိအပေါ်၌ သန့်စင်သော စကားများသာဖြေကြားနေသည်။ မေဒေး၏ မျက်လုံးများက သန့်စင်နေသည်။ ညီမတစ်ယောက်လို ချစ်ခြင်းအပေါ်၌ ဘဝကလွဲမှားရှ် အဓိပ္ပါယ်ကောက်ယူပြီး လာရောက်ပြောဆိုခြင်းဖြစ်ဖို့များသည်။

ဘာပဲဖြစ်ဖြစ် နွယ်လေးအတွက် ဤဒဏ်ရာကိုမြတ်နိုးသည်။ သည်ဒဏ်ရာကြောင့် ဘဝနှင့် ရင်းနှီးခွင့်ရသည်။ သည်ဒဏ်ရာကြောင့် ဘဝရင်ထဲမှ နွယ့်ကို သိခွင့်ရခဲ့ သည်။

"ကိုဒေးကလဲ ခုလဲဘာထူးလို့လဲ၊ ကျွန်မက ကိုဒေးရဲ့ ညီမပါပဲနော်"

မေဒေးက ပြုံးလိုက်သည်။ နွယ်လေး မိမိအပေါ်ထားရှိသော သဘောထားမှာ အမှန်တကယ်ပင် သန့်စင်နေသည်။ ထိုသန့်စင်နေသော မေတ္တာတရားအပေါ် မိမိက တစ်ဖက်သတ် အရောင်ဆိုးနေပါလား။

မေဒေးသည် ချွေးများကို သုတ်လိုက်သည်။

"ကိုဒေး ချွေးတွေ တအားထွက်တာပဲနော်၊ ဒါဟာ ကျောက်ကပ်ရောဂါရဲ့ လက္ခဏာတစ်ခုပဲ"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်တော်မျိုး မှတ်ထားပါ့မယ်"

"မနောက်ပါနဲ့ ကိုဒေးရယ်၊ ကျွန်မ အဲဒီလိုပြောရင် ဗေကယ်ပဲ ဝမ်းနည်းတယ်၊ အမှန်တော့ ကျွန်မ ရည်မှန်းခဲ့တာ





ဆရာဝန်ဖြစ်ဖို့ပါ။ အင်းလေ မိစုံဖစုံနဲ့ အေးအေးချမ်းချမ်းသာ ပညာရေးတစ်ခုတည်း ဇောက်ချလုပ်ခွင့်ရမယ်ဆိုရင်ပေါ့လေ"

"ခုလဲ နွယ်လေးဟာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေပြီပဲ၊ စတိုးဆိုင်ကနေ မီနီမားကက်ဖြစ်နေပြီ၊ အဲဒီကနေ စူပါမားကက်ဖွင့်တော့မယ် မဟုတ်လား"

"ဒါတော့ ဒါပေါ့လေ၊ ဒါပေမယ့် ငွေကြေးဥစ္စာဟာ လူတစ်ယောက်ရဲ့ အဖော်လားဟင်"

"ငွေကြေးဥစ္စာနဲ့ ဖန်တီးလို့ရလာတဲ့ အဖော်ဟာအဖော်မှန်တော့ ဖြစ်လာနိုင်မှာ မဟုတ်ဘူး၊ အတုတွေပဲ ဖြစ်လာနိုင်မှာ"

မေဒေး နွယ်လေးအပေါ် ကရုဏာသက်မိသည်။ အသက်ဆယ့်ငါးနှစ်အရွယ်မှစ၍ အိမ်ထောင်တစ်ခုလုံးကို ဦးစီးပြီး မိဘ၏မေတ္တာရိပ်မှ ကင်းကွာခဲ့သော မိန်းကလေးတစ်ဦး၏ ရင်တွင်း တိတ်တခိုးတမ်းတချက်က အားကိုးအားထားဖြစ်ပေလိမ့်မည်။

"ဘာပဲဖြစ်ဖြစ် လောကကြီးမှာ လူဆိုတာ တစ်ယောက်တည်းရပ်တည်လို့ မရဘူး၊ သူ့သဘာဝအတိုင်း ပွင့်ချိန်တန်ပွင့် သီးချိန်တန်သီးဆိုသလို ပျော်စရာကောင်းတဲ့ မိသားစုအသိုက်အမြုံလေးတစ်ခုကိုတော့ အရွယ်လဲရောက် ပညာလဲစုံပြီဖြစ်တဲ့ နွယ်လေး ဖန်တီးသင့်ပြီလို့တော့ ကိုယ်ထင်တယ်လေ"

"ကျွန်မကတော့ အဲဒီလိုမထင်ဘူး၊ ချစ်ခြင်းမေတ္တာ သစ္စာတရားနဲ့ တည်ဆောက်တဲ့ မိသားစုဘဝမျိုးကိုပဲ လိုချင်တာ ဖန်တီးယူလို့ရတဲ့ အရာမလိုချင်ဘူး၊ နွယ်လေးအတွက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေးကကော. . ကျွန်မထက် နှစ်နှစ်ကြီးတဲ့ ကိုဒေးက အရင် အိမ်ထောင်ဦးစီးဖြစ်သင့်ပြီ"

"ကျန်းမာရေးအတွက်ပဲ အရင် စဉ်းစားပါရစေဦး၊ ကိုင်း စကားလဲကောင်းတယ်၊ ကိုယ်ဆေးရုံတက်ဖို့ ယူစရာရှိတာလေး တွေ သွားပြင်ဆင်လိုက်ဦးမယ်"

"ကိုဒေး စားချင်တာ လိုအပ်တာရှိရင်မှာနော်၊ မညိုနဲ့ ပို့ပေးမယ်"

"ရပါတယ်၊ မေမေနဲ့ ဒေါ်လေးဥက အားလုံးစီစဉ်ပေး မှာပါ"

"ကိုဒေးက ကံကောင်းပါတယ်၊ ကိုဒေးကိုချစ်တဲ့ မိဘ နှစ်ပါးအပြင် မိဘရင်းနဲ့ မခြား စောင့်ရှောက်ပေးတဲ့ ဒေါ်လေးဥ ပြီးတော့ ညီတစ်ယောက်လို အားကိုးရတဲ့ဘဝ၊ အင်း. . အားလုံး ပြည့်စုံပါပေတယ်"

"ကံကောင်းခြင်းဆိုတာ အမြဲတမ်း တည်မြဲနေတတ်တဲ့ အရာဆိုရင်တော့ ကောင်းတာပေါ့ နွယ်လေးရယ်၊ ကိုင်း. . သွား မယ်"

"ဪ. . ကိုဒေး ခဏ"

နွယ်လေးက ကုလားထိုင်မှ အသာထကာ တုတ်ကို အားပြုပြီး ဗီရိုဆီသို့ လျှောက်သွားလိုက်သည်။

"နွယ်လေးကလဲ ဘာလုပ်မလို့လဲကွာ နားနားနေနေ နေပါဆိုမှ"

"မဟုတ်ဘူး၊ ကိုဒေးအတွက် လိုအပ်မယ် ထင်တာလေး နွယ်လေး ပေးပါရစေ"





နွယ်လေးက ဗီရိုကိုဖွင့်ကာ မျက်နှာသုတ်ပဝါ၊ လက် ကိုင်ပဝါ တစ်ဒါဇင်ထုပ်ကို ဆွဲယူလိုက်သည်။ နောက်ပို့စကတ်ပါ သော စက္ကူဘူးလေး တစ်ခု။

နွယ်လေး မေဒေးအနီး ပြန်လျှောက်လာရင်း မေဒေး က နွယ်လေးကို ဝိုင်းကူကာ လှမ်းယူလိုက်သည်။

"ကိုဒေးက ချွေးတွေခဏခဏ ထွက်တော့ သုတ်ဖို့ လက်ကိုင်ပဝါရယ် ဟောဒါ သံစုံပို့စကတ်နာရီလေး၊ ပေါ့ပေါ့ ပါးပါးနဲ့ ကိုဒေး ဘေးနားမှာ ထားအိပ်လို့ရတယ်၊ ပို့စကတ်ကို ဖွင့်လိုက်ရင် သံစုံထွက်ပြီး မီးအလင်းရောင်ပါတဲ့ လက်တံလေး က လှုပ်ရှားပြီး ရောက်တဲ့အချိန်ကို ပြလိမ့်မယ်၊ ကိုဒေးအတွက် အပျင်းပြေပေါ့"

"ကျေးဇူးပဲ နွယ်လေး၊ ကိုယ် ဆေးရုံတက်ရင် ယူသွား လိုက်မယ်"

မေဒေးက နွယ်လေးပေးသော လက်ဆောင်များကို အ မြတ်တနိုးပင် ယူဆောင်ပြီး မိမိအိမ်သို့ ပြန်ခဲ့လေသည်။

နွယ်လေးက ပြတင်းပေါက်မှ ရပ်ကြည့်ကာ ကျန်ရစ်ခဲ့ လေသည်။ နွယ်လေး ဆုတောင်းမိသည်. . .


"ကိုဒေး၏ ကျန်းမာရေးအခြေအနေသည် ဆေးကုသ မှုခံယူရုံမျှနှင့် ပျောက်ကင်းနိုင်သော အခြေအနေမျိုး ဖြစ်ပါစေ"

ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄၁ )

ညဘက်ကို ဘဝက စောင့်အိပ်ပေးသည်။ လူနာစောင့်များအတွက် စိတ်ညစ်ညူးစရာမလိုချေ။ အိပ်စရာ ခုတင်ပို တစ်လုံးရှိသည်။ ဧည့်သည်အတွက် ဆက်တီခုံရှိသည်။

ဘဝက ဆက်တီတွင်ထိုင်ပြီး စာရင်းဇယားများကို ပြန်လည် စစ်ဆေးနေသည်။

မေဒေးက ဘဝအား လှမ်းကြည့်ပြီး သူမေးလိုသော စကားများကိုမေးရန် သင့်မသင့် ချိန်ဆနေသည်။





ဘဝ အလုပ်ပျက်မှာလည်း စိုးရိမ်သည်။ သူ့ခမျာ မိမိအတွက် အချိန်တွေပေးနေရသေးသည်။

ဘဝ လုပ်စရာများပြီးစီးသွား၍ ဖိုင်တွဲကိုပိတ်ပြီး သူ၏ အတက်ချီကေ့စ်ထဲ ထည့်လိုက်သည်။

ပြီးတော့ ခါးကိုဆန့်ကာ အညောင်းဖြေရင်း မေဒေးကို လှမ်းကြည့်လိုက်သည်။

မိမိအား မမှိတ်မသုန်ကြည့်နေသော မေဒေးနှင့် မျက်လုံးချင်းဆုံမိကြလေသည်။

မေဒေးက ပြုံးကာ . . .

"ညောင်းသွားပြီလား ဘဝ"

"မိုင်နာပါ ကိုဒေး၊ ဘာစားဦးမလဲ"

"စောစောကပဲ ဆရာမ ဟောလစ်နဲ့ဆေး တိုက်သွားတယ်"

"ဟုတ်လား၊ ကျွန်တော် မသိလိုက်ဘူး"

ဆေးသွင်းထားသော ပိုက်အနီးတွင်ရှိသည့် ကုလားထိုင်၌ ဘဝ ဝင်ထိုင်လိုက်သည်။

"နေသာရဲ့လား ကိုဒေး"

"အင်း"

မေဒေးသည် တော်ရုံဝေဒနာကို ကြိတ်မှိတ်ခံစားခဲ့သဖြင့် ရောဂါသည် မကြီးသင့်ဘဲကြီးခဲ့ခြင်းဖြစ်သည်ဟု ဘဝ သဘောပေါက်မိသည်။

"ဘဝ မင်း တစ်ခုခုစားဦးလေ"

"ဒီကိုလာခါနီးကမှ ညစာစားပြီး ထွက်ခဲ့တာ၊ မဆာ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ကိုဒေး ကျွန်တော့်ကို ဘာပြောစရာ ရှိသေးသလဲ”

“မေးစရာရှိနေတာ”

“မေးပါ ကိုဒေး၊ နွယ်လေးအကြောင်းလား”

“ဟုတ်တယ်”

နွယ်လေးအကြောင်းလားဟု ပြောလိုက်စဉ် ဘဝ၏ မျက်လုံး၌ ထူးကဲသော အရောင်တစ်မျိုး တောက်ပသွားသည်ဟု မေဒေး ရိပ်စားလိုက်မိသည်။

“နွယ်လေးနဲ့မင်း ဘာဖြစ်ကြတာလဲ”

“ကျွန်တော် အသေးစိတ်တော့ မပြောပြတော့ဘူး၊ ဒါပေမယ့် ကိုဒေး နွယ်လေးကို မပြောရဲဘူးဆိုလို့ ကိုဒေးကိုယ်စား နွယ်လေးကို သွားပြောပေးတာ၊ အဲဒီမှာ နွယ်လေးက ကျွန်တော့်ကို စိတ်ဆိုးသွားတယ်”

“ဘာဖြစ်လို့ စိတ်ဆိုးရတာလဲ”

“ကျွန်တော် ဘယ်သိမလဲ”

“ကိုယ်သိတယ်”

“ဟင်”

“ကိုယ် မိန်းကလေးရဲ့ အတွင်းစိတ်ကို နားလည်ခဲ့သူပဲ၊ မိန်းမတွေရဲ့သဘောက သူတို့နှစ်သက်စရာဆိုရင် အတွင်းစိတ် ကျိတ်ပြီး ကျေနပ်နေလို့ ဘယ်သူမှတောင် မသိလိုက်ရအောင် အချစ်ကိစ္စမှာ ပိရိတတ်ကြတယ်၊ သူ ဒေါသထွက်ရတယ်ဆိုတာ မကျေနပ်လို့ပဲ၊ မကျေနပ်တာ အကြောင်းနှစ်ခုပဲ ရှိနိုင်တယ်”

မေဒေး မောသဖြင့် စကားကို အတန်ကြာ ရပ်နားလိုက်





သည်။ ဘဝက . . .

“ကိုဒေး အရေးမကြီးရင် မပြောပါနဲ့လား၊ မောနေမယ်”

မေဒေး လက်ကာပြကာ. . .

“ရပါတယ် ညီလေးရာ၊ လောကကြီးမှာ ရှင်ခြင်းနဲ့ သေခြင်း နှစ်ခုပဲရှိတာ တစ်ခုခုပေါ့ကွာ”

“ကိုဒေးကလဲဗျာ”

ဘဝက စိတ်မကောင်းစွာ ဟန့်တားလိုက်သည်။ ခေတ်ပညာတတ် လူငယ်များပီပီ ကျောက်ကပ်ရောဂါဆိုကတည်းက အခြေအနေအရပ်ရပ်ကို ရိပ်စားလိုက်မိသည်။

နောက်ဆုံး အဆင့်သာဆိုလျှင် အစားထိုးကုသမှ ရတော့မည်။

အစားထိုးစရာအတွက် တစ်ဦးတည်းသောသား မေဒေးအတွက် မျှော်လင့်စရာ မရှိပြီ။

“ကိုယ် ဆက်ပြောမယ် လူလေး၊ ကိုယ့်ကို မတားပါနဲ့”

“ဒါဖြင့်လဲ ဖြည်းဖြည်းပဲပြော”

“ရည်းစားစကားကို ကိုယ်တိုင်မပြောဘဲ အောင်သွယ်နဲ့ ပြောခိုင်းတဲ့ကိုယ့်ကို စိတ်ဆိုးချင်ဆိုးမယ်၊ ဒါက တစ်ခု. .”

“. . . . . . . . .”

ဘဝက ဘာမှဝင်မပြောဘဲ မျက်စိအစ်ပြီးရောင်နေသော မေဒေး၏မျက်ဝန်းကိုကြည့်ကာ စိတ်ထဲ၌ထိခိုက်လှုပ်ရှားမိသည်။

“နောက်တစ်ခုက ဘဝကို စိတ်ဆိုးတာ ဖြစ်ရမယ်၊ ဘဝဆီက မျှော်လင့်ထားတဲ့စကားကို မကြားရဘဲ မမျှော်လင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားအတွက် ဘဝကို နာကြည်းပြီး စိတ်ဆိုးတာ"

"တော်ပါပြီ ကိုဒေးရယ်၊ ကျန်းမာရေး မကောင်းတဲ့အချိန်မှာ ဒီအကြောင်းတွေ မပြောတာဘဲ ကောင်းပါတယ်"

"ဘဝ မင်းမပြောနဲ့ဆိုပေမယ့် ကိုယ်က ပြောချင်တယ်၊ အချစ်ဆိုတာ သူချစ်လဲရှိတယ်၊ ကိုယ်ချစ်လဲရှိတယ်၊ သူကချစ်ပြီး ကိုယ်ကမချစ်လဲ မကောင်းဘူး၊ ကိုယ်ကချစ်ပြီး သူကမချစ်ပြန်တော့လဲ မကောင်းဘူး၊ ကိုယ်ကတော့ တစ်သက်မှာတစ်ခါပဲ ပြုရမယ့် အိမ်ထောင်ရေးမှာ သူချစ်ကိုယ်ချစ်ပဲ သဘောကျတယ်၊ ဒါကြောင့် နွယ်လေး ကိုယ့်အပေါ်မှာ အိမ်ထောင်ဖက်အနေနဲ့ မစဉ်းစားရင် ကိုယ့်ဘက်ကလဲ ရင်မမောချင်ဘူး. . .၊ နောက်ဆုတ်လိုက်ပြီ"

မေဒေးမောဟိုက်သွားပုံရသဖြင့် ဘဝက ရေကျက်အေးကို ငုံ့တိုက်လိုက်သည်။

"ကျန်းမာရေးက အရေးကြီးပါတယ် ကိုဒေးရာ၊ ကိုင်း အိပ်တော့ဗျာ၊ ကျွန်တော်လဲ အိပ်တော့မယ်. . . ဂွတ်နိုက်"

ဘဝက တမင်စကားစဖြတ်လိုက်ခြင်း ဖြစ်သည်။

"ဆရာမ ကျွန်တော် အိပ်တော့မယ်၊ ဆရာမ အိပ်ချင်ရင် ကျွန်တော့်ကို နှိုးလိုက်ပါ"

ဘဝက ညအတွက် ငှားရမ်းထားသော အထူးသူနာပြုဆရာမလေးအား ပြောလိုက်ပြီး သူ၏ခုတင်ရှိရာဘက်သို့ ကူးပြောင်းကာ အိပ်ရာဝင်လိုက်လေသည်။

မေဒေး သက်ပြင်းတစ်ချက် ချလိုက်ပြီး မျက်စိနှစ်လုံးကို အသာပိတ်လိုက်သည်။ ဆေးအရှိန်တွေကြောင့်သာလျှင် သူအိပ်






ပျော်နေမည်။

သို့သော် သူ၏ မသိစိတ်ကတော့ လွင့်ပျံ့လျက်ရှိမည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄၂ )

"လူလေး"

ဘ၀ ညဘက် မေဒေးကို စောင့်အိပ်ပြီး အိမ်သို့ ခဏ ပြန်လာခဲ့ရန် မှာထားသဖြင့် သူ၏တိုက်ခန်းသို့ မပြန်တော့ဘဲ မိဘများရှိရာသို့ ပြန်ခဲ့သည်။

ဆိုင်ကယ်သွင်းနေချိန်တွင် ဖခင် ဦးညိုမောင်က ခေါ် လိုက်သည်။

"ဗျာ. . . ဖေဖေ"





ဖခင် ဦးညိုမောင်သည် စကားနည်းပြီး အေးဆေးသူ ဖြစ်သူ။ အပိုမပြောတတ်၊ ရိုးသားပြီး ကြိုးစားသူဖြစ်သည်။ အား လပ်ချိန်များတွင် စာဖတ်ခြင်းဖြင့်သာ ကုန်ဆုံးတတ်သူဖြစ်သည်။

ဘ၀က ဖခင်ကို လှမ်းကြည့်လိုက်သည်။ ရိုးသားပြီး ဟန်ဆောင်မှုကင်းသော ဖခင်၏မျက်နှာမှာ စိုးရိမ်သောက၏ အရိပ်အယောင်များ ယှက်သန်းလျက်ရှိသည်ကို တွေ့လိုက်ရ သည်။

"လူလေးကို အစ်ကိုကြီးတို့က စကားပြောစရာရှိလို့ ဧည့်ခန်းမှာ စောင့်နေကြတယ်၊ သွားတွေ့လိုက်ပါ။ ဖေဖေ့ဘက် က သားကိုတစ်ခုတော့မှာချင်တယ်သား"

"ဟုတ်ကဲ့. . . မှာပါ ဖေဖေ"

"လူလေးဆန္ဒဟာ ဖေဖေ့ဆန္ဒပါပဲဆိုတာကို လူလေး နှလုံးသွင်းပါ"

ဘ၀ ဘာကိုမှ နားမလည်သဖြင့်. . .

"ဖေဖေ ဘာကို ဆိုလိုတာလဲ"

"လူလေး ဟိုရောက်တော့ ရှင်းသွားမှာပါ၊ အဲဒီမှာ လူလေးရဲ့ ဆန္ဒဟာ အဓိကဖြစ်သွားလိမ့်မယ်၊ အဲဒီဆုံးဖြတ်ချက် တစ်ခုမှာ လူလေးဘယ်သူ့ကိုမှ ငဲ့ကွက်စရာမလိုဘူး၊ လူလေး ဆန္ဒဟာ ဖေဖေတို့ ဆန္ဒပါပဲဆိုတာပဲ လူလေးနှလုံးသွင်းသွားပါ"

"ဟုတ်ကဲ့"

ဘ၀က နားဝေတိမ်တောင်ဖြစ်လျက် ရေချိုးခန်း ဝင်ခဲ့ သည်။ ရေချိုးပြီး လန်းဆန်းသွားမှ ကော်ဖီတစ်ခွက်သောက်ပြီး အိမ်မကြီးဘက်သို့ ကူးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ရောက်သော် မိခင်ဒေါ်နှင်းဥကို အိမ်နောက်ဖေးဘက်တွင် မတွေ့ရဘဲ အိမ်ရှေ့ဘက်တွင် ဒေါ်သရဖီတို့ လင်မယားနှင့် ခေါင်းချင်းရိုက် ထိုင်နေကြသည်ကို တွေ့ရသည်။

ဘ၀အတွက် ထူးဆန်းနေသည်က မိခင်နှင့် ဒေါ်သရဖီတို့၏ မျက်နှာများသည် မှိုအစ်နေကြသည်။ ငိုထားသော မျက်နှာများဟု ဘ၀က အတပ်သိလိုက်သည်။

"လာ. . . လူလေး"

ဦးမင်းဇော်က ဘ၀ကို လှမ်းမြင်လိုက်ပြီး လှမ်းခေါ်လိုက်သည်။

ဘ၀က ဆက်တီတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ညနေခင်းကြီးသည် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

လူကြီးတွေ စကားစရ ခက်နေပုံရသည်ဟု ဘ၀က သဘောပေါက်လိုက်မိပြီ။

"ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ ဘဘကြီး"

ဦးမင်းဇော်က သက်ပြင်းတစ်ချက်ချကာ. . .

"ပြောစရာစကားတွေက အများကြီးပဲ၊ ပထမဦးဆုံး ပြောရမှာက မေဒေးရဲ့ ရောဂါအခြေအနေပဲ"

ဘ၀ စိုးထိတ်သွားသည်။

"ကိုဒေး အခြေအနေက"

"အင်း. . . ဘဘတို့ရဲ့ ပေါ့လျော့မှုကြောင့်ပဲ ဆိုရမှာပေါ့ကွာ၊ မေဒေးရဲ့ ကျောက်ကပ်ဟာ ပရိုတင်းဓါတ်တွေကို မထိန်းသိမ်းနိုင်တော့ဘူးဆိုတာ ဆီးစစ်ကြည့်တော့ ဆရာဝန်တွေ





ပြောစကားအရ (+၄) အဆင့်ဖြစ်နေပြီ၊ နောက်ဆုံးအဆင့် ဆိုပါတော့ကွာ"

ဘ၀ရင်ထဲ ကြေကွဲမဆုံးအောင် ဖြစ်မိသည်။ အဆင့်အတန်းမခွဲခြားဘဲ မိမိအပေါ် ညှာတာကာ ခင့်လွတ်တတ်သော ကိုဒေးအတွက် သူ့ကိုယ်စား ဝေဒနာကို လဲယူခံစားလိုက်ချင်သည်။

"ကျောက်ကပ် နှစ်လုံးစလုံး အလုပ်မလုပ်တော့ဘူးဆိုတော့ အစားထိုးကုသမှ ဖြစ်မှာ"

"ကျောက်ကပ် အစားထိုးကုသမှုကို ဘဘတို့နိုင်ငံမှာ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီဆိုတော့ ကိုဒေးအတွက် ကျောက်ကပ်အစားထိုး ကုသမှုကို ဒီမှာပဲကုသနိုင်တယ်၊ ခွဲစိတ်ဖို့အတွက် နိုင်ငံခြားသွားစရာ မလိုတော့ဘူးပေါ့ကွာ"

"ဒါပေမယ့် အစားထိုးဖို့ကျောက်ကပ်ကို ဘယ်ကရနိုင်မလဲ ဘဘ၊ ဘဘတို့က အသက်ကြီးပြီဆိုတော့. . ဘဘတို့ ကျောက်ကပ်ကို ယူလို့ မရဘူးမဟုတ်လား"

"ဟုတ်တယ်. . ဘဘနဲ့ ကြီးကြီးဆီက မရနိုင်ဘူး၊ ရနိုင်တဲ့သူဟာ ဤလောကမှာ တစ်ဦးတည်းရှိတယ်"

ဘ၀က နားမလည်. . .

"ဒါကလဲ ပေးချင်တိုင်း ပေးလို့မရပါဘူး၊ ကျန်းမာရေး ကောင်းရဲ့လား၊ ငှက်ဖျား၊ နှလုံး၊ သွေးတိုးရောဂါ ကင်းရဲ့လား၊ ဆွေမျိုးသားချင်း အရင်းအချာ ဟုတ်ရဲ့လား၊ သွေးတူရဲ့လား၊ တစ်ရှူးပါတူရဲ့လား စတဲ့ ဆေးလောကလူသား မျိုးရိုးဗီဇသန္ဓေ Factor တွေအားလုံး တူညီမှရမယ်ဆိုတော့ ကိုဒေးအတွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တဲ့သူကို ရတဲ့တိုင်အောင် စစ်ဆေးရဦးမှာပါ”

“အသက်ငါးဆယ်ကျော်သူရဲ့ ကျောက်ကပ်ကို မယူဘူး မဟုတ်လား”

ဘဝက ဦးမင်းဇော်နှင့် ဒေါ်သရဖီသည် သူတို့သားအတွက် ကျောက်ကပ်ကို ပေးတော့မည်ဟု ယူဆလိုက်သဖြင့် ထပ်၍ ပြောလိုက်ခြင်းဖြစ်သည်။

“ဟုတ်ပါတယ်. . . ဘဘတို့ ပေးလို့မရဘူး၊ ပေးနိုင်တဲ့လူဆိုလို့ မေဒေးနဲ့ သားချင်းအနီးစပ်ဆုံး ဖြစ်တဲ့လူဟာ ဤကမ္ဘာလောကမှာ တစ်ယောက်တည်းရှိတယ်”

“ဗျာ”

ဘဝသည် ဦးမင်းဇော်၏ စကားကို နားမလည်နိုင်အောင် ဖြစ်မိသည်။

“အဲဒီလူဟာ မင်းပဲ လူလေး”

“ဗျာ. . . ဘဘ၊ ဘယ်လို. . . ဘယ်လို”

ဘဝသည် သူ၏နား သူ မယုံကြည်နိုင်အောင်ဖြစ်ပြီး ဦးမင်းဇော်ကိုတစ်လှည့် မိခင်ဒေါ်နှင်းဥကိုတစ်လှည့် ကြည့်လိုက်သည်။

ဒေါ်နှင်းဥက မျက်ရည်ဝဲနေသကဲ့သို့ ဒေါ်သရဖီက လည်း မျက်ရည်များကျနေသည်။

“ဟုတ်တယ် လူလေး၊ ကိုဒေးနဲ့ လူလေးဟာ အမေတူ အဖေကွဲ ညီအစ်ကိုပဲ”

“ဗျာ. . ကျွန်တော်. . ကျွန်တော်. . ဘယ်လိုလုပ် နားလည်ရတော့မှာလဲ မေမေ”





ဘဝ ယူကျုံးမရဖြစ်သွားသည်။

“ဘဘနဲ့ ကြီးကြီးကို မင်း အရမ်းမပြစ်မှားနဲ့ဦး လူလေး၊ သူတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဒီဇာတ်ထုပ်မှာ ရှုပ်နေတဲ့သူဟာ မေမေ တစ်ယောက်တည်းပါ”

ဘဝသည် ငြိမ်သက်သွားပြီး မိခင်၏မျက်နှာကို ယူကျုံးမရစိတ်ဖြင့် ကြည့်လိုက်သည်။

“မေမေဟာ ငယ်ငယ်က သိပ်မိုက်လုံးကြီးခဲ့တယ်. . ထောင်ထွက် အရက်သမား လောင်းကစားသမားတစ်ယောက်နဲ့ စုံမက်ပြီး ခိုးရာလိုက်ပြေးခဲ့ပြီး မေဒေး ကိုယ်ဝန်ရခဲ့တယ်၊ အဲ. . လောင်းကစားသမားကတော့ ကစားပွဲမှာ ရန်ဖြစ်ရာကနေ ဓားထိုးခံရပြီး သေဆုံးသွားခဲ့တယ်၊ မေမေ့ရဲ့ မိဘတွေကလဲ မေမေ့စိတ်နဲ့ မိခင်ကကွယ်လွန်၊ ဖခင်က ဘုန်းကြီးဝတ်နဲ့ မေမေဒုက္ခရောက်နေချိန်မှာ မဖီတို့နဲ့ ပြန်တွေ့ရတာပဲ”

ဘဝသည် သူ့နားသူ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ သူ အိမ်မက်ဆိုးသာလျှင် ဖြစ်နေသည်။

“ပြန်တွေ့တော့လဲ မဖီဟာ အိမ်ထောင်ကျပြီး သားသမီးလိုချင်နေတဲ့အချိန် သားသမီးမရနိုင်ဘူးလို့ ဆရာဝန်ကပြောလို့ စိတ်ထိခိုက်နေတဲ့ အချိန်မျိုးဆိုတော့ မေမေကို သူနဲ့အတူ ခေါ်ထား၊ မေမေ့ကိုယ်ဝန်ကို သူကိုယ်တိုင် စောင့်ရှောက်ပေးတယ်၊ ဒီအချိန်မှာ သားအဖေ ကိုညိုမောင်ကလဲ ရှိနေတော့ မဖီဟာ မေမေ့ကိုယ်ဝန်အတွက် တင့်တယ်အောင်ဆိုပြီး ဦးညိုမောင်နဲ့ ဟန်ဆောင်လက်ထပ်ပေးခဲ့တယ်၊ အစ်ကိုကြီးကတော့ နိုင်ငံခြားမှာ ရောက်နေတယ်၊ ဒါပေမယ့် အစ်ကိုကြီးကိုတော့ မဖီက



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် စာနဲ့အကြောင်းကြားခဲ့တယ်. . .

"သားလေးမွေးလာတော့ မဖိုးဟာ သိပ်ချစ်ပြီး မေမေ ထက်တောင် ပိုဂရုစိုက်တယ်၊ မေမေက နို့တိုက်ရုံပဲတိုက်ကျွေး တာ၊ ကျန်တဲ့ကိစ္စအဝဝကို မဖိုးကပဲ တာဝန်ယူခဲ့တာ"

မိခင် ဒေါ်နှင်းဥက မောသွားသဖြင့် ရေနွေးခွက်ကလေး ကို မော့သောက်လိုက်သည်။

ဒေါ်သရဖီက. . .

"ကြီးကြီး ကိုဒေးကိုလိုချင်တယ်၊ ဒါပေမယ့် မတရားတဲ့ အပိုင်စီးမှုမျိုးလဲ မလုပ်ချင်ဘူးလေ၊ ဒီဘဝမှာတောင် အတိတ် ဘဝရဲ့ အကုသိုလ်ကံကြောင့် သားသမီးမရနိုင်တဲ့ အမြှုမဘဝ ရောက်နေရတာဆိုတဲ့ ဆင်ခြင်မှုနဲ့ ကြီးကြီး မတရား မတောင်း ဆိုခဲ့ပါဘူး၊ ဒါပေမယ့် မင်းဘဘကလဲ နိုင်ငံခြားကပြန်လာတော့ ကိုဒေးကို သူပါချစ်ပြီး မွေးစားချင်တယ်"

"ဟုတ်တယ်လူလေး ဘဘတို့မှာ သားသမီးရတနာက မထွန်းကားနိုင်တော့ မျက်စိရှေ့က မေဒေးကို သားအဖြစ် အပိုင် လိုချင်တယ်၊ အဲဒီမှာပဲ ဘဘတို့က မော်လမြိုင်ကနေ မန္တလေးကို ပြောင်းရမယ်ဆိုတော့ ဒီမှာ ဘဘက မေဒေးကို ဘဘတို့ရဲ့ သားအရင်းအဖြစ် ဇာတ်မြှုပ်လိုက်ချင်တယ်"

"ဟုတ်ပါတယ် လူလေး၊ မေမေလဲ စဉ်းစားပါတယ်၊ မေမေတို့ရဲ့ သားအဖြစ်ထက် အင်ဂျင်နီယာကြီး ဦးမင်းဇော်တို့ရဲ့ သားဆိုရင် မေမေ့သား ပိုဂုဏ်တက်မယ်ဆိုပြီး သဘောတူလိုက် တယ်၊ ဒါပေမယ့် မေမေကတော့ မေဒေးကို လုံးဝဖွင့်မပြောပါ ဘူး၊ ခွဲတော့မနေပါရစေနဲ့ ဆိုတဲ့ကတိကို တောင်းခဲ့တယ်"





ဒေါ်နှင်းဥ၏ စကားအဆုံး၌ ဒေါ်သရဖီက. . .

"ဟုတ်ပါတယ် လူလေးရယ်၊ ကြီးကြီးကလဲ ကိုဒေးအ တွက် နာနီတို့၊ အိမ်ဖော်တို့လက်ထဲ ဘယ်စိတ်ချနိုင်မလဲ၊ ပြီး တော့ မဥနဲ့ သားကိုလဲ ခွဲထားရင် ဝဋ်လိုက်မှာကြောက်တယ်၊ ဒါကြောင့် အမြဲတမ်းနေသွားပါဆိုပြီး၊ ဥမကွဲ သိုက်မပျက်၊ နေခဲ့ ရာက မဥနဲ့ ဟန်ဆောင်လက်ထပ်ထားတဲ့ ဦးညိုမောင်နဲ့ အ ကြောင်းပါပြီး ကြီးကြီးတို့ မန္တလေးမှာ ဇာတ်မြှုပ်ခဲ့ကြတာပဲ၊ မန္တ လေးမှာပဲ မဥက လူလေးကို ထပ်မံဖွားမြင်တယ်"

"ဘဘက မင်းကိုပါ မွေးစားချင်တာ၊ ဒါပေမယ့် မင်းအ ဖေရော အမေကပါ ဒီသားလေးကိုတော့ ကျွန်မတို့ ပိုင်ပိုင် နိုင်နိုင်ချစ်ပါရစေ၊ ဒါလေးဟာ ကျွန်မတို့ရဲ့ ဘဝပါပဲဆိုပြီး အ မည်ကိုတောင် ဘဝလို့ပေးပြီး ဘဘတို့ကို မပေးခဲ့ဘူး"

ဘဝ ဇာတ်ရည်လည်သွားသည်။ ဒါကြောင့် မိခင် ဒေါ် နှင်းဥကလည်း မေဒေးကို သားသားနှင့် မျက်စိအောက်က အ ပျောက်မခံဘဲ ဂရုတစိုက်ရှိခြင်းကိုး။

ကိုဒေးကကော. . .

သွေးက စကားပြောခြင်းကြောင့်လားမသိ။ မိခင် ဒေါ် နှင်းဥ၏စကားကို နားထောင်တတ်တာ ချစ်ခင်တွယ်တာ နေ ခြင်းကိုး။

မိမိနှင့်ကကော ဘာထူးသေးသနည်း။ မေဒေးသည် ငယ်စဉ်ကတည်းက မိမိအလိုကို လိုက်တတ်သည်။ မိမိအပေါ် ညိုငယ်ပမာ ညာတာတတ်သည်ပဲ။

"ဒီလိုဆို ကိုဒေးအတွက် ကျောက်ကပ်တစ်လုံးကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဆီက တစ်လုံး အစားထိုးပေးလို့ ရနိုင်မယ်ပေါ့ ဟုတ်လား ဘဘ"

"လူလေးကို စစ်ဆေးကြည့်ပြီးမှပါ"

အားလုံးက မျက်နှာမကောင်းကြပါ။

ကံကြမ္မာသည် ကိုဒေးအတွက် ငါးဆယ်ရာခိုင်နှုန်း ရှိနေသည်။

"အချိန်ဆွဲမနေနဲ့တော့ ဘဘ၊ ကျွန်တော်တို့ခုပဲ ဆေးရုံသွားပြီး ဆရာဝန်ကြီးနဲ့ သွားတွေ့ရအောင် ဆေးစစ်ပြီး လိုအပ်တဲ့ ဆောင်ရွက်ချက်တွေ လုပ်ကြရအောင်လေ"

"လူလေး တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား"

ဘဝက ပြုံးလိုက်သည်။ သူ့အပြုံးသည် လှိုက်လှဲသော အပြုံးဖြစ်သည်။

သူ့ကိုယ်သူသာလျှင် အသိဆုံးဖြစ်သည်။ မေဒေး အတွက် သူ၏နှလုံးသားကိုတောင် ပေးဖို့ဆုံးဖြတ်ခဲ့သေးသည်ပဲ။ ကျောက်ကပ်တစ်လုံးလောက်ကတော့ မိုင်နာပါပဲဟုသာ ပြောပြ လိုက်ချင်သည်။

"ဆုံးဖြတ်စရာမလိုတဲ့ ကိစ္စပါ၊ ဆုတောင်းဖို့ပဲလိုပါတယ် ကိုဒေးနဲ့ ကျွန်တော်က လိုအပ်သော Factor ဟူသမျှ တူပါစေ သာ"

မိခင်နှစ်ဦးမှာ ဝမ်းသာဝမ်းနည်း မျက်ရည်ကျလေသည်။

ဦးမင်းဇော်မှာ မြင့်မြတ်သော စိတ်နှလုံးသား ပိုင်ရှင် ဘဝကိုကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဘဝဟာလဲ ငါ့သားပါပဲ၊ ငါတို့ရဲ့အမွေအနှစ်ဟူသော





ကိုဒေးနဲ့တန်းတူ ဖန်တီးပေးရမယ်" ဟူ၍. . .

သို့သော် ထိုစကားကိုတော့ ဘဝကို မပြောရဲ။ ဘဝသည် သူ၏စေတနာ မေတ္တာကို ငွေကြေးဥစ္စာတို့နှင့် အရောင်ဆိုးသည်ဟုဆိုကာ စိတ်ပျက်သွားနိုင်ခြင်းကြောင့်ပင်။


ဘဝက သွက်လက်စွာပင် ဦးဆောင်၍ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၄၃ )

လောကကြီးသည် ထူးဆန်းအံ့ဖွယ်ရာများနှင့် ပြည့်နှက်နေတတ်ပါလားဟု နွယ်လေးက အံ့အားသင့်စွာဖြင့် မေဒေးကို ငေးကြည့်လိုက်သည်။ ပြီးမှ . . . .

သူမ ယူလာသော ရေမွှေးနှင်းဆီ ပန်းစည်းကလေးကို မေဒေးဘေး၌ရှိသော စားပွဲပေါ်တွင် တင်လိုက်သည်။

ဒေါ်သရဖီက ရှင်းပြသဖြင့် ဘဝနှင့်မေဒေးသည် အမေတူအဖေကွဲ ညီအစ်ကိုဖြစ်ကြောင်း သိလိုက်ရသည်။





"အံ့ဩစရာကောင်းလိုက်တာ ကိုဒေးရာ၊ ကိုဒေးဟာ အင်မတန် ကံထူးတဲ့သူပဲ"

"ဟုတ်ပါတယ်၊ ကိုယ်ကံကောင်းဖို့အတွက် လူလေးကို ဒေါ်လေးဥက ထပ်မံမွေးဖွားပေးခဲ့သလို ဖြစ်နေပါလားလို့တောင် ကိုယ်က တွေးမိသေးတယ်"

"ဘဝကော မမြင်ပါလား"

"ဘဝလဲ မနက်ဖြန် ဆေးရုံတက်ရမှာဆိုတော့ ဒီနေ့မှာစရာရှိတာတွေ သွားမှာနေတယ် သမီး"

"နွယ်လေး ထိုင်လေ"

နွယ်လေးက ဆက်တီ၌ဝင်ထိုင်လိုက်သည်။ မိမိခြေထောက်မူလအခြေအနေသို့ ရောက်ရှိသွားသည်နှင့် မေဒေးအား လှူနာမေးလာသည်။ ဘဝကိုလည်း ဒဏ်ရာရပြီးသည့်နေ့မှစ၍ နောက်တစ်နေ့ တွေ့ပြီးကတည်းက လုံးဝမတွေ့ရတော့။

တယ်လီဖုန်းဆက်၍ နေကောင်းရဲ့လား၊ ဘာကူညီရဦးမလဲတော့ အမြဲမေးသည်။

နေနိုင်ရက်သည်ဟု နွယ်လေးစိတ်ထဲ ကသိကအောက်ဖြစ်ရသည်။ သို့သော် ယခုမှ ဘဝအလုပ်များတာ မအားမလပ်ရဖြစ်သည်ကို သဘောပေါက်ကာ ဘဝအပေါ် ကရုဏာသက်ပြီး တွေ့ချင်စိတ် ဖြစ်ပေါ်လာသည်။

"ကျွန်မကတော့ နှစ်ဦးစလုံးအတွက် ကံကောင်းပါစေလို့ ဆုတောင်းပေးပါ့မယ်၊ ဘွားဘွားသိရင်တော့ အံ့ဩဦးမှာပဲ"

"ဟုတ်တယ် သမီး၊ သမီးတို့ မိသားစုကိုသာ နှစ်အိမ့်တစ်

www.burmeseclassic.com



အိမ်လို ဖြစ်နေတဲ့အတွက် ဖွင့်ပြောတာ တကယ်တော့ သားဟာ အန်တီတို့ သားပါပဲကွယ်"

မေဒေးက သူတစ်ခါမှ မတွေးခဲ့ဖူးသော ခြောက်လှန့်တတ်သော အိပ်မက်၏ ခြောက်လှန့်မှုကြောင့် တုန်လှုပ်ကာ မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်။

သူ၏ ပေတေမှုကြောင့် ရောဂါသည် ကျွမ်းခဲ့သည်။ ရောဂါကျွမ်း၍ သေမယ့်ရက်ကို စောင့်ဆိုင်းရတော့မလို ဖြစ်နေစဉ် သူ့အား ကယ်တင်မည့်သူပေါ်လာသည်။

ထိုသူနှင့် သူ၏ဘဝမှန် လဲလှယ်လိုက်ရသည်။

ဒေါ်သရဖီက သူ၏မွေးစားမိခင်ဖြစ်ပြီး သူတို့၏အိမ်၌ ဘဏ္ဍာစိုးသဖွယ် အိမ်ထောင်သိမ်းသဖွယ် နေထိုင်ခဲ့သူ ဒေါ်နှင်းဥကသူ၏ မိခင်အရင်းတဲ့။

မေဒေး လောကကြီး၏ လှည့်ဖြားမှုကို ခံစားခဲ့ရသည်။ တော်ပေသေးသည်။ နှစ်နှစ်ဆယ်လောက်အထိကို သူသည် အောက်ခြေလွတ်ကာ ရည်းစားထည်လဲတွဲပြီး အပေါင်းအသင်းများနှင့် သုံးဖြုန်းခဲ့သည်။ နွယ်လေးကိုတွေ့မှ စွဲလမ်းစိတ်နှင့် နွယ်လေးအထင်သေးမှာကို ကြောက်ပြီး မိမိကိုယ်မိမိ ပြုပြင်ခဲ့ရာမှ လမ်းမှန်ပေါ်သို့ ရောက်ရှိခဲ့သည်။

ယခု မိမိ၏ဘဝမှန်ကို သိရသောအခါ စိတ်ထဲ၌ ဘဝကို ပင်ရှက်မိသည်။

ဘဝသည် ရဲရင့်ပြတ်သားစွာဖြင့် သူ့ဘဝကို သူလျှောက်လှမ်းခဲ့သည်။ ဘဘ ဦးမင်းဇော်တို့ပေးသော အခွင့်အရေး ဟူသမျှကိုလည်း သူမယူ၊ သူနှင့်ထိုင်တန်ပြီး သူ့လုပ်အား ဉာဏ်





အားဖြင့် သူ့ဘဝတက်လမ်းကို သူ့ဘာသာသူ လျှောက်လှမ်းခဲ့သည်။

မိမိကတော့ ဝင်ကစွပ်ကောင်ပမာ အငှားခန္ဓာမြှောင်ခဲ့ရသည်။ ယခု ဘဝပေးမည့် ကျောက်ကပ်တစ်လုံးဖြင့်သူ လူလောက၌ နေခွင့်ရတော့မည်။

"ကိုဒေး ဘာတွေ တွေးနေတာလဲ"

နွယ်လေးက ငြိမ်သက်ပြီး စဉ်းစားနေသော မေဒေးကို လှမ်း၍ မေးလိုက်သည်။

မေဒေးက မချိပြုံးပြုံးကာ . . .

"နွယ်လေး ပြောသလိုလေ၊ လောကကြီးရဲ့ ဆန်းကြယ်ပုံကို ကိုယ်တွေးမိလို့ပါ၊ မေမေ ဒေါ်လေးဥကော"

ဒေါ်သရဖီကိုပါ မေဒေးက လှမ်းမေးလိုက်သည်။

"ဘဝအတွက် လိုအပ်တာတွေ လုပ်ပေးဖို့ နေခဲ့တယ်၊ မနက်ဖြန်မှ လာလိမ့်မယ်၊ သားသား ဘာမှာချင်လို့လဲ"

ဒေါ်သရဖီမှာ မေဒေးအပေါ် ပျာပျာသလဲဖြစ်နေသည်။ မေဒေးထံမှ အချစ်လျော့သွားမည်ဆိုရင် သူမှာလဲသေသွားနိုင်သည်။ သူမဘဝကလည်း မေဒေးကြောင့် အသက်ရှင်နေထိုင်ခဲ့ရသည့် နှလုံးရောဂါသည် ဖြစ်သည်။

မေဒေးက ဒေါ်သရဖီကို ပြုံးပြပြီး . . .

"ထူးထူးထွေထွေတော့ မဟုတ်ပါဘူး မေမေ၊ သားအာလူးကက်တလစ်ကြော် စားချင်တယ်လို့ မှာမလို့ပါ"

"စိတ်ချ မေမေပြောပေးမယ်၊ နောက်ကော သား"

"မမှာတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးက အသာထလာပြီး ပန်းစည်းလေးကို ယူကာ

"နွယ်လေး ပန်းအိုးထိုးပေးခဲ့မယ်၊ ကိုဒေးကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

မေဒေး အပြုံးက အားလျော့နေသကဲ့သို့ အသံကလည်း ပျော့နေသည်။

ဘာတွေ စဉ်းစားကာ အတွေးလွန်နေသနည်း မသိ။ နွယ်လေးစိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။

ထိုစဉ် ဦးမင်းဇော်နှင့် ဦးညိုမောင်သည် စားစရာ အသီးအနှံတွေ တစ်ပွေ့တစ်ပိုက်နှင့် ဝင်လာကြသည်။

နွယ်လေးကပန်းစည်းနှင့် ပန်းအိုးကိုယူကာ အသာအယာထွက်ခဲ့သည်။

ဘဝနှင့်မေဒေးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေတ္တာသက်ရောက်ကြသည်။ သူ့တို့မိသားစုတစ်စုလုံးသည် မေတ္တာတရားများ နားလည်မှုများနှင့် ဖွဲ့စည်းထားသည်။

မိမိကတော့ တော်ပါသေးသည်။ ဘွားဘွားက သတိပြန်ကောင်းကာ နေ့စဉ် တရားအားထုတ်ပြီး မိမိအပါအဝင် အိမ်သားများအပေါ် မေတ္တာထားပြီး အေးချမ်းစွာ နေထိုင်သဖြင့် စိတ်ချမ်းသာမှုရရှိခဲ့သည်။ သည်ကြားထဲ ဖခင်ကလည်း မကြာခဏ လာတွေ့သည်ဆိုတော့ နွယ်လေးအတွက် လိုချင်သော မေတ္တာတရားတွေ ပြန်ရခဲ့ပါသည်။

သို့သော် သည်ကြားထဲ နွယ်လေး မပျော်နိုင်။ နွယ်လေး တစ်စုံတစ်ရာကို လိုချင်လာသည်။ ထိုလိုချင်သော အရာကို နွယ်လေး တောင်းပိုင်ခွင့်မရှိပါ။





အဘယ့်ကြောင့်ဆိုသော် နွယ်လေးသည် မိန်းမသားဖြစ်နေသည်။ မိန်းမသားများသည် အချစ်ရေးတွင် တစ်ပန်းရှုံးနိမ့်သည်။ မိမိနှစ်သက်နေသော ယောကျ်ားအပေါ်၌ မိမိက စတင်၍ ဖွင့်ဟကာ ချစ်ရေးဆိုခွင့်မရှိချေ။ အကယ်၍များ မိမိဘက်က စတင်ချစ်ရေးဆိုလိုက်လျှင် မဖြစ်။ ဘယ်နည်းနှင့်မှ မဖြစ်။ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးကောင်းပီသစွာ နေထိုင်ကြီးပြင်းခဲ့ရသူ နွယ်လေးသည် အချစ်အတွက် အရှက်နှင့် သိက္ခာကို လွယ်လင့်တကူ မလဲပစ်နိုင်။

တစ်ခါ ဘဝကို တောင်းပန်ရန် ဘဝထံ သွားရောက်ရသည်ကပင် လွန်လှပြီ။

ထိုကြောင့်လည်း ဒဏ်ရာဒဏ်ချက်ရခဲ့သည် ထင်ပါသည်။ မိမိဘက်က ရေလာမြောင်းပေး အမူအရာများပြခဲ့ပါလျက် ဘဝဘက်က ရေမစီးခြင်းကိုတော့ နွယ်လေး ဘာမှ မတတ်နိုင်တော့ပါ။

ပန်းအိုးကို ဆေးကြောကာ ရေဖြည့်ပြီး ရေမွှေးနှင်းဆီပန်းများကို လှပစွာ ထိုးစိုက်ပြီး ပြန်ယူခဲ့သည်။

အခန်းတွင်းသို့ ဝင်ဝင်ချင်း မေဒေး၏ နှစ်ခြိုက်သော အပြုံးကို ရရှိလိုက်သည်။


ရင်ထဲတွင် တဒင်္ဂတော့ အေးချမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၄၄ )

ဘ၀ ဂနာမငြိမ်ချေ။ သူ့စိတ်တွေ ယောက်ယက်ခတ်လျက်ရှိသည်။

သူ၏အစီအစဉ်တွေသည် မမျှော်လင့်သော လျှို့ဝှက်ချက်ကြောင့် ပြောင်းလဲသွားရသည်။

မေဒေးကို သူ ဖွင့်ဟပြောဆိုလိုသည့် အကြောင်းအရာတို့ကို သူမပြောရက်တော့။

သူ့ကို အခွင့်အရေးသမားဟု ထင်သွားမှာ သူစိုးရိမ်သည်။ ပြီးတော့ မေဒေးက သူ၏ အစ်ကိုဖြစ်နေသည်။ ဘာပဲ





ဖြစ်ဖြစ် သူ့အတွက်က နွယ်လေးအတွက် ခံစားခဲ့ဖူးသည်။ ကြေကွဲဖူးသည်။ ဆွေးမြည့်ဖူးသည်။ တမ်းတမ်းတတ လွမ်းဆွတ်သတိရခဲ့ဖူးသည်။ နှလုံးသားက ထုံနေပြီ။

ထုံနေသော နှလုံးသားသည် နောက်ထပ် ဒဏ်ရာရရုံမျှနှင့်တော့ ပို၍ပြင်းထန်သောနာကျင်မှု ရနိုင်လိမ့်မည် မဟုတ်။

ထို့ကြောင့် . .

"သား လူလေး အိပ်ပြီလား"

မိခင် ဒေါ်နှင်းဥ၏အသံ ကြားလိုက်ရသည်နှင့် ဘ၀သည် နွယ်လေး၏ ဆံတုလေးကို ခေါင်းအုံးအောက်သို့ အသာထိုးထည့်လိုက်သည်။

အိပ်ချင်ဟန်ပြုနေလိုက်သည်။ မိခင် ဒေါ်နှင်းဥက ယခုသူ့ကိုပို၍ ဂရုစိုက်သည်။

အားလုံး ကိစ္စဝိစ္စတွေပြီးစီးသွားလျှင် လူလေးစီစဉ်ပေးသော မြောက်ဒဂုံအိမ်သို့ လိုက်နေရန် အဆင်သင့်ပဲ လူလေးဟု သူ့အား ကျေနပ်စေရန်ပြောသည်။ သူကတော့ မေမေတို့ သဘောပါပဲ၊ ဒီမှာလဲ မေမေ့သား ရှိသေးတာပဲ မဟုတ်လားဟု ရိုးသားစွာပြောခဲ့သည်။ ဒါကိုပဲ မိခင်က သူ့အပေါ် ယခင်ကထက် ပို၍ ဂရုစိုက်သည်။ မျက်စိအောက်က အပျောက်မခံချေ။

မိခင်ဒေါ်နှင်းဥက သူ့အိပ်ခန်းအတွင်းသို့ အသာအယာ ဝင်လာသည်။ သူ့အား စောင်ခြုံပေးပြီး မီးကိုပိတ်ကာ ပြန်ထွက်သွားသည်။

မိခင်ထွက်သွားမှ ဘ၀ သက်ပြင်းလေး တိတ်တခိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ချစ်တတ်သောစိတ် ဖြစ်ပေါ်လာကတည်းက နွယ်လေး တစ်ယောက်တည်းကိုသာ ချစ်ခဲ့ဖူးသည်။ သူ့အချစ်ကလည်း မြင်မြင်ချင်းပင် ဘဝတစ်သက်တာအတွက် ခင်ဖော်အဖြစ် ရွယ်စူးပြီး ချစ်ခဲ့ခြင်းပါ။

ထိုစိတ်သည် ဘယ်သောအခါမှ သွေဖည်သွားမည်မဟုတ်သော သူ၏သစ္စာတရားဖြစ်သည်။

ထိုသစ္စာတရားကြောင့် သူသည် နွယ်လေးမှတစ်ပါး အခြား မည်သည့်မိန်းမကိုမှ စိတ်မဝင်စားခဲ့၊ စိတ်မလှုပ်ရှားခဲ့၊ လက်ထပ်ရန်လည်း မရည်ရွယ်ခဲ့။

သူလက်မထပ်သေးသရွေ့ ကိုဒေးနှင့်နွယ်လေးကြားမှာ အနှောင့်အယှက်သဖွယ် ဖြစ်နေပြီလား။

နွယ်လေးရဲ့စိတ်ကို သူသိနေပြီ။ သူ့အတွက် ဝမ်းသာစရာကောင်းလိုက်သည် ဖြစ်ခြင်း။


သို့သော် ကိုဒေးအတွက် သူမပျော်နိုင်ခဲ့။ အချစ်မှာ တရားသည် မတရားသည်မရှိဟု ဆိုပေမယ့် တစ်ဖက်သား၏ နှလုံးသားကို အကြေအမွခံပြီး သူ့ဘဝပျော်ရွှင်ရမည်ဆိုလျှင် သူ့အပြည့်အဝ ပျော်နိုင်ပါ့မလား။

ဘဝ အိပ်ပျော်ရန် ကြိုးစားလိုက်သည်။

လောလောဆယ် ကိုဒေးအတွက် ကျောက်ကပ်တစ်လုံး ပေးဖို့ သူအားမွေးရဦးမည်။ နှလုံးသားအတွက်တော့ . . . .







# အခန်း ( ၄၅ )

မြန်မာပြည်၌ ၁၉၉၇ မေလ(၈)ရက်နေ့တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် စမ်းသပ်အောင်မြင်စွာ ခွဲစိတ်ပြီးလေပြီ။

နောက်ထပ် ဒုတိယအကြိမ်လည်း အောင်မြင်ခဲ့သည်။

နောက်. . . တတိယ။

နောက်ထပ် အကြိမ်များစွာ ခွဲစိတ်ခြင်းဖြင့် မြန်မာပြည်သူပြည်သားတို့ ငွေကုန်ကြေးကျ မြောက်မြားစွာ အကုန်ကျခံပြီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသို့ သွားရောက်ကုသရသည့် ဒုက္ခက ကင်းဝေးခဲ့သည်။ ငွေကြေးမတတ်နိုင်သူတို့ ကျောက်ကပ်အစားထိုး မကုသနိုင်သဖြင့် အသက်စွန့်လွှတ်လိုက်ရတော့ ဒုက္ခဘေးကလည်း ကင်းဝေးနိုင်ပြီ။

နွယ်လေးသည် သောက်တော်ရေစွန့်ရင်း တွေးတောလိုက်သည်။

"ဘုရား. . တရား. . ဂုဏ်ကျေးဇူးကြောင့် ဘဝနှင့် ကိုဒေးတို့အား အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ပါစေဘုရား"

နွယ်လေး ယနေ့ တစ်နေ့လုံး အဆက်မပြတ် ဆုတောင်းမေတ္တာပို့သနေလိမ့်မည်။

သည်ယနေ့သည် မေဒေးရော ဘဝပါ နှစ်ယောက်စလုံး ခွဲစိတ်ကုသခံရမည့်နေ့ ဖြစ်သည်။

နွယ်လေး နောက်တစ်နေ့ညနေမှ သွားတွေ့မည်။ နှစ်ယောက်အနက် ဘယ်သူ့ဆီသို့ အရင်သွားရမည်ကို စဉ်းစားလိုက်သည်။

"ရှုပ်ပါတယ်၊ ဘုရားပဲရှိခိုးတော့မယ်"

နွယ်လေး နှုတ်မှ အသံထွက်ညည်းတွားလိုက်သည်။

မညိုက ဆွမ်းတော်လင်ပန်းကိုင်၍ ဝင်လာရာမှ နွယ်လေးစကားကို ကြားလိုက်သဖြင့် . .

"ဘုရားရှိခိုးတာ အရင်မလုပ်လို့ ဘာကိုများ အရင်လုပ်ချင်သေးလို့လဲ နွယ်လေး"

"မညို မသိပါဘူး"

"သိပါတယ်၊ နွယ်လေးတစ်ယောက် စိုးရိမ်သောကဗျာ





ပါဒတွေနဲ့ ယောက်ယက်ခတ်နေတာ"

"ကျွန်မ စိုးရိမ်တယ် မညိုရာ"

"မစိုးရိမ်ပါနဲ့၊ ကိုယ့်ရှေ့ကခွဲတဲ့လူတွေလဲ အောင်မြင်တာပဲ"

"ဒါပေမယ့် စိုးရိမ်တာပဲ"

"အင်း. . . နွယ်လေးရယ်၊ မီးကို ပူမှန်းသိပေမယ့် တိုးဝင်ချင်သေးတယ်နော်"

နွယ်လေး သက်ပြင်းချလိုက်သည်။ ပြီးမှ . . .

"ကျွန်မ အဲဒီလောက် ပါရမီ မရင့်ကျက်သေးပါဘူး မညို၊ ဒါပေမယ့် ငြိမ်းအေးအောင် နေနိုင်အောင် ကျွန်မကြိုးစားမှာပါ"

"ကိုင်း. . ကိုင်း. . ရှိခိုး. . ရှိခိုး"

မညိုက ဝတ်ချပြီး ထွက်သွားလေသည်။

နွယ်လေး သောကသက်ပြင်းတစ်ချက် ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း ( ၄၆ )

နွယ်လေး၏ ခြေလှမ်းတို့သည် နှေးကွေးနေသည်။

မေဒေးနှင့် ဘဝကို နှစ်ယောက် အထူးခန်း၌ အတူတူထားသည်။ နှစ်ယောက်စလုံး မနေ့ညကတည်းက သတိရကြပြီဟုလည်း သိရှိထားသည်။

နွယ်လေး မည်သူ့ထံအရင်သွားရမည်နည်းကို စဉ်းစားခဲ့သည်မှာ အဖြေမရသေး။

အမှန်တော့ နွယ်လေး အတွေ့ချင်ဆုံးက ဘာဝင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘဝနှင့်က အကြာကြီး ပြောချင်သည်။ မေဒေးကို သတင်းမေးပြီး ဘဝထံ၌ စကားအကြာကြီး သွားပြောမည်။ ဘဝရဲ့ တည်ကြည်သောမျက်နှာပေါ်မှ လျှို့ဝှက်ချက်တွေကို နွယ်လေး ကြည့်နေချင်သည်ဟူသော စိတ်ကူးလည်း ရှိနေသေးသည်။

အခန်းဝ၌ ရပ်လိုက်ပြီးသည့်တိုင် နွယ်လေး စိတ်ကို တုံးတုံးချ၍ မရသေး။

သို့သော် နှင်းဆီနှစ်စည်း ယူလာသည်။ တစ်စည်းက ရေမွှေးနှင်းဆီ ဒါက မေဒေးအတွက်။

တစ်စည်းက အနီရောင်နှင်းဆီစည်း။ ဒါကတော့ ဘဝအတွက်။

နွယ်လေး ခြေစုံရပ်လိုက်သည်။

"ဝင်လေ နွယ်လေး"

မညို ခြင်းတောင်း အလေးအပင်ကြောင့် နောက်မှ ရောက်လာသည်။ အခန်းတွင်းသို့ မဝင်သေးသော နွယ်လေးကို အံ့အားသင့်စွာဖြင့် ဆော်ဩလိုက်သည်။

"ခဏနေပါဦး မညို"

"ဘာဖြစ်လို့လဲ၊ ဘာကျန်ရစ်ခဲ့လို့ပဲ"

"ကျွန်မ ဘယ်သူ့ဆီ အရင်သွားရမလဲလို့"

"ဒါများ ခက်တာလိုက်လို့၊ ကိုယ်တွေ့ချင်တဲ့လူဆီကို အရင်သွားလိုက်ပေါ့"

မညိုက ရိုးသားရှင်းလင်းစွာဖြင့် အမှန်အတိုင်း ပြောလိုက်သည်။





ဟုတ်ပြီ။

နွယ်လေး၏ တွေဝေနေသော စိတ်သည်ယခုမှ ပြတ်သားသွားသည်။

နွယ်လေးအရင် မညိုက ဝင်သွားလေသည်။ မညိုကတော့ ကိုဒေးနှင့် ခင်မင်ရင်းနှီးပြီးသားဖြစ်၍ ကိုဒေးဘက်သို့ တန်း၍သွားလေသည်။

နွယ်လေးက နောက်မှဝင်ပြီး မြင်ချင်သောစိတ်ဖြင့် ဘဝထံသို့ တန်း၍သွားလိုက်သည်။

နွယ်လေး ခြေလှမ်းတို့သည် သွက်လက် မြန်ဆန်စွာဖြင့် ဘဝ ခုတင်နားသို့ ရောက်သွားသည်။

အထူးသူနာပြုဆရာမလေးက နွယ်လေးကို မြင်သောအခါ ဘဝအား ပြုံးပြုံးကြီးနှင့် ကြည့်လိုက်ပြီး . . .

"ကိုဘဝရဲ့ နွယ် လာပြီ"

ဘဝက မှိန်းနေသော မျက်ခွံတံခါးကို တွန်းဖွင့်လိုက်သည်။

နွယ်လေးကိုမြင်လိုက်ရသည်နှင့် ဝေဒနာအစုစုတို့ ပျောက်ကင်းသွားလေသည်။ အရာရာကို မေ့လျော့သွားသည်။

"နွယ်"

"ဘဝ နေကောင်းတယ်နော်"

နွယ်လေး၏ မျက်ဝန်းတွင် မျက်ရည်များ ကြည်လက်နေသည်။ ဝမ်းသာဝမ်းနည်း မျက်ရည်ဖြစ်လိမ့်မည်။

ဘဝက ခေါင်းကိုသာ လှုပ်ရုံညိတ်ပြလိုက်သည်။ သူနာပြုဆရာမက . . .



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း သတိလစ်ပြီး ယောင်နေကတည်းက ကိုမေဒေး တို့ အမေ မတဘူး၊ နွယ်. . နွယ်နဲ့ တစ်နွယ်တည်း နွယ်နေတဲ့ ကိုဘဝရဲ့ ရင်ထဲကနွယ်နဲ့ စကားပြောချေဦး၊ ကျွန်မ ဆေးတိုက်ချိန်မှ လာခဲ့တော့မယ်နော်”

ပြောပြောဆိုဆို ထွက်သွားလေသည်။

ဘဝက သူခိုးလူမိသော အပြုံးလေးဖြင့် နွယ်လေးအား စိုက်ကြည့်ရင်း ပြုံးပြလေသည်။

နွယ်လေးက ဘဝလက်ထဲသို့ နှင်းဆီအနီစည်းလေးကို ပေးလိုက်သည်။ ဘဝက အသာအယာဆုပ်ကိုင်လိုက်သည်။

ပန်းစည်းကိုမဟုတ်။

ပန်းစည်းပေးသူ၏ လက်ကို ဖြစ်သည်။

နွယ်လေး ရင်ထဲ နွေးထွေးသွားသည်။ သိမ့်ခနဲ တုန်ခါသွားသည်။

စူးရဲသော ဘဝ၏မျက်လုံးကို ရှက်ပြုံးဖြင့် မငုံ့မရဲ ကြည့်လိုက်သည်။

ထိုစဉ် ဒေါ်နှင်းဥကဝင်လာသဖြင့် နွယ်လေးက လက်ကိုရုပ်သိမ်းကာ ရှက်ကိုးရှက်ကန်းဖြင့် မေဒေး ခုတင်ဘက်သို့ ဦးတည်ကာ ပန်းစည်းသွားပို့သည်။

မေဒေးက ချစ်သွေးစို့ကာ ရှက်ကိုးရှက်ကန်းဖြစ်နေသော နွယ်လေးအား သူမပေးထားသော ပို့စကတ်နာရီလေးကို ဖွင့်ပြလိုက်သည်။ ပြီးမှ ပြန်ပိတ်ပြီး . . .

“နွယ်လေး”

“ဘာလဲ. . . ကိုဒေး”





“ညီမတို့ ကလေးကင်ပွန်းတပ်ရောက်ရင် ဒီဟာလေးကို ပါလက်ဆောင် ပြန်ထည့်ပေးမယ်၊ ခုတော့ သိမ်းထားဦးမယ်”

“ဟာ. . ကိုဒေးက ဘာမှန်းလဲ မသိဘူး”

“ဘာမှန်းလဲမသိရင် ဘဝဆီကို ပြန်သွားလိုက်လေ၊ သူ ငါ့ညီမကို ပြောစရာစကားတစ်ခွန်း ရှိနေတယ်”

မေဒေးမျက်နှာကို နွယ်လေးက အကဲခတ်လိုက်သည်။ နွယ်က နှင်းဆီပန်းကို မေဒေးစားပွဲပေါ် တင်လိုက်သည်။

ထိုအချိန်၌ ဒေါ်နှင်းဥနှင့် ဒေါ်သရဖီက ဘဝနှင့်မေဒေး ခုတင်ကြားရပ်ကာ ပစ္စည်းတစ်ခုကို မြှောက်ပြသည်။

ဆံတုကလေး တစ်ချောင်း။

“ခွဲစိတ်ခန်းဝင်ခါနီးအထိ ဒီပစ္စည်းကလေးကို အမြတ်တနိုးကိုင်ထားတာ ဘယ်သူလဲ၊ ဆရာဝန်က သိမ်းထားပြီး မေမေတို့ကို ပြန်အပ်လိုက်တယ်”

ဘဝ မျက်နှာနီရဲသွားသည်။

အားလုံးသိကုန်ပြီထင့်။

မေဒေးက ပြုံးကာ . . .

“ပြောလိုက်လေ ညီလေး၊ လူလေး ပစ္စည်းပါလို့”

နွယ်လေးက မျက်လုံးလေး ကလယ်ကလယ်နှင့် ဘာမှ မသိသေးပေ။

ဘဝက ရှက်ပြုံးဖြင့်. . .

“ဟုတ်ပါတယ်၊ ကျွန်တော့်ပစ္စည်းပါ”

“ဘယ်သူ့ဆံတုလဲ သားရဲ့၊ မေမေ့ဆံတုတော့ မဟုတ်ဘူး၊ ဆံပင်က အရှည်ကြီးရယ်၊ ပြီးတော့ နက်မှောင်ပျော့ပျောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့"

ဒေါ်နှင်းဉက ဘဝကို ကျီစယ်လိုက်သည်။ လူကြီးတွေ အားလုံးသိပြီးသားကိစ္စဖြစ်နေသည်။

ဘဝ မဖုံးကွယ်ချင်တော့ပါ။ မေဒေးကလည်း မခွဲစိတ်ခင်က ဘဝ၏ ဒိုင်ယာရီကို ခွင့်ပြုချက်မရဘဲ ဖတ်မိတဲ့အတွက် ခွင့်လွှတ်ဖို့နဲ့ သူနွယ်လေးကို ညီမတစ်ယောက်လိုပင် ချစ်သွားတော့မည့်အကြောင်း ဘဝနှင့်နွယ်လေးကို သဘောတူကြောင်း ပြောပြပြီးဖြစ်သဖြင့် ဘဝက အနှောင်အဖွဲ့ကင်းစွာဖြင့် ပြောရဲလေပြီ။

"မေမေ့ဆံပင် မဟုတ်ပါဘူး၊ နွယ့်ဆံပင်ပါ"

နွယ်လေး မျက်နှာငုံ့ချလိုက်သည်။ စတော်ဗယ်ရီရောင်ပြေးနေသော နွယ်လေး၏မျက်နှာကို ဘဝက လှမ်းငေးကာ သူ့ရင်ထဲကစကားကို ဖွင့်ဟပြောချင်နေသည်။ သူ့အပါး၌ နွယ်လေး ရှိနေစေချင်ပြီ။

အမေနှစ်ယောက်က အလိုက်တသိဖြင့် ဆံတုလေးကို ဘဝလက်သို့အပ်ပြီး သားကြီးနဲ့ စကားသွားပြောဦးမယ်၊ သမီးက ဘဝနှင့်ပြောလိုက်ပါဦးဟု ဆိုကာ မေဒေး ခုတင်ဘက်သို့ ကူးလာသည်။

နွယ်လေးကို မညိုက သွားဟုဆိုကာ အသာတွန်းလွှတ်လိုက်သည်။

နွယ်လေး ရှက်ကိုးရှက်ကန်းဖြင့် ဘဝထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းလိုက်သည်။

ဘဝထံမှ မိမိအကြားချင်ဆုံး စကားကို ကြားရတော့





မည်။

ထိုအခါ မိမိကလည်း မိမိနှလုံးသား၌ နှစ်ရှည်လများတတည်းက သန္ဓေတည်ပေါက်ဖွားခဲ့သော စကားတစ်ခွန်းကို ဖွင့်ဟလိုက်တော့မည်။

"ဘဝကို ကျွန်မကလဲ တစ်သက်တာအတွက် ရွယ်စူးပြီး ချစ်ခဲ့တာပါ ဘဝရယ်"

ဟု. . . . .။

# မြပုလဲခင်



www.burmeseclassic.com